www.burmeseclassic.com



BURMESE CLASSIC .com

# မစန္ဒာ နှင်းဆီ

တတိယအကြိမ်

Than Myint Aung

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေး ၃ ပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော
တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

www.burmeseclassic.com

www.burmeseclassic.com

မစန္ဒာ

# နှင်းဆီ

ပါရမီ
စာပေ

www.burmeseclassic.com

www.burmeseclassic.com

**နှင်းဆီ**

တတိယအကြိမ်၊ ၂၀၀၂ ခုနှစ် ဖေဖော်ဝါရီလ၊ အုပ်ရေ ၁၀၀၀

**အဖုံးပန်းချီ     သန်းမြင့်အောင်**

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၁၇၀/ ၂၀၀၂(၂)နှင့် စာမူခွင့်ပြုချက်အမှတ် ၁၄၄၄/ ၂၀၀၁(၁၂)တို့အရ ဦးတင်ရှိန်(၀၃၇၆၃)စန်းရောင်ရှိန်စာပေ၊ ၄/၁၇၇၊ မေခလမ်း၊ ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာ က ထုတ်ဝေ၍ မျက်နှာဖုံးနှင့် အတွင်းစာသားကို ဦးကျော်သင်း(၀၅၈၂၉) သံလွင်ဦး ပုံနှိပ်တိုက်၊ အမှတ် ၁၄၈၊ ၅၁ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန် က ပုံနှိပ်သည်။

**တန်ဖိုး ၆၅၀-ကျပ်**

**ပါရမီစာပေ**

၂၃၀၊ ၂၉ လမ်း(အထက်လမ်း)၊ ရန်ကုန်(ဖုံး ၂၅၃၂၄၆)

၂/၄၊ ကမ္ဘာအေးစေတီတော်မုခ်ဦးစောင်းတန်း၊ ရန်ကုန်

၂၉၅၊ ဈေးအရှေ့လမ်း၊ ထားဝယ်

www.burmeseclassic.com

www.burmeseclassic.com

ဒီနေ့ မော်ရော ဇော်ပါ ဆယ့်ခြောက်နှစ် ပြည့်သည်။ ထိုနေ့ထိုရက်တွင် ပင် သူတို့နှစ်ဦးလုံးအတွက် သတင်းဆိုးကို ကြားခဲ့ရလေသည်။

"မိမော် နင်သိပြီးပြီလား"

"ဘာကိုလဲ"

"ဖေဖေ မိန်းမ ယူတော့မလို့တဲ့"

"မော်သည် ဆတ်ခနဲ တုန်ယင်သွားပြီး လက်ထဲမှ စုတ်တံ ကလေးကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်လိုက်သည်။

"ဘာပြောတယ် ကိုဇော် နင် ဘာပြောလိုက်တယ်"

"ဖေဖေ မိန်းမယူတော့မယ်တဲ့"

"အို မဖြစ်နိုင်ဘူး"

ကယောင်ချောက်ချား အော်လိုက်သော မော်ကို ဇော်သည် ရိဝေစွာ ကြည့်ရင်း ခပ်တိုးတိုး ပြောသည်။

"ဟုတ်တယ် မော်၊ ဟုတ်တယ်၊ ငါတို့အဖေ နောက်မိန်းမ ယူတော့မယ်"

ဇော်က တိုးတိုး ပြောသော်လည်း မော့်နားထဲသို့မူ ထိုစကားသံ များသည် ကျယ်လောင်စွာ အော်ဟစ်ပြီး ပြောလိုက်သလို ကသောင်း

www.burmeseclassic.com

www.burmeseclassic.com



ကနင်းပြေးဝင်လာကြသည်။ မသိမသာလေး မျက်ရည်ရစ်ဝဲနေသော ဖော့်ကို ပြုံးကြောင်ကြောင်လေး ပြန်ကြည့်နေမိသည်။ ရင်တွင်းမှ နှလုံးသားသည်လည်း 'ဖေဖေ မိန်းမယူတော့မယ်၊ မိန်းမ ယူတော့မယ်'ဟု ဆိုင်းချက်ကျကျအော်ပြီး ခုန်နေသလို ခံစားနေရလေသည်။

"နင် တကယ်ပြောတာလား ကိုဖော်ရယ်"

BURMESE CLASSIC .com

အတန်ကြာအောင် မှင်တက်မိနေပြီးမှ မော်သည် နံရံကို အားလျော့စွာမှီချလိုက်သည်။ မှိန်ဖျော့ဖျော့ အသံလေးနှင့် မယုံမရဲ ထပ်ပြီး မေးမိသည်။

ဖော်သည် ဘာမှ ပြန်မပြောဘဲ ပင့်သက်တစ်ချက်ချကာ သူ့ရှေ့မှ ဆွဲလက်စပန်းချီကားကို ငေးကြည့်နေလေသည်။ မပြီးသေးသော ပန်းချီကားဖြစ်သော်လည်း နှင်းဆီပန်းပွင့်လေးကို ဆွဲထားကြောင်း သိသာသည်။ စိမ်းဖန့်ဖန့်အရွက်များကြားထဲတွင် ကားကားစွင့်စွင့် ပွင့်နေသော ပန်းတစ်ပွင့်နှင့် မငုံတငုံပွင့်ရန် အရှိန်ယူနေသော ပန်းငုံလေး တစ်ငုံကိုပါ တွေ့ရသည်။

မော်နှင့်ဖော်သည် အမြွှာမွေး မောင်နှမနှစ်ဦးဖြစ်သော်လည်း တစ်ဦးနှင့်တစ်ဦး ဝါသနာဗီဇ လုံးဝမတူပေ။ မော်သည် သီချင်းဂီတနှင့် ပန်းချီကို ဝါသနာထုံသော်လည်း ဖော်သည် သီချင်းတစ်ပုဒ်ကိုပင် အပေါက်အလမ်းတည့်အောင် မဆိုတတ်၊ ဝလုံးကိုပင် ဝိုင်းအောင်မဆွဲတတ်သူဖြစ်သည်။ ဖော် ဖတ်လေ့မှတ်လေ့ရှိသော ဝတ္ထုစာအုပ်များကိုလည်း မော်သည် တစ်ခါမှ လှည့်မကြည့်ခဲ့ဖူးပေ။

"မေမေဆုံးတာမှ သုံးနှစ်တည်းရှိသေးတယ်"

"အေးလေဟာ"

"ဖေဖေကလည်း လွန်တာပေါ့၊ နင်တို့ယောကျ်ားတွေဟာ ဒီလို ပဲလား ကိုဖော်ရာ"

www.burmeseclassic.com

www.burmeseclassic.com



"နင်တို့ မိန်းမတွေကလည်း လွန်တာပေါ့၊ ဘာလို့ ဖေဖေ့ကို ကြိုက်သလဲ"

"ဖေဖေက ပိုက်ဆံရှိတာကိုး"

"အေးလေ သူဋ္ဌေးကိုး"

မော်သည် နဖူးပြင်ပေါ်တွင် စီရရီသီးလာသော ချွေးစက်လေးများကို လက်ဖမိုးနှင့် ပွတ်သုတ်လိုက်သည်။ ရုတ်တရက်ငိုချင်လာသော ကြောင့် ဇော်ကိုကျောပေးပြီး ပြတင်းပေါက်နားသို့လျှောက်သွားမိသည်။ ရင်ထဲတွင် ခဲဆွဲလိုက်သလို လေးလံသွားသည်။ ပန်းချီဆွဲလိုစိတ်လည်း မရှိတော့ပေ။

ဟိုသည်ဖော့ကာတိုက်ခတ်နေသော လေရူးကြောင့် ခန်းဆီးပြာပြာလေးသည် တဖျပ်ဖျပ်လွင့်နေသည်။ မော်သည် မြူးရွှင်စွာ လွင့်ဝဲနေသော ခန်းဆီးလေးကို မနာလိုသလိုဖြစ်လာသည်။ ခန်းဆီးစကို လက်နှစ်ဖက်နှင့်ထိန်းကိုင်ပြီး မလွင့်အောင် ချုပ်ထားလိုက်မိရင်း မျက်တောင်ရှည်များကို တဖျပ်ဖျပ်ခတ်ကာ မျက်ရည်ကိုထိန်းထားလေသည်။

"ငါ့ကို ကြီးကြီးငွေက ပြောတာ"

"ဟုတ်လား"

ကြီးကြီးငွေသည် ဖေဖေနှင့်ဆွေမျိုးနီးစပ်တော်သော အပျိုကြီးဖြစ်သည်။ မေမေရှိစဉ်ကတည်းက မော်တို့ဇော်တို့ကို ထိန်းသိမ်းစောင့်ရှောက်ခဲ့သည်။ ကြီးကြီးငွေသည် စေတနာကောင်းသော်လည်း တဖျစ်တောက်တောက် ဆူပူတတ်သဖြင့် မော်နှင့်ဇော်သည် ချစ်လည်းချစ် ကြောက်လည်းကြောက်ရသည်။ လေကြောရှည်လွန်းသော ကြီးကြီးငွေကို ဖေဖေကမူ အတန်ငယ် စိတ်ပျက်ဟန်ရှိသည်။

"ကြီးကြီးငွေပြောတာဆိုရင် သေချာတာပေါ့နော်"

"အင်း သေချာတာပေါ့"

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဇော်သည် ခြောက်ကပ်ကပ်အသံနှင့်ဖြေရင်း ပြတင်းပေါက်ဘောင်ပေါ်တွင် တင်ပါးလွှဲ ထိုင်လိုက်သည်။

"ဖေဖေ့အသက်က ငါးဆယ့်ငါးဆိုပေမယ့် နုပျိုတော့လည်း မိန်းမတွေက ကြိုက်ကြတယ် ထင်ပါရဲ့ဟာ၊ ဟော့ မိမော်၊ စိတ်ညစ်မနေနဲ့၊ ငါတို့အဖေကြီး ဒီလောက်စွံတာ ငါတို့ဂုဏ်ယူရမှာပေါ့၊ သူ့မိန်းမလောင်းက အသက်ဘယ်လောက်လဲ သိလား"

ဇော်သည် မော်ဆုပ်ကိုင်ထားသော ခန်းဆီးစလေးကိုလှမ်း၍ ဆွဲယူရင်း ရယ်ရယ်မောမော ကြိုးစား၍ပြောသည်။

"ဘယ်လောက်တဲ့လဲ"

"မှန်းကြည့်စမ်း"

"အို မသိ"

"နှစ်ဆယ့်ငါးနှစ်"

"ဘာ နှစ်ဆယ့်ငါး"

ဇော်သည် ပခုံးတွန့်ကာ လှောင်ပြုံးလေး ပြုံးရင်း ခေါင်းညိတ်ပြလိုက်သည်။ မျက်လုံးလေးပြူးနေသော မော်ကို မကြည့်ဘဲ ဆည်းဆာရောင်တောက်နေသောကောင်းကင်ကို မော်ကြည့်နေလေသည်။

"အို နှစ်ဆယ့်ငါးနှစ် ဟုတ်လား"

"အင်း ငါတို့အဖေနဲ့ အသက်သုံးဆယ်တိတိကွာတယ်"

မော်သည် အသက်ကို ပန်းလျစွာ ရှူလိုက်မိသည်။ ဇော့်လို လှောင်ပြုံးကလေးကိုပင် မပြုံးနိုင်ရှာပေ။

ဆည်းဆာရောင်နီရဲရဲသည် အခန်းထဲအထိ ယှက်ဖြာဝင်ရောက်နေသည်။ ချွေးပြန်နေသော မော့်မျက်နှာလေးသည် ဆည်းဆာရောင်တွင် နီနီတွေးတွေးလေးဖြစ်နေသည်။ လှောင်သလိုလို ရယ်ကျဲကျဲ ပြုံးနေသော်လည်း ဇော့်မျက်နှာသည်ကား အကြောအခြင်များတင်းကာ မာကျောကျော ဖြစ်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မိမော်လေး၊ နှင်မငိုနဲ့နော်"

"အင်း မငိုပါဘူး"

မော်က ငိုသံလေးနှင့် ပြန်ဖြေသည်။

ထို့နောက် ပင့်သက်ရှိုက်လိုက်သည်။

"လာဟာ ခြံထဲသွားရအောင်"

"သွားချင်ပါဘူး"

"အိမ်ရှေ့က ဒေစီပန်းတွေပွင့်တော့မယ်၊ သွားကြည့်ရအောင်လေ"

"ကြည့်ချင်ပါဘူး ကိုဇော်ရာ"

"နေဟာ နေဟာ"

"ဇော်သည် ပြတင်းပေါက်ပေါင်ကိုကျော်ကာ မြေပေါ်သို့ ဖြုန်းခနဲခုန်ဆင်းလိုက်သည်။ ကြာရှည် ဆက်စကားပြောနေပါက နှစ်ယောက်လုံး မျက်ရည်ကျတော့မည်ကိုသိသောကြောင့် ဖြစ်သည်။ မော်သည်သူ့ထက် ငါးမိနစ်သာငယ်သော်လည်း သူက ငါးမိနစ်မက အရို အသေခံချင်သည်။ တော်ကြာ မော့်ကို မချော့နိုင်ဘဲ သူကိုယ်တိုင် မော့် ရှေ့တွင် မျက်ရည်ကျမိမည်ကို စိုးရိမ်မိသည်။

"နှင်ငိုမနေနဲ့နော်"

"အင်းပါ"

ခြံထဲသို့ ပြေးသွားတော့မည်ပြုပြီးမှ စိတ်မချသလို ထပ်ပြောသည်။ ထို့နောက် ဘောင်းဘီအိတ်ထဲသို့နှိုက်ကာ ဓာတ်ပုံလေးတစ်ပုံကို ဆွဲထုတ်လိုက်သည်။

"ရော့ကြည့်၊ အဲဒါ ငါတို့အဖေရဲ့ ဇနီးလောင်းလေး"

ဇော် ပစ်ပေးသော ဓာတ်ပုံလေးကို မော်က မိအောင် ကမန်းကတန်းလေး ဖမ်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"လှတော့ အလှသား"

ဖော်က မလိုတမာအသံနှင့်ပြောရင်း မြေပြင်ပေါ်ရှိ ကျောက်ခဲလေးတစ်လုံးကို လွင့်သွားအောင် တအားလွှဲကန်လိုက်သည်။

ခါတ်ပုံထဲမှ မိန်းမလှလေးသည် မော့်ကို ငေးငေးလေး ကြည့်နေသည်။ မော်ကလည်း ငေးငေးလေး ပြန်ကြည့်နေမိသည်။

ဖော်သည် တွေ့သမျှ ကျောက်ခဲလေးများကို မလွှတ်တမ်းကန် ကျောက်ရင်း ခြံထဲသို့ ကဆုန်စိုင်း ပြေးသွားသည်။ ပြေးရင်းလွှားရင်း အော်ဟစ်ပြောသွားလေသည်။

"သူ့နာမည်က 'နှင်း'၊ 'နှင်း' တဲ့"

"နှင်းတဲ့၊ နှင်းတဲ့လား"

မောင်သည် ဖျော့ဖျော့လေးပြုံးပြနေဟန်ရှိသော မိန်းမလှလေးကို စူးစိုက်ကြည့်ရင်း တိုးတိုးလေး ရေရွတ်လိုက်သည်။ ထိုနောက် ခေါင်းကလေးငုံ့ကာ သိမ့်ခနဲ ရှိုက်လိုက်မိလေသည်။ မငိုပါဘူးဟု အာမဘန္ဓေခံလိုက်သော်လည်း တလိမ့်လိမ့် စီးဆင်းလာသော မျက်ရည်များကို မတားနိုင်ချေ။ တားရန်လည်း မကြိုးစားတော့ချေ။ အမှောင်ရိပ်တွင် ငူငူလေးရပ်ရင်း ဝမ်းပန်းတနည်း ရှိုက်နေမိလေသည်။

*

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့မှစ၍ရေတွက်လျှင် နှစ်ပတ်ခန့်ပင်ကြာမည်မထင်။ 'နှင်း'ဟူသော မိန်းမချောလေးကို ဖေဖေသည် အိမ်ပေါ်သို့ ခေါ်တင်လာခဲ့လေသည်။

"နှင်းရေ ဟောဒါက အစ်ကိုကြီးရဲ့ သားနဲ့သမီး ဇော်နဲ့မော်တဲ့"

ဖေဖေက မိတ်ဆက်ပေးသောအခါ မော်သည် မချိပြုံးလေးကို ကြိုးစား၍ ပြုံးပြခဲ့သော်လည်း ဇော်သည် လုံးဝမပြုံးခဲ့ပေ။ မရယ်နိုင်မပြုံးနိုင်အောင် အကြောအခြင်များဆိုင်းနေသလို သူ့မျက်နှာထားသည် မာပြီးတင်းနေသည်။ ဖေဖေ့ကိုကြောက်ရလွန်းသောကြောင့်သာ နှုတ်က ဘာမှမပြောသော်လည်း မျက်လုံးအစုံသည်ကား နှင်းကိုလှောင်ပြောင်ရှုတ်ချသလို စိန်းစိန်းစားစား ကြည့်လေသည်။

"အစ်ကိုကြီး သားသမီးတွေက အချောလေးတွေနော်၊ အမြွာလေး နှစ်ယောက်ဆိုတော့ ချစ်စရာကောင်းလိုက်တာ"

နှင်းသည် တောက်တောက်ပပလေး ပြုံးလိုက်ပြီး လိုက်လျောညီထွေပြောသည်။ မော်ကမူ ဘာပြန်ပြောရမည်မသိသည့်အတွက် သူ့မျက်နှာ လှလှလေးကို အငေးသားကြည့်နေမိလေသည်။ သည်လို ချော

www.burmeseclassic.com

www.burmeseclassic.com



ချော လှလှလေးက သက်တူရွယ်တူချင်း မယူဘဲ ဖေဖေ့လို အဖေအရွယ်ကြီးကို ဘာလို့များ ယောကျ်ားတော်ချင်ရပါလိမ့်ဟုတွေးမိသည်။

"ရှေ့နှစ်ဆိုရင် သူတို့နှစ်ယောက်လုံး ဆယ်တန်းဖြေကြရတော့မှာ၊ အစ်ကိုကြီးကတော့ နှင်း သိတဲ့အတိုင်း အလုပ်ထဲမှာနစ်နေတဲ့လူ၊ သူတို့ကို စာမပြအားဘူး၊ နှင်း ရောက်လာတော့ အတော်ပဲပေါ့၊ သားနဲ့သမီး နားမလည်တဲ့စာတွေ ကူပြပေးနိုင်မယ်"

ဖေဖေသည် မော့်ပခုံးကိုသိုင်းဖက်ကာ ချစ်ခင်ရင်းနှီးစေလိုသော သဘောနှင့် ပြောသည်။ မော်သည် ဖေဖေ့ကိုမော်ကြည့်ရင်း ရုတ်တရက်မျက်ရည်လည်လာသည်။ ဖေဖေသည်အစစအရာရာသူ့သဘောနှင့်သူ လုပ်ကိုင်စီစဉ်ခဲ့ခြင်းဖြစ်သည်။ 'ဖေဖေတော့ တစ်ပင်လဲမှ တစ်ပင်ထူမို့ မိန်းမယူတော့မယ် သားတို့သမီးတို့' ဟုပင် တိုက်ရိုက်ပြောခဲ့သူမဟုတ်ပေ။ ကြီးကြီးထွေးမှတစ်ဆင့် မော်တို့သိခဲ့ရခြင်းဖြစ်သည်။ မနေ့တုန်းက ထမင်းစားစဉ်ကမှ ရယ်ရွှန်းဖတ်ရွှန်းနှင့် 'နက်ဖြန်ကျရင် ဒီအိမ်မှာ အိမ်သားတစ်ယောက် တိုးတော့မယ်'ဟု ပြောလေသည်။ မော်ရော ဖော်ပါ ဆယ့်ခြောက်နှစ် ပြည့်ခဲ့ပြီမို့ မိမိကိုယ်မိမိတော့ လူကြီးအရာသွင်းမိသည်။ သားသမီးများနှင့် ရင်းရင်းနှီးနှီးနေလေ့မရှိဘဲ အလုပ်ထဲတွင် ကိုယ်ရောစိတ်ပါ နှစ်မြှုပ်ကာ တည်တည်နေတတ်သော ဖေဖေ့ကို မော်တို့ကြောက်ရသည်။

'ဖေဖေရယ် မယူပါနဲ့'ဟု တားမြစ်ရဲကြမည် မဟုတ်ပါ။ သို့သော်လည်း ဖေဖေ၏ဘဝသည် သူတို့နှင့်ဆိုင်သည်။ ဖေဖေ၏ ဘဝတစ်စိတ်တစ်ဒေသသည် သူတို့မောင်နှမနှစ်ဦးဖြစ်သည်။ မေမေ ဘဝတစ်ပါးပြောင်းသွားသည်မှာလည်း သုံးနှစ်ခန့် ရှိခဲ့ပြီဖြစ်၍ နောက်အိမ်ထောင်ပြုလိုကပြုစေတော့။ သို့ပါသော်လည်း သူတို့ချစ်ရသော ကြောက်ရသော အားကိုးရသော ဖခင်သည် နောက်အိမ်ထောင်ပြုရမည့် အရေး

www.burmeseclassic.com

www.burmeseclassic.com



သူတို့ကိုတော့ အတန်ငယ်စောပြီး အသိပေးစေလိုသည်။ တိုင်ပင်စေလိုသည်။ သူတို့နှစ်ဦးကို မေ့မထားဘဲ သဘောဆန္ဒမေးမြန်းစေလိုသည်။ ခုတော့ သူ့စိမ်းများကို အသိပေးသလို ဖေဖေသည် 'အိမ်မှာ အိမ်သား တစ်ယောက်တိုးမယ်ဟေ့'ဟု ကြေညာပြီး အသိပေးရုံသာပြုခဲ့လေသည်။

"နှင်းက တက္ကသိုလ်ကျောင်းထွက်၊ ဒီဂရီရပြီးသားကွဲ၊ ဒီတော့ သားနဲ့သမီး မတတ်တာရှိရင် မေးနိုင်တာပေါ့"

ဖေဖေသည် ကိုယ်လုပ်ချင်ရာကိုကိုယ့်သဘောနှင့်ကိုယ် လုပ်ခဲ့ပြီး ခုမှ သားနှင့်သမီး၏အရေးကို ရှေ့တန်းတင်နေသည်။ သူ့မယား အလှလေး အနေမခက်စေရန် သားနှင့်သမီးတို့က ခင်မင်လိုက်လျောစွာ ကြိုဆိုစေချင်ပုံရသည်ဟု တွေးရင်း မော့်ရင်ထဲတွင် တစစ်စစ် နာကျင်လာသည်။ တစ်စုံတစ်ခုကို ပြင်းပြင်းထန်ထန်ကြီး မုန်းတီးသွားသလို ခံစားရသည်။

"မလိုပါဘူး ဖေဖေ၊ ကျွန်တော်တို့ ကျူရှင်ယူနေတာပဲ"

မော်သည် ပြုံးပြုံးလေး ရပ်နေသော နှင်းကို စိမ်းစိမ်း ကားကား ကြည့်လိုက်ပြီး အသံပြတ်နှင့် ပြောလိုက်သည်။ ဖေဖေသည် ကွက်ခနဲ မျက်နှာပျက်သွားပြီး မော့်ကို ခပ်ထန်ထန် လှမ်းကြည့်လေသည်။ မော် သည် သူ့မျက်ဝန်းများကို မလွှဲဖယ်ဘဲ ဖေဖေနှင့် တည့်တည့်ရင်ဆိုင်ပြန် ကြည့်သည်။ တဆတ်ဆတ်တုန်လှုပ်နေသော နှုတ်ခမ်းပါးလေးများကို တင်းတင်းကျစ်ကျစ် ဖိကာ စေ့ထားသည်။ တစ်သက်လုံး သူ့ကို မော် မကြည့်ဘဲ ချစ်ကြောက်ရိုသေခဲ့သော သားငယ်သည် အထိနာသော ကျားကလေးအလား ထူးထူးခြားခြား မာန်ဖီနေဟန်ရှိသည်ကို ဖေဖေ သည် ရုတ်ခြည်းသတိပြုမိသွားလေသည်။

"ကိုမော်ရေ တယ်လီဖုန်းလာနေတယ် သား"

တင်းမာနေသော အခြေအနေကို ကြီးကြီးငွေက လိမ္မာ ပါးနပ်

www.burmeseclassic.com

www.burmeseclassic.com



စွာ ထိန်းလိုက်သည်။ အမှန်တကယ် တယ်လီဖုန်းလာခြင်းမဟုတ်ဘဲ အော်ခေါ်ခြင်းဖြစ်ကြောင်းကို မော် ရိပ်မိလိုက်သည်။ ဖေဖေသည် ပင့်သက် တစ်ချက်ရှိုက်ကာ ခေါင်းကိုဆတ်၍ သွားခွင့်ပေးလိုက်သောအခါ ဇော်သည် ချာခနဲလှည့်၍ ထွက်လာခဲ့သည်။

"ကဲ ကဲ၊ သမီးလည်း သွားချင်သွားတော့၊ ဖေဖေတို့ နားလိုက်ဦးမယ်၊ သြော် မြမေကို ပြောလိုက်စမ်းသမီး၊ သံပရာရည်နှစ်ခွက် လုပ်ပေးစမ်းပါလို့"

တောင့်တောင့်တင်းတင်းလေး ရပ်နေသော မော့်ကိုပါ ဖေဖေက သွားခွင့်ပေးလိုက်သည်။ မော်သည် ခုမှ စိတ်သက်သာရာရသွားသလို ပင့်သက်ရှည်ကိုကျိတ်ပြီး ချလိုက်မိသည်။ မြေပြိုမည်စိုးသည့်အလား ခြေလှမ်းကို ဖွဖွလေးနင်းပြီး ယောင်ကန်းကန်းလေး ပြန်ထွက်လာခဲ့သည်။

"ဒီအရွယ်လေးတွေဆိုတာ ဒီလိုပါပဲ အစ်ကိုကြီးရယ်၊ နှင်းကိုသူတို့ ရတ်တရက်တော့ ဘယ် လက်ခံနိုင်ပါ့မလဲ"

အခန်းထဲမှ လှမ်းထွက်ခါနီးတွင် ခပ်တိုးတိုးလေး ပြောသော နှင်း၏အသံကို မော်က ကြားဖြစ်အောင် ကြားလိုက်သေးသည်။ ဖေဖေသည် ဘာပြန်ပြောမည်နည်း။ နားစွင့်လိုက်မိစဉ် 'သဘောထား ပြည့်လိုက်တာ နှင်းလေးရယ်' ဟူသောအသံကို ကြားရသည်။ ဖေဖေ့ရှိုးကျူးသံသည် သကာရော ထန်းလျက်ရော လူးနေသော်လည်း မော့်နားထဲသို့မူ သံရည်ပူကျက်ကျက် လောင်းချလိုက်သလို ခံစားလိုက်ရသည်။ ရင်ထဲတွင် ခါးခါးသီးသီးကြီး ဖြစ်သွားသည်။

"ဘာဖြစ်လို့ ကလန်ကဆန် သွားပြောနေသလဲ ဇော်ရယ်၊ နှင့် အဖေစိတ်တိုတာ သိသားနဲ့"

ထမင်းစားခန်းထဲတွင် ကြီးကြီးငွေသည် ဇော့်ကို ခပ်ကျိတ်

www.burmeseclassic.com

www.burmeseclassic.com



ကျိတ် ဆူနေသည်။ မော်သည် ဇော့်ဘေးတွင် ဆောင့်ခနဲ ဝင်ထိုင်လိုက်ရင်း လှမ်းအော်လိုက်သည်။

"မမမြရေ၊ ဖေဖေက သံပရာရည်နှစ်ခွက်တဲ့"

"ချိုချိုလား ချဉ်ချဉ်လား မော်"

နောက်ဖေးချောင်မှနေ၍ ပြုံးတစ်ပြုံးတစ် အကဲခတ်နေသော မမြမေက ပြန်မေးသည်။ မော်သည် ခေါင်းကို တအားခါယမ်းလိုက်သည်။ ထိုနောက် ငိုသံလေးနှင့်ပြောသည်။

"မသိဘူး၊ မသိပါဘူး၊ ကမ္ဘာပေါ်မှာ အကောင်းဆုံးဖြစ်အောင်တော့ ဖျော်သွား"

ပြောင်လက်နေအောင် တိုက်ချွတ်ထားသော ရေခဲသေတ္တာကြီး၏နံရံတွင် ဇော့်အရိပ်က ဝါးတားတား ထင်ဟပ်နေသည်။ မော်သည် ထိုအရိပ်ကလေးကို ငေးကြည့်နေရင်း မေမေ့ကို အပြင်းအထန် သတိရပြီး တမ်းတနေမိသည်။ မော်တို့ချစ်သော မေမေ၊ မော်တို့ကိုကြင်နာခဲ့သော၊ ယုယခဲ့သော၊ ရင်းရင်းနှီးနှီး ချစ်ချစ်ခင်ခင်နေခဲ့သော မေမေသည် သေဆုံးသွားခဲ့ပြီမို့ ကလေးငယ်တစ်ယောက်လို 'မေမေရယ် ပြန်လာပါ' ဟူ၍တော့ ပြောမနေသာပါ။ မေမေသေသွားပြီဖြစ်၍ ထာဝရခွဲခွာခဲ့ရပြီကို မော် ကောင်းစွာနားလည်လက်ခံထားပြီးဖြစ်သည်။ သို့သော် ဤခြံဝင်း ဤစံအိမ်တွင် မေမေ့ အငွေ့အသက်ကလေးများက နွေးထွေးစွာရှင်သန်၍ ကျန်ခဲ့သည်။ မေမေမရှိလျှင် မေမေ့နေရာသည် ကွက်လပ်သာလျှင် ဖြစ်နေပါစေတော့၊ မေမေ၏ အငွေ့အသက်ကလေးများသာ ကျန်ပါစေတော့။ ထိုကွက်လပ်ကို အစားဖြည့်ရန် မလိုပါ။ မေမေ့နေရာတွင် မေမေကလွဲ၍ မည်သူ့ကိုမျှ လက်မခံနိုင်ပါ။

"ဩော် ဖေဖေက စိတ်တိုတတ်သတဲ့ ဟုတ်လား၊ ဟောဒီ ငဇော်ဆိုတဲ့ကောင်မှာကော စိတ်မရှိရဘူးလား၊ မတိုရဘူးလားဟင် ကြီးမွေရဲ့

www.burmeseclassic.com



ပြောစမ်းပါ၊ မိမော်တို့ ငဇော်တို့ကို လုံးဝအရေးမစိုက်ဘဲ သူလုပ်ချင်ရာ လုပ်ခဲ့ပြီပဲ၊ ဒါတောင်အားမရသေးလို့ သူ့မယားချော လေးကို ချစ်ရမယ် ခင်ရမယ်ဆိုပြီး အမိန့်ပေးချင်သေးလို့လား၊ ငဇော် တို့လည်း အဖေ့သားပဲ၊ အဖေ့လိုတော့ စိတ်ရှိတာပဲ၊ သူလည်း လွတ်လပ် စွာ မိန်းမယူတယ်၊ နောက် မိန်းမတစ်ယောက်ကို လွတ်လပ်စွာ ချစ်တယ်၊ အဲဒီတော့ ဟောဒီငဇော်တို့ မိမော်တို့ကလည်း လွတ်လပ် စွာ မုန်းတယ်၊ အမြင်ကပ်တယ်၊ ဘာဖြစ်သေးလဲ၊ အဲဒါဟာ ငဇော်တို့ အခွင့်အရေး”

ရုတ်တရက် စကားတွေတတ်လာဟန်ရှိသော ဇော့်ကို ကြီး ကြီးငွေသည် ပါးစပ်အဟောင်းသားနှင့်ကြည့်နေသည်။ အခါတိုင်းကမူ တစ်အိမ်လုံးတွင် သူတစ်ယောက်သာ ချက်ကျလက်ကျနှင့် စကားတတ် သည်ဟု အထင်ရှိခဲ့သည်။ သူ ဆူတိုင်းပူတိုင်း လျှာကလေးထုတ်ကာ ချိုချိုပြုံးပြုံးနှင့်ချွဲလေ့ရှိသော ဇော့်ကို ကလေးလိုသာမြင်သည်။ အခုလို နာသံ၊ မုန်းသံနှင့် ချက်ခနဲ ပြန်ပြောတတ်လိမ့်မည်ဟု မထင်ခဲ့ပေ။

“သူလည်း သွေးနဲ့ကိုယ် သားနဲ့ကိုယ်ပဲ သားရယ်”

“သွေးနဲ့ကိုယ် သားနဲ့ကိုယ်ချင်းရင်လည်း ရွယ်တူချင်းကို ကိုယ် ပါလား ကြီးငွေရ”

“ဟုတ်သားပဲလို့”

ငြိမ်ငြိမ်လေး ငေးနေသော မော်က ဇော့်လက်ကိုအုပ်ကိုင်ရင်း သံယောင်လိုက်ပြောသည်။ ဇော့်လက်များသည် ချွေးစေးများပြန်ကာ အေးစက်နေသည်။

မော်သည် ကျောင်းမှ သူငယ်ချင်းများကို ဖြုန်းခနဲသွားပြီး သတိရမိသည်။ ထိုအခါ ရင်ထဲတွင် ဆူဝေနေသော ဝမ်းနည်းစိတ်နှင့် ရှက်စိတ်တို့သည် လည်ချောင်းဝသို့ ရောက်အောင် အလုအယက် လုံး ထွေးပြီး တက်လာကြလေသည်။ ‘သူ့မိထွေးက ငယ်ငယ် ချောချော

www.burmeseclassic.com

www.burmeseclassic.com



ကလေး၊ အဘိုးကြီးက ငွေနဲ့ပေါက်ယူတာ'ဟူသော စကားများကို သူတို့ အချင်းချင်း လက်တို့ကာ လှောင်လှောင်ကလေး ပြောကြပေရော့မည်။

"ဟွန်း ခုတော့ ကိုယ့်အဖေမိန်းမ ကိုယ် ဘယ်လိုခေါ်ရမှန်း တောင် မသိဘူး"

"အင်းလေ၊ ဘယ်လိုခေါ်ရမလဲတောင် မသိဘူး"

မော်သည် သံယောင်လိုက်ကာပြောမိပြန်ရင်း အသက်ကို ပန်း လျှစွာ ရှူလိုက်မိသည်။ အေးစက်နေသော လက်ချောင်းလေးများနှင့် ဖော့်လက်မောင်းကို အားကိုးတကြီး ဆုပ်ကိုင်ထားမိလေသည်။

"မမနှင်းပဲ ခေါ်ပေါ့သားရယ်"

"အို မခေါ်နိုင်ပါဘူး၊ အဖေ့မိန်းမကို ဘာလို့ အစ်မလို့ခေါ်ရမှာ လဲ"

ကုပ်ထိအောင် ဝဲနေသော ဆံပင်ရှည်များ လွင့်ခါသွားလေ အောင် ခေါင်းကိုသွက်သွက်ယမ်းရင်း ဖော်သည် စားပွဲပေါ်ရှိဆားပုလင်း လေးကို လက်နှင့်တွန်းသည်။ လျှောခနဲ ရွေ့သွားသော ပုလင်းလေး စားပွဲအောက်သို့ ကျကွဲသွားမည်စိုးသဖြင့် ကြီးကြီးငွေက လမ်းခုလတ်မှ ကမန်းကတန်း ဆီးဖမ်းလိုက်သည်။

"ဟဲ့ ငဖော်၊ ရမ်းလှချည်လား၊ နင့်အဖေနောက်မယားယူတာနဲ့ ဒီဆားပုလင်းလေးနဲ့ မဆိုင်ပါဘူးဟဲ့၊ တကတဲ"

ပြုံးတူးပြဲတဲနှင့်ပြောသော ကြီးကြီးငွေကို လျစ်လျူရှုထားပြီး ဖော်သည် မှုန်ကုပ်ကုပ်နှင့် ငြိမ်နေသည်။ အတန်ကြာငိုင်နေပြီးမှ သက် ပြင်းကြီးတစ်ချက်ချကာ နေရာမှ ဝုန်းခနဲ ထလိုက်လေသည်။ ငိုမဲ့မဲ့ မျက်နှာထားလေးနှင့်ငေးနေသော မော့်ကိုပါ နေရာမှဆွဲထူသည်။

"ကဲ လာဟာ မိမော်၊ ငါတို့ရုပ်ရှင်သွားကြမယ်"

"ပိုက်ဆံမှ မရှိတာ"

www.burmeseclassic.com

www.burmeseclassic.com



ဇော်နှင့်မော်တို့သည် သူဌေးသားသမီးများပင်ဖြစ်သော်လည်း ပိုက်ဆံမပေါချေ။ နံနက်ထမင်း၊ ညထမင်းနှင့် နေ့ခင်းလည်း ထမင်းဘူးကိုသာ ယူရသည်။ မေမေရှိစဉ်ကတည်းက သရေစာကို အကျင့်လုပ်၍ မစားခဲ့ပေ။ ဖေဖေကလည်း ပိုက်ဆံသုံးတတ်မည်ကို မလိုလားသောကြောင့် မော်တို့လက်ထဲသို့ မည်သည့်အခါမှ ငွေများများစားစား မရှိပေ။ သူတို့လက်ထဲတွင် ငွေငါးကျပ် ပြည့်အောင်ပင် မကိုင်ဖူးချေ။

"တို့တွေ ခဲဖိုးသွားတောင်းမယ်"

"ဘယ်သူ့ဆီက"

"ဖေဖေ့ ဆီက"

"မြတ်စွာဘုရား"

ဇော်က အတည်ပေါက်ပြော၍ သွားတောင်းမည့်ဟန်ပြင်သောအခါ ကြီးကြီးငွေသည် မျက်လုံးပြူးသွားသည်။ ဇော့်အင်္ကျီလည်ကုပ်ကို မမီမကမ်းလှမ်း၍ ဆွဲသည်။

"ဟဲ့ နင်တို့အဖေအကြောင်း သိသားနဲ့၊ တော်ကြာ သူ့ကိုလာပြီး လျှောင်နေတယ် ထင်သွားဦးမယ်"

"ထင်ပစေပေါ့၊ လျှောင်တာပဲဟာ'

လျှောင်ပြောင်သရော်သောအရောင်လေးများ တလဲ့လဲ့ တောက်ပ နေသော ဇော့်မျက်လုံးညိုညိုလေးများကိုကြည့်ရင်း ကြီးကြီးငွေ လန့်သွားသည်။ မကျေမနပ်စိတ်များက ဇော့်ရင်ထဲတွင် ပြည့်သိပ်နေသဖြင့် တစ်စုံတစ်ရာ အစွဲ့တိုက်ပြီး ကသိကအောက်ဖြစ်အောင် လုပ်တော့မည်ကို ကြီးကြီးငွေ နားလည်လိုက်လေသည်။

"ဇော်ရယ် မိန်းမတစ်ယောက်အတွက်နဲ့ သားအဖချင်း စကားမများချင်စမ်းပါနဲ့၊ လိုလေသေးမရှိ ရှာဖွေပြုစုနေတဲ့အဖေကို အာမခံချင်စမ်းနဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ရှာဖွေပြုစု ကျွေးမွေးတာတော့ ဟုတ်ပါတယ်၊ ဒါပေမယ့် လို လေသေးမရှိတော့ မဟုတ်ဘူး"

"ဟဲ့ ဘာလိုနေသေးလို့လဲ"

"မေတ္တာ"

ဖော်သည် နှုတ်ခမ်းသားများကို တင်းတင်းစေ့ပြီး ခပ်တိုးတိုး ပြောသည်။

"ဖေဖေက ကျွန်တော်တို့ကို ခြံကောင်းကောင်းကြီး၊ အိမ် ကောင်းကောင်းကြီးမှာ ထားပြီး အစားကောင်းကောင်းတွေ ကျွေးခဲ့ပါ တယ်၊ ဒါပေမယ့် သူ့မေတ္တာလေးကျတော့ ကပ်စေးနှဲတယ် ကျွန်တော်တို့ ကို မပေးဘူး၊ အခုလိုနောက်မိန်းမတစ်ယောက်ကို အကုန်ပေးလိုက်ပြီ၊ ဘယ်မလဲ ကျွန်တော်တို့အတွက် မေတ္တာ"

ဖော်သည် ဖခင်၏မေတ္တာကို လေထဲတွင်ဖမ်းရန် ကြိုးစားနေ သလို လက်ကလေးနှစ်ဖက်ကိုဝှေ့ယမ်းရင်းတုန်တုန်ခိုက်ခိုက်ပြောသည်။ မော်သည် ရင်ထဲတွင် ဆို့နင့်လာသောကြောင့် ခေါင်းကလေးငိုက်စိုက်ချ ကာ ကြမ်းပြင်ကိုသာ ငုံ့ကြည့်နေမိသည်။ ကျွန်းသားတုံးကလေးများကို အကွက်ဖော်ကာ ခင်းထားသော ကြမ်းခင်းသည် ပေါလစ်ရောင်တဖိတ် ဖိတ် တောက်နေသည်။ မော်သည် အောက်နှုတ်ခမ်းလေးကို ခပ်ဖိဖိလေး ကိုက်ထားရင်းမှ အကွက်တုံးလေးများကို အစီအစဉ်ပွာယ်မရှိ အပြေးအလွှား ရေတွက်နေမိသည်။ သို့သော် အကွက်နှစ်ဆယ်ပြည့်အောင်ပင် မရေရ သေး မော့်မျက်လုံးအစုံသည် မျက်ရည်များဖုံးကာ ဝါးသွားသောကြောင့် ဘာကိုမျှ မမြင်ရတော့ချေ။

"ငဖော်တို့ မိမော်တို့ ဆယ့်ခြောက်နှစ်ကျော်လာပြီ ကြီးငွေရဲ့၊ အဲဒီ ဆယ့်ခြောက်နှစ်ထဲက တစ်နှစ်မှာ တစ်နာရီ စုစုပေါင်း ဆယ့်ခြောက် နာရီတောင် ဖေဖေနဲ့ ရင်းရင်းနှီးနှီး ချစ်ချစ်ခင်ခင် မနေခဲ့ရပါဘူး၊ မေမေ

www.burmeseclassic.com

www.burmeseclassic.com



နဲ့တော့ ဆယ့်သုံးနှစ်ပဲ နေခဲ့ရတယ်၊ ဆယ့်သုံးနှစ်လုံးလုံး မေမေဟာ ကျွန်တော်တို့ကို ချစ်သွားတယ်"

"ကိုဇော်ရယ် သားရယ်"

ကြီးကြီးငွေသည် မျက်ရည်များ စီးကျလာပြီး ဇော့်ပခုံးနှစ်ဖက်ကို ယုယုယယ ဖက်လိုက်လေသည်။ နေ့ချင်းညချင်း စကားတွေတတ်လာနေသော ဇော်သည် ကျယ်ပြန့်နွေးထွေးသော ကြီးကြီးငွေ၏ ရင်ခွင်တွင် မျက်နှာအပ်ကာ သိမ့်ခနဲ ရှိုက်လိုက်သည်။

ဖေဖေ မိန်းမယူတော့မည်ဟု သိကတည်းက ရင်ထဲတွင် တဖြည်းဖြည်းစုပြီး ခဲလာသော အကျိတ်အခဲများသည် နှင်းကို တော့တော့ဆိုင်ဆိုင် တွေ့ရသောအခါ အရှိန်ပြင်းပြင်းနှင့် ပေါက်ကွဲထွက်ရန် အားယူလာကြကုန်သည်။

"သားသမီးကို မချစ်တဲ့မိဘ မရှိပါဘူး ကလေးတို့ရယ်၊ မိဘမေတ္တာကို အထင်မလွဲကြပါနဲ့"

ကြီးကြီးငွေသည် သူ့မျက်ရည်ကိုသူအနိုင်နိုင်ထိန်းရင်း ဖျောင်းဖျောင်းဖျဖျ ပြောသည်။ ပြောမယ့်သာပြောရသည် ကလေးများနှင့် ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီးနေလေ့မရှိသော မောင်ဖြစ်သူကို သူကိုယ်တိုင်လည်း သိပ်ကျေနပ်ခဲ့သည် မဟုတ်ချေ။

"ကဲ ရုပ်ရှင်ကြည့်ချင်ရင် သွားကြည့်ကြ၊ ကြီးငွေ ပိုက်ဆံပေးလိုက်မယ်"

ကြီးကြီးငွေသည် သူ့ဘော်ဒီအင်္ကျီရှည်ကြီးအတွင်းသို့ လက်နှိုက်သည်။ ပထမ ငါးကျပ်တန်တစ်ရွက် ထွက်လာသည်။ ထပ်နှိုက်သည်။ နောက်ထပ် တစ်ဆယ်တန်တစ်ရွက် ထွက်လာသည်။ နောက်တစ်ခါ နှိုက်သည်။ တစ်ဆယ်တန်တစ်ရွက် ထပ်ထွက်လာသည်။

"ကဲ သမီးမော်၊ ထ, ရေသွားချိုး၊ ရုံအောက်က တွေ့ကရာတွေကိုတော့ မစားနဲ့နော်"

www.burmeseclassic.com

www.burmeseclassic.com



မော့် မျက်နှာလေးကို ဆွဲမော့ကာ မျက်ရည်များကိုပါသုတ်ပေးပြီး ကြီးကြီးငွေသည် ငွေအစိတ်ကို လက်ထဲထည့်လေသည်။ မော်သည် စိတ်ညစ်ကာ ငိုချင်နေသေးသော်လည်း မရစဖူး ငွေအစိတ်ကြီးများတောင် ရုပ်ရှင်ဖိုးရသောအခါ အတန်ငယ် စိတ်ဆောင်ပြီး ရွှင်သလိုလိုဖြစ်သွားသည်။

"လာဟေ့ ကိုဇော်၊ တို့ရုပ်ရှင်သွားကြည့်မယ်"

ရှိုက်ငင်သံလေး မပြယ်တပြယ် မျက်ရည်စလေးများ တဝေဝေ နှင့် မော်သည် ဇော့်လက်ကိုဆွဲခေါ်လိုက်သည်။ ဇော်သည် အတန်ကြာ အောင် ငူငူကြီး ရပ်နေသေးသော်လည်း မော်ဆွဲခေါ်ရာသို့ ကန့်လန့် ကန့်လန့်နှင့်ပါလာသည်။

အခန်းဝရောက်သောအခါ ဖြုန်းခနဲရပ်လိုက်ပြီး ကြီးကြီးငွေကို လှည့်ကြည့်သည်။

"ကြီးငွေ၊ ကျွန်တော်တို့ ဖေဖေ့မိန်းမကို ဘယ်လိုခေါ်ရမလဲ သိပြီ"

"ဘယ်လိုလဲ"

ဇော်သည် မော့်ပခုံးကိုညှစ်ကိုင်ကာ ဟက်ခနဲ ခြောက်ကပ်ကပ် ရယ်သည်။ ထိုနောက် အသံကိုမြှင့်ကာ ခပ်ကျယ်ကျယ်ပြောသည်။

"ဒီလောက်တောင် အဘိုးကြီးယူချင်လှတဲ့မိန်းမ၊ ကြီးတော်နှင်း လို့ခေါ်မယ်"

*

www.burmeseclassic.com

www.burmeseclassic.com



"ကြီးတော်နှင်းတဲ့ ဟုတ်လား၊ ကြီးတော်နှင်းတဲ့လား"

နှင်းသည် တိုးတိုးလေး ရေရွတ်လိုက်သည်။ ဆယ့်ခြောက်နှစ်သားက ကြီးတော် ခေါ်ရလောက်အောင်တော့ သူ့အသက် မကြီးသေးပေ။ သူ့ရုပ်ရည်သည်လည်း မရင့်ရော်သေးပေ။

ခေတ္တမျှငေးနေပြီး နှင်းသည် အသက်ကို တဝကြီးရှိုက်၍ ရှူလိုက်သည်၊ အခန်းနံရံတွင် မြှုပ်ထားသော ကိုယ်လုံးပေါ်မှန်ကြီးများဆီသို့ ခေါင်းလေးငဲ့ကာ ကြည့်လိုက်မိသည်။ ပျော့ပျော့နွဲ့နွဲ့လေးရပ်နေသော နှင်း၏အရိပ်များသည် ရှေ့မှတသွယ်၊ နောက်မှတစ်မျိုး၊ ဘေးတိုက်တဖုံ၊ နံရံအဘက်ဘက်တွင် အမျိုးမျိုးထင်ဟပ်လျက်ရှိလေသည်။ ဘယ်ဘက်ကကြည့်ကြည့် နှင်းသည် လှနေသည်သာဖြစ်သည်။ ထိုကဲ့သို့လှသောကြောင့်လည်း ဤအိမ်ကြီးပေါ်သို့ နှင်းရောက်ခဲ့ရခြင်း ဖြစ်သည်။

"ယောကျ်ားဆိုတာမျိုးဟာ အားလုံးတူတူပဲ နေမှာပါကွယ်၊ အလှမှာပျော် အလှကိုကိုးကွယ် အလှကိုမြတ်နိုး အလှမှာနစ်မျောနေတဲ့ အလှရဲ့ကျေးကျွန်တွေ ဒီအလှတစ်ခုရိုးရင် နောက်အလှတစ်ခု၊ တစ်ခုပြီး တစ်ခု အလှနောက်က သူတို့လိုက်နေကြမှာ"

www.burmeseclassic.com

www.burmeseclassic.com



နှင်းသည် ရင်ထဲမှပြောရင်း လှောင်ပြုံးလေးကို နာနာကျင်ကျင်လေး ပြုံးလိုက်မိသည်။ မှန်ထဲမှ သူ့အလှကို ငေးမောကြည့်ရင်း စိတ်အစဉ်က အတိတ်ဆီသို့ ပြေးသွားသည်။

"ကြီးတော်နှင်း"

မှန်ထဲမှ နှင်း၏ အရိပ်နောက်ကွယ်တွင် နောက်ထပ်အရိပ်ကလေး တစ်ခုပါ ထင်ဟပ်လာသည်။ မော်ဖြစ်သည်။ သူတို့မောင်နှမသည် သူတို့ဖခင်ရှေ့၌ နှင်းကို မည်သို့မျှမခေါ်။ ပြောစရာ ဆိုစရာရှိလျှင် သံပြတ်နှင့်ပြောသည်။ ဖခင်ကွယ်ရာတွင်မူ ကြီးတော်နှင်းဟု လှောင်သံလေးနှင့်ခေါ်လေ့ရှိကြသည်။ စိတ်ဆိုးသည်ဟု မဟုတ်သော်လည်း နှင်းရင်ထဲတွင် အောင့်အောင့်သွားသည်။ ဆယ့်ခြောက်နှစ် အရွယ်က ကြီးတော်ခေါ်ခြင်းကို မည်သည့် အသက်အစိတ်အရွယ် အမျိုးသမီးကမျှ နှစ်သက်လိမ့်မည်မဟုတ်ကြောင်းကို သူတို့လည်း သိလိမ့်မည်သာ ဖြစ်သည်။

"အောက်မှာ ဧည့်သည်ရောက်နေတယ်"

"ဘယ်သူတွေလဲ မော်"

"မော်မသိဘူး၊ ကြီးတော်နှင်းရဲ့ သူငယ်ချင်းတွေလို့ပြောတယ်၊ ဝဝတစ်ယောက် ပိန်ပိန်နှစ်ယောက်"

မော်သည် စားပွဲစွန်းကို လက်ကလေးနှင့် ဖိထောက်ရင်း ခပ်တိုးတိုးပြောသည်။ မော်သည် နှင်းကို ချစ်ခင်ဟန်မပြသော်လည်း ဖော့်လို ရန်မလုပ်ပေ။ အေးအေးနှင့်မှန်မှန်လေး ဆက်ဆံသည်။ မည်သူတွေများ လာလည်သနည်းဟုစဉ်းစားနေမိရင်း နှင်းသည် ဖြူဝင်းနုနယ်သော မော့်မျက်နှာလေးကို ငေးငေးလေးကြည့်မိသည်။ မျက်တောင်ရှည်များ ပေါင်ခတ်ထားသော မျက်လုံးဝိုင်းများထဲတွင် နှင်းကို ချစ်ခင်နှစ်လိုသော အရိပ်အယောင် လုံးဝမရှိဘဲ အေးစက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မော်"

နေရာမှ လှည့်ကာ ထွက်သွားတော့မည်ပြုသော မော့်ကို နှင်းက တိုးတိုးလေးခေါ်လိုက်သည်။ မော်သည် နှုတ်ခမ်းပါးလေးကို ပိပိလေး စေ့ထားပြီး နှင်းကို စူးစမ်းဟန်နှင့် ပြန်လှည့်ကြည့်သည်။

"မော် တို့ကိုမုန်းနေလား"

တိုက်ရိုက်ကြီးမေးလိုက်သော နှင်း၏မေးခွန်းကြောင့် မော်သည် ဆတ်ခနဲတုန်သွားသည်။

"တို့ကို မုန်းနေသလားဟင်"

နှင်းက ထပ်မေးလေသည်၊ မျက်နှာလေး မသိမသာနီနေသော နှင်းကို မော်သည်ရင်ဆိုင်ကြည့်လိုက်ပြီးဖျတ်ခနဲမျက်လုံးလွှဲလိုက်သည်။ မော်မဖြေချင်၊ ဘာမှပြန်မပြောချင်၊ မမုန်းပါဘူးဟုလည်း ညာ မပြောလို၊ မုန်းသည်ဟူ၍လည်း မျက်နှာချင်းဆိုင် မကြေညာလို၊ ထို့ကြောင့် ငြိမ်ငြိမ်ကလေးသာ ရပ်နေလိုက်သည်။ သူလည်း ပညာရှိဖြစ်သည်၊ နားလည်ရမည်၊ ဆိတ်ဆိတ်နေခြင်းသည် ဝန်ခံခြင်းဖြစ်၏။

နှင်းသည် မော့်မျက်နှာထား တင်းတင်းမာမာလေးကို စူးစိုက်ကြည့်ရင်း သက်ပြင်းရှိုက်လိုက်သည်။

"တို့နားလည်ပါတယ် ကလေးရယ်၊ မော်ရော ဇော်ရော တို့ကိုမုန်းတယ်ဆိုတာ တို့သိပါတယ်၊ နားလည်ပါတယ်၊ တို့ကိုယ်တိုင် ငယ်ငယ်တုန်းက မိထွေးလက်ထဲမှာ နေခဲ့ရတော့ မိထွေးဆိုတာနဲ့ မုန်းစရာကောင်းသွားတယ်၊ ရွံ့သွားတယ်ဆိုတာကို တို့နားလည်ပါတယ်"

မော်သည် နှင်းကိုတိုက်ရိုက်မကြည့်ဘဲ မှန်ထဲမှအရိပ်ကို စိုက်ကြည့်နေသည်။ သည်လို ငယ်ငယ်ရွယ်ရွယ် လှလှပပလေးများဆိုလျှင် မိမော်တို့က မျက်စိကျွတ်မတတ် လိုက်ကြည့်တတ်မြဲ ဖြစ်သည်။ ပါးစပ်မှလည်း 'လှလိုက်တာဟယ်' ချစ်လိုက်တာဟယ်နှင့်အော်တတ်သေး

www.burmeseclassic.com

www.burmeseclassic.com



သည်။ နှင်းသည်သာ ဖေဖေနှင့်မသက်ဆိုင်လျှင် ဖေဖေ့ကို လက်ထပ်ထားသူမဟုတ်လျှင် မော့်ခမျာ မုန်းဖို့နေနေသာသာ ချစ်လို့ဆုံးမည်ပင် မဟုတ်တော့ပေ။

"တို့ကို နားလည်ပါ မော်ရယ်၊ မော်တို့မောင်နှမဟာ ဖခင်ရဲ့ အရိပ်မှာ ခိုနေသလို၊ တို့ကလည်း အစ်ကိုကြီးရဲ့အရိပ်အောက်ကို ခိုဝင်လာတဲ့သူပါ၊ တို့များဟာ အရိပ်တစ်ရိပ်တည်းအောက်မှာ နားနေတဲ့သူ အချင်းချင်းပါကွယ်"

နှင်းသည် ညင်သာစွာပြောလေသည်။ ကြားရသော စကားများကို မော်သည် ကောင်းစွာပင် မယုံချင်ပေ။ မော့်အတွေးထဲရှိ မော်ဖတ်ဖူး ကြားဖူးသမျှ ပုံပြင်များထဲရှိ မိထွေးများသည် စကားကို ညင်သာ ပျော့ပျောင်းစွာ ပြောလေ့မရှိကြပေ။

ဖခင်နှင့် သားသမီးတို့၏ အကြားတွင် ကတုန်းကတိုက်နှင့် ကုန်းချောရန် ကြိုးစားနေတတ်ကြသူများသာ ဖြစ်လေသည်။

နှင်းအောက်ထပ်သို့ ဆင်းသွားသည်အထိ မော်သည် ဘာဆိုဘာတစ်ခွန်းမျှ ပြန်မပြောလိုက်မိချေ၊ အခန်းထဲတွင် တစ်ဦးတည်း ငြိမ်ငြိမ်လေးရပ်ကာ နေရစ်ခဲ့မိသည်။

"အလကား စတန့်ထွင်တာ၊ သူ့ကိုယ်သူ သဘောထားပြည့်ဝတယ်ဆိုပြီး ထွင်တာ၊ အလကားမိန်းမကြီး"

ဇော့်ကို ထိုအကြောင်း ပြန်ပြောပြသောအခါ ဇော်က ထအော်လေသည်။ ကျက်လက်စ ကျောင်းစာအုပ်ကလေးကို ဖြန်းခနဲပိတ်ချလိုက်ပြီး မော့်ကို မကျေမနပ်နှင့် မျက်လုံးပြူး၍ ကြည့်လေသည်။

"မှတ်ထား၊ မသေမချင်းမှတ်ထား၊ မိထွေးဆိုရင် ဘယ်မိထွေးမှ မကောင်းဘူး"

ဖေဖေ မိန်းမယူသည်ကို သူတို့နှစ်ဦးလုံး လုံးဝမကျေနပ်ချေ။

www.burmeseclassic.com

www.burmeseclassic.com



မတားသာ၍သာ ငြိမ်နေရသော်လည်း မကျေနပ်စိတ်များသည် ရင်ထဲတွင် ဗလုံစီထအောင် ပွက်ပွက်ဆူနေသည်။ မိဘကို ပြစ်မှားလျှင် အဝီစိငရဲတွင် ချိုးကပ်အောင် နေရလိမ့်မည်ဟု ကြီးကြီးငွေက ခြောက်ထားသည်။ အဝီစိငရဲကို မကြောက်လှသော်လည်း ကိုယ့်အဖေကိုတော့ ဆွေမျိုးရင်းချာကြီးမို့ အပြစ်တင်စကား သိပ်မပြောလိုပေ။ အဖေကို အပြစ်မတင်ရသောအခါ ရင်ထဲမှ မကျေနပ်စိတ်များသည် နဂိုတည်းက ဦးတည်နေသော နှင်းဆီသို့ စုပြုံကျရောက်သွားလေသည်။

"မိထွေးတော် ဂေါတမီကတော့ ကောင်းပါတယ်တဲ့ ကိုဇော်ရာ၊ ကြီးကြီးငွေပြောပြဖူးတယ်လေ"

"ဂေါတမီ ကောင်းချင်ကောင်းမယ်၊ ဒါပေမယ့် သူက ဂေါတမီ မှ မဟုတ်တာ၊ ချောပြီး ပလီတတ်တဲ့ ချောပလီပဲ၊ ဘယ်တော့မှ ကောင်း မှာ မဟုတ်ဘူး"

"အဟက်၊ ချောပလီတဲ့"

ဇော် ပြောလိုက်သော အမည်ကို ကြားရသောအခါ မော်သည် ပြုံးစပ်စပ်ကလေးဖြစ်သွားသည်။ စားပွဲပေါ်ရှိ စက္ကူဖြူပေါ်တွင် ချောပလီဟူသောအမည်ကို ခဲတံနှင့်ဖွဖွလေး ရေးလိုက်သည်။

"ကောင်းတယ် ကိုဇော်၊ အဲဒီနာမည်နဲ့ သူနဲ့လိုက်တယ်"

အမည်ဘေးတွင် ကနုတ်ပန်းခက် ကွေးကွေး ကောက်ကောက်ကလေးများကို လျှောက်ဆွဲရင်း မော်က ထောက်ခံလိုက်သည်။ သူ့ကို ကြီးတော်ဟု ခေါ်ရုံသာမက ချောပလီဟု အမည်လှလှလေးပါ ပေးထားကြောင်း နှင်း သိရလျှင် မည်မျှ အခံရခက်သွားမည်နည်းဟု စဉ်းစားရင်း ပြုံးနေမိသည်။

"ချောကလက်ဆိုတာ ရှိသေးတယ်"

"ဘာရယ်"

www.burmeseclassic.com

www.burmeseclassic.com



"ချောပြီး ကလက်တဲ့ ကောင်မလေးတွေကို အစ်ကိုကျော်က အဲဒီလို ခေါ်တယ်ဟ"

"ဘယ် အစ်ကိုကျော်လဲ၊ အစ်ကိုမောင်ရဲ့ညီ အစ်ကိုကျော် ဆိုတာလား"

"အင်းပေါ့"

အစ်ကိုမောင်သည် ဇော်နေသော ကျောင်းမှပင် ဆယ်တန်းအောင်သောသူဖြစ်သည်။ ထိုစဉ်က အစ်ကိုမောင်နှင့်မခင်သေးသော်လည်း ဂုဏ်ထူးသုံးခုနှင့်အောင်သောကြောင့် ဂုဏ်ပြုပွဲတွင် ဆုယူရသေးသည်ကို ဇော်မှတ်မိသည်။ ဇော် အလယ်တန်းတက်နေစဉ် အစ်ကိုမောင်တို့ တက္ကသိုလ်များပိတ်၍ အားနေသောအခါကစ၍ ဇော်တို့နှစ်ဦး ခင်ခဲ့ရခြင်းဖြစ်သည်။ အစ်ကိုမောင်က အ,အားမနေဘဲ ကျောင်းတွင် ဆရာအဖြစ်ပြန်လာပြီး လုပ်အားပေးသည်။ မည်မျှခက်သောသင်္ချာပုစ္ဆာပင်ဖြစ်စေ အစ်ကိုမောင် ရှင်းပြလိုက်လျှင် တစ်ခါတည်းရှင်းကာ လွယ်လွယ်လေးဖြစ်သွားတတ်သည်။ ယခင်က သင်္ချာချိန်ဆိုလျှင် အိပ်ငိုက်နေတတ်သောကြောင့် သင်္ချာညံ့ချင်ချင်ဖြစ်နေသော ဇော်သည် အစ်ကိုမောင် လုပ်အားပေးသည့် အချိန်ပိုင်းအတောအတွင်းလေးမှာပင် သင်္ချာကို စိတ်ဝင်စားလာသည်။ လစဉ်စာမေးပွဲတွင် အမှတ်ပြည့်ရသည်အထိ တိုးတက်လာသည်။ ထို့ကြောင့်လည်း အစ်ကိုမောင်ကို ဇော်က တမ်းတမ်းစွဲချစ်ခဲ့မိခြင်း ဖြစ်သည်။ ဆရာလေး ဆရာမောင်၊ အစ်ကိုမောင် ဟု အမျိုးမျိုးခေါ်ကာ သဘောကောင်းကြောင်း၊ တော်ကြောင်း ချီးကျူးလေ့ရှိသော ဇော့်စကားများကိုပင် အလွတ်ရလုနီး ရှိခဲ့သည်။ ထိုစဉ်က မော်တို့နေသော မိန်းကလေးကျောင်းတွင် ကိုဇော်တို့ယောကျ်ားလေး ကျောင်းလို လုပ်အားပေး ဆရာငယ်ငယ်လေးများ ရောက်မလာသောကြောင့် မော့်ခမျာ ဇော်ပြောသမျှ အစ်ကိုမောင်ပုံပြင်များကို တငေးတမော နားထောင်

www.burmeseclassic.com

www.burmeseclassic.com



ရသည်။ အစ်ကိုမောင်ဟူသော ကိုဇော် ဆရာကို စိတ်ထဲ မှနေပြီး အလိုလိုရင်းနှီးရသည်။

အစ်ကိုမောင် လုပ်အားပေးပြီး၍ ပြန်သွားသော်လည်း ဇော်နှင့် အဆက်အသွယ် မပြတ်ပေ။ အစ်ကိုမောင့်အိမ်သို့ မကြာခဏသွားလည် တတ်သည်။ ထို့ကြောင့် အစ်ကိုမောင်တက္ကသိုလ်တက်သည်ရော ဘွဲ့ရ သည်ရော၊ ဘွဲ့ရပြီးသော်လည်း အလုပ်မရသေးသည်ကိုရော ယခုအခါ ဘောက်ထော်ဘက်တွင် ခြံကလေးဝယ်၍ ခြံစိုက်စားနေသည်ကိုရော သူ့ညီတစ်ယောက်ကိုပါ ကျောင်းထားပေးနေရသည်ကိုရော ဇော် အကုန် သိခဲ့သည်။ ဇော်သိသောအခါ ထုံးစံအတိုင်း မော်လည်း အကုန် သိရလေ သည်။ အစ်ကိုမောင့်ကို သုံးလေးခါသာ မြင်ဖူးသော်လည်း ဇော်နှင့် ရင်းနှီးသည့်နည်းတူ မော့်စိတ်ထဲတွင်လည်း တရင်းတနှီးဖြစ်နေသည်။

"ဒီတစ်ခေါက် ကိုဇော် အစ်ကိုမောင့်ဆီသွားရင် မော်လည်း လိုက်ချင်တယ်ဟာ"

"ဘာလုပ်ဖို့"

"အလည်ပေါ့ကွာ ကိုဇော်ကလဲ၊ သူ့ခြံထဲမှာ စံပယ်တွေ အများ ကြီးဆို၊ အပင်တွေလည်း အစုံရှိတယ်ဆို"

"မလိုက်ပါနဲ့ မိမော်ရာ၊ ငါစာမေးခဲ့ရင် နင့်ကို အားလုံးပြန်ပြ ပေးသားပဲ၊ စံပယ်လည်း ခူးခဲ့ပါ့မယ်၊ ပိန္နဲသီးစားရရင်လည်း တစ်ဝက် ယူခဲ့မယ် ဟာ"

"ကိုဇော်ကလဲကွာ"

မော်သည် မကျေနပ်သဖြင့် နှုတ်ခမ်းစူသွားသော်လည်း ဇော် က မသိချင်ဟန်ဆောင်နေလိုက်သည်။ သူတို့ သွားသောအချိန်တွင် အစ်ကိုမောင်တစ်ဦးတည်းရှိလျှင် ကိစ္စမရှိ။ အစ်ကိုမောင်၏ညီ အစ်ကို ကျော်ပါ ရှိနေမည်ကို စိုးရိမ်သည်။ အစ်ကိုကျော်သည် မိန်းမလှလေးများ

www.burmeseclassic.com

www.burmeseclassic.com



ကို မြင်လျှင် ရှိခနဲလေချွန်ကာ တငေးတမော လိုက်ကြည့်တတ်သူဖြစ်သည်။ မျက်စိတစ်ဆုံးကြည့်ပြီးသောအခါ ထိုမိန်းကလေး၏ ကိုယ်လုံးအလှကို ပျစ်ပျစ်နှစ်နှစ် ဝေဖန်ချက်ပေးလေ့ရှိသည်။ သူ့ညီမလှလှလေးကို အစ်ကိုကျော်က ပြုံးစပ်စပ် မျက်နှာပေးနှင့် သိမ်းကျုံးကြည့်မည်ကို ဖော် မလိုလားပေ။ ထို့ကြောင့် မော်က လိုက်ချင်သည်ပြောတိုင်း မရအရ ဖြုတ်ချပြီး ထားခဲ့လေ့ရှိသည်။

"အစ်ကိုမောင်တို့က ယောကျ်ားတွေချည်းပဲ နေတာ"

"အဲဒါ ဘာဖြစ်လဲ"

မော်က ကက်ခနဲပြန်မေးသည်။ အစ်ကိုမောင်၏ခြံတွင် စိုက်ထားသော သစ်ပင်ပန်းမန်များအကြောင်း အစားရဝခမန်း ကြားဖူးသော်လည်း တစ်ခါမျှ လိုက်မသွားရ၍ မကျေနပ်ပေ။

"မိမော်၊ နင်က ငယ်တော့တာမှ မဟုတ်တာ၊ တော်ကြာ အစ်ကိုကျော်က ပိုးနေမှာစိုးလို့ သိလားဟ သိလား"

"ပိုး ပိုးပေါ့၊ ပိုးတော့ ဘာဖြစ်လဲ"

ဖော်က ချော့သလိုလို မာန်သလိုလို ပြောသောအခါ မော်သည် လက်ထဲမှခဲတံလေးကိုပစ်ချပြီး နေရာမှဆောင့်ခနဲ ထ,လိုက်သည်။ ဖော့်ကို မျက်စောင်းခဲရင်း မကြားတကြား ပြန်ပြောသည်။ ထိုနောက် ချာခနဲလှည့်ကာ အခန်းအပြင်သို့ ထွက်သွားသည်။ အခန်းတံခါးကို ဝုန်းခနဲမြည်အောင်ဆောင့်ပိတ်သွားသံကိုကြားရသောအခါဖော်သည် ခေါင်းကို စုံကုတ်ရင်း ယောင်ချာချာလေးနှင့် သက်ပြင်းချလိုက်မိလေသည်။

*

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုမောင်ရေ ခွေးကြည့်ပါဦး"

သွားဖြီး၍ ဟိန်းနေသော ခွေးတစ်ကောင်ကို အစ်ကိုမောင်၏ ခြံဝတွင် မတွေ့စဖူး တွေ့ရသည်။ မှောင်နေအောင်နက်သော ခွေးဖြစ်သည်။ ညတိုင်ဆိုလျှင် မျက်လုံးနှစ်လုံးမှလွဲ၍ ဘာကိုမျှ မြင်ရလိမ့်မည် မဟုတ်ပေ။

"ဟဲ့ ခွေးနော်၊ ဟဲ့ ခွေး၊ မကိုက်နဲ့နော်၊ လိမ္မာတယ်နော်၊ ဗျို့ အစ်ကိုမောင် ခွေးကြီးကို ခေါ်ပါဦး"

ခုန်၍အုပ်တော့မလိုလို၊ လှမ်း၍ဟပ်တော့မလိုလို၊ မာန်ဖီနေသောခွေးကြောင့် ခြံတွင်းသို့ လှမ်းဝင်ဖို့ နေနေသာသာ ဇော်သည် ရပ်နေရာမှပင် မလှုပ်ရဲပေ။

"ဟေး ဖိုးဇော်လား၊ ဝင်ခဲ့လေကွာ"

"ဟီး ကြောက်တယ်ဗျ"

"မိုးမှောင် မိုးမှောင် လာ လာ၊ အဲဒါ ငါ့မိတ်ဆွေပါကွ၊ မင်းက မလာတာကြာပြီကိုး ဖိုးဇော်ရ၊ မိုးမှောင်က ဘယ်သိမလဲ"

အစ်ကိုမောင်သည် နှင်းဆီပင်များကြားထဲမှ ထွက်လာရင်း ဇော့်ကိုနှုတ်ဆက်လေသည်။ အစ်ကိုမောင်ပြောလည်း ပြောစရာ။ ဇော်

www.burmeseclassic.com

www.burmeseclassic.com



မရောက်လာသည်မှာ လနှင့်ချီ၍ ကြာခဲ့ပြီဖြစ်သည်။ မှတ်မှတ်ရရ ဖေဖေ မိန်းမယူပြီးကတည်းက တစ်ခေါက်မျှ မရောက်ခဲ့သေးပေ။

"မလာဆို အစ်ကိုမောင်ရာ ဒုက္ခတွေများနေလို့"

ဇော်က ကြီးကြီးကျယ်ကျယ် ပြောလိုက်သည်။

"မင်းတို့ဘဝမှာများ ဒုက္ခဆိုတာ ရှိသေးလို့လား ဖိုးဇော်ရာ"

"ရှိတာပေါ့ အစ်ကိုရ"

ဇော်သည် စံပယ်ရုံများဘက်သို့ မျှော်ကြည့်ရင်း အစ်ကိုမောင်နှင့်အတူ ခြံထဲသို့ လျှောက်ဝင်လာသည်။ ရာသီချိန်မဟုတ်သောကြောင့် ထင်သည်။ ဖြူဖွေးနုနယ်သောစံပယ်ပွင့်လေးများကို မတွေ့ရပေ။ စံပယ်ပွင့်များ ပါမလာလျှင် မိမော်တစ်ယောက် နှုတ်ခမ်းစူဦးမည် ဖြစ်လေသည်။

"မင်းက ဒုက္ခအကြောင်းပြောတော့ ပုံလေးတစ်ပုံသတိရတယ်"

"ဘာပုံလဲ အစ်ကိုရ"

"ရွာတစ်ရွာမှာ အင်မတန်ဆင်းရဲတဲ့ လူတစ်ယောက်ရှိတယ်တဲ့၊ လူဆင်းရဲဆိုတော့သူရင်းငှားပေါ့ကွာ၊ လယ်ပိုင်ရှင် သူဌေးကြီးတစ်ယောက်ဆီမှာ အလုပ်လုပ်ရတာပေါ့၊ လယ်ပိုင်ရှင်ကြီးကလည်း အစားက ခပ်ကြီးကြီးဆိုတော့ တစ်နေ့တစ်နေ့ အိမ်ဦးခန်းမှာထိုင်ထိုင်ပြီး စားကောင်းသောက်ဖွယ်တွေ အမျိုးမျိုး စားတတ်တယ် ဆိုပါတော့ကွာ၊ သူရင်းငှားခများကတော့ မျှော်မျှော်ပြီး သွားရေတွေ ကျနေတာပေါ့၊ ငါတို့ လယ်ပိုင်ရှင်ကြီးကလည်း စားလို့သောက်လို့ပြီးတိုင်း သူ့ဗိုက်ကြီးကို မနိုင်မနင်းသယ်ရင်း 'အင်း ဒုက္ခ ဒုက္ခနဲ့ ညည်းလေ့ရှိသတဲ့၊ ဒါကို နေ့တိုင်းကြားနေရတော့ သူရင်းငှားက တစ်ယောက်တည်း ယပ်ခတ်ပြီး ကြိမ်းသတဲ့"

အစ်ကိုမောင်သည် ရေဘုံပိုင်ခေါင်းအောက်တွင် ရေပန်းကရားကို ထိုးခံလိုက်သည်။ ရေပိုက်ကို ဖွင့်လိုက်သောအခါကရားထဲသို့ ရေ

www.burmeseclassic.com

www.burmeseclassic.com



ကျသံသည် ဝေါခနဲ ဆူညံသွားသည်။ စကားကိုဖြတ်ကာ ရှေ့ဆက် မပြောဘဲ ပြုံးနေသဖြင့် ဇော်က မနေနိုင်ဘဲ မေးရသည်။

"ဘယ်လိုကြိမ်းတာလဲ အစ်ကိုမောင်ရေ"

"တောက် အဲဒီဒုက္ခများ လိုချင်လိုက်တာ၊ ဟင်း လာစမ်းပါစေ၊ ဆီးခံပစ်လိုက်မယ်တဲ့လေ၊ ဟား ဟား"

"ဟာဗျာ အစ်ကိုမောင်ကလဲ"

ဇော်သည် မျက်နှာလေးနီသွားပြီး ရက်ကိုးရက်ကန်းနှင့်ပြော သည်။ ပုံပြင်ဆုံးသောအခါမှသူ့ကိုတည့်တည့်ပြောမှန်းရိပ်မိတော့သည်။

စိမ်းဖန့်ဖန့် နှင်းဆီရွက်ကလေးပေါ်တွင် အိအိဝဝ ခူစိမ်းကြီး တစ်ကောင်သည် အိပ်ငိုက်နေဟန်ရှိသည်။ အစ်ကိုမောင်သည် ထိုသစ် ရွက်ကို အရင်းမှကပ်ကာ ခြွေချလိုက်သည်။

"အားကြီးဆိုးတဲ့ အကောင်တွေ၊ ငါ့နှင်းဆီပင်လေးကို ခဏ လေးနဲ့ အရိုးကျသွားအောင် စားပစ်မှာ၊ ကဲ ကဲ ဖိုးဇော်လေး ပြောစမ်း ပါဦး၊ မင်းလေးမှာ ဘာဒုက္ခတွေများ ရှိနေလဲလို့"

သစ်ရွက်ကလေး မြေပေါ်သို့ကျသောအခါ အစ်ကိုမောင်သည် စီးထားသော ခုံဖိနပ်နှင့် တက်နင်းလိုက်သည်။ ဇော်သည် အသည်းယား သွားသလို ပခုံးတွန့်လိုက်ပြီးဟက်ခနဲရယ်လိုက်သည်။ ထိုနောက် ပြောင် ချော်ချော်နှင့်ပြောသည်။

"ကျွန်တော့်ဒုက္ခက သတ္တဝါတစ်ကောင်ကို အဲဒီခူကြီးလို တက် နင်းပစ်လိုက်ချင်တဲ့ ဒုက္ခပေါ့"

"ဘာကောင်လဲ"

"လူကောင်"

"ဘာကောင်"

"လူကောင်၊ မိထွေးကောင်"

www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုမောင်သည် ရေပန်းကရားကို လက်နှင့်မြှောက်ထားပြီး ရေလောင်းမည့်ဆဲဆဲ မလောင်းနိုင်သေးဘဲ ဇော်ကို တအံ့တသြ လှည့်ကြည့်သည်။ ဇော်ပြောသောစကားကို သူနားမလည်ချေ။ ထိုကဲ့သို့သော ဝေါဟာရမျိုးကို မြန်မာစကားတွင် သူတစ်ခါမျှ မကြားခဲ့ဖူးသေးချေ။

"ဖေဖေ မိန်းမယူလိုက်ပြီ အစ်ကိုမောင်ရ"

"ဩော်"

ဇော်က လျော့ရဲရဲကလေးပြုံး၍ ဆက်ပြောသောအခါမှ အစ်ကိုမောင် နားလည်ရတော့သည်။ ဇော်ပြောလိုသည့်ဒုက္ခကို သဘောပေါက်ရတော့သည်။

"ဖေဖေနဲ့ အသက်သုံးဆယ်ကျော် ကွာတယ်"

"စွံလှချည်လားကွ၊ မင်းအဘိုးကြီးက တယ်ဟုတ်ပါလား ဖိုးဇော်ရ"

အလေးအနက် ပြန်ပြောလျှင် ဇော်တစ်ယောက် ပို၍ စိတ်ဆင်းရဲမည်ကို သိသဖြင့် အစ်ကိုမောင်က ရယ်ရွှန်းဖတ်ရွှန်း ပြောလိုက်လေသည်။ ဇော်သည် မျက်မှောင်ကုတ်ကာနှင်းဆီဖူးဝါဝါလေးကိုစိုက်ကြည့်နေသည်။

"လူစွံတာ မဟုတ်ပါဘူး အစ်ကိုမောင်ရာ"

"ဒီလိုဆို ဘာကစွံတာလဲ"

"ငွေက စွံတာပေါ့"

အစ်ကိုမောင်သည် ရေပန်းကရားထဲက ရေများကို ပန်းပင်ပေါ်သို့ လောင်းချလိုက်သည်။ တဖွားဖွားကျလာသော ရေစက်လေးများသည် သစ်ရွက်စိမ်းစိမ်းလေးများနှင့် ထိခတ်သောအခါ ဖြိုးဖြိုးဖြောက်ဖြောက် မြည်သွားလေသည်။

"ဟား ဖိုးဇော်၊ မင်းအမှန်တရားတွေကို တော်တော်ပြောတတ်နေပြီပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘဝက သင်လာတာကိုး အစ်ကိုမောင်ရ"

ဇော်က ကြီးကြီးကျယ်ကျယ် ပြောပြန်သည်။ ဖခင် နောက်မိန်းမ ယူသော ဒုက္ခသည် အလွန်ကြီးသော ဒုက္ခဟု အဟုတ်တကယ် ထင်မိရှာသည်။ ဇော်တို့ဘဝတွင် သည်ထက်ကြီးသော ဒုက္ခကိုတော့ မတွေ့ဖူးသေးချေ။

"ကဲ လာ ဖိုးဇော် အိမ်ပေါ်သွားရအောင်၊ စာမေးချင်သေးလား၊"

"မဟုတ်ပါဘူး အစ်ကိုရာ၊ ကျွန်တော် သက်သက်လာလည်တာပါ၊ ငါးနာရီထိုးရင် ဦးလေးချစ် လာခေါ်လိမ့်မယ်"

ဦးလေးချစ်သည် ဇော်တို့အိမ်တွင် မော်တော်ကားမောင်းသောသူ ဖြစ်သည်။ ဇော်သည် အိမ်မှကားများကို တက်တက်မောင်း၍ အသင့်အတင့် ကားမောင်းတတ်နေပြီဖြစ်သော်လည်း ဖေဖေကရော ကြီးကြီးငွေကပါ ဇော့်ကို ကားမောင်း၍ အပြင်ထွက်ခွင့်မပေးသေးပေ။ အသက်မပြည့် သေးသောကြောင့် လိုင်စင်လည်း မရသေးပေ။ ထို့ကြောင့် ဇော်သွားချင်လာချင်သော နေရာများကို ဦးလေးချစ်က လိုက်ပို့ရသည်။

ရှင်းရှင်းပြောရလျှင် ဇော်သည် အသက်သာဆယ့်ခြောက်နှစ်ကျော်ခဲ့ပြီဖြစ်သော်လည်း ဦးလေးချစ်လိုက်မပို့လျှင် ဘယ်ကိုမှ ရေရေရာရာ သွားတတ်သူ မဟုတ်ချေ။ ဘတ်(စ်)ကားကိုလည်း ကျောင်းမှသူငယ်ချင်းများနှင့်ကျောင်းပြေးပြီး ရုပ်ရှင်သွားကြည့်သော အခါများတွင်သာ စီးဖူးသည်။ မည်သည့်နံပါတ်ရှိသော ဘတ်(စ်)ကားက မည်သည့်နေရာ ရောက်သနည်း ဇော် လုံးဝမသိပေ။

"ဒီအိမ်ကို တစ်ခါတလေ ဘတ်စ်ကားနဲ့လာခဲ့ပါလား ဖိုးဇော်ရ"

"ဘာဖြစ်လို့လဲ"

"ဒုက္ခဆိုတာကို မြည်းစမ်းရအောင်လေ၊ ဘတ်စ်ကားစီးရရင် မင်းအဖေ မိန်းမယူတာကို မင်းမေ့သွားလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုမောင်သည် ဇော့်ပခုံးကို ချစ်ခင်ရင်းနှီးစွာဖက်ပြီး အိမ်ဘက်သို့ လျှောက်လာသည်။ အစ်ကိုမောင်သည် သူချမ်းသာများနှင့် ပလဲနံပ မသင့်လှသော်လည်း သိန်းလေးငါးဆယ် ချမ်းသာသော သူဌေးသားကလေး ဇော်ကိုမူ နှစ်လိုခင်မင်မိသည်။ သူ့အဖေ ချမ်းသာနေသော်လည်း သူ့ခများငွေငါးကျပ်ကိုပင် လက်ထဲတွင် ပြည့်ပြည့်ကိုင်၍ မသုံးဖူးသော လူထူးလူဆန်းကလေးမို့ ဇော့်ကို တွေ့စကတည်းက စိတ်ဝင်စားခဲ့ရသည်။ ဇော်တို့ မော်တို့ တစ်ခုခု လိုချင်လျှင် ကြီးကြီးငွေကို အသိပေးရုံပင် ဖြစ်သည်။ ကြီးကြီးငွေက နေ့မကူးဘဲ အခန်းထဲရောက်အောင် ဆောင်ကြဉ်းပေးကြောင်းကို ဇော်က သူ့အားပြောပြခဲ့သည်။ သို့သော် သူတို့လိုချင်သော ဖခင်၏မေတ္တာကိုမူ ကြီးကြီးငွေက ဆောင်ကြဉ်း၍ မပေးနိုင်ခဲ့ကြောင်းကိုလည်း အစ်ကိုမောင်သိခဲ့ရလေသည်။

ဇော်တို့ ဖခင်က သားသမီးများအား ဆက်ဆံပုံသည် အရှေ့တိုင်း မြန်မာတစ်ဦးနှင့် မတူချေ။ အနောက်နိုင်ငံသားတစ်ဦးလို တသီးတသန့် ထည်ထည်ဝါဝါ ဆက်ဆံသည်။ သူ့သားသမီးများကို ဖခင်ဝတ္တရားနှင့်အညီ လိုလေသေး မရှိသောဘဝတွင်ထားသည်ဟုလည်း သူ့ကိုယ်သူ အပြည့်အဝယုံကြည် သည်။ မေတ္တာဟူသည် သူ့ရင်ထဲတွင် အပြည့်ရှိမည်ပင် ဖြစ်ပါသည်။ သို့သော် ကောင်းစွာ လူလားမမြောက်သေးသော သားငယ်နှင့် သမီးငယ် ကို ထုတ်ဖော်ပြသရန် လိုအပ်သည်ကို သဘောပေါက်ခဲ့ဟန် မရှိချေ။

"ရှော့ကွ ပဲကြီးလှော်စား၊ နောက်ပြီး ရေနွေးကြမ်းသောက်၊ ငါတော့ ဒါပဲကျွေးနိုင်တယ် ဇော်"

"ကျွန်တော် ပဲကြီးလှော်ကြိုက်ပါတယ် အစ်ကိုရ၊ စားလည်းစားမယ်၊ နောက်ပြီး နည်းနည်းလည်း ယူသွားမယ်နော်"

"ဘာလုပ်ဖို့"

www.burmeseclassic.com

www.burmeseclassic.com



"မိမော်အတွက်ပါ၊ သူ့ကို ကျွန်တော်စားရတာ တစ်ဝက် ယူခဲ့ပေးမယ် ပြောခဲ့လို့၊ သူက စိတ်ကောက်နေရစ်တာ"

"ဘာဖြစ်လို့"

"လိုက်ချင်လို့လေ"

"ခေါ်ခဲ့ရောပေါ့ကွာ ဖိုးဇော်ကလဲ၊ ငါက ပဲကြီးလှော်တော့ တဝ ကြီး ကျွေးနိုင်ပါတယ်"

အစ်ကိုမောင့်ကို ဘာမှပြန်မပြောဘဲ ဇော်သည် ပြုံးနေမိသည်။ အစ်ကိုကျော့်ကိုကြောက်လို့ ခေါ်မလာတာဟု အမှန်အတိုင်း ပြောလိုက်ပါကလည်း အစ်ကိုမောင်ကျေနပ်လိမ့်မည်မဟုတ်ပေ။ မိမော် အကြောင်း တွေးမိသောအခါမှ အစ်ကိုကျော့်ကို သတိရသည်။

"အစ်ကိုကျော်ကောဟင်"

"အပြင်ထွက်လည် ဟော ပြောရင်းဆိုရင်း လာပါပြီ မင်းရဲ့ အစ်ကိုကျော်"

အပေါက်ဝကိုကျောပေးပြီး ထိုင်နေရာမှ ဇော်သည် သမင်လည်ပြန် လှည့်ပြန်သည်။ သူ့ကိုမြင်ရလျှင် ထာဝစဉ်ပင် ရွှင်နေပြုံးနေသွက်လက်နေသည်။ သူ့ဟန်အတိုင်း လေကလေး တချွန်ချွန်နှင့် လှေကားကို ထစ်ကျော်နင်းပြီး ခုန်တက်လာလေသည်။

"ဟေး ဖိုးဇော်၊ ရောက်နေတာကြာပြီလား၊ ခုတလော ပျောက်ချက်သား ကောင်းလှချည်လားကွ"

"ပျောက်ဆို သူ့အဖေ နောက်မိန်းမယူလို့ တို့ ရွှေမင်းသားကလေးက ဒုက္ခရဲ့အရသာကို မြည်းစမ်းနေရလို့လေကွာ"

ဇော်က ဘာမှ ပြန်မဖြေရသေးခင် အစ်ကိုမောင်က ရယ်ရယ်မောမောနှင့် သတင်းထူးကို ဦးအောင်ပြောသည်။ အစ်ကိုကျော်သည် ဟားခနဲရယ်ကာ ဇော့်ပခုံးကို လှမ်း၍ ပုတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတာပေါ့ဖော်ရေ့၊ ဒါမှ မင်းအဖေရဲ့ဘဝက စိုပြည်သွားမှာ၊ ယောကျ်ားဆိုတာ မိန်းမနဲ့ ကင်းကွာမနေကောင်းဘူး ငါ့ညီရ၊ မိန်းမနဲ့ယှဉ်တွဲနေမှ အသက်ရှည်တယ်၊ ကျန်းမာတယ်"

"တော်စမ်းပါ ငကျော်ရယ်၊ မင်းရဲ့အကျင့်ယုတ်၊ အကျင့်ပုပ်တွေကို ကလေးရဲ့ခေါင်းထဲ ရိုက်ထည့်မနေပါနဲ့"

အစ်ကိုမောင်က မကြိုက်သလို ဟန့်သည်။ သူတို့ညီအစ်ကိုသည် ဆန့်ကျင်ဘက်ဖြစ်သည်။ အစ်ကိုမောင်တည်သလောက် အေးသလောက် အစ်ကိုကျော်က ပေွသည် ရှုပ်သည်ကို ဖော်သိထားသည်။ အစ်ကိုမောင်က အသားညိုကြာ ကြံ့ခိုင်သည်။ အစ်ကိုကျော်က အသားဖြူပြီး ပါးလျားသည်။

ထိုမျှမက နဖူးပေါ်ဝဲကျနေသော ဆံပင်ကောက်ကလေးများနှင့် ချိုသော၊ ပြုံးသော၊ ရွှင်ပျသော မျက်နှာထားကိုပါ ပိုင်ဆိုင်သောလူချောလေးဖြစ်သည်။ အစ်ကိုမောင်က သူ့ဟာသူနေလျှင် ခံ့ချောချောသလို ရှိသော်လည်း အစ်ကိုကျော်နှင့်ယှဉ်လိုက်လျှင် လူကြမ်းမင်းသားကြီးနှင့် တူသွားသည်။

"သူက ဖေဖေ့ထက်အသက်သုံးဆယ်ကျော် ငယ်တယ် အစ်ကို ကျော်ရ၊ တကယ့်ကို သားအဖအရွယ်ကြီး"

ဖော်က အိတ်ထဲမှ လက်ကိုင်ပဝါကိုထုတ်ကာ ပဲလှော်တစ်ဆုပ်ထည့်ရင်း ပြောသည်။ အတန်ငယ်နည်းနေသေးသောကြောင့် နောက်ထပ် ပဲလှော်တစ်ဆုပ် ထပ်နှိုက်သည်။

"လှကော လှလားကွ"

"အင်း လှတော့ လှပါတယ်၊ ဘွဲ့ရပြီးသားတဲ့ အစ်ကိုမောင်ရ သိလား၊ ဖေဖေက ပြောသေးတယ်၊ သားတို့ သမီးတို့ကို နှင်းက စာပြပေးနိုင်တာပေါ့တဲ့၊ ဟွန်း ကျွန်တော်က မလိုပါဘူးလို့ ပြောလိုက်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



အမြင်ကတ်လို့ သူ့ကို ဖေဖေ့ကွယ်ရာမှာ ကြိုးတော်နှင်းလို့ခေါ်တယ်"

ဇော်သည် ပဲလှော်များကို လေးဖက်လေးတန်မှ လုံလုံ စုထုပ်ကာ ခြံဝသို့ လှမ်းမျှော်သည်။ ငါးနာရီ ထိုးလုပြီမို့ ဦးလေးချစ် လာခေါ်တော့မည်ဖြစ်သည်။

"နေ နေပါဦး ဇော်ရ၊ ဘွဲ့ရပြီးသား ဟုတ်လား၊ သူ့နာမည်က ဘယ်သူ"

"နှင်းတဲ့ နှင်းတစ်လုံးတည်း"

"အစ်ကိုကျော်သည် ရုတ်တရက် တွေသွားသည်။ ခြံထဲသို့လှိမ့်ဝင်လာသော ကားကိုမြင်ရသဖြင့် ဇော်သည် နေရာမှထလိုက်သည်။ အစ်ကိုကျော်၏မျက်နှာထားကို သတိမထားမိချေ။

"ဟေး ကိုဇော်"

ကားနောက်ခန်းတွင်ပါလာသော မော်က ပြုံးပြုံးလေး လှမ်းအော် သည်။ မိမော်တစ်ကောင် ဦးလေးချစ်ကိုကပ်ချွဲပြီး လိုက်လာခြင်းဖြစ်ကြောင်းကို ဇော် ချက်ချင်းနားလည်လိုက်သည်။

"အစ် ကို မောင် ရေ ကိုဇော်က မော့် ကို မခေါ်ဘူး၊ အဟင်း ထားခဲ့တယ် သိလား"

မော်သည် ကားထဲမှဆင်းလာရင်း အော်တိုင်သည်။ ဇော်၏ရှပ်အင်္ကျီအဝါအစင်းကျားကြီးကို ကောက်ဝတ်လာသဖြင့် သွယ်နွဲ့သော ကိုယ်လုံးလေးသည် ဖိုးရိုးဖားရား အင်္ကျီကြီးအောက်တွင် ပျောက်ကွယ်နေသည်။ မော်သည် မိန်းကလေးပီပီ မိန်းမအင်္ကျီများကို ဝတ်ချင်သူမဟုတ်ပေ။ ကိုယ်လုံးနှင့်တစ်တိတစ်တိုင်းတည်း တိုင်းချုပ်ထားသော အင်္ကျီများကိုဝတ်ရသည်မှာ အသက်ရှူကျပ်သည်ဆိုပြီး ဇော်လစ်လျှင် လစ်သလို ဇော့်အင်္ကျီများကို ကောက်စွပ်လေ့ရှိသည်။

"ခွေးမလေး ငါ့အင်္ကျီဝတ်လာပြန်ပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ဝတ် ဘာဖြစ်လဲ၊ ကိုဇော် မကျေနပ်ရင် မော့်ထဘီတွေပြန်ဝတ်ပေါ့"

ရုပ်ကလေးလှချင်သားနဲ့ စာခြောက်ရုပ်ကြီးလို ဝတ်ဆင်လာသော မော့်ကို စူးစိုက်ကြည့်ရင်း အစ်ကိုကျော်သည် ပြုံးနေသည်။ ဇော့်တွင် အမြွာညီမငယ်တစ်ဦးရှိသည်ကို သိသော်လည်း တစ်ခါမျှ မမြင်ဖူးသေးချေ။ ဇော့်လိုပင် ဖြူဝင်းနုနယ်သော အသား၊ မျက်ခုံးစိမ်းစိမ်း၊ မျက်လုံးညိုညို၊ မျက်တောင်ကော့ကော့၊ နှုတ်ခမ်းနီထွေးထွေးလေးများနှင့်မို့ သူလည်း မိန်းမချောလေးပင်ဖြစ်သော်လည်း စာခြောက်ရုပ်ကြီးလိုဆင်လာတော့ ခက်လှသည်ဟုတွေးရင်း အစ်ကိုကျော်သည် ဖိုးဇော်ပြောသည့် နှင်းအကြောင်းကို ခေတ္တလေးအတွေးပြတ်သွားသည်။

"သူက ကျွန်တော့ညီမ မိမော်"

မနေသာတော့သည့်အတွက် ဇော်က မိတ်ဆက်ပေးရ၏။ ရှည်လျားသော ရုပ်အင်္ကျီလက်များကို ပင့်တင်နေရင်း မော်က ပွင့်လင်းစွာပြုံးပြသည်။ သို့သော် အစ်ကိုကျော်က ရိုးရိုးတန်းတန်းမပြုံးဘဲ မျက်စိတစ်ဖက်ကို ဖျတ်ခနဲမှိတ်ပြသောအခါ မော်သည် ရုတ်တရက် အသက်ရှူမှားပြီး ရင်ခုန်သံနည်းနည်းမြန်လာရလေသည်။

သူတို့ပြန်သောအခါ အစ်ကိုမောင်က အိမ်ပေါက်ဝတွင်ပင်နေခဲ့သော်လည်း အစ်ကိုကျော်သည် ခြံထဲအထိဆင်း၍လိုက်လာသည်။ ရဲရဲနီသော နှင်းဆီပန်းနှစ်ပွင့်ကိုချူး၍ တစ်ပွင့်ကို မော့် အားပေးသည်။ ကျန်တစ်ပွင့်ကို သူတို့၏မိထွေး နှင်းကို ပေးပါဟုဆိုသည်။

"ဟင် အစ်ကိုကျော် သူ့နဲ့သိသလား"

ဇော်က အံ့သြသွားသလို မေးသောအခါ အစ်ကိုကျော်က ခပ်အုပ်အုပ်ကလေးရယ်သည်။ ထို့နောက် ဇော့်ပခုံးကိုညှစ်ကိုင်ကာ ကားထဲတွန်းပို့ရင်း အသိရခက်သော အသံနှင့် ပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



“မင်းကလည်းကွာ ပန်းပေးတာများ သိမှပေးရတော့မှာလား၊ မသိရင်ရော မပေးရဘူးလား”

*

www.burmeseclassic.com

www.burmeseclassic.com



"ဟယ် လှလိုက်တာ"

ဇော့် လက်ထဲမှ နီနီရဲရဲ နှင်းဆီငုံအဖူးလေးကို တွေ့သောအခါ နှင်း၏မျက်လုံးနက်နက်လေးများသည်အရောင်တောက်ပသွားကြသည်။ ဇော်က လက်ကိုရှေ့သို့ဆန့်ထုတ်ကာ လှမ်းပေးလိုက်သောအခါ မယုံမရဲ လေးမေးသည်။

"တို့ဖို့လားဟင်"

"ဟုတ်တယ်"

နှင်းသည် ဝမ်းသာအားရလေး ရယ်လိုက်ပြီး မြူးရွှင်စွာ လှမ်းယူသည်။ ပန်းရသည့်အတွက်ရော၊ ခပ်ထန်ထန်နေလေ့ရှိသော ဇော်က ပျော့ပျောင်းဟန် ပြလာသည့်အတွက်ရော၊ အကြောင်းနှစ်မျိုးကြောင့် ပျော်သွားပုံရသည်။

"ကျေးဇူးပဲ ကိုဇော်ရယ် ကျေးဇူးပဲ၊ တို့က နှင်းဆီပန်းဆိုရင် သိပ်ကြိုက်တာ၊ နှင်းဆီပန်းတွေထဲမှာမှ ဒီလို သွေးနီရောင် ရဲရဲဆိုရင် အကြိုက်ဆုံး"

နှင်းသည် သင်းမြမြရနံ့ကို ရှိုက်နမ်းလိုက်သည်။ အရိုးတံရှိ ချွန်ထက်သောဆူးလေးများကို လက်နှင့်ဖွဖွလေးစမ်းသပ်နေသည်။ ဇော်သည် နှင်းဆီပန်းကို လှသော မွှေးသောကြောင့် ကြိုက်ချင်သလိုလို ရှိသော်လည်း ဆူးများပါသည်ကိုတော့ မကျေနပ်ပေ။ နှင်းက ထိုဆူးများ

www.burmeseclassic.com

www.burmeseclassic.com



ကို တယုတယဖွဖွလေးပွတ်သပ်နေသောအခါ ဇော်သည် အထူး အဆန်း ဖြစ်ပြီး ငေးကြည့်နေမိသည်။ ထို့ကြောင့် ပန်းပေးသောသူသည် အစ်ကို ကျော်သာလျှင်ဖြစ်ကြောင်း ပြောရန်သတိမရဘဲ ဖြစ်သွားလေသည်။

နှင်း၏လက်ထဲတွင် ကားသော့လေးကို တွေ့ရသည်။ ရေသူမပုံ သော့တွဲလေးကို တွေ့ရသောကြောင့် ဖေဖေနောက်ဆုံးဝယ်ထားသော ကိုရိုလာကား၏သော့လေးဖြစ်ကြောင်း ဇော်သိလိုက်သည်။ ထိုကားကို ဖေဖေသည် နှင်းအတွက် ရည်ရွယ်၍ ဝယ်ခြင်းပင်ဖြစ်မည်ထင်သည်။ ဖေဖေနှင့်ရပြီးမကြာမီပင် နှင်းသည် ကားမောင်းသင်သည်။ ကားမောင်း ဘယ်လောက်ကျင်လည်သနည်းတော့မသိချေ။ လိုင်စင်လည်း အမြန်ရ သည်။ အခုတော့ နှင်းသည် မနီလာခုံမြင့်ဖိနပ်အထူကြီးကိုစီး၍ လှည်း ဘီး မျက်မှန်အဝိုင်းကြီးတပ်ကာ ကိုရိုလာကားကို တဝီဝီမောင်းနေပေပြီ။

"ဇော် လိုက်မလား"

နှင်းသည် သော့တွဲလေးကို လက်ထဲတွင်လှုပ်ခတ်နေရာမှ မေး သည်။ ခင်မင်လိုက်လျောရန်ကြိုးစားနေသော သူ့ကိုငေးကြည့်ရင်း ဇော် သည် မိထွေးမဟုတ်ဘဲအစ်မသာဖြစ်လိုက်ပါတော့ဟုတောင့်တမိသည်။

"အစ်ကိုကြီးကို သွားကြိုမလို့၊ ဦးသိန်းဖေတို့ အိမ်ကိုလေ"

ဇော်ကခေါင်းခါလိုက်သည်။ ဖေဖေ့မိတ်ဆွေ ဦးသိန်းဖေကို ဇော် မခင်ပေ။ ဖေဖေ့လိုပင် လောဘပင်လယ်ထဲတွင် လက်ပစ်ကူးပြီး ငွေ နောက်လိုက်နေသူတစ်ဦးဟု ထင်သောကြောင့် ဖြစ်သည်။ ပြောမယ့် သာ ပြောရသည်။ ဇော်သည် ဖေဖေ့လုပ်စာကို အမြိုက်သားထိုင်စားနေ သော်လည်း ဖေဖေဘာအလုပ်လုပ်သနည်း ရေရေရာရာ တိတိကျကျပင် သိသူမဟုတ်ပေ။ ကျောင်း၌ မိဘ၏အလုပ်အကိုင်စာရင်းဖြည့်ရလျှင် 'ကုန်သည်'ဟုသာ ဖြည့်လိုက်ရသည်။ ဘာကုန်တွေကူးသနည်းတော့ သတ်သတ်မှတ်မှတ် မပြောတတ်ပေ။ ဖေဖေသည် အမြတ်အစွန်းရလျှင်

www.burmeseclassic.com

www.burmeseclassic.com



အကုန်လုံးကို လုပ်တတ်သူဖြစ်ကြောင်းကိုတော့ သိထားသည်။ စိန်တွေ ကျောက်တွေကိုလည်း အရောင်းအဝယ်လုပ်တတ်သည်။ ကားအရောင်း အဝယ်လည်း လုပ်သည်။ လက်ဖက်ခြောက်တွေ၊ ပုစွန်ခြောက်တွေ လည်း လုပ်ဖူးသေးသည်။ မေမေကတော့ ပြောဖူးသည်။ ဖေဖေသည် စီးပွားရေးအမြင်ရှိသူဖြစ်သည်။ ကံကလည်း အလွန်လိုက်သည်ဟု ပြော ခဲ့သည်။ ဖေဖေ ဘယ်အချိန်တည်းကစ၍ ချမ်းသာသနည်းတော့ ဇော် အသေအချာ မသိပေ။ သူသိသမျှပြောရလျှင်တော့ သူတို့မောင်နှမ လူ မှန်းသိကတည်းက ချမ်းသာနေပြီဖြစ်သည်။ မေမေဆုံးပြီးနောက်ပိုင်း တွင်မူ ဖေဖေသည် ကားဝပ်ရှော့တစ်ခုကို အစုစပ် တည်ထောင်သည်။ ချမ်းသာသမျှငွေရင်းများကို ဝပ်ရှော့တွင် မြှုပ်နှံသည်။ ဝပ်ရှော့လုပ်ရင်း သင့်တော်သောကားများကို ဈေးတန်လျှင် ဝယ်ထားလိုက်၊ ဈေးအတက် တွင် ပြန်ရောင်းလိုက်နှင့် နေရင်းထိုင်ရင်း အမြတ်ရနေသေးသည်။ ဖေ ဖေ့ စီးပွားရေးအကွက်များကိုတော့ ဇော် ကောင်းစွာနားမလည်။ သို့သော် ဖေဖေ မနေမနား စီးပွားရှာတတ်သည်ကိုလည်းကောင်း၊ ဖေဖေ့စီးပွား ဒီရေအလား တိုးသည်ကိုလည်းကောင်း ယင်းအချက်နှစ်ချက်ကိုတော့ နားလည်ပါသည်။

"အရင်တုန်းက တို့မှာလည်း မောင်လေးတစ်ယောက်ရှိတယ်၊ ဇော့်လိုပဲ ဖြူဖြူချောချောလေး၊ တို့ထက်လေးနှစ်တောင်ငယ်တယ်၊ ဇော့် ကို တွေ့ရင် သူ့ကိုသိပ်သတိရတာပဲ၊ ဇော်နဲ့သိပ်တူတာပဲ၊ မကျေနပ်ရင် မျက်လုံးက အခိုးတွေထွက်ပြီး သုန်မှုန်လာတတ်တာရော ဂျစ်ကန်ကန် ပြောတတ်တာရော"

ဇော့် မျက်နှာ အတန်ငယ်ကြည်သော အချိန်ဖြစ်၍ နှင်းက စကားရှည်ရှည် ပြောဖြစ်သည်။ ဇော်သည် လှစ်ခနဲပြုံးလိုက်ပြီးမှ ခပ် တည်တည်မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"အခု သူကော"

"ဆုံးသွားပြီ"

"ဟင်"

"ဟုတ်တယ် ဆုံးသွားပြီ၊ အဖျားသွေးရှိနေတာ သူက ဘယ်သူ့မှ မပြောဘူး၊ ဒေါ်ဒေါ်သက်က အိမ်မှာ သုံးရေမရှိဘူး၊ စည်ပိုင်းရေဖြည့်ဆိုပြီး ခိုင်းတာ၊ မောင်လေးက ဖျားလျက်နဲ့ ရေတွေခပ်ရတော့ ညပိုင်းလည်း ကျရော အဖျားတွေအရမ်းတက်တာကွယ်၊ တို့လည်း ခြေမကိုင်မိလက်မကိုင်မိပေါ့၊ ဆရာဝန်သွားပင့်ရအောင်ကလည်း စတိုင်ပင်ရတဲ့ငွေလေးတောင် ဒေါ်ဒေါ်သက်ယူသုံးထားလို့ တစ်ပြားမှမကျန်တော့ရင် ထဲမှာပူလိုက်တာ၊ နောက်တော့ ဖြစ်ချင်ရာဖြစ် နောက်မှ ကျွန်ခံဆပ်မယ်ဆိုပြီး မိုးရေထဲအတင်းထွက်ပြေးပြီး ဆရာဝန်အိမ်ကို ပြေးမိတာပဲ၊ ဆရာဝန်ကလည်း လိုက်တော့လာရှာပါရဲ့၊ ဒါပေမယ့် အသက်မမီတော့ဘူးကွယ်"

ဖော်သည် တုန်ယင်လှိုက်လှဲသောအသံလေးကိုနားစိုက်ထောင်မိရင်းမှ မင်တက်မိသလို ဖြစ်သွားသည်။ ချောပလီတော့ ပလီပြန်ပြီဟုတွေးရန် ကြိုးစားသော်လည်း မအောင်မြင်ပေ။

"ဒေါ်ဒေါ်သက်ဆိုတာ တို့ရဲ့မိထွေးလေ၊ သူ့ကို တို့သိပ်မုန်းတာပဲ၊ ဒါကြောင့် ဖော်တို့မောင်နှမက တို့ကိုမုန်းတာကို တို့လက်ခံနိုင်တာပေါ့၊ ဒါပေမယ့် ဖော်ရယ် တို့က ဒေါ်ဒေါ်သက်လို ဘယ်တော့မှ မပြုမူဘူးဆိုတာ ယုံပါ"

ဖော်သည် သက်ပြင်းကြီးတစ်ချက်ကို ကျိတ်ပြီး ရှိုက်လိုက်သည်။ မျက်ရည်ဖုံးသော မျက်လုံးနက်နက်ကလေးများကို ရင်ဆိုင်မကြည့်တော့ဘဲ သူ့လက်ထဲမှ နှင်းဆီပန်း နီနီလေးကိုသာ စိုက်ကြည့်နေလိုက်သည်။ တအိအိပြိုဆင်းလာသော သနားစိတ်များကို 'သူက မိထွေး'

www.burmeseclassic.com

www.burmeseclassic.com



ဟူသော အမုန်းတံတိုင်းနှင့် အတင်းတွန်းကာ ပြန်တင်နေမိသည်။

သူတို့နှစ်ဦးလုံး ဘာသံမှထွက်မလာဘဲ ငြိမ်နေကြသည်။ ဇော်ကလည်း ငေးနေသည်။ နှင်းကလည်း ငိုင်နေလေသည်။ ဖြတ်သန်းခဲ့ရသမျှ ဘဝကြမ်းကို ပြန်ပြီးတွေးနေမိသည်။ နှင်းသည် တဲအိမ်မှ တိုက်ကြီးပေါ်သို့ ရောက်ခဲ့ရသူဖြစ်သည်။ မြေဘုံစံ သူဆင်းရဲဘဝမှ ရွှေဘုံစံ မင်းသမီးဘဝသို့ နေ့ချင်းညချင်းရောက်ခဲ့ရသူ ဖြစ်သည်။ သို့သော် နှင်း မပျော်ချေ။ မြေဘုံစံရတုန်းကလည်း မပျော်၊ ရွှေဘုံစံရတော့လည်း မပျော်။ ပျော်ရွှင်ခြင်းဟူသည့် အရာသည် နှင်းထံမှ ထွက်ပြေးသွားခဲ့သည်မှာကာလကြာမြင့်လှချေပြီ။ထိုအကြောင်းကိုတော့နှင်းတစ်ယောက်သာလျှင် သိပေမည်။

“ဩော် စကားကောင်းနေလိုက်တာ နောက်ကျတော့မယ်၊ သွားမယ်ဇော် သွားမယ်”

အတန်ကြာ ငိုင်နေပြီးမှ နှင်းသည် သွားရမည့်ကိစ္စကို သတိရကာ လှုပ်ရှားလာသည်။ လက်ထဲမှ နှင်းဆီပန်းလေးကို တဝရှိုက်နမ်းလိုက်ပြီး ကားဆီသို့ သွက်သွက်လေးထွက်သွားသည်။ ထိုအခါမှ ဇော်ကလည်း နှင်းဆီပန်းကိစ္စကို ပြန်ပြီး သတိရတော့သည်။

“အဲဒီပန်းက ကျွန်တော်ပေးတာ မဟုတ်ဘူး”

ကားစက်နှိုးနေသော နှင်းသည် စက်သံနှင့်ဆူနေသောကြောင့် ဇော့်စကားကို သဲသဲကွဲကွဲ ကြားဟန်မတူ။ ထို့ကြောင့် ခပ်ကျယ်ကျယ် ထပ်အော်ရသည်။

“အဲဒီပန်းကို ကျွန်တော်ပေးတာ မဟုတ်ဘူး၊ အစ်ကိုကျော်က ပေးတာ”

“ဘယ်က အစ်ကိုကျော်လဲ”

နှင်းက မျက်ခုံးလေးပင့်ကာ စူးစမ်းဟန်နှင့် မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုတင်မောင်ကျော်တဲ့၊ ကိုတင်မောင်ကျော်က ပေးလိုက်တာ"

ဇော်က နှင်း၏မျက်နှာ အပြောင်းအလဲကို အကဲခတ်ရင်း ပြောသည်။ နှင်း၏မျက်လုံးလေးများသည် မှိုင်းသွားပြီး မျက်နှာပြင်တွင် သွေးရောင်များ လျှမ်း၍တက်လာသည်ကို မြင်လိုက်ရသည်။

"အစ်ကိုကျော်က ကျွန်တော့်ဆရာ အစ်ကိုမောင်ရဲ့ညီ၊ သူနဲ့ သိသလားဟင်"

ဇော်က မေးသောအခါ နှင်းသည် ဘာမှပြန်မဖြေပေ။ နှုတ်ခမ်းလေးကို မသိမသာလေး ဖိကိုက်လိုက်ပြီး ကားလီဗာကို ဆောင့်၍နင်းလိုက်သည်။ ကားဝါဝါလေးသည် မြားကလေးတစ်စင်းကို ပစ်လွှတ်လိုက်သည့်အလား ဝိုးခနဲ ပြေးထွက်သွားသည်။

"အိုးတိုက်ဖွဲ့ပြာ ဟာ ဟာ အမယ်လေး"

လမ်းပေါ်မှ အိုးတိုက်ဖွဲ့ပြာသည်ကလေးသည် အရှိန်ပြင်းပြင်းနှင့် ကွေ့ထွက်လာသော ကားကိုတွေ့သောအခါ ကြောက်လန့်တကြားနှင့်လမ်းဘေးပြေးဆင်းပြီး ရှောင်လိုက်သည်။

"အကျိုးနည်း ပိုက်ဆံပေါတိုင်း ကားကို လေယာဉ်ပျံလိုမောင်းချင်တဲ့ဟာတွေ၊ သူတို့အချင်းချင်း ကားတိုက်ပြီး သေပါစေတော်"

ခြေထောက်တစ်ဖက် ဗွက်ထဲကျပြီး မခိုင့်တခိုင် ဖိနပ်သဲကြိုးက ထောက်ခနဲ ပြတ်သွား၍ မကျေမနပ် ကျိန်ဆဲမိသည်။ ထိုစဉ်တွင် ကားမှန်ပေါက်ထဲမှနေ၍ တစ်စုံတစ်ခုသည် ဝိုးခနဲ လွင့်ပျံထွက်လာပြီး မြောင်းထဲကျသွားသည်ကို တွေ့လိုက်ရသည်။ ဖိနပ်ဖြတ်ကို လက်တစ်ဖက်ကကိုင်ရင်း စပ်စုလိုစိတ်နှင့် မြောင်းထဲငုံ့ကြည့်လိုက်သည်။ ထိုနောက် တအံ့တသြ ရေရွတ်လိုက်သည်။

"ဟောတော့ နှင်းဆီပန်းကလေး"

*

www.burmeseclassic.com

www.burmeseclassic.com



"နှင်းဆီတဲ့ နှင်းဆီ၊ မောင့်နှင်းဆီတဲ့လေ"

နှင်းသည် တိုးတိုးလေး ရေရွတ်လိုက်မိသည်။ ကားကလေးကို အင်းလျားကန်ပေါင်တွင် ညင်သာစွာ ထိုးရပ်လိုက်ပြီး ရေပေါ်တွင် ရပ်တိုက်ပြီး ပြေးနေသော ရွက်လှေဖြူဖြူလေးများကို ငေးနေမိသည်။ ထိုနောက် ပင့်သက်ကလေးရှိုက်ကာ မျက်လုံးကို ဖွဖွလေးမှိတ်ထားလိုက်သည်။ လူက မလှုပ်ရှားဘဲ ကားကူရှင်အိအိပေါ်တွင် ထိုင်နေသော်လည်း နှင်း၏စိတ်တို့သည် ရေပြာပြာ ကမ်းစပ်သို့ သွက်သွက်ကလေး ပြေးသွားကြလေသည်။

"နှင်းကိုလေ နှင်းလို့ မခေါ်ချင်ဘူးကွာ"

"ဘာဖြစ်လို့"

"လူတိုင်းက နှင်း နှင်းနဲ့ ခေါ်နေကြတာ၊ မောင်က သူများခေါ်သလို လိုက်မခေါ်ချင်ဘူး"

"ဘယ်လို ခေါ်ချင်လို့လဲ"

"မွှေးလည်း မွှေးတယ်၊ လှလည်းလှတယ်၊ ဒီတော့ နှင်းဆီလို့ မောင့်နှင်းဆီလို့"

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဟင်း၊ ဒါပေမယ့် နှင်းဆီမှာ ဆူးရှိတယ်နော်"

"မောင့်နှင်းဆီမှာတော့ ဆူးမရှိရဘူး"

"မောင်က ဆူးရှိရင် မကြိုက်ဘူးပေါ့"

"ဒါပေါ့"

"ဆူးရှိရင် မချစ်ဘူးပေါ့"

"သိပ်ဟုတ်"

"ဒီလိုဆိုရင် မောင့်နှင်းဆီကလည်း ပြောရမှာပေါ့"

"ဘယ်လိုပြော"

"ဆူးတွေရယ် သွားပါလို့"

"ဟား ဟား"

"မောင်ကမကြိုက်ဘူး ထွက်သွားလို့"

"ဟား သိပ်လိမ္မာတဲ့ မောင့်နှင်းဆီလေး၊ လာခဲ့ လာခဲ့ ဆုပေးရမယ်"

"အို မောင်နော်"

နှင်းသည် ရင်တဖျပ်ဖျပ်ခုန်လာကာ မျက်လုံးကို ကမန်းကတန်း ပြန်ဖွင့်လိုက်သည်။ ရွက်လှေဖြူဖြူလေးသည် ခပ်လှမ်းလှမ်းသို့ ရောက်သွားချေပြီ။ ဖောင်းအိသော ရွက်ဖြူဖြူကလေး၏အရိပ်က ရေပြာထဲတွင် တရိပ်ရိပ် လှုပ်ရှားနေသည်။ နှင်းသည် ခေါင်းကို ဘယ်ညာယမ်းခါလိုက်ပြီး ရင်ထဲမှအတွေးများကို မောင်းထုတ်လိုက်သည်။ နှင်း ရှေ့ဆက် မတွေးလို၊ ပြန်လည်သတိမရလို၊ အကုန်ဆို အကုန်လုံးကို မေ့ထားလိုက်ချင်သည်။ သို့သော် အတွေးဆိုသည့် စိတ်အတွေးမျှင်များသည် နှင်း၏ဆန္ဒကို ဆန့်ကျင်ကြလေသည်။ အရှေ့မှတစ်ခုကို မောင်းထုတ်နေစဉ် အခြားတစ်ခုသည် မလွယ်ပေါက်မှနေ၍ တိတ်တိတ်ကလေး ဝင်လာပြန်လေသည်။ မိမိကိုယ်မိမိ သတိမထားမိစဉ်မှာပင်

www.burmeseclassic.com

www.burmeseclassic.com



နှင်းသည် နောက်ထပ်အတွေးတစ်ခု၏နောက်သို့ ကောက်ကောက်ပါ အောင် လိုက်သွားမိပြန်လေသည်။

"နှင်းဆီရဲ့ဘဝကို မောင် တမင် ဖျက်ဆီးတာမဟုတ်ပါဘူး ကွယ်၊ ငိုမနေနဲ့ နှင်းဆီရယ်"

"ဒီအခြေအနေမှာ မငိုလို့ ရယ်စေချင်သေးလား မောင်ရယ်"

"တစ်ခုခုတော့ လုပ်ရမှာပေါ့"

"ဘာလုပ်ရမလဲဟင်"

"ဟင်း ခက်တော့ ခက်တာပဲ"

"သတ်သေရမလား"

"နှင်းဆီကလဲကွာ"

"ရှင် ရှင် ဘာလို့ ကျွန်မကို လက်ထပ်ဖို့ မပြောတာလဲ၊ ဘာ ဖြစ်လို့ ငြိမ်နေတာလဲဟင်"

"မောင် နှင်းဆီကိုချစ်ပါတယ်"

"ဒါကို အရင်ကလည်း ခဏခဏ ကြားခဲ့ဖူးတာပဲ"

"ဒါပေမယ့်"

"အင်း"

"ဒါပေမယ့် မောင် လွတ်လွတ်လပ်လပ်နေချင်သေးတယ် နှင်း ဆီရယ်"

"အို"

နှင်း၏ခေါင်းသည် ချာချာလည်သွားသည်။ နားနှစ်ဖက်ကို လက်နှင့် တင်းတင်းပိတ်ကာ နာနာကျင်ကျင် ရှိုက်လိုက်သည်။

"မတွေးနဲ့ မတွေးနဲ့၊ ပြန်မတွေးနဲ့"

နှင်းသည် သူ့စိတ်ကိုသူ မနိုင်မနင်း အမိန့်ပေးနေသည်။ ပြန်မ တွေးလိုသော်လည်း တွေးမိသည်။ မကြားလိုသော်လည်း ကြားနေရ

www.burmeseclassic.com

www.burmeseclassic.com



သည်။ မစဉ်းစားလိုသော်လည်း စဉ်းစားမိသည်။ အတိတ်တစ္ဆေသည် သူ့နှလုံးသားအား တင်းတင်းဆုပ်ကိုင်ပြီး သွေးစိမ်းရှင်ရှင်ထွက်အောင် ညှစ်ချနေဟန်တူသည်။ ရင်ထဲတွင် တင်းကျပ်နာကျင်ပြီး လှိုက်မောနေသည်။

"ငါ့နယ် ဘာလို့ ဒီနေရာကိုလာမိရတာလဲ"

နှင်းသည် သူ့ကိုယ်သူ အပြစ်တင်ရင်း အင်းလျားရေပြင်ကို မှုန်းမှုန်း တီးတီး စိုက်ကြည့်နေမိသည်။ တစ်ချိန်က အင်းလျားကို နှင်း ချစ်ခဲ့ဖူးသော်လည်း အခုတော့ မုန်းသည်။ အင်းလျားသည် နှင်း၏ အချစ်ဆုံး မုန်းသူဖြစ်ခဲ့ပြီး မုန်းမယ့်သာမုန်းသော်လည်း အင်းလျားကို နှင်း အကုန်လုံးအလွတ်ရသည်။ စရည်းပန်းပင်ကြီးများ၊ သရက်ပင်ကြီးများ၊ မြက်ပင်စိမ်းစိမ်းများနှင့် မြေဝပ် ပန်းဝါဝါလေးများမှ အစပြု၍ ရေထဲမှ ငါးသလဲထိုး ညိုဝါဝါလေးများနှင့် ရေပင့်ကူကားကားလေးများ အဆုံး အကုန်လုံးကလည်း နှင်းကိုမှတ်မိကြမည် ဖြစ်သည်။

"နှင်းရေ သူ ဘယ်မှာလဲ၊ နှင်းဆီရေ မောင်ကော"ဟူ၍လည်း သူတို့က မေးချင်နေကြမည် ဖြစ်သည်။ နှင်းသည် စရည်းပန်းပင်ကြီးကို မော်၍ကြည့်လိုက်မိသည်။ အပွင့်များတုံးပြီမို့ အသီးရှည်ရှည် စိမ်းစိမ်းလေးများနှင့် ဝေဆာနေသော အပင်ကြီးကလည်း နှင်းကို ငုံ့ကြည့်နေဟန်ရှိသည်။ နှင်းတို့ နှစ်ယောက်သည် သူ့အောက်တွင် လက်တွဲကာ လျှောက်ကြမြဲမို့ သူကတော့အသေအချာသတိရမှတ်မိနေမည်ဖြစ်သည်။

"သူက ထားခဲ့တယ်လေ၊ နေရစ်တော့ နှင်းဆီတဲ့"

နှင်းသည် အပင်ကြီးကို မော်ကြည့်ရင်း အရူးမလေးလို တစ်ဦးတည်းပြောလိုက်မိသည်။ ကားလက်ကိုင်ဘီးကို တင်းတင်းလေး ဆုပ်ကိုင်ကာ နှုတ်ခမ်းကို ခပ်ဖိဖိကိုက်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ဘဝ ဘယ်လောက် ပျက်ခဲ့ရသလဲ၊ မင်းတို့ သိပါတယ် အပင်ကြီးရယ်"

နှင်းသည် အသက်ကို ပြင်းပြင်းရှိုက်ရှူကာ မျက်လုံးကိုစုံမှိတ်ထားလိုက်မိပြန်သည်။

"နှင်းဆီဟာ အရင်တုန်းကနှင်းဆီ မဟုတ်တော့ဘူး၊ အရင်တုန်းက ငါ့မှာဆူးမရှိခဲ့ဘူးလေ၊ ငါ့ကိုယ်ငါ မကာကွယ်နိုင်ခဲ့ဘူး၊ အခုတော့ ငါ့ရဲ့ဘဝက ငါ့ကိုဆူးတွေတပ်ပေးလိုက်ပြီ၊ ငါ့ရဲ့သဘာဝမှာ ဆူးတွေ ပြည့်နေပြီ၊ မင်းရဲ့ အပေါင်းအသင်း အပင်ကြီးတွေကိုရော၊ ရေထဲက ငါးကလေးတွေကိုရော တစ်ဆင့် ပြန်ပြောပြလိုက်စမ်းပါကွယ်၊ မိနှင်းဆီ တစ်ယောက်တော့ ပြောင်းလဲနေပြီလို့၊ မာမာကြမ်းကြမ်း ဆူးတွေဝိုင်းနေတဲ့ 'အန္တရာယ်မလေး မိနှင်းဆီဖြစ်နေပြီလို့"

နှင်းသည် ရင်ထဲမှနေပြီး မရပ်မနား ပြောနေမိသည်။ အမောတကောလေး ဟစ်အော်နေမိသည်။ ယခင်က ချစ်ခဲ့ဖူးသော၊ ယခုမုန်းသော အင်းလျားမှ အမြန်ဆုံး ပြန်လည်ထွက်ခွာသွားရန် စိတ်များက ကြိုးစားရင်း လူကမူ မလှုပ်မယှက် ငြိမ်သက်နေမိလေသည်။ အစိုးမရသော စိတ်တေလေတို့သည် ယောက်ယက်ခတ်အောင် ပြေးလွှားကာ အတိတ်တံခါးကိုဆွဲဖွင့်နေကြသည်။ တတ်များတတ်နိုင်လျှင် နှင်းသည် အတိတ်ဟူသည့်အရာကို သံတံခါးအထပ်ထပ်ပိတ်ပြီးဖွင့်မရလေအောင် သော့အတန်တန် ခတ်ထားလိုက်ချင်တော့သည်။

"ဟင် နှင်းမဟုတ်လား၊ နှင်းဆီ"

မိန်းမောသလို အတိတ်မှူးမှူးနေသော နှင်းသည် ဆတ်ခနဲဖြစ်သွားသည်။ မျက်လုံးအစုံကို ဖျတ်ခနဲ ဖွင့်ကြည့်လိုက်သောအခါ ကားဘေးတွင်ရပ်နေသောသူကို တွေ့ရသည်။ သူကတော့ ဘာမှမပြောင်းလဲချေ။ ရွှင်ပျော်စွာ ရယ်မောနေတတ်သော မျက်လုံးများကလည်း တောက်

www.burmeseclassic.com

www.burmeseclassic.com



ပနေမြဲ၊ နှင်းမြတ်နိုးခဲ့ရသော ဆံပင်ခွေများကလည်း လေတွင်လူးလွန့်နေမြဲ၊ သူ့ပါးပြင်သည်လည်း ယခင်တုန်းကအတိုင်းပင် သွေးရောင်လျှမ်းတက်ကာ နုပျိုနေမြဲဖြစ်သည်။ တိုက်ပဲတိုက်ဆိုင်နိုင်လွန်းသည်။ သည်တစ်ခါတော့ အတိတ်တစ္ဆေခြောက်လှန့်ခြင်း မဟုတ်ကြောင်းကို နှင်းအသေအချာသိလေသည်။

"နှင်းဆီ"

သူက ထပ်ခေါ်သည်။ နှင်းသည် သူ့ကို အတန်ကြာအောင်ငေးကြည့်နေမိပြီးမှ သက်ပြင်းလေး ချလိုက်သည်။ နှလုံးသားအစုံကပြင်းထန်စွာ ခုန်ပေါက်လှုပ်ရှားလာသော်လည်း တည်ငြိမ် အေးဆေးသော အမူအရာနှင့် နေကာမျက်မှန်အဝိုင်းကြီးကို ဖြည်းညင်းစွာ ချွတ်လိုက်သည်။

"ဟုတ်ပါသတဲ့ရှင်၊ ကျွန်မ နှင်းပါ၊ တစ်ချိန်က ဦးတင်မောင်ကျော်ရဲ့ နှင်းဆီပါ"

စူးရှတောက်ပြောင်ကာ မာနရောင် လဲ့လဲ့ထွက်နေသော နှင်း၏ မျက်လုံးလေးများကို ခေတ္တမျှစိုက်ကြည့်နေပြီး သူသည် သူပြုံးနေကျအတိုင်း နှစ်လိုဖွယ်ရာ ပြုံးရယ်လိုက်သည်။

"တစ်နေ့ကမှ နှင်းဆီအကြောင်း သိရပါတယ်"

"ဩော် ဩော်"

"ဖြောင့်ဖြူးသာယာတဲ့ ဘဝအတွက် ဝမ်းသာပါတယ်နှင်းဆီ"

"ကျေးဇူးတင်ပါတယ်ရှင်"

နှင်းသည် နေကာမျက်မှန် ကိုင်းမာမာကို သွားတက်ချွန်ချွန်လေးနှင့် ခပ်ဖွဖွကိုက်ရင်း နှုတ်ခမ်းလေးတွန့်ကာ ပြုံးနေသည်။ နှင်း၏ နှလုံးသားသည် ပြင်းထန်စွာ လှုပ်ရှားတတ်သေးသော်လည်း မာကျောသောဆူးများ ဝန်းရံထားပြီမို့ တော်ရုံတန်ရုံနှင့်တော့ မနာတတ်တော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



“ဖိုးခေါ်လေးနဲ့ ပန်းပေးလိုက်တယ်၊ ရရဲ့လားဟင်”

“ရပါသတဲ့ရှင်”

“ပန်စေချင်လို့ ပေးလိုက်တာ”

“ဩော် အားနာစရာကြီးရှင်၊ ဒီလိုမှန်းသိရင် ကျွန်မ လွှင့်မပစ်လိုက်ပါဘူး၊ ဟင်း ဟင်း”

နှင်းသည် ခပ်ထေ့ထေ့လေးရယ်မောလိုက်သည်။ စရည်းပန်းပင်ကြီးကို နှုတ်ဆက်သလို မော်ကြည့်ကာ ကားသော့ကို ချောက်ခနဲဖွင့်လိုက်သည်။ ကားဘီးများက ဖြည်းညင်းစွာလိမ့်သွားသောအခါမှ သူ့ကို မသိမသာ စောင်းကြည့်လိုက်သည်။ သူသည် သူ့ဟန်အတိုင်းပင် နှစ်လိုဖွယ်ရာ ပြုံးကာ ခေါင်းကိုမသိမသာလေးညွှတ်လိုက်သည်။ နှင်းသည် နှုတ်ခမ်းလေးကို ဖိကိုက်ကာ နာနာကျင်ကျင် ပြုံးလိုက်ရင်း ကားတွင်းမှ ကက်ဆက်ကိုဖွင့်လိုက်သည်။ စတီရီယို တေးတစ်ပုဒ်သည် လှောင်သံပြောင်သံလေးနှင့် မြူးမြူးကြွကြွ ထွက်ပေါ်လာသည်။

“ဒီလိုလူစားကိုမှ ပျိုချစ်တာ ခက်တာပဲ၊ ရုက်ဖို့ကောင်း၊ ရုက်ဖို့ ကောင်းတယ်၊ သူ ညာတယ်၊ မုန်းဖို့ ကောင်းတယ် သူ ပလီတယ်၊ ယောကျ်ား ဟုတ်ဘူး ဟုတ်ဘူး၊ သူညာတယ်”

*

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီးမသိအောင် နှင်း ဘာကိုမှ မလုပ်ချင်ပါဘူး၊ သူက ဖော့ ဆရာရဲ့ညီလေ၊ ဖော်နဲ့ နှင်းဆီပန်းလေးတစ်ပွင့် ပေးလိုက်သေးတယ်"

"ဟုတ်လား"

"နှင်း လွှင့်ပစ်လိုက်တယ်"

ညင်းညှံ့သော လေပြေလေညင်းက အထက်သို့ပင့်ကာ သာ သာ ကလေး တိုက်ခတ်နေသည်။

နှင်းသည် ဝရန်တာလက်ရန်းကို လက်ဖနောင့်လေးနှင့် သာ သာလေး ဖိထားရင်း လဝါဝါကို မော့ကြည့်နေသည်။ မျက်လုံးနက်နက် ကလေးများသည် လရောင်ဝယ် မျက်ရည်နှင့် ရွှန်းမြနေလေသည်။

"အဲဒါကို ဖော်မြင်သွားသလား၊ နှင်းလွှင့်ပစ်လိုက်တာကိုလေ"

"ဟင့်အင်း ခြံပြင်ရောက်မှ လွှင့်ပစ်လိုက်တာပါ"

"တော်သေးတာပေါ့ကွယ်၊ ကလေးတွေမသိတာ ကောင်းပါ တယ်၊ တော်ကြာ နှင်းအပေါ် အလကား အထင်သေးမှာ အစ်ကိုကြီးက စိုးရိမ်လို့ပါ"

ဦးချမ်းသာက ညင်သာစွာ ပြောသည်။ နှင်းသည် ဦးချမ်းသာ

www.burmeseclassic.com

www.burmeseclassic.com



၏ လက်မောင်းကို ကျေးဇူးတင်စိတ်၊ အားကိုးစိတ်နှင့် တင်းတင်း ဆုပ်ကိုင်ထားလိုက်မိသည်။

ဇော်နှင့်မော်တို့ နှစ်ဦးပိုင်သော အောက်ထပ်မှ စာကြည့်ခန်းလေးသည် မီးရောင်လင်းနေသည်။ ဖြာထွက်နေသော မီးရောင်ထဲတွင် လှုပ်ရှားနေသောအရိပ်ကို တွေ့ရသည်။ မော်ဖြစ်မည်ထင်သည်။ မော်သည် စာကျက်ချိန်တွင် မကျက်ဘဲ တစ်ခါတစ်ရံ ပန်းချီဆွဲလေ့ရှိသည်။ သူဆွဲထားသောအရုပ်ကားကို ထိုင်ကြည့်လိုက်ထကြည့်လိုက်နှင့် အလုပ်ရှုပ်တတ်လေသည်။

"နောက်ပြီး တစ်နေ့ကလည်း အင်းလျားမှာ တွေ့သေးတယ်"

"ဘာပြောသေးလဲ"

"သူ နှင်းဆီပန်းပေးလိုက်တာ ရလားတဲ့၊ နှင်းကလည်း လွှင့်ပစ်လိုက်ပြီလို့ ပြောလိုက်တယ်၊ နှင်းရဲ့ဘဝ ဖြောင့်ဖြူးသာယာသွားတဲ့အတွက် ဝမ်းသာပါတယ်တဲ့"

"နှင်း သူ့ကို ချစ်သေးလား"

နှင်းသည် ဆတ်ခနဲ တုံ့သွားပြီး ဦးချမ်းသာကို လှည့်ကြည့်လိုက်သည်။ မျက်နှာလေးသည် ရုတ်တရက် ဖြူကျသွားပြီးမှ နီရောင်ပြေးလာသည်။ မျက်လုံးလေးများသည် အရောင်လဲ့လဲ့ ထွက်လာသည်။

"နှင်းဘဝမှာ အချစ်ဆိုတာ မရှိတော့ဘူး၊ တစ်သက်မှာ တစ်ယောက်ကိုပဲ ချစ်မယ်လို့ ရည်မှန်းခဲ့တယ်၊ ချစ်ခဲ့တယ်၊ အခု အဲဒီအချစ်သေသွားပြီ၊ အချစ်နေရာမှာ နာကြည်းတာတွေ မုန်းတာတွေ အငြိုးတွေ အစားဝင်လာတယ်"

နှင်းကို စေ့စေ့ကြည့်နေသော ဦးချမ်းသာ၏ မျက်နှာသည် အတန်ငယ် ညှိုးသွားသည်။ နှင်းသည် ရုတ်တရက်ရှိုက်လိုက်ပြီး ဦးချမ်းသာ၏လက်များကို ဆုပ်ကိုင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီးဟာ နှင်းရဲ့ကျေးဇူးရှင်ပါ၊ နှင်း ချောက်ထဲကျခါနီး ဆွဲတင်ခဲ့တဲ့ အစ်ကိုကြီးကို နှင်း သိပ်အားကိုးပါတယ်၊ အတိတ်တွေဟာ ကျန်ခဲ့ပါပြီ အစ်ကိုကြီးရယ်၊ အခုအချိန်မှာတော့ နှင်းရဲ့ဘဝဟာ အစ်ကိုကြီးပါ၊ ဒါပေမယ့် ချစ်တယ်ဆိုတဲ့ စကားကိုတော့ မသုံးပါရစေနဲ့နော်"

နှင်း၏ဆံစလေးများသည်လေတွင်ဝဲလွင့်နေကြသည်။ ခေါင်းတွင် ပန်ဆင်ထားသော သနပ်ခါးပန်း ဝါဝါလေးများက မှည့်ဝါပြီး တဖြုတ်ဖြုတ် ကြွေကျနေကြသည်။ ရင်အေးစဖွယ် သနပ်ခါးပန်းနံ့လေးက သင်းပျံ့နေလေသည်။ သူတို့နှစ်ဦးစလုံး ဘာစကားမျှ ဆက်မပြောဖြစ်ကြဘဲ ငြိမ်နေကြသည်။ အတန်ကြာအောင်နေပြီးမှ နှင်းက ပြောသည်။

"လာ အစ်ကိုကြီး အိမ်ထဲဝင်ကြစို့၊ သိပ်အအေးခံလို့ မကောင်းဘူးလေ"

"နေပါဦး နှင်းရယ်၊ ဒီအတိုင်းပဲ ရပ်နေစမ်းပါ၊ လရောင်မှာ နှင်း အခုလို ရပ်နေတာလေးက ကြည့်ရတာ ပန်းချီကားလေးတစ်ချပ်နဲ့ တူလွန်းလို့"

နှင်းသည် သဲ့သဲ့လေး ပြုံးလိုက်သည်။ မလင်းတလင်းလရောင် လဲ့လဲ့ဝယ် နှင်း၏အပြုံးလေးသည် သိပ်မပီပြင်လှပေ။ ဦးချမ်းသာသည် ဝရန်တာလက်ရန်းကို တင်ပါးလွှဲမှီထားရင်း နှင်းကို ငေးကြည့်နေသည်။

လေက ခပ်ကြမ်းကြမ်းလေးဝှေ့ကာ တိုက်ခတ်နေသည်။ နှင်း၏ အင်္ကျီပျော့ပျော့လေးသည် ကိုယ်တွင်ကပ်ကာ တဖျပ်ဖျပ် လွင့်သွားလေသည်။ သွယ်နွဲ့သော နှင်း၏ကိုယ်ဟန်လေးသည် မလင်းတလင်း လရောင်ရိပ်ဝယ် ကြော့ရှင်းပီပြင်နေသည်။

"အိမ်ထဲဝင်ကြပါစို့အစ်ကိုကြီးရယ်၊ အစ်ကိုကြီးကသိပ်အအေးကြိုက်တာပဲ၊ တော်ကြာ နေထိုင်မကောင်း ဖြစ်နေဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



နှင်းက ဦးချမ်းသာ၏လက်များကို တွဲမှီကာ ကြင်နာစွာ ထပ်ပြောရင်း ဦးချမ်းသာ၏ မျက်နှာပေါ်တွင် ကြည်နူးနှစ်သိမ့်သော အပြုံးပန်းများ ပွင့်ဖူးလာစေလေသည်။

"ဟုတ်တယ်၊ အစ်ကိုကြီး ခုတလော တော်တော် သွေးတိုးလာတယ်"

"သတိထားပါ အစ်ကိုကြီးရယ်"

"တစ်ခါတစ်ခါလည်း မူးချင်တယ်"

"ကျန်းမာရေးဂရုစိုက်ပါ အစ်ကိုကြီးရယ်၊ အလုပ်တွေကိုလည်း ဒီလောက် ဖိလုပ်မနေပါနဲ့၊ တစ်ခါတလေ အစ်ကိုကြီးကိုကြည့်ရတာ နှင်းဖြင့် မောလာရော"

လခြမ်းလေးကို တိမ်ပါးပါးလေးများက တရိပ်ရိပ်ဖြတ်သန်းနေကြသည်။ တေးသံတိုးတိုးနွဲ့နွဲ့လေးက လွင့်ပျံ့လာသည်။ မော့်အသံဖြစ်လေသည်။ မော်စာကျက်ချိန်တွင် စာမကျက်ဘဲ ပန်းချီဆွဲနေသည်မှာ သေချာပါပြီ။ စာကျက်နေသူသည် သီချင်းဆိုအားမည် မဟုတ်ချေ။ ဦးချမ်းသာသည် သီချင်းသံကို နားစိုက် ထောင်လိုက်မိသည်။ 'သရက်ပင်အောက်မှာ' ဟူသော သီချင်းကလေးဖြစ်သည်။ မော့်အသံကိုကြားတော့လည်း မော့်အမေကို သတိရမိသည်။ ကလေးများကို သူတို့အမေသည် အလွန်ချစ်လေသည်။ အစဉ်အမြဲလက်ပွန်းတတီးနေကာ ယုယကြင်နာတတ်သော သူတို့မိခင်ကိုလည်း ကလေးများသည် အေးအေးနေတတ်သော ဖခင်ထက် အဆပေါင်းများစွာ ပိုမိုပြီး ချစ်ကြလိမ့်မည်ထင် သည်။

"အစ်ကိုကြီး တစ်ခုခုဖြစ်ရင်ဒုက္ခ၊ အားလုံးက အစ်ကိုကြီးကိုပဲ အားကိုးနေရတာ"

"ဘယ်သူတွေလဲ၊ ဇော်နဲ့မော်လား"

www.burmeseclassic.com

www.burmeseclassic.com



"နောက်ပြီးတော့ နှင်းရောပေါ့"

နှင်းက ခေါင်းကလေးငုံ့ကာ ပြုံးရယ်ရင်းပြောသည်။ ဦးချမ်းသာသည် တိုးတိုးလေးရယ်လိုက်ကာ နှင်း၏လက်ဖဝါး နွေးနွေးလေးများကို ဆုပ်နယ်လိုက်သည်။ မှည့်ဝါနေသော သနပ်ခါးပွင့်လေးများသည် သူတို့လက်ပေါ်သို့ ကြွေကျလာသည်။

"ပန်းလေးတွေက မွှေးတယ်နော်"

"သနပ်ခါးပန်းလေ"

"နှင်းကြိုက်တယ် ထင်တယ်"

"ကြိုက်တယ်၊ ပန်းဆိုရင် နှင်းမကြိုက်တဲ့ပန်း ခပ်ရှားရှားပဲ"

နှင်းသည် သူ့ခေါင်းမှပန်းကလေးများကို လက်နှင့်အသာ စမ်းကြည့်မိသည်။ မွှေးပျံ့ပျံ့ ရနံ့လေးသည် ရင်အေးဖွယ်ကောင်းလှသည်။ သူ့လက်ထဲသို့ပါလာသော ပန်းအကြွေလေးများကို ဖွဖွလေး ရှူက်နမ်းလိုက်ပြီး ခပ်တိုးတိုး ပြောသည်။

"ဒါပေမယ့် နှင်းအကြိုက်ဆုံးကတော့ နှင်းဆီ"

*

www.burmeseclassic.com

www.burmeseclassic.com



"ငါတော့ နှင်းဆီပန်းကို မကြိုက်ပါဘူး"

"ဘာဖြစ်လို့"

"အိုး ဆူးတွေနဲ့"

"ဆူးက သူ့ဟာသူနေတာပဲ ကိုဇော်ရ၊ ဘယ်သူ့ကို လိုက်စူးနေလို့လဲ၊ သူ့ကိုကြမ်းကြမ်းတမ်းတမ်းရူးတဲ့ သူကိုမှ စူးတာ၊ စူးပစေပေါ့၊ မော်တော့ နှင်းဆီကိုချစ်တယ်၊ သနားလည်း သနားတယ်"

မော်သည် ငွေသိမ်းစားပွဲပေါ်တွင် တင်ထားသော ပန်းအိုးထဲမှ နှင်းဆီပန်းဖြူဖြူလေးကို ငေးကြည့်သည်။ လက်ထဲမှ ငွေဆယ့်ငါးကျပ်ကို တင်းတင်းဆုပ်မိသောအခါ ဇော့်အား တိုးတိုးလေး လှမ်းမေးသည်။

"ဟော့ ကိုဇော်၊ ခေါက်ဆွဲကလည်း ကြာလိုက်တာ၊ ယိုးဒယားဟင်းချိုဆိုတာကရော ဘယ်လိုနေလဲဟင်"

"ချဉ်ချဉ်ကလေး သောက်လို့ကောင်းတယ်ဟ၊ နင်ကလည်း ဟိုမေး ဒီမေးနဲ့ ခပ်တည်တည်နေစမ်း၊ တော်ကြာ ငါတို့ကို တောသားထင်နေဦးမယ်"

ဇော်က ဟောက်သောအခါ မော်သည် လျှာထုတ်ရင်း ခေါင်းပုသွားလေသည်။ သူ ပူဆာလွန်းသောကြောင့် ဇော်သည် သူ့အား စွန့်စွန့်

www.burmeseclassic.com

www.burmeseclassic.com



စားစားနှင့် ခေါက်ဆွဲဆိုင်သို့ခေါ်ခဲ့ခြင်း ဖြစ်သည်။ ကြီးကြီးငွေ စီစဉ်သော ဝက်သားနီချက်၊ ဘဲပေါင်း၊ ကြက်သားဆီပြန်၊ ငါးသလောက်ပေါင်း၊ ငါးကြင်းကြော်စသည်များသည်ကောင်းမည်ပင်ဖြစ်သော်လည်း ကြာတော့ ငြီးငွေ့လာသည်။ ကြက်ဥတွင်နှစ်၍ကြော်ထားသော ပေါင်မုန့်ကြော်ကိုလည်းကောင်း၊ သစ်သီးကိတ်တို့ကိုလည်းကောင်း၊ အသားညှပ်မုန့်များကိုလည်းကောင်း ဇော်တို့ မော်တို့ အီစလန်ဝေနေပေပြီ။ မကျက်တကျက်ကြော်ထားသော ကြက်ဥဆိုလျှင် ကြည့်ပင် မကြည့်ချင်ကြတော့ပေ။ သည်တော့လည်းအကြံအဖန်လုပ်ရသည်။ သူတို့ပိုင် နေ့လယ်စာဘူးကို လေလံပစ်ရသည်။ ရသောငွေနှင့်မုန့်စားဆောင်ထဲက ချဉ်ချဉ်စပ်စပ် ထမင်းလက်သုပ်ကို ဝယ်စားရလေသည်။

ကိုဇော်က သည်နေရာတွင် မော့်ထက်ကဲကောင်းသည်။ ယောကျ်ားလေးဖြစ်၍ အတန်ငယ်လွတ်လပ်သည်။ ဟိုဆိုင် သည်ဆိုင်ရောက်ဖူးသည်။ ဟိုစားသည်စား စားဖူးသည်။ ဇော်ပြောသည့် 'ကြေးအိုးပြုတ်'ဟူသည်ကို မော် တစ်ခါမျှ မစားဖူးပေ။ ကြီးကြီးငွေကို စားချင်သည်ဟု ပြောသောအခါ ဦးလေးချစ်ကို ချိုင့်နှင့်သွားဝယ်ခိုင်းပြီး ကျွေးလေသည်။ မော်စိတ်ညစ်ရသည်။ မော်က တရှုံရှုံမြည်နေသော လေမီးဖိုကြီးကို ငေးကြည့်ကာ ခွေးခြေလေးနှင့်ထိုင်ကာ စားလိုသူဖြစ်သည်။

သည်တစ်ခါတော့ မော့်ဆန္ဒကို ဇော်က ဖြည့်လေသည်။ လူကြိုက်များလှသော သူ့နေ့လယ်စာဘူးကို တစ်ပတ်စာ ကြိုရောင်းပြီး ငွေဆယ့်ငါးကျပ်ရအောင် ရှာလာသည်။ ထိုနောက် မော့်ကို တရုတ်ခေါက်ဆွဲဆိုင် တစ်ဆိုင်သို့ ခေါ်ခဲ့သည်။

"နင်က မျက်လုံးကြီး ပြူးကလယ် ပြူးကလယ်နဲ့ ဟိုကြည့် ဒီကြည့်လုပ်နေ၊ တည်တည်နေစမ်းပါဟ"

နံရံတွင်ကပ်ထားသော ရုပ်ရှင်ကြော်ငြာများကို တမော့်မော့်ငေး

www.burmeseclassic.com

www.burmeseclassic.com



နေသောမော့်ကို ဇော်က ကြိမ်းပြန်သည်။ မော့် အတွက်တော့ အကုန်လုံး စိတ်ဝင်စားစရာများဖြစ်နေသည်။ ငွေသိမ်းစားပွဲတွင် ထိုင်နေသော တရုပ်မလေးက အစ'နံပါတ်လေးစားပွဲ ထမင်းကြော်တစ်၊ ခေါက်ဆွဲနှစ်၊ နံပါတ်ခြောက် တောက်တောက်ကြော်၊ အမြန် အမြန်"ဟု ဟစ်နေသော စားပွဲထိုးလူငယ်အဆုံး ေးကြည့်ချင်စရာများ ဖြစ်နေသည်။ ထမင်းပန်းကန်လုံးလုံးလေးကို ပါးစပ်နား တေ့ကိုင်ပြီး တူနှစ်ချောင်းနှင့် ကျင်လည်စွာစားသူများကိုလည်း တအံ့တသြ စိုက်ကြည့်နေမိသည်။

"ကဲ မိမော်၊ နင့်မျက်လုံးကြီးကို အနားပေးလိုက်တော့၊ ဒီမှာ ခေါက်ဆွဲရပြီ"

မှာထားသော ခေါက်ဆွဲပန်းကန်များ ရောက်လာသောအခါ ဇော်က ခပ်ရွဲ့ရွဲ့ ပြောလေသည်။ ထိုအခါမှ မော်သည် ဟက်ခနဲရယ်လိုက်ပြီး ဇွန်းနှင့်ခက်ရင်းကို ကောက်၍ ကိုင်လေသည်။

"အခုတော့ ကိုရိုလာ တဝီဝီမောင်းပြီး မော့်နေပြီပေါ့ကွာ၊ တစ်ချိန်တုန်းကတော့ တော်တော်ဆင်းရဲတာ၊ စတိုင်ပင်လေးနဲ့ဆင်းဆင်းရဲရဲ ကျောင်းတက်ခဲ့ရတာ"

သူတို့စားပွဲနှင့်ကျောချင်းကပ်စားပွဲမှ ပြောသံကြားရသည်။ မော်သည် မသိမသာလေးငဲ့ပြီး ကြည့်လိုက်မိသည်။ လူရွယ်သုံးဦး ဖြစ်သည်။

"ကျောင်းတုန်းက တော်တော်နာမည်ပျက်သေးတယ်နော်၊ သူ့ ဟိုင်နဲနဲ့ကွဲပြီးတော့ တော်တော်လေး လေလိုက်သေးတယ်၊ အဟီး ငါ တောင် လိုက်သေးတယ်၊ ရများ ရမလားလို့၊ သူက အထိမခံဘူးဆရာရေ့"

မော်သည် ခေါက်ဆွဲမျှင်များကို ခက်ရင်းနှင့်ထိုးဆွလိုက်သည်။ အငွေ့တထောင်းထောင်းထကာ ပူလောင်နေသဖြင့် ရုတ်တရက် မစားရဲသေးဘဲ တဖူးဖူးမှုတ်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ခုတော့ သူက အောင်အောင်ချင်း အလုပ်ရသွားတာပေါ့ကွာ၊ ဟား ဟား"

"ဘာအလုပ်လဲ"

"သူဌေးမယားအလုပ်လေ"

"ဟား ဟား ရှင်ဘုရင်နဲ့ညားတော့လည်း မိဖုရားပေါ့ကွာ"

"အေး ဦးချမ်းသာနဲ့ညားတော့လည်း သူဌေးမယားပေါ့ကွာ"

မော့်လက်ထဲမှ ခက်ရင်းသည် ရုတ်တရက် လွတ်ကျသွားပြီး မျက်လုံးလေး ပြူးသွားသည်။ ဦးချမ်းသာဟူသည်မှာ ဖေဖေ့အမည် ဖြစ်လေသည်။ ဦးချမ်းသာနှင့်ညားသောသူသည် 'နှင်း' ဖြစ်လေသည်။ သည်လိုဆိုတော့ သူတို့ပြောနေသည်မှာ 'နှင်း' အကြောင်းဖြစ်ရမည်ဟု ဦးစံရှားညဏ်နှင့် တွေးလိုက်သည်။

"ဟော့ စားလေဟာ"

အစားကို အာရုံစိုက်နေသော ဖော်က သဲသဲကွဲကွဲ ကြားလိုက်ဟန်မတူပေ။ ပလုပ်ပလောင်းစားနေရင်းမှ မော့်ကို ပြောသည်။ ဟင်းချို ပူပူကို လှမ်းခပ်ပြီး ရှူးခနဲမြည်အောင်သောက်သည်။

"သူတို့တွေ ချောပလီအကြောင်း ပြောနေတာ"

"ဘာတဲ့လဲ"

"ဟိုသင်း ဘုရင်ကြီးနဲ့ရတော့ ဘုရင်မကြီးဖြစ်တယ်ဆိုလား၊ ဩော် မိဖုရားဖြစ်တယ်တဲ့"

မော်က တိုးတိုးလေး ပြန်ပြီးဖောက်သည်ချသည်။

ဘုရင်ကြီး၊ ဘုရင်မကြီးနှင့်မိဖုရားကြီးတို့သည် ချောပလီနှင့် မည်သို့သက်ဆိုင်လေသနည်းဟု ဖော်သည် အပြေးအလွှား စဉ်းစားနေမိလေသည်။

"အဲဒါ သူနဲ့ ဘာဆိုင်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



စဉ်းစား၍မရတော့သောအခါ မော်ကို ပြန်မေးရသည်။ မော်က အရေးတကြီးမျက်နှာထားနှင့် ရှင်းပြသည်။

"ဒီတော့ ဦးချမ်းသာနဲ့ရတော့ သူဌေးမကြီးပေါ့တဲ့"

"အေးလေ ဒါတော့ သူတို့ပြောမှလား၊ လူတိုင်းသိတာပဲ၊ ခက်ခက်နိုးနိုး"

ဆိုင်ထဲမှ လှမ်းထွက်သော လူရွယ်သုံးဦး၏နောက်ကျောကို လှမ်းကြည့်ရင်း ဇော်ကပြောသည်။ မော်ကလည်း ယောင်ချာချာနှင့် ခေါင်းကုတ်လိုက်မိလေသည်။ ဇော့်ကို စိတ်ဝင်တစားနှင့် အံ့ဩလာအောင် ပြောချင်သော်လည်း မအောင်မြင်သောကြောင့် စိတ်ညစ်သွားသည်။ ထို့ကြောင့် အစားအသောက်ဘက်သို့ အာရုံပြန်လှည့်ရသည်။ ငရုတ်သီးတောင့်လေးများ ပေါလောမျောနေသော ဟင်းချိုကို မွှေလိုက်ပြီး အရသာခံကာ မြည်းကြည့်လိုက်သည်။ ချဉ်ပြီးမှ ချိုသော အရသာသည် လျှာထဲသို့ စူးဝင်သွားသည်။

"မဆိုးဘူးကွ၊ အိမ်ကျမှ ကြီးကြီးငွေကို ချက်ခိုင်းဦးမယ်"

"ခေါက်ဆွဲကတော့ နည်းနည်းအီတယ်"

"လိမ္မော်ရည်မှာပါလား ကိုဇော်ရာ"

"အိမ်ကျမှသောက်ဟာ၊ ရေခဲသေတ္တာထဲမှာ အများကြီး ရှိသားနဲ့"

"အိုး အိမ်ကျမှ ဘာလို့ဖို့၊ အခုသောက်ချင်တာကို"

ဇော်သည် ကုန်ကျငွေကို ကျိတ်ပြီးတွက်ကြည့်လိုက်သည်။

ခေါက်ဆွဲနှစ်ခွက်ပေါင်း ခြောက်ကျပ်၊ ဟင်းချိုက လေးကျပ်၊ တစ်ဆယ်ကုန်လျှင်ပင် ငါးကျပ်ကျန်သေးသည်။ ထို့ကြောင့် ဇော်သည် သူ့ထက်ငါးမိနစ်သာ ငယ်သော်လည်း ငါးနှစ်ခန့်ငယ်သလို ကလေးလုပ်လေ့ရှိသော မော့်အလိုကို လိုက်ရသေည်။

www.burmeseclassic.com

www.burmeseclassic.com



"သူငယ်ချင်းရေ လိမ္မော်ရည် နှစ်ပုလင်း"

ဇော်သည် လက်နှစ်ချောင်းထောင်ပြကာ ခပ်ကျယ်ကျယ်လှမ်းအော်လိုက်သည်။ မော်သည် ပြုံးရွှင်သွားပြီး ဇော့်ကို အထင်တကြီး လှမ်းကြည့်လေသည်။

"ကြည့်မနေနဲ့ မြန်မြန်စား၊ ကျူရှင်ကို ဦးလေးချစ်ကား မရောက်ခင် ငါတို့အရင်ရောက်အောင်ပြန်ရမှာ"

"အဟဲ ဦးလေးချစ်များ ပိုင်ပါတယ်၊ သူက ပြန်မတိုင်ပါဘူး"

"သူပြန်တိုင်ပေမယ့် အပြန်ကျ ငါတို့ ထမင်းမစားနိုင်တော့ရင် ကြီးငွေက မေးဦးမယ်၊ ဘာတွေစားလာသလဲ ဆူဦးမယ်"

"ဟဲ ဟဲ ရင်ပြည့်လို့ပါ ကြီးငွေရာလို့ ချွဲလိုက်ပေါ့"

"ရပါလိမ့်မယ် အားကြီး၊ တော်ကြာ နင့်ဗိုက်ကြီး စမ်းကြည့်မှ ဖောင်းကားနေတာ သိသွားဦးမယ်"

ဇော် ပြောသောအခါမှ မော်သည် ဗိုက်အင့်လာသည်။ ခပ်တင်းတင်း ဝတ်လာသော ထဘီကို လက်နှင့်ဆွဲပြီး မသိမသာ လျှော့လိုက်ရသည်။ ခေါက်ဆွဲပန်းကန်လည်းပြောင်၊ ဟင်းချိုခွက်လည်းကုန်၊ လိမ္မော် ရည်လည်း မကျန်တော့ပြီမို့ ပြန်ဖို့လည်း အချိန်တန်ပါပြီ။

"သူငယ်ချင်းရေ ဘယ်လောက်ကျသလဲ"

"ခေါက်ဆွဲနှစ်၊ ဟင်းချိုတစ်၊ လိမ္မော်ရည်နှစ်၊ ဆယ့်ရှစ်ကျပ် ဆရာ"

"ဗုဒ္ဓေါ"

မော်သည် ယောင်ယမ်းပြီး အော်လိုက်မိသည်။ ဇော့် မျက်လုံး နှစ်ဖက်သည် အပြင်သို့ ပုစွန်မျက်လုံးလို ပြူးထွက်လာကြသည်။

"ဟင် ဘာဖြစ်လို့"

"ခေါက်ဆွဲက လေးကျပ် လေးကျပ် ရှစ်ကျပ်၊ ဟင်းချိုကငါးကျပ်၊

www.burmeseclassic.com

www.burmeseclassic.com



လိမ္မော်ရည်က နှစ်ကျပ်ခွဲ၊ နှစ်ကျပ်ခွဲနဲ့ ငါးကျပ်၊ ပေါင်း ဆယ့် ရှစ်ကျပ်"

"ဟိုအရင်အပတ်တုန်းက ခေါက်ဆွဲက သုံးကျပ်လေ"

"ဈေးတက်သွားပြီ ဆရာ၊ မရတော့ဘူး၊ အခု လေးကျပ်၊ နက်ဖြန်ဆို ငါးကျပ်ဖြစ်ချင်ဖြစ်သွားဦးမှာ"

စားပွဲထိုးလေးက ဖြစ်စပ်စပ်နှင့်ပြောသည်။ မော့်မျက်လုံးများ ပြာ သွားသောကြောင့် မျက်စိမျက်နှာ ပျက်နေသောဇော်ကို ဝါးတားတား လေးသာ မြင်ရသည်။

"ဘယ် ဘယ်လိုလုပ်မလဲ ဟင်"

စားပွဲထိုးလေးက သူတို့ကို အကဲခတ်ကာ ပန်းကန်များကို သိမ်းသွားသောအခါမှ မော်က တိုးတိုးလေး မေးလိုက်သည်။

"နင် ခဏနေခဲ့၊ ငါကျူရှင်ပြန်ပြီး ပိုက်ဆံချေးလိုက်မယ်လေ"

"ဟင့်အင်း ဟင့်အင်း"

မော်က ခေါင်းကို သွက်သွက်ခါယမ်းလိုက်သည်။ တစ်ကိုယ် လုံး ထူပူပြီး ချွေးများ ပြန်နေသည်။

"နင့်ဖောင်တိန် ပါလား"

"ဟင့်အင်း၊ လွယ်အိတ်ထဲကျန်ခဲ့ပြီ"

"ငါ့မှာလဲ မပါဘူး၊ ခွပဲ"

"ထွက်ပြေးမယ်လေ"

"ဘာ"

"လာ ထွက်ပြေးကြမယ်"

"ဟ ဘယ်ဖြစ်မလဲ၊ လူတွေ ဝိုင်းလာမှာပေါ့ဟ ငဇော်ရ"

"ဒီလိုဆို ဘယ့်နှယ် လုပ်မလဲ၊ နာရီချွတ်ပေးမလား"

ဇော်သည် သူ့နဖူးတွင်သီးနေသော ချွေးသီးချွေးပေါက်များကို လက်ခုံနှင့်ပွတ်သုတ်လိုက်သည်။ မတတ်နိုင်၊ ငွေမရှိတော့လည်း နာရီ

www.burmeseclassic.com

www.burmeseclassic.com



ကို အပေါင်ထားခဲ့ရုံသာ ရှိတော့သည်။

"ဟယ် ဟယ် ကြီးတော်"

ဇော်က သူ့လက်မှနာရီကိုဖြုတ်နေစဉ် မော်က ဝမ်းသာအားရ ထအော်သည်။ ဇော်က ဆတ်ခနဲ မော့ကြည့်လိုက်သောအခါ သူတို့ရှေ့တွင် ရပ်နေသော နှင်းကိုတွေ့ရသည်။

"ဟာ ဟာ၊ ကြီးတော်ရယ်"

ဇော်က ထအော်မိပြန်သည်။ လူပြည်လူ့ရွာရှိ တရုတ်ခေါက်ဆွဲဆိုင်လေးတစ်ဆိုင်တွင် သူတော်ကောင်းလေးနှစ်ဦး အတိဒုက္ခရောက်နေသောကြောင့် သိကြားမင်း ဦးမာဃသည် နှင်းဟန်ဆောင်၍များ ကယ်တင်ရန်ရောက်လာသလားဟု အူတိအူကြောင်တွေးပြီး ဝမ်းသာလုံးဆို့သွားသည်။ မိထွေးတော် ချောပလီကို အခါခါတွေ့ဖူးမြင်ဖူး အမုန်းပွားဖူးသော်လည်း ယခုတစ်ခါမြင်ရသည်ကတော့ လမိုက်ညတွင် ထူးထူးဆန်းဆန်း ဘွားခနဲထွက်လာသော လမင်းကြီးကို မြင်လိုက်ရသလို၊ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံနေလေသည်။

"တို့တွေ ဒီရှေ့ကဆိုင်မှာ ဖိနပ်လာဝယ်တာ၊ ဆိုင်ထဲမှာ မောင်နှမ နှစ်ယောက်ကို လှမ်းမြင်လို့ကြည့်နေတာ၊ ဘာတွေ တကျိတ်ကျိတ်ဖြစ်နေကြတာလဲဟင်"

နှင်းက ခပ်ပြုံးပြုံးမေးလေသည်။ မေးမယ့်သာ မေးသော်လည်း မျက်စိမျက်နှာပျက်နေသော မောင်နှမနှစ်ဦးကို ဆိုင်ပြင်မှရပ်ကာ အတန်ကြာ အကဲခတ်ပြီးမှ လာခဲ့ခြင်းဖြစ်သည်။ အခြေအနေကို အတော်အတန်ရိပ်စားမိပြီဖြစ်လေသည်။

"အင်း ခုအချိန် ကမ္ဘာပေါ်မှာ အရေးကြီးဆုံးကတော့ ငွေ သုံးကျပ် ရဖို့ပဲ"

ဇော်က ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



နှင်းသည် စိတ်မကောင်းသလို ပင့်သက်လေးရှိုက်လိုက်လေသည်။ ထို့နောက် ရယ်ချင်လာသလို ရယ်ပြန်သည်။

"ခုလိုဆိုတော့လည်းသူကသိပ်တော့ မုန်းစရာမကောင်းပါဘူး"

ငွေသိမ်းစားပွဲတွင် နှင်းက ငွေသွားရှင်းနေသောအခါ ဖော်က ခပ်တိုးတိုးပြောလေသည်။ သူကမိထွေး ဟူသော အမုန်းတံတိုင်းထူထူထဲထဲကြီးသည် အတန်ငယ် ပါးသွားဟန်တူသည်။ မိဖော်ကမူ ဘာမှပြန်မပြောနိုင်သေးပေ။ ထောင်ချောက်တွင်မိလိုက်ပြီးမှ အတင်းရုန်းကန်ပြီး ပျံပြေးခဲ့ရသော ငှက်ကလေးလို တလှပ်လှပ်မောနေသည်။ ပူလွန်းအိုက်လွန်းမှ တစ်ပတ်စာ တစ်လစာထွက်ရမည့် ချွေးများသည် သုံးလေးမိနစ်အတွင်းမှာပင် ထူပူပြီး ဝေါခနဲထွက်ကုန်သလား ထင်ရလောက်အောင် သူ့တစ်ကိုယ်လုံး ဖောချွေးများနှင့် နစ်နေတုန်းပင်ရှိသည်။

နှင်း၏ကျေးဇူးသည် ထိုမျှသာမကပါလေ၊ ထိုနေ့ထိုရက်မှစ၍ ဖေဖေသည် သူတို့မောင်နှမအား ကိုယ်တိုင်ကိုယ်ကျ ပိုက်ဆံသုံးခွင့်ပေးခဲ့သည်။ ရောဂါဖြစ်စေမည့် ပေါက်ကရအစားအစာများကို မစားရ၊ သရက်ပြားမစားရ၊ အချဉ်ထုပ်မစားရ စသည်ဖြင့် ဥပဒေအမျိုးမျိုးကို ထုတ်ပြီး ကြီးကြီးငွေသည် တနင်္လာနေ့နံနက်တိုင်း သူတို့နှစ်ဦးအား မုန့်ဖိုး တစ်ဆယ်စီ ထုတ်ပေးလေသည်။ ထိုတစ်ပတ်အတွင်း ငွေတစ်ဆယ်ကို ဘာတွေဝယ်စား၍ ဘာတွေသုံးသနည်း ကြီးငွေအား ပြန်လည်အစီရင်ခံရသော်လည်း ကိုယ်ပိုင်ငွေဟူ၍ လက်ထဲတွင် ပိုင်ပိုင်ကိုင်ဖူးပြီဖြစ်သဖြင့် သူတို့ပျော်လှသည်။

"ဆိုင်က ခေါက်ဆွဲက ကြီးငွေ ကြော်တာလောက် မကောင်းပါဘူး ကိုဖော်ရာ၊ လိမ္မော်ရည်လည်း အိမ်မှာပဲသောက်မှာပေါ့"

မော်က ပြောလေသည်။ တစ်သက်လုံး ငွေကို မသုံးတတ်ခဲ့သောကြောင့် အသေအချာ စဉ်းစားကြည့်သောအခါ ရေရေရာရာ သုံး

www.burmeseclassic.com

www.burmeseclassic.com



စရာလည်း ဘာမျှ မရှိချေ။ ကိုယ့်လက်ထဲပိုက်ဆံရောက်လာသောအခါ အီစလန့်ဝေနေသော ကြီးငွေ၏အစီအမံများသည် ပြန်လည်ပြီး စားကောင်းလာသည်။ တစ်လအတွက် ပိုက်ဆံလေးဆယ်ကို လုံလုံသိမ်းကာ ကြီးငွေထည့်ပေးနေသော နေ့လယ်စာဘူးကိုပင် မက်မက်မောမော ပြန်စားလေသည်။

*

www.burmeseclassic.com

www.burmeseclassic.com



"ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်တို့ရေ လာကြဟေ့ လာကြ"

မော်သည် ဆန်ကွဲဖြူဖြူများကို ဖွေးခနဲကြဲပက်လိုက်ရင်း အော်လိုက်သည်။ သူ့အော်သံကိုပင် နားလည်၍လော၊ ဆန်ကွဲကိုပင် မြင်၍လောတော့မသိ။ ခိုပြာ၊ ခိုဖြူလေးများသည် ပျံဝဲပြီး ဆင်းလာကြသည်။

"ဘာပြောတယ် မိမော်၊ ခိုတွေကို နင် ဘယ်လိုခေါ်လိုက်တယ်"

ဇော်က မျက်မှောင်ကြုတ်ရင်းမေးသည်။ မော်က ချက်ချင်း မဖြေသေးဘဲ ပြုံးကျဲကျဲလေးနှင့် ရယ်သည်။

ဇော်က ကျောင်းပိတ်ရက် ပျင်းလျှင် အပြင်ထွက်လည်တတ်သော်လည်း မော်ကမူ သိပ်ပြီး မလည်ရချေ။ ထို့ကြောင့် ပျင်းလျှင် ခြံနောက်ဘက်ရှိ မမမြမေတို့၏တန်းလျားဘက်သို့ ယောင်လည်လည်နှင့် ရောက်လာတတ်သည်။ မမမြမေ၏ယောကျာ်း ဦးလေးအုန်းနှင့် ကားမောင်းသမားဦးလေးချစ်တို့၏ စကားဝိုင်းသို့ ဝင်ငေးတတ်သည်။ သူတို့အိမ် မျက်နှာကြက်ထဲတွင် အသိုက်ဖွဲ့နေသောခိုများကိုအစာကျွေးသည်။ တကွက်ကွက်အော်ကာ တွေ့ရာနေရာတွင် ဥ, ဥလေ့ရှိ သော ကြက်မ၏ ဥများကို လိုက်ရှာပြီး ကောက်ပေးတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မမြမေက ပြောတယ်၊ ဆန်တွေ ဆီတွေဈေးတက်တယ်တဲ့"

"ဒီတော့ ဘာဖြစ်လဲ"

ဇော်ကမေးသည်။ မိမော်က နောက်ဖေးတန်းလျားမှာ ခိုစာသွားကျွေးရအောင်ဟု ခေါ်သောကြောင့်သာ လိုက်လာရသည်။ မိမော်အသံ ကြားရုံနှင့် ခိုကလေးများ ပျံဝဲပြီး ဆင်းလာလောက်အောင် ယဉ်နေလိမ့်မည်တော့ မထင်ပေ။

"ကိုဇော်ကလည်းကွာ စဉ်းစားကြည့်ပေါ့"

"ဘာကို စဉ်းစားရမှာလဲဟ"

"ခိုမှာ အတောင်မပါလား"

"ပါတယ်"

"ပါတော့ ဘာဖြစ်မလဲ"

"အတောင်ပါတော့ တောင်ပံရိုးရှိတာပေါ့ဟ၊ ခက်ခက်နိုးနိုး ငါ့ မေးနေရသေးလား"

"ဟာကွာ တလွဲကြီး"

မော်သည် လိုချင်သောအဖြေမရ၍မျက်နှာလေးရှုံ့သွားသည်။ လက်ဖဝါးထဲတွင် ဆန်ကွဲများထည့်၍ ဖြန့်ပေးလိုက်သောအခါ ခိုကလေးများသည် အလုအယက်ရှေ့တိုးလာကာ လက်ဝါးထဲမှဆန်ကို တဆတ်ဆတ် ကောက်စားကြသည်။ ဇော်က မော့်နည်းတူ လက်ဝါးဖြန့်ပေးသော်လည်း ဇော့်ဘက်သို့မူ တစ်ကောင်မျှ မလာကြချေ။

"ပြောပြမယ် သေချာနားထောင်၊ အတောင်ပါတော့ ပျံရော၊ မိုးပေါ်ကို ပျံနိုင်တာပေါ့"

"အင်း ဒီတော့"

"မော်က အားလုံးအတွက်ယတြာချေတာ ကိုဇော်ရ၊ ဆန်၊ ဆီ၊ ဆားတွေက ဈေးတက်နေတယ်၊ ဒီတော့ အတောင်ပေါက်ပြီး မိုးပေါ်ပျံ

www.burmeseclassic.com

www.burmeseclassic.com



နေတဲ့ငှက်ကို ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်လို့ ခေါ်လိုက်တော့ တကယ့်ဆန်တွေ ဆီတွေ အစစ်က ဈေးမတက်နိုင်တော့ဘူးပေါ့၊ မိုးမပျံတော့ဘူးပေါ့"

"ဟိုး ဟိုး ပေါ်တာမလေး"

ဖော်သည် ရယ်မောရင်း သူ့ညီမငယ်ကို နှစ်နှစ်ကာကာ ချီးကျူးလိုက်သည်။ မော်က အရေးမစိုက်ချေ။

"ဟို ဖြူဖြူလေးနှစ်ကောင်က ဆန်နဲ့ဆား သိလား၊ ဟို ညိုညိုလေးက ဆီ၊ သူက ဟိုးအမြင့်ကြီးအထိ ပျံပျံတက်တတ်တယ်၊ အကျားလေးက ကြက်သွန် ကိုဖော်ရ၊ နှုတ်သီးနီနီလေးနဲ့ကောင်ကလေးကို ငရုတ်လို့ နာမည်ပေးထားတယ်၊ ဘယ်ရောက်နေလဲ မသိဘူး၊ ဟေး ငရုတ်ရေ ငရုတ်"

မော်ကအော်ခေါ်သည်။ ခေါင်မိုးပေါ်ကိုလှမ်းမျှော်ကြည့်သည်။ သို့သော် ဘာကောင်မှထပ်ပြီး ဆင်းမလာကြချေ။ နောက်ဖေးဘက်တွင် ထင်းခွဲနေသော ဦးလေးချစ်က မော့်ကို မသိမသာ ကဲကြည့်ကာ လှစ်ခနဲ ပြုံးလိုက်သည်။

"ရေနံဆီဆိုတာ ရှိသေးတယ်၊ ဟို လည်ရစ်ကလေးနဲ့ကောင်က ရေနံဆီပေါ့၊ မမမြမေက မော်ရေ သကြားတွေ ဈေးကြီးလိုက်တာလို့ ပြောလို့ အခု ဘယ်ကောင်ကို သကြားလို့ နာမည်ပေးရမလဲ ကြည့်နေတာ"

မော်သည် ထုံးစံအတိုင်း ဖော်၏ရှပ်အင်္ကျီကြီးကို ဝတ်ထားသည်။ လုံချည်တိုတိုနှင့် ခုံဖိနပ် စီးထားလေသည်။ လုံချည်ကို ခြေသလုံး တစ်ဝက်လောက်ထိ တက်ကာ ဝတ်ထား၍ ဖြူဖွေးသော သလုံးသားလေးများသည် ဝင်းလဲ့နေသည်။ ဆံပင်တိုတိုလေးကို သပ်သပ်ရပ်ရပ် နှစ်ဖက်ခွဲပြီး စည်းထားသည်။ ဖော့်ဆံပင်နှင့် မော့်ဆံပင်သည် ရွယ်တူ

www.burmeseclassic.com

www.burmeseclassic.com



လောက်ပင် ဖြစ်သည်။ ဆံရှည်ကိုယ်တော်ခေတ်မို့ ဇော်သည် ဆံပင်ကို ခပ်ရှည်ရှည်ထားသည်။ ကုပ်ထိအောင်ဝဲချင်သည်။ ဖေဖေက သိပ်သဘောမကျသော်လည်း မတားတော့ချေ။ မော်ကမူ မိန်းကလေးပင်ဖြစ်သော်လည်း တတ်နိုင်လျှင် ခေါင်းတုံးပင် ရိတ်ထားချင်သူ ဖြစ်သည်။ ဆံပင်ပြုပြင်ရသောဒုက္ခကို အနည်းငယ်မျှ ခံစားလိုသူ မဟုတ်ချေ။ ကြီးကြီးငွေက ဆံပင်ကို ရှည်ရှည်ထားစေချင်သော်လည်း မော်က ဇွတ်အတင်းပင် ကုပ်ဝဲအနေတွင် ရပ်တန့်ထားသည်။ ရှေ့ဆက် အရှည်မခံချေ။ ဇော်နှင့်မော်သည် ရုပ်ချင်းလည်း တထေရာတည်းမို့ ဇော့်အရုပ်သာ မော့်ထက် မရှည်ဘဲ မထွားကျိုင်းဘဲ ဖြစ်နေလျှင် ရတ်တရက်ခွဲ၍ရမည်ပင် မဟုတ်ချေ။ သို့သော် ဇော်သည် မော့်ထက် ခေါင်းတစ်လုံးလောက်ပိုမြင့်သည်။ ရင်အုပ်ကျယ်ကာ ထွားကျိုင်းသည်။ နောက်ပြီး မော့်ဆံပင်ကို စည်းထားရန် တဖွဖွတိုက်တွန်းလေ့ရှိသည်။ တော်ကြာ ယောကျ်ားမိန်းမ ခွဲမရတော့ဘူးဟု ကြီးငွေက ပူညံပူညံလုပ်မည်ကို စိုးရိမ်သောကြောင့် ဖြစ်သည်။

"ဒီလိုဆိုရင် အစ်ကိုမောင်တို့အိမ်ကခွေးကြီးကိုလည်း မိုးမှောင်လို့ မခေါ်ဘဲ မီးသွေးလို့ခေါ်ဖို့ ကောင်းတယ်"

"ဘာဖြစ်လို့"

"မီးသွေးကလည်း ဈေးကြီးလို့ လူတွေလန့်နေရတယ် မဟုတ်လား၊ မိုးမှောင်ကိုလည်း ကိုက်မှာကြောက်လို့လန့်နေရတာ၊ သူ့ကို မီးသွေး ခေါ်လိုက်တော့ မီးသွေးအစစ်ကို မလန့်ရတော့ဘူးပေါ့၊ အစ်ကိုမောင်ကို နာမည်ပြောင်းခေါ်ဖို့ ပြောဦးမယ်"

"ဟုတ်တယ် ဟုတ်တယ်၊ ကိုဇော် တိုးတက်လာပြီ"

မော်က ပြုံးရွှင်စွာ ပြောလိုက်ရင်း အစ်ကိုကျော့်ကို ဖျတ်ခနဲ သတိရလိုက်သည်။ သူ့ကို မျက်စိတစ်ဖက် မှိတ်ပြလိုက်သော အစ်ကို

www.burmeseclassic.com

www.burmeseclassic.com



ကျော်၏ ပြုံးစစ မျက်နှာထားကို မြင်ယောင်လာသည်။ မော်သည် ငယ်စဉ်ကတည်းက မိန်းကလေးကျောင်းတွင်နေကာ မိန်းကလေးတောတွင် ကြီးပြင်းခဲ့ရသူဖြစ်သည်။ သူ့နှမကို တွန့်တိုလှသော ကိုဇော်ကလည်း သူငယ်ချင်းများကို အိမ်လည်ခေါ်လေ့ မရှိချေ။ ထို့ကြောင့် မော်သည် ယောကျ်ားလေးများနှင့် ရင်းရင်းနှီးနှီး သိပ်မနေဖူးချေ။

"ကိုဇော်ရေ"

"ဘာလဲဟ"

"အဟက် အစ်ကိုကျော်က ချောတယ်နော်"

"သူ့ဟာသူချောတာ နင်နဲ့ဘာဆိုင်လဲ"

ဇော်က ခပ်ဆတ်ဆတ်ပြောသည်။ မော့်ကို မကျေမနပ် စောင်းကြည့်သည်။ မော်သည် ခေါင်းကလေး ပုသွားပြီး ရယ်လိုက်သည်။ အစ်ကိုကျော်က မျက်စိတစ်ဖက် မှိတ်ပြလိုက်သည့်အကြောင်း ပြောပြချင်သော်လည်း မပြောရဲတော့ချေ။

ထိုစဉ် ကိုရိုလာကားဝါလေးက ခြံထဲသို့ လိမ့်ဝင်လာသည်ကို လှမ်းမြင်လိုက်ရသည်။ နှင်းက မောင်းလာခြင်းဖြစ်ပြီး သူ့ဘေးတွင် ဖေဖေ့ကို တွေ့ရသည်။ ရှုံ့ပြုံးနေသော ဖေဖေ့မျက်နှာကို လှမ်းမြင်လိုက်သောအခါ မော်သည် အလိုလို နှုတ်ခမ်းစူမိလျက်သား ဖြစ်သွားသည်။ နှင်း ကားမောင်းတတ်ကတည်းက ဦးလေးချစ် အတော် သက်သာသွားလေသည်။ ဖေဖေ သွားစရာ လာစရာရှိသည်များကို နှင်းက မောင်းပို့တတ်သည်။ ဖေဖေသည် ကိုယ်တိုင် ကားမောင်းတတ်သော်လည်း အေး အေးသက်သာ ဇိမ်နှင့်သာစီးလိုသူဖြစ်သည်။ ယခု နှင်းက အကြို အပို့ပြု လုပ်ပေးသောအခါ ဇနီးချောကလေးကို ဘေးတွင်ထားပြီး တပြုံးပြုံးနှင့် ကျေနပ်နေလေသည်။

"ဟွန်း သူ့မိန်းမနဲ့ဆို ပြုံးနေတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



မော်က မလိုတမာလေးပြောကာ လက်ကျန်ဆန်ကွဲများကို အကုန်ကြဲပက်လိုက်သည်။

"ဒါကတော့ သူ့မိန်းမကိုးဟ"

ဖော်က ပခုံးလေးတွန့်ကာ ပြောသည်။ နှင်းကို မချစ်မခင်သော်လည်း ထင်သလိုမဆိုးသဖြင့် အတော်အတန် စိတ်သက်သာရာရသည်။ ဖေဖေ့ကိုလည်း အပြစ်မတင်ချင်တော့။ နှင်းကိုလည်း အမုန်း မပွားချင်တော့။ စိတ်ကိုတတ်နိုင်သမျှလျှော့ထားလိုက်သည်။ ကောင်းသလောက်ရသလောက်ကိုပင် လက်ခံကျေနပ်လိုက်သည်။ ဘာကိုမျှ အလွန်အကျွံမျှော်လင့်ချက် မထားတော့ပေ။

ဖော်သည် ခိုလေးတစ်ကောင်ကို လှမ်းဖမ်းသည်။ ခိုကလေးက အဖမ်းမခံ၊ တဖျပ်ဖျပ် အတောင်ခတ်ကာ ဝုန်းခနဲ ပျံပြေးလေသည်။

ခိုညည်းသံသည် ဆူနေသည်။ ဝမ်းခေါင်းတွင်းမှ ထွက်လာသော အသံတစ်မျိုးကို သူတို့သာလျှင်ပြုလုပ်တတ်သည်ထင်သည်။ ခိုဖြူ ခိုပြာလေးများသည် ဆန်ကွဲများကို တဆတ်ဆတ် ကောက်စားနေကြသည်။ အတောင်ကိုဖြန့်ကာ ဝုန်းခနဲ ပျံလိုက်သော အခါများတွင် အတွင်းဘက်မှ ဖွေးနုနေသော အမွေးနုနုလေးများကို တွေ့ရသည်။

"နေပါဦး၊ ငရုတ် ဘယ်ရောက်သွားတာလဲ၊ ခုထိ မတွေ့သေးဘူး"

မော်သည် သူ့ငရုတ်ကို ခုမှပြန်သတိရသည်။ အစ်ကိုကျော်ကိုရော၊ ဖေဖေ့ကိုရော၊ နှင်းကိုရော မေ့သွားပြီး ငရုတ်ကို တကြော်ကြော်အော်ခေါ်ပြန်သည်။

"ငရုတ်ရေ ဟေး ငရုတ်၊ ဦးလေးချစ် ငရုတ် ဘယ်ရောက်သွားလဲ"

ထင်းခွဲနေသော ဦးလေးချစ်ကို လှမ်းမေးသည်။ အိမ်ခေါင်မိုးပေါ်သို့ မျှော်ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ခုတလော ငရုတ်တွေ ဈေးတက်ပြန်ပြီ မော်ရေ"

ထင်းခြမ်းတစ်ခြမ်းကို ခွမ်းခနဲခွဲလိုက်ရင်း ဦးလေးချစ်က ရယ်သည်။ မော်သည် သင်္ကာမကင်းဖြစ်သွားပြီး မျက်မှောင်လေး ကြုတ်သွားသည်။

"ဒီတော့ မောင်အုန်းက ပြောတယ်ကွ၊ ငရုတ်က တာဝန်မကျေဘူးတဲ့"

"ဘာပြုလို့"

"သူ မြင့်မြင့်မပျံလို့ တကယ့်ငရုတ်ဈေးတွေက တက်တာပေါ့တဲ့၊ အေးလေကွာ သူသာအမြင့်ကြီးပျံရင် ဒီငရုတ်ဈေးက တက်ပါတော့မလား"

"အင်းလေ"

"ဒီတော့ ဒီကောင် တာဝန်မကျေဘူး၊ ဒဏ်ပေးရမယ်တဲ့"

"ဟင် ဘယ်လိုဒဏ်ပေးလိုက်လဲ"

"ဟင်းအိုးထဲပို့လိုက်ရုံလေးပါ မော်ရာ"

"ဟင် မကောင်းဘူး၊ ဦးလေးချစ် မကောင်းဘူး၊ ဦးလေးအုန်းလည်း မကောင်းဘူး"

မော်သည် လက်ကလေး တယမ်းယမ်းနှင့် အော်လိုက်သည်။ သူ့ခိုကလေးကိုနမြောတသသနားသောစိတ်နှင့်ဆွေ့ဆွေ့ခုန်သွားသည်။

ဖော်က တခိခိနှင့် ကျိတ်ရယ်နေစဉ် ဦးလေးချစ်က ဆက်ပြီးရှင်း ပြသည်။

"ကုန်ဈေးနှုန်းတွေက ခေါင်ခိုက်နေတယ် မော်ရဲ့၊ သားဈေးငါးဈေးလည်း ဘယ်လောက်ကြီးတယ်ထင်လဲ၊ ဖော်တို့ မော်တို့ကတော့ ဘယ်သိမလဲ၊ ကြက်တွေ ဝက်တွေမစားနိုင်တော့ ဦးလေးတို့လည်း အသားဟင်းလေး စားချင်ရင် ကြံရဖန်ရတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ငရဲကြီးလိမ့်မယ်၊ သူများအသက်သတ်ရင် ငရဲကြီးလိမ့်မယ်"

မော်က ဒေါသလေးနှင့် အော်လိုက်သောအခါ ဦးလေးချစ်သည် ပြုံးလိုက်လေသည်။ လက်ထဲမှ ဓားမတိုကိုချကာ နဖူးပြင်တွင် ယိုစီးနေသော ချွေးများကို လက်နှင့်သပ်ချသည်။

"မော် ပြောတော့ ဦးလေးချစ် သူငယ်ချင်းတစ်ယောက်ပြောဖူးတာ သတိရတယ်၊ သူက သူခိုးကွယ့်၊ အရင်တုန်းကတော့ ဂိုဒေါင်စောင့်၊ စားမလောက်လို့ ခိုးတော့ ပြုတ်ရော၊ နောက်ထပ်အလုပ်လည်း ရှာလို့မရ၊ တောင်းရမ်းလည်း မစားချင်ဆိုတော့ ခိုးစားနေတာ၊ ဦးလေးက မော့်လိုပေါ့၊ မင်းငရဲ မကြောက်ဘူးလားဆိုတော့ ငတ်မှာ ပိုကြောက်တယ်တဲ့၊ ထမင်းဆာတာက ပိုပြီး ကြောက်စရာကောင်းတယ်တဲ့၊ အခုတော့ သူထမင်းအိုးတွေ့နေပါပြီ၊ ထောင်ထဲ ဝင်စားလိုက်၊ ပြန်ထွက်လာလိုက်၊ ပြန်ခိုးလိုက် ပြန်ဝင်လိုက်နဲ့ အခုလည်း ထောင်ထဲမှာ"

မော်သည် ဦးလေးချစ်စကားကို နားထောင်ရင်း ငေးငေးလေးဖြစ်သွားသော်လည်း မော်က နားလည်ဟန်မတူချေ။ မျက်ရည်အဝဲသားနှင့် ခြေထောက်ကို စုံဆောင့်ပြီး မကျေမချမ်း အော်နေသည်။

"မော့် ခိုကလေး ပြန်ပေး၊ ဟင်း ပြန်ပေး၊ မကောင်းဘူး၊ အို မကောင်းဘူး ဘယ်သူမှ မကောင်းဘူး"

*

www.burmeseclassic.com



"ကလေးတွေက သဘောကောင်းလေးတွေပါ နှင်းရယ်၊ အမေကလည်း ဆုံး၊ အဖေကလည်း အလုပ်ထဲ နစ်နေတတ်တဲ့သူဆိုတော့ မိဘမေတ္တာ ငတ်နေကြတာ၊ နှင်းရောက်လာတော့ သူတို့အဖေက သူတို့ကို လုံးဝချစ်တော့မှာ မဟုတ်ဘူးဆိုပြီး ဆီးမုန်းနေကြတာပေါ့"

"နှင်း နားလည်ပါတယ် ကြီးငွေရယ်"

ကြီးကြီးငွေသည် ပြတင်းပေါက်ကို တွန်းဖွင့်ကာ ဇာခန်းဆီးရှည်ကြီးများကို ဆွဲသိမ်းလိုက်သည်။ မှုန်ပျပျအခန်းသည် လင်းသွားပြီး အေးမြသောလေသည် သုတ်ခနဲ ပြေးဝင်လာလေသည်။

ဇော်နှင့်မော်တို့နှစ်ဦးစပ်ပိုင်သော စာကြည့်ခန်းလေးဖြစ်သည်။ သူတို့နှစ်ဦးသည် တစ်ခန်းစီ အိပ်ကြသော်လည်း စာအတူကျက်ကြသည်။ ထိုအခန်းလေးကို သူတို့စိတ်ကြိုက်ပြင်သည်။ စိတ်ကြိုက်ပြင်သည်ဟုဆိုရမည်ထက် စိတ်ကြိုက်ဖွသည်ဟု ဆိုက ပို၍ မှန်မည်ထင်သည်။ မော်ဆွဲထားသော ပန်းချီကားအတိုအစလေးများကို နံရံအပြည့် လျှောက်ကပ်ထားလေသည်။ ဇော်စာကြည့်စားပွဲရှေ့တွင်မူ မင်အနက်နှင့်ဆွဲထားသော ခြေရာတစ်စုံကိုထောင်ထားသည်။ လူ့ခြေရာကိုသာမက ကြောင်ခြေရာတွေ၊ ခွေးခြေရာတွေကိုလည်း တွေ့ရလေသည်။ မော်ဆွဲသည်တော့ ဟုတ်ဟန်မတူချေ။ သူငယ်ချင်းတစ်ဦးဦးထံမှ ရလာခဲ့ခြင်း ဖြစ်ဟန်တူသည်။

www.burmeseclassic.com

www.burmeseclassic.com



မော့်စားပွဲတွင်မူ ရှုမျှော်ခင်းပုံများ၊ ပန်းပုံများ၊ စာအုပ်ထဲမှဖြတ်ထားသော မိန်းမပုံလေးများကို အပြည့်အသိပ် ထောင်ထားလေသည်။

အခန်းထောင့်တွင်မူ မပြီးပြတ်သေးသော ပန်းချီကားလေး တစ်ခုကို တွေ့ရသည်။ ဆူးတွေဝေနေသော ရိုးတံများကြားတွင် ပုန်းလျှိုးကာ ပွင့်နေဟန်ရှိသော နှင်းဆီပွင့်လေးကို တွေ့ရသည်။

"အဲဒါ မော် ဆွဲတာလားဟင်"

"ဟုတ်တယ် နှင်းရဲ့၊ ဒီကောင်မလေးက ငယ်ငယ်လေး ကတည်းက တွေ့သမျှပုံတွေ ကူးဆွဲတတ်တာ၊ အရင်တုန်းကတော့ ကိုးရိုးကားရားပုံတွေပေါ့၊ ခုတော့ တော်တော်လေးတိုးတက်လာပြီနော်၊ ဆရာမရှိဘဲ သူ့ဟာသူသင်တာ နှင်းရဲ့၊ မြင်ဆရာ၊ ကြားဆရာ၊ သင်ဆရာ ဆိုသလို ဆရာဆိုတာ အမျိုးမျိုးတော့ ရှိတာပေါ့ကွယ်၊ သင်ဆရာ၊ ကြားဆရာ မရှိပေမယ့် စာအုပ်ထဲကပုံတွေ ကူးဆွဲနေတော့ မြင်ဆရာတော့ ရှိတယ်ဆို ဆိုရမှာပေါ့လေ"

စကားပြောဖော်ရလာသောအခါ ကြီးကြီးငွေသည် သူ့တူမအတိုင်း လေရှည်တော့သည်။ နှင်းသည် ကြီးကြီးငွေပြောသမျှကို ကြားနေရသော်လည်း နားထဲသို့မဝင်ပေ။ အတွေးစိတ်တို့သည် အတိတ်ဆီသို့သာ ပြေးလွှားနေကြသည်။ အရုပ်ဆိုးသော၊ အကျည်းတန်သော၊ လွမ်းမောစဖွယ် အတိတ်ပန်းချီကားများကို တရိပ်ရိပ် မြင်ယောင်နေသည်။

"မော်လေးက နှင်းဆီပန်းကြိုက်တယ် ထင်တယ်နော်"

"အေးကွယ် တို့များကတော့ စံပယ်မှ ကြိုက်တယ်၊ ယဉ်ယဉ်အေးအေး မွှေးမွှေး ပန်းအလှစံပယ်တဲ့"

"နှင်းတော့ နှင်းဆီပန်းအကြိုက်ဆုံး"

တချို့တစ်ဝက် ဆေးခြယ်ထားပြီးဖြစ်သော နီနီရဲရဲပွင့်ချပ်ကလေး

www.burmeseclassic.com

www.burmeseclassic.com



များကို စိုက်ကြည့်ရင်း နှင်းက တိုးတိုးလေး ပြောလေသည်။ ကြီးကြီးငွေက မထောက်ခံ၊ ကန့်ကွက်သည်။

"နှင်းဆီပန်းက လှလည်းလှပါရဲ့၊ မွှေးလည်းမွှေးပါရဲ့၊ ဒါပေမယ့် ဆူးတွေရံနေတော့ အလှပျက်တယ်၊ တို့များတော့ မကြိုက်ပေါင်၊ ပန်းဆိုပြီးတော့ မယဉ်မနုဘဲ ဆူးတွေဝိုင်းနေတော့၊ ဘာတဲ့ စာအုပ်ထဲမှာ ဖတ်ဖူးပါတယ်၊ အရိုင်းဆန်တယ်တဲ့လေ"

"နှင်းကတော့ အဲဒီဆူးတွေပါနေလို့ကို ပိုကြိုက်တာ၊ ဆူးဆိုတာ သူ့ရဲ့မာန်ပဲ၊ သူ့ရဲ့သဘာဝပဲ၊ နှင်းဆီဟာ ပန်းတကာ့ပန်းထဲမှာ အရဲရင့်ဆုံး၊ အပြတ်သားဆုံးပဲ"

ကြီးကြီးငွေသည် မထောက်ခံလိုသော်လည်း ကန့်ကွက်စကား မပြောတော့ချေ။ သူက ဆူးများကြောင့် မျက်မုန်းကျိုးသည်။ နှင်းက ဆူးများကြောင့် ပို၍ကြိုက်သည်။ သူ့သဘောနှင့်သူ ကြိုက်လိုက ကြိုက်စေတော့၊ ကိုယ်လည်း ကိုယ့်သဘောနှင့်ကိုယ် ဆက်လက်၍ မျက်မုန်းကျိုးရုံသာ ရှိသည်။

"နှင်းက အဲဒီဆူးတွေကို ချစ်လွန်းလို့ နှင်းဆီပန်းကို ဘုရားတင်ရင်တောင် ဘယ်တော့မှ ဆူးမခြွေဘူး၊ ဆူးတွေခြွေလိုက်ရင်လည်း သူ့အလှဟာ မပြည့်စုံတော့ဘူး၊ ပျက်သွားရော"

"အလိုလေးတော်"

ကြီးငွေက အောက်ကလိအာသံနှင့် ရေရွတ်လိုက်သည်။ နှင်းသည် ကြီးငွေကိုမော့်ကြည့်ပြီး တခစ်ခစ်ရယ်လိုက်လေသည်။

"ကြီးငွေ စံပယ်ကြိုက်ချင်ရင်ကြိုက်ပေါ့ ကြီးငွေရဲ့၊ နှင်းကတော့ နှင်းဆီပဲ၊ မော်လေးကလည်း နှင်းဆီပဲ၊ ညနေကျရင် စကားရည်လုပွဲ လုပ်မယ်လေ၊ ကြီးငွေက စံပယ်ဘက်ကပြော၊ နှင်းနဲ့မော်က နှင်းဆီဘက်က ပြောမယ်၊ ကိုဇော်ကို ဒိုင်လူကြီးလုပ်ခိုင်း"

www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ် တယ်ဟုတ်၊ ကျုပ်ဘက်ကတော့ ကျုပ် တစ်ယောက်တည်း ပြောရမှာလား"

ကြီးငွေကမျက်စောင်းကြီးနှင့်ရေရွတ်လိုက်သည်။ နှင်း ရောက်လာစက ကြီးငွေသိပ်ကြည့်မရပေ။ ခပ်ရှိန်းရှိန်းနှင့် ခပ်မှန်မှန်လေး ဆက်ဆံသည်။ သို့သော် ကလေးနှစ်ဦးပေါ်တွင် နှင်းက စိတ်ကောင်းထားဟန်ရှိသည်ကို အကဲခတ်လာမိသည့် နောက်ပိုင်းတွင် ကြီးငွေသည် နှင်းကို အတန်ငယ် လိုလားဟန်ပြလာလေသည်။ နှင်းကလည်း အိမ်မှုကိစ္စအဝဝတွင် မည်သည့်အခါမျှ စွက်ဖက်သူမဟုတ်ပေ။ လွှမ်းမိုးသူ မဟုတ်ပေ။ ကြီးငွေ၏ အုပ်ချုပ်မှုအောက်ကိုသာ လျှိုးဝင်ပြီးလာသူ ဖြစ်၏။ နောက်ဆုံးခန်းဆီး အဝါကို အပြာရောင်ပြောင်းတပ်ချင်လျှင်ပင် 'ကြီးငွေရေ အပြာရောင်လေးမကြိုက်ဘူးလား၊ လှတယ်နော်'ဟု ချိုချိုလေး ပြောတတ်သူဖြစ်လေသည်။ သည်တော့လည်း ကြီးငွေတို့က ပျော့ကျလာသည်။ ချောပလီတော့ ပလီပြန်ပြီဟူသော အတွေးမျိုးကိုတွေးရန် သတိမရအားတော့ချေ။ တစ်ခါကတော့ သူ့ရင်ထဲတွင် မရှင်းသည်ကို ဖြောင်ကြီး မေးကြည့်ဖူးသည်။ 'ကိုချမ်းသာကို နှင်းတကယ်ချစ်ရဲ့လား' ဟူသော မေးခွန်းကိုဖြစ်သည်။

ကြီးငွေက ဖြောင်မေးသောအခါ နှင်းကလည်း နှုတ်ခမ်းပါးလေးများကို တင်းတင်းစေ့ကာ ငေးနေပြီးမှ 'လုံးဝမချစ်ဘူး'ဟု ဖြောင်ကျကျပင် ဖြေခဲ့လေသည်။ ထိုနောက် 'နှင်း အစ်ကိုကြီးကို အားကိုးတယ်၊ ယုံကြည်တယ်၊ အထင်ကြီးတယ်၊ ဒါကြောင့် လက်ထပ်ခဲ့တာပဲ၊ အချစ်ဆိုတာ မလိုပါဘူး၊ နှင်းရဲ့ဘဝမှာလည်း အချစ်ဆိုတာ မရှိတော့ဘူး၊ သေသွားခဲ့ပါပြီ၊ နှင်းအပေါ် ကောင်းတဲ့သူကို နှင်းဆယ်ဆ ပြန်ကောင်းပါမယ်၊ ကျေးဇူးသိပြီး သစ္စာရှိပါ့မယ်၊ နှင်းကို နားလည်ပါကြီးငွေရယ်' ဟု ပြတ်ပြတ်သားသားလေးပြောပြီး မသိမသာလေး ရှိုက်လိုက်လေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ နောက်ပိုင်းတွင်ကား အချစ်အကြောင်းကို သူတို့နှစ်ဦးလုံး မပြောကြတော့ပေ။ နှင်းသည် ခင်ပွန်းသည် ဦးချမ်းသာကိုသာ အစ်ကိုကြီးခေါ်သော်လည်း သူ့ယောကျ်ားထက်တစ်နှစ်သာသာလေးသာ ကြီးသော ကြီးကြီးငွေကိုမူ မော်တို့နည်းတူ ကြီးငွေဟုပင် လိုက်ခေါ်လေသည်။ ကြီးငွေ လေကြောရှည်လျှင် သည်းခံနားထောင်တတ်ပြီး တစ်ခါ တစ်ရံလည်း လျှာကလေးထုတ်ကာ လစ်ပြေးတတ်သည်။ ကြာတော့လည်း ကြီးငွေသည် နှင်းကို သူ့မောင်မိန်းမမို့သာ ယောက်မတော်နေရသော်လည်း စိတ်ထဲကမူ မော်တို့နည်းတူ တူမတော်သည်ဟုပင် ထင်နေတတ် သည်။

"နှင်းကိုသာ နင်သေသွားရင် ပန်းပင်လေးဖြစ်ရမယ်လို့ဆိုရင် နှင်းဆီပင်လေးဖြစ်မယ် သိလား ကြီးငွေ"

"ကျုပ်ကတော့ စံပယ်ပင်ပဲ"

ကြီးငွေသည် သူ့စပယ်ပင်ဘက်မှအပြတ်ရပ်တည်လေသည်။

"အဲဒီတော့မှ လူဆိုတဲ့သတ္တဝါတွေ လုပ်တိုင်းခံရမှာ၊ စံပယ်ပွင့်ဆိုရင် ခူးချင်တိုင်းခူး၊ ခြွေချင်တိုင်းခြွေ ဘာမှပြန်မလုပ်နိုင်ဘူး"

"ဘာဖြစ်သေးလဲ၊ ပန်းဖြစ်နေမှ အခူးခံရမှာပေါ့"

"အို ခူးချင်တိုင်းခံရမှာလား၊ ဟင်း နှင်းဆီဆိုရင်ကြည့်၊ တစ်ခါတည်း အပင်လေးထွက်လာကတည်းက ဆူးလေးတွေနဲ့၊ အပွင့်လှလှလည်း ပွင့်ရော ဆူးတွေက မာလို့ ချွန်လို့မြလို့၊ ညင်ညင်သာသာ ခူးတဲ့သူကတော့ ဆူးကို ရှောင်ခူးမှာပေါ့၊ ကြမ်းကြမ်းတမ်းတမ်းခူးရင်တော့လာ စမ်း၊ ဟင်း တစ်ခါတည်း သွေးစိမ်းရှင်ရှင်ထွက်အောင် ဆူးတွေက အစွမ်းပြလိုက်မှာ"

နှင်းက အံကလေးခဲကာ ပြောသည်။ နှင်း၏မျက်လုံးနက်နက်ကလေးတွင် ဒေါသရောင်လေးများ တဖျပ်ဖျပ်လက်လျက်ရှိသည်။ ရင်

www.burmeseclassic.com

www.burmeseclassic.com



ထဲတွင် တစ်စုံတစ်ခုကို နက်နက်ရှိုင်းရှိုင်းခံစားနေရသလို မျက်နှာလေးသည် မသိမသာညှိုးပြီး သွေးရောင် လျှမ်းတက်နေသည်။ ထိုသွေးရောင်လျှမ်းနေသောမျက်နှာလေးကို ကြည့်ရင်း ကြီးငွေသည် နှင်းပြောနေသည့် နှင်းဆီပင်ကလေးကို မြင်ယောင်လာသည်။

သေလွန်သောအခါ တမလွန်ဘဝတွင် ပန်းပင်လေးများဖြစ်သွားကြသော ပုံပြင်လေးများကို ကြီးငွေ ဖတ်ဖူးပါသည်။ နေနတ်သား၏ အလှကိုမျှော်ကြည့်လေ့ရှိသော မင်းသမီးလေးသည် နေကြာပန်းလေးဖြစ်သွားခဲ့သည်။ မိမိအလှကို မိမိကျေနပ်လွန်း၍ ရေထဲမှအရိပ်ကို တမေ့တမောကြည့်နေတတ်သော မိန်းမချောလေးသည် ဇောဒါပန်းလေး ဖြစ်သွားခဲ့လေသည်။ ယခုလည်း နှင်းသည် သူသေလျှင် နှင်းဆီပင်လေးဖြစ်လိုပါသည်ဟု ပြောနေပြန်ချေသည်။ နှင်းသာ နှင်းဆီပင်လေး ဖြစ်သွားလျှင် သွေးရောင်လျှမ်းနေသောမျက်နှာက နှင်းဆီပွင့်လှလှလေးဖြစ်သွားမည် ထင်သည်။ သွယ်နွဲ့သောကိုယ်လုံးလေးသည်ကား နှင်းဆီ ရိုးတံကလေး ဖြစ်ရပေမည်။

"အမယ်လေးတော်"

ကြီးကြီးငွေသည် ရုတ်တရက်ထအော်လိုက်မိသည်။ စိတ်ကူးလေးမှ ယဉ်လို့မဆုံးသေးခင် နှင်းကြိုက်သည့်ဆူးများကို မြင်ယောင်လာသည်။ နှင်းဆီရိုးတံအဖြစ်မြင်ယောင်နေသော ကိုယ်လုံးသွယ်သွယ်လေးမှနေ၍ ဆူးများသည် ထောင်းခနဲ ထိုးထွက်လာသလို ခံစားရပြီးအသည်းရော၊ အူရော စိမ့်သွားသောကြောင့် ဖြစ်သည်။

"ဟင် ကြီးငွေ၊ ဘာဖြစ်လို့လဲ"

"ဆူး ဆူး"

နှင်းကမေးသောအခါ ကြီးကြီးငွေသည်ထစ်ထစ်ငေါ့ငေါ့ ပြောသည်။ ရုတ်တရက် ဘာပြန်ဖြေရမည်ကို စဉ်းစား၍ မရသောကြောင့်အိုးနင်းခွက်နင်း ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကလင် ကလင် ကလင်"

ကြီးကြီးငွေ၏ ဒုက္ခကို တယ်လီဖုန်းသံက ကယ်တင်လိုက်သည်။ မျက်လုံးကြီးပြူး၍ တဆူတည်းဆူနေသော ကြီးကြီးငွေနှင့် ဆက်လက်၍ စကားမပြောနိုင်တော့ဘဲ နှင်းသည် တယ်လီဖုန်းထားသော အခန်းသို့ သွက်သွက်ကလေး လှမ်းထွက်သွားသည်။

ဤအိမ်ကြီးတစ်အိမ်လုံးတွင် နှင်းသည် တယ်လီဖုန်းထားသော နေရာကလေးကို အနှစ်သက်ဆုံးဖြစ်သည်။ ထိုသို့ နှစ်သက်စဖွယ် ဖန်တီးတတ်သော ဦးချမ်းသာကိုလည်း စိတ်တွင်းမှ အခါခါ ချီးကျူးမိသည်။ ထိုနေရာတွင် ခြောက်ပေပတ်လည်ခန့်ကျယ်သော ရေကန်ငယ်ကလေးရှိသည်။ ကန်ထဲတွင် ဖြူ နီ ဝါ ပြာ အရောင်စုံသော ရွှေငါးလေးများသည် ကူးခပ်နေကြသည်။ ထိုရေကန်ထဲမှနေ၍ လက်ရာမြောက်စွာ သွန်းလုပ်ထားသော ကြာဖတ်တစ်ဖက်နှင့် ကြာပွင့်ကြီးတစ်ပွင့်သည် အလောတော်အမြင့်လောက်အထိ ထိုးထွက်လာသည်။ ပွင့်ဖတ် ပွင့်ချပ်များ ဘေးဘက်သို့ အာကျနေသော ကြာပွင့်ကြီးသည် လာပါလှည့်၊ ထိုင်ပါလှည့်ဟု ဖိတ်ခေါ်နေဟန်ရှိသည်။ စိမ်းဖန့်ဖန့် ကြာရွက်ပေါ်တွင်ကား ဆင်စွယ်နှစ်ရောင် တယ်လီဖုန်းကလေးကို တွေ့ရလေသည်။ နှင်းသည် ကြာပွင့်ကြီးပေါ်တွင် သက်သောင့် သက်သာ ဝင်ထိုင်လိုက်ရင်း ရွှေငါးလေးများကို ငုံ့ကြည့်လိုက်သည်။ တယ်လီဖုန်းသံက နောက်တစ်ချီ ဆူညံလာပြန်သည်။ ဆူညံသံကို နားမခံသာသလို ငါးကလေးများသည် ယောက်ယက်ခတ်အောင် ကူးခပ်နေကြလေသည်။ ပြတင်းပေါက်မှထိုးဝင်လာသော နေရောင်ခြည်နွေးနွေး၏ အရောင်တွင် သူတို့၏အကြေးခွံလေးများသည် ရွှေရောင် ငွေရောင် တဖျပ်ဖျပ် လက်လျက်ရှိသည်။

"ဟဲလို ဟုတ်ကဲ့ ကျွန်မ နှင်းပါ၊ ပြောပါရှင်"

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်မှအသံသည် အလောတကြီး ဖြစ်နေသောကြောင့် နှင်းသည် မျက်မှောင်လေး ကျုံ့သွားသည်။

လေညင်းက ဖော့ခနဲတိုက်လိုက်သောကြောင့် နှင်း၏ဆံနွယ် ပျော့ပျော့များသည် နဖူးပေါ်သို့ ဝဲကျလာသည်။ အပြာရောင် ဇာခန်းဆီး ရှည်များသည် တအိအိ လှုပ်ရှားလျက်ရှိလေသည်။

"ဟင်"

"ဟုတ်ကဲ့ ဟုတ်ကဲ့ ကျွန်မ အမြန်ဆုံး လာပါ့မယ်၊ အခုလာခဲ့ ပါ မယ်"

တစ်ဖက်မှ စကားသံပြတ်သွားသောအခါ နှင်းသည် စကား ပြောခွက်ကို ပြန်မချမိသေးဘဲ နေရာမှ ဝုန်းခနဲထရပ်လိုက်သည်။ တဖျပ် ဖျပ် တလက်လက်နှင့် ပျော်ရွှင်စွာကူးခပ်နေကြသော ရွှေငါးလေးများကို ငေးကြည့်ရင်း ခေါင်းထဲတွင် ဆူဝေလိုက်မောလာသည်။ ထိုနောက် ကြီး ကြီးငွေကို ထိတ်လန့်တကြား အော်ခေါ်လိုက်မိလေသည်။

"ကြီးငွေ ကြီးကြီးငွေ မြန်မြန်လာစမ်းပါ၊ အိုး မြန်မြန် လာစမ်း ပါ"

*

www.burmeseclassic.com

www.burmeseclassic.com



"စာမေးပွဲများ ရိုးရိုးအောင်လို့တော့ အလကားပဲ၊ ဘာလုပ်ဖို့လဲ အနည်းဆုံး ဒီသုံးလုံးလောက်မှ၊ ဒါတောင် အမ်စီ ရချင်မှရမှာ"

"တတိယနေ့ ဖြေပြီးတဲ့အထိ ဒီတစ်လုံးမှ မပါနိုင်သေးဘူးဆိုရင် အိုင်တို့တော့ ဆက်မဖြေတော့ဘူး အကျခံလိုက်မယ်"

"ထူးပါဘူးကွာ၊ အမ်စီ အာရ်အိုင်တီရောက်တော့ရော တို့အောင်တဲ့အချိန်ကျတော့ အလုပ်ရချင်မှ ရနိုင်တော့မှာ၊ တို့တော့ ရိုးရိုးအောင်လည်း အောင်မှာပဲ၊ ဘာဘွဲ့ဖြစ်ဖြစ် ဘွဲ့တစ်ခုရရင်ပြီးတာပဲ မိန်းကလေးပဲကွာ၊ ကိုယ်တိုင် ဆရာဝန် အင်ဂျင်နီယာဖြစ်ဖို့ မလိုပါဘူး"

"အဟက် ဟုတ်သားပဲ"

"သူတို့ကျက်ပါစေ၊ သူတို့ကြိုးစားပါစေ၊ သူတို့ ပင်ပန်းပါစေဟုတ်လား"

"ဒါပေါ့ ဒါပေါ့"

"သူတို့အောင်လာတော့ တကုန်းကုန်းစီးပွားရှာပြီး ရတဲ့ပိုက်ဆံ ဟာ ဘယ်သူ့အတွက်လည်း တို့မိန်းမတွေအတွက်ပဲ မဟုတ်လား၊ တို့ တွေကို ရှာကျွေးဖို့ပဲ မဟုတ်လား ဟင်း ဟင်း"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဟုတ်တယ်၊ ပိစ် ပိစ်"

"ဒီတော့ တို့တွေက ဟိုသင်းလေ လူကြီးတွေပြောတာရှိပါရော၊ ဆည်ဝကဗျိုင်းကြီး ငါးစောင့်သလို စောင့်ရုံပေါ့ မဟုတ်ဘူးလား၊ သူတို့ အောင်လာတော့ ဆတ်ခနဲ ကောက်ယူလိုက်ပြီး ဇိမ်နဲ့ ထိုင်စားရုံပဲ"

"တယ်ဟုတ်"

"ကြေးများချင်ရင် ခေါင်းခေါက်ကြည့်လိုက်ဦး၊ အက်သံပါတဲ့ ခေါင်းဆိုရင် ဝ,ထားလိုက်၊ ဒေါင်ဒေါင်မြည် စိတ်ကြိုက်ဆိုမှ လာပါလာ ပါ လင်တော်မောင်လို့ ဟား ဟား"

"ဟဲ့ "

"ဘာဟဲ့လဲ၊ မဟုတ်ဘူးလား ယူကလဲ"

မော်သည် ကျွတ်စီညံနေသော စကားသံများကို နားထောင်ရင်း တသိမ့်သိမ့်ရယ်မောနေမိသည်။ အနီးအနားတွင် အထီးဆို၍ လူထီး မပြောနှင့် ခွေးထီး ယင်ထီးပင် မရှိလေတော့ မိန်းကလေးတစ်သိုက်သည် အအုပ်အထိန်းမရှိ ပြောချင်ရာ ပြောကြလေတော့သည်။

ဆရာမ နေမကောင်းသော နေ့များဆိုလျှင် မော်တို့ကျောင်းသူများ အလွန်ပျော်သည်။ တစ်ခါတစ်ရံ ဆရာအစားလာသော်လည်း တစ်ခါတစ်ရံတွင်တော့ ဆရာအစားမလွှတ်နိုင်ပေ။ စကားမများဘဲ ကိုယ့်စာကို ကိုယ် အေးအေးဆေးဆေး ကျက်မှတ်နေကြရန် ဆရာမကြီးက လာမှာသွားတတ်သည်။ ရေထဲမှငါးကို ကုန်းပေါ်ပစ်တင်ပြီး မာရသွန်ပြေးပွဲဝင်ခိုင်းရန် ကြံစည်သည်ကမှ တစ်နေ့နေ့ဖြစ်ချင်လျှင် ဖြစ်နိုင်ဦးမည်။ အောင်မြင်ချင်လျှင် အောင်မြင်နိုင်ဦးမည်။ ဆယ်ကျော်သက်အရွယ် မြီးကောင်ပေါက် မိန်းကလေးများကို ဆရာမလာသောအချိန်တွင် စကားမများဘဲ ငြိမ်ငြိမ်နေရန် ကြိုးပမ်းချက်သည်ကား မည်သည့်အခါမှ အောင်မြင်လိမ့်မည် မဟုတ်ချေ။ ဆရာမကြီးရှေ့တွင်မူ မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



ငယ်လေးများနှင့် ငြိမ်နေကြသည်။ ဆရာမကြီး ကျောခိုင်းသွားသည် အထိ ငြိမ်ချက်သားကောင်းတုန်းပင် ဖြစ်၏။ ဆရာမကြီး အခန်းအပြင် ရောက်သွားလျှင်ကား တစ်ဦးနှင့်တစ်ဦးလှမ်းကြည့်ကြသည်။ ထို့နောက် ပြုံးပြကြသည်။ ထို့နောက် တစ်ယောက် ခွိခနဲ ကျိတ်ရယ်သည်။ ဆရာမ ကြီး သူ့အခန်းသို့ သူပြန်ရောက်သွားသောအချိန်လောက်တွင်ကား မရွှေ လေးတို့သည် ခေါင်းချင်းဆိုင်၍ တွတ်ထိုးကုန်ပြီ ဖြစ်လေသည်။

သူတို့အားလုံး သူတို့ဆရာမများကို ချစ်သော်လည်း၊ ခင်သော် လည်း၊ ကြောက်ရွံ့ လေးစားသော်လည်း ခဏခဏ နေမကောင်းဖြစ်ပါ စေဟု တညီတညာတည်းပင် ဆုတောင်းတတ်ကြသည်။ ဆရာမ နေ မကောင်းသော အကြောင်းမှနေ၍ ကျောင်းမတက်နိုင်ခြင်းတည်းဟူ သော အကျိုးဖြစ်ပေါ်လာသည်။ ထိုဆရာမ ကျောင်းမတက်နိုင်သော အကြောင်းကတစ်ဖန် သူတို့တစ်တန်းလုံးအား လွတ်လပ်ခြင်းတည်းဟူ သော အကျိုးတရားကို ဖြစ်ပေါ်စေလေသည်။

"ပညာမတတ်ဘဲ သူ့လုပ်စာကိုပဲ ထိုင်စားနေရရင် ဘယ် ကောင်းမလဲ"

"အိုး အဲဒါမှ သိပ်ကောင်းတာ ပိစ် ပိစ်"

"ဟုတ်တယ်၊ တော်ကြာ ငါ့ရှာကျွေးတာ စားနေရတာဆိုပြီး ဗိုလ်ကျတော့ ဘယ့်နှယ်လုပ်မလဲ၊ မပိစ်ဘဲနဲ့ ဂျီဂျိနဲ့ နားရင်းအုပ်ခံနေရ ရင် ဒုက္ခ"

"အေး ဒါလည်း ဟုတ်တာပဲ"

"ဒီတော့ ငါ့မလည်း ပညာနဲ့အလုပ်နဲ့၊ နှင့်ထမင်း စားနေရတာ မဟုတ်ဘူး လာဗိုလ်မကျနဲ့၊ ဒါမျိုးမရဘူး၊ ဂက်တောက်လို့ ပြောနိုင် အောင် ကြိုးစားသင့်တာပေါ့၊ မဟုတ်ဘူးလား သူငယ်ချင်းတို့ရာ"

မော်သည် ဇော်တစ်ခါပြောဖူးသည်ကို ဖျတ်ခနဲသွား၍ သတိရ

www.burmeseclassic.com

www.burmeseclassic.com



လိုက်မိသည်။ ဖော်က ‘ငါမိန်းမယူရင် တောသူရိုးရိုးလေးပဲယူမယ် သိလား မိမော်၊ ဆရာဝန်မ၊ အင်ဂျင်နီယာမတွေများ ဝေးဝေးကရှောင်မယ်၊ မိန်းမဆိုတာ ပညာတတ်လာရင်၊ အလုပ်ရှိလာရင် အားကြီးလူပါး ဝတယ် ဟ၊ တော်ကြာ ငါ့ကို ရှိသေမှာမဟုတ်ဘူး’ဟု ပြောဖူးလေသည်။ မော်သည် ကိုဖော့်အကြောင်းကို တွေးရင်းတောရင်း မဆီမဆိုင် အစ်ကိုကျော်ကိုပါ သတိရနေသည်။ အစ်ကိုကျော်ကမူ မည်ကဲ့သို့သော မိန်းမမျိုးကို လိုချင်လိမ့်မည်နည်းဟု အတွေးမြွှင်က ပြန့်သွားသည်။

“အို မဟုတ်သေးပါဘူး မဟုတ်သေးပါဘူး ဒကာမလေးတို့၊ သင်တို့ လမ်းမှားနေပြီ၊ ငါကိုယ်တော် အမှန်တရားကို ဟောကြားတော်မူမယ်၊ ကဲ ကဲ ရှေ့တိုး ဒကာမလေးတွေ ရှေ့တိုး၊ ဒကာကြီးတွေ နောက်ဆုတ်”

မော့်ဘေးတွင် တစ်ချိန်လုံး ငြိမ်သက်စွာ ထိုင်နေသော နွယ်နွယ်က တစ်စခန်းထ၍ အဘိဓမ္မာတစ်ရပ်ကို ဟောကြားရန် ဟန်ပြင်ပြန်သည်။ တစ်ခါတစ်ရံ သူသည် ထိုကဲ့သို့ပင် စာသံပေသံ ကာရန်နဘေ များနှင့် ရွတ်ကာ ခပ်တည်တည် နောက်ပြောင်တတ်သည်။

“မာနဆိုတာ ဘာလဲ၊ မီး၊ မီးမှ အင်မတန်ပူတဲ့မီး၊ အဲဒီ မာနမီးက တညီးညီးလောင်တဲ့အခါမှာ ရင်ထဲမှာတဟီးဟီး၊ အဲ တဟီးဟီး၊ ဟ နေပါဦးဟ၊ တဟီးဟီးဖြစ်တာက ချမ်းမှဖြစ်တာ၊ ပူရင် ဘယ်လိုဖြစ်ရမလဲ၊ တခွီးခွီး၊ အဲလေ အဲဒါက မျောက်အော်တာပါ၊ တဂွီးဂွီး ဟုတ်ပေါင်၊ ဒါက ယောကျ်ားလေးတွေ ဟိုနေရာကိုဆောင့်ကန်မှ ဟိုသင်းတက်ပြီးမြည်တာ”

“တောပါတော့ဟာ တော်ပါတော့”

တစ်မျိုးပြီးတစ်မျိုး ပေါက်ကရရွတ်နေသော နွယ်နွယ့်ကိုကြည့်ကာ မော်တို့တစ်တန်းလုံး တအုန်းအုန်း ရယ်မောမိကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး၊ ပြီးအောင်တော့ ဟောပါရစေဦး၊ မာနဆိုတဲ့မီးက တရှိန်ရှိန် လောင်ကျွမ်းတဲ့အခါ ရင်ထဲမှာ တပိန်ပိန်တလိမ်လိမ်နဲ့၊ ဟာ မကောင်းသေးပါဘူး၊ ကဲဟာ တကိန်ကိန်နဲ့လို့ ဆိုလိုက်တာပဲ အေးပါတယ်၊ စိတ်ညစ်လာပြီ၊ ကာရန်ရှာမရတာနဲ့ ငါလည်း ခွေးဖြစ်ရော၊ ကဲ ဟာ တကိန်ကိန်"

နွယ်နွယ်သည် သူ့ခေါင်းကိုသူ လက်နှစ်ဖက်နှင့်စုံကုတ်ရင်း ချူသံပါအောင် ညည်းလိုက်သည်။ သို့သော် အလျှော့ပေးသည်တော့ မဟုတ်ချေ။ တဝါးဝါး ရယ်နေသူများကို ခပ်တည်တည်ကြည့်ကာ သူ့အဘိဓမ္မာကို စကားပြေနှင့်ဆက်၍ ဟောကြားသည်။

"ကဲ ကဲ ဒီလို ဒီလို၊ မာနတရားဆိုတာကို လင်နဲ့မယားကြားမှာ ဘာလို့ထားကြရမှာလဲဒကာမလေးတို့ရယ်၊ သူနည်းနည်းမှားပြီး ခြေလှမ်းမှားချင်ရင်၊ အသုံးများချင်ရင် ဒီလိုပြော၊ အပဟမ်း၊ ကိုကိုရယ်ပေါ့၊ ခင်လေးမှာ ကိုကိုကလွဲလို့ ဘယ်သူ့အားကိုးရမှာလဲကွယ်၊ ခင်လေးကို သနားပါ ကိုကိုရယ်နော် နော် ရော့ ကိုကို၊ ကြက်သား ရင်ပုံသားလေး စားလိုက်ပါဦး၊ အစပ်တည့်ရဲ့လားဟင်၊ ခင်လေးကိုယ်တိုင်ချက်တာလေ၊ ညနေ စောစောပြန်လာနော် ကိုကို၊ ဟင်းချိုလေးက ချိုကချိုနဲ့၊ သောက်ပါဦး ကိုကိုရဲ့၊ ညနေကျမှ ညဈေးသွားရအောင်ကိုကို၊ နော် နော်၊ ကိုကို လိုချင်တဲ့ လက်ကိုင်ပဝါလေးတစ်ထည်သွားဝယ်ရင်း တစ်လက်စတည်း ခင်လေးအတွက်ပါ လုံချည် တစ်ထည်လောက် ဝယ်ရအောင်လေ၊ နော် နော်၊ ပေး ပေး ကိုကို၊ ခင်လေး အရိုးထွင်ပေးမယ်လို့ဆိုရင်၊ ကဲ ကဲ အဲဒီလိုဆိုရင် ယောကျ်ားဆိုတဲ့ နွားပြာကြီးတွေမှာ အောက်သွားတောင် ရှိတော့မှာမဟုတ်တော့ဘူး၊ ကောင်းဗျား ကောင်းဗျားဟု ဆိုမည်ကို တွဲ အသင်သည် ဂနာဟိ မှတ်လေလော့"

မျက်နှာနေ မျက်နှာထား၊ အသံနေ အသံထား အမျိုးမျိုးနှင့်

www.burmeseclassic.com

www.burmeseclassic.com



ကွက်စိပ်ဆရာလိုပြောသော နွယ်နွယ့်ကိုကြည့်ကာ မော်တို့တစ်တန်းလုံး အုန်းအုန်းကျွက်ကျွက် ရယ်မောမိကြသည်။ သို့သော် ကာယကံရှင် နွယ်နွယ်သည် တစ်စက်ကလေးမှမရယ်ဘဲ မင်သေလှလေသည်။ ရှု တည်တည် မျက်နှာထားနှင့် ဆက်ပြီးဟောသည်။

"ဒီတော့ ဒကာမလေးတို့က ရှေ့ရေးကိုတွေးပြီး ရင်လေးစရာ မလိုပါဘူး၊ ငါကိုယ်တော် သခင်၊ ဂေါ်ရေးငင်ပြီး စင်ပေါ်က ဟောကြား တော်မူလိုက်မယ်၊ ကဲ ကဲ မှတ်စုစာအုပ်တွေထုတ်၊ လိုက်မှတ်ကြ"

"မှန်ပါ့"

"လင်ယောကျ်ားအပေါ်မှာ မာနထားပြီးတော့လည်း မကြွားနဲ့"

"ကောင်းလှပါပြီ ဘုရား"

"စီးပိုးပြီးတော့လည်း မ မ အဲ အဲ မဆိုး၊ အဲ မဆိုးပါနဲ့ ချစ် ဒကာမလေးတို့"

"တော်ပါသေးရဲ့"

"အစားတွေ ဖိးနေအောင် စားပြီးတော့၊ အဲ ဖိးနေအောင် စားပြီး တော့ အယ် အယ်"

ရုတ်တရက် ကာရန်ရှာမရဘဲ တစ်နေသော နွယ်နွယ့်ကိုကြည့် ကာ တစ်တန်းလုံး အူတက်ပြီး သေရတော့မည်ထင်သည်။ ထိုစဉ် သူ သည် မျက်လုံးပြူးမျက်ဆန်ပြူးနှင့် အခန်းဝသို့လက်ညှိုးထိုးသည်။ ထို နောက် ရုတ်တရက် ထိုင်ချလိုက်လေသည်။ ရှာ၍မရသော ကာရန်ကို သူချက်ချင်းလက်ငင်းရှာ၍ရသွားဟန်တူသည်။ ဆီးရွက်ခန့်သာရှိ သော မျက်နှာလေးနှင့် တိုးတိုးလေး ဆက်ရွတ်လိုက်သည်။

"အယ် အယ် ဆရာမကြီး"

အခန်းဝတွင် မားမားကြီးရပ်နေသော ဆရာမကြီးကို တွေ့ရ သည်။ မော်တို့တစ်တန်းလုံး မီးပုံကို ရေနှင့်လောင်းချလိုက်သလို ရုတ်

www.burmeseclassic.com

www.burmeseclassic.com



ခြည်း ငြိမ်ပြီး တိတ်သွားသည်။ သူခိုးလူမိသောမျက်နှာလေးများနှင့် ဆရာမကြီးကို ပြူးတိပြူးကြောင် လှမ်းကြည့်မိသည်။

"ဟင် ကြီးငွေ"

ဆရာမကြီးနောက်မှ ကပ်၍ပါလာသူကို တွေ့သောအခါ မော်သည် အလန့်တကြားဖြစ်သွားသည်။ ခပ်အုပ်အုပ်ကလေးအော်၍ခေါ်လိုက်မိလေသည်။

"မော် သမီး"

ကြီးကြီးငွေသည် မော့်ကို ငိုသံပါကြီးနှင့် လှမ်းခေါ်လေသည်။ မော့်ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားသည်။ နေရာမှ ဝုန်းခနဲ ထရပ်လိုက်မိသည်။ ငိုထားသလို မျက်ခွံများဖောင်းမို့နီရဲနေသော ကြီးငွေကို မျက်လုံးဝိုင်းလေးနှင့် ကြည့်နေသည်။

"မော့်ဖေဖေ မူးလဲလို့တဲ့၊ အဲဒါ မော့်ကိုလာခေါ်တာ၊ မော်ပြန်လိုက်သွား"

ကြီးကြီးငွေက တံတွေး တနင်နင် ဖြစ်နေသောကြောင့် ဆရာမကြီးက ရှင်းပြလေသည်။ ဆရာမကြီး၏အသံသည် မော့်ရင်ထဲတွင် ပဲ့တင်အခါခါထပ်ကာ ဆူညံစွာ မြည်ဟည်းသွားသည်။ ဖေဖေမူးလဲရုံနှင့်တော့ ကြီးငွေသည်လောက်ကြွေပျက်မည် မဟုတ်ဟု ရှေ့ဆက်၍ တွေးမိသောအခါ မော့်ဦးနှောက်တို့သည် ချာချာလည်သွားသည်ထင်သည်။

ကြီးကြီးငွေသည် အေးစက်တုန်ယင်နေသော လက်ချောင်းများနှင့် မော့်ပခုံးနှစ်ဖက်ကို သိုင်းဖက်လိုက်သောအခါ မော်သည် ဝိုင်းဝိုင်းလည်နေသော မျက်လုံးလေးအစုံနှင့် ကြီးကြီးငွေအား မော့်ကြည့်လိုက်သည်။

"ကြီးငွေ ဖေဖေ မသေဘူးနော်"

ငြိမ်သက် တိတ်ဆိတ်နေသော အခန်းထဲတွင် မော့်အသံက

www.burmeseclassic.com

www.burmeseclassic.com



ကျယ်လောင်စွာ ပွဲတင်ထပ်သွားသည်။ ကြီးကြီးငွေသည် မော့်မျက်လုံးလေးများကို ရင်ဆိုင်မကြည့်ချေ။ မော့်အမေးကိုလည်း မဖြေချေ။ မကြားချင်ဟန်ဆောင်ရင်း ကုလားထိုင်ကျောမှီတွင် ချိတ်ဆွဲထားသော မော်၏ကျောင်းလွယ်အိတ်ကလေးကို လှမ်း၍ဆွဲယူသည်။

ကြီးကြီးငွေကို အသေအချာ စူးစိုက်အကဲခတ်နေသော မော်၏မျက်နှာလေးသည် ချက်ချင်းဖြူဆုတ်သွားသည်။ တစ်ကိုယ်လုံး အေးစက်ကာ တဆတ်ဆတ် တုန်ယင်လာသည်။ ထို့နောက် လုပ်မိလုပ်ရာ လွယ်အိတ်ပြာပြာလေးကို တအားဆွဲဖက်ပြီး တင်းတင်းကြီး ဆုပ်ကိုင်ထားလိုက်မိလေသည်။

"ကြီးငွေ မော့်ကိုကြည့်စမ်းပါ၊ တည့်တည့် စိုက်ကြည့်စမ်းပါ၊ ဖေဖေမသေဘူးလို့ ပြောစမ်းပါ၊ ဘာမှမဖြစ်ဘူးလို့ ပြောစမ်းပါ ကြီးငွေရဲ့၊ မော့်ကိုကြည့်ပြီး ပြောစမ်းပါ"

"မသေပါဘူး ကလေးရယ်၊ မသေပါဘူး"

ကြီးကြီးငွေသည် မော့်အကြိုက်လိုက်ကာ အက်ကွဲဆို့နင့်သော အသံကြီးနှင့်ပြောရင်း မျက်ရည်များ စီးကျလာသည်။ ကြီးငွေ၏မျက်ရည်များထဲတွင် အမှန်တရားကို သိမြင်လိုက်ရသဖြင့် မော်သည် မိုက်ခနဲဖြစ်သွားသည်။ လက်ထဲတွင် တင်းတင်း ဆုပ်ကိုင်ထားသော လွယ်အိတ်ကလေးသည် ဝုန်းခနဲ လွတ်ကျသွားလေသည်။

ဦးစောက်ကျွမ်းပြန်ကျသွားသော လွယ်အိတ်ထဲမှမှတ်စုစာအုပ်ကလေးများသည် ထွက်ကျကုန်သည်။ ကွန်ပါဘူးစိမ်းလေးသည်လည်း ဖြန်းခနဲ ပွင့်ထွက်သွားသည်။ ပေတံ၊ ခဲဖျက်၊ ဖောင်တိန်နီနီလေးနှင့် နှစ်ဖက်ချွန်ကလေးများသည် ကြမ်းခင်းပေါ်တွင် ကစဉ့်ကလျား ကျဲပြန့်ကုန်သည်။

တစ်ချိန်လုံး မှင်တက်မိသလို ငြိမ်နေသော နွယ်နွယ်သည် ထို

www.burmeseclassic.com

www.burmeseclassic.com



အခါကျမှ သတိဝင်လာကာ မော့်ပစ္စည်းများကို အပြေးအလွှား လိုက်ကောက်သည်။ ရစ်ဝဲလာသောမျက်ရည်များကို မျက်တောင် တဖျပ်ဖျပ်ခတ်ကာ ထိန်းရင်း လွယ်အိတ်ထဲသို့ စနစ်တကျ ပြန်ထည့်ပေးသည်။

သူ့ကို မျက်ရည်အဝိုင်းသားနှင့်ကြည့်နေကြသော သူငယ်ချင်းများ၏ မျက်လုံးနက်နက်ကလေးများကို ငေးကြောင်ကြောင်လေး ပြန်ကြည့်နေသော မော်သည် ကျောက်ဖြူသားကိုထုထားသော ကျောက်ဆစ်ရုပ်ကလေးလို အေးစက်ငြိမ်သက်နေသည်။

*

www.burmeseclassic.com

www.burmeseclassic.com



"ဟောဗျာ ငကျော်ရေ"

တင်မောင်ကျော်သည် အစ်ကိုမောင့်အသံ ကြားသော်လည်း မထူးပေ။ အိပ်ချင်မပြေသေးသောကြောင့် အင်းခနဲ အပျင်းဆန့်ကာ ဆက်ပြီး အိပ်ချင်ဟန်ဆောင်နေသည်။

"ငကျော် ဟေ့ ငကျော်၊ ဦးချမ်းသာ ဆုံးပြီတဲ့ကွ"

"ဘာ"

သူသည် ရုတ်တရက် မျက်လုံးကျယ်သွားသည်။

"ဖိုးဇော်လေးအဖေ ဆုံးပြီကွ၊ ဒီမှာ သတင်းစာထဲမှာ နာရေးပါလာတယ်"

အိပ်ရာထဲမှ ခွခေါင်းအုံးကြီးကို ကန်ချလိုက်ပြီး သူသည် လူးလဲထလိုက်သည်။ ပြူးတူးပြဲတဲ ပြောနေသော အစ်ကိုမောင်၏ လက်ထဲမှ သတင်းစာကို လှမ်းဆွဲသည်။

နံနက်ခင်း၏ နွေးထွေးသော နေရောင်ခြည်သည် ပြတင်းပေါက်ကို ဖြတ်သန်းကာ အိပ်ရာထဲအထိ ဝင်ရောက်လာသည်။ ပေါင်

www.burmeseclassic.com

www.burmeseclassic.com



အမည်း ခတ်ထား၍ ထင်းနေသော ကြော်ငြာကလေးကို နေရောင်ခြည်စူးစူးတွင် မျက်မှောင်ကြုတ်၍ ဖတ်နေသော တင်မောင်ကျော်၏သေးတွင် အစ်ကို မောင်က ဝင်ထိုင်သည်။

"သူတို့မောင်နှမတော့ ဒုက္ခပဲ"

အစ်ကိုမောင်က စိုးရိမ်ပူပန်စွာ ပြောမိသည်။ ဦးချမ်းသာသည် လောဘပင်လယ်ထဲတွင် ကူးရင်းခပ်ရင်း ဖြုန်းခနဲစုပ်စုပ်မြုပ်သွားပြီ ဖြစ်သည်။ ဥမမည် စာမမြောက်သေးသော ကလေးသာသာ ဇော်တို့ မောင်နှမနှင့် သူတို့၏မိထွေးမိန်းမချောလေးတို့သည် ပစ္စည်းပုံပေါ်တွင် အမြိန့်သား ကျန်ရစ်ခဲ့ကြပေပြီ။ သူတို့၏မိထွေးကို အစ်ကိုမောင် တစ်ခါမျှ မမြင်ဖူး မတွေ့ဖူးသော်လည်း ထင်သလောက်မဆိုးပါဟု ဇော်က ပြောသည်။ သူတို့၏ မိထွေးကောင်းမှုနှင့် ကိုယ်ပိုင်ငွေ ကိုင်ခွင့်ရခဲ့သည်ကိုရော ဆံပင်ရှည်ထားခွင့်ရခဲ့သည်ကိုရော ဇော်က အကုန်အစင် ပြန်ပြီး ဖောက်သည်ချခဲ့သည်။

"သူတို့မိထွေးကို မင်းသိသလား ငကျော်"

"ဘာဖြစ်လို့"

"သြော် သိသလားလို့ပါ၊ တက္ကသိုလ်က ထွက်တာပဲဆို၊ ငါက တော့ ခပ်တုံးတုံးကောင်၊ တစ်တန်းတည်းသားတောင် သိတာမဟုတ် ဘူး၊ ဒါကြောင့် မေးကြည့်တာ"

"သိသားပဲ"

"သဘောကောင်းရဲ့လားဟင်"

"မဆိုးပါဘူး"

တင်မောင်ကျော်က အစ်ကိုမောင့်ကို မသိမသာ အကဲခတ်ရင်း လေသံအေးအေးနှင့်ဖြေသည်။ အစ်ကိုမောင်၏မျက်လုံးတွင် သံသယ အရိပ်အယောင်များကို လုံးဝမတွေ့ရပေ။

www.burmeseclassic.com

www.burmeseclassic.com



အားမနာတမ်း အမှန်ပြောရလျှင် အစ်ကိုမောင်သည် အတော်လေး အ သော လူအ ဖြစ်လေသည်။ သူ့ညီမွေ သည်ရှုပ်သည်ကို သိသင့်သလောက်သိသော်လည်း တင်မောင်ကျော်တစ်ခါလိုမ့်လျှင် တလိမ့်တလိမ့်နှင့် လိမ့်သွားတတ်သူဖြစ်သည်။ ညီကို မယုံသော်လည်း အလွန်ချစ်သည်။ နှင်းနှင့်ဖြစ်စဉ်ကမူ အစ်ကိုမောင် လုံးဝမသိလိုက်ပေ။ မသိလိုက်နိုင်အောင်လည်း သူ့ခများဘောက်ထော်ခြံလေးဝယ်နိုင်ရေးအတွက် လုံးပန်းနေသော အချိန်ဖြစ်သည်။ တင်မောင်ကျော်ကိုယ်တိုင်လည်း နှုတ်လုံသည်။ တစ်နှစ်လျှင် ရည်းစားလေးငါးယောက် ထားချင်ထားသည် ကွဲချင်ကွဲမည်။ သူနှင့်ကွဲသွားသော မိန်းကလေးများ အကြောင်းကို မည်သည့်အခါမျှ သားပုပ်လေလွင့် မပြောပေ။ ‘ငါနဲ့ ဖြစ်ခဲ့တာကွ’ဟူ၍ အသားယူကာ ပြောလေ့မရှိပေ။

အစ်ကိုမောင်နှင့်သူသည် အသက်အားဖြင့် တစ်နှစ်ခွဲသာကွာသော်လည်း အစ်ကိုမောင်သည် အစစအရာရာ ဖခင်သဖွယ် သူ့ကိုပြုစုစောင့်ရှောက်ရရှာသည်။ အရွယ်နှင့်မလိုက်အောင် လူကြီးလုပ်ကာ ကိုယ့်တာဝန် ကိုယ်ထမ်းရုံမက ညီဖြစ်သူ၏ တာဝန်ကိုပါ မနိုင်မနင်းထမ်းရှာသည်။ ထို့ကြောင့်လည်း တင်မောင်ကျော်သည် မေတ္တာကိုယုံစားကာ အစ်ကိုမောင့်အပေါ် ဆိုးချင်သည်။ အစ်ကိုမောင်ကို လုံးဝမကြောက်သော်လည်း၊ မရိုသေသော်လည်း ချစ်တော့ အလွန်ချစ်သည်။ ညီအစ်ကိုနှစ်ယောက်တည်း ကိုယ့်အား ကိုယ်ကိုးပြီး ကိုယ်ထူးကိုယ်ချွန်ခဲ့ကြရခြင်း ဖြစ်သဖြင့် သာမန် ညီအစ်ကိုများချစ်သည်ထက် ပို၍ ချစ်ကာ ပို၍သံယောဇဉ်ကြီးလေသည်။ အစ်ကိုမောင်က ညီအစ်ကို နှစ်ယောက် ကိုယ့်ခြံကိုယ်စိုက်ကာ ကိုယ့်ထမင်း ကိုယ်ချက်စားနေရသည်ကိုပင် ကျေနပ်နေသည်။ တစ်ခါတစ်ရံ လသာသောညများတွင် ‘ဟေ့ငကျော်၊ မင်းကောင်မလေးတွေအကြောင်း ပြောစမ်းပါကွ’ဟု အပျင်းပြေ

www.burmeseclassic.com

www.burmeseclassic.com



ပြောခိုင်းတတ်သည်။ တင်မောင်ကျော်က ရယ်ကာမောကာနှင့် ထိမ်သင့်သည်ကိုထိမ်၊ ချန်သင့်သည်ကိုချန်ကာ ပြောပြသည်။ တင်မောင်ကျော်ကိုယ်တိုင်ပြောလေတော့ တင်မောင်ကျော်ဆိုးသည့်အကြောင်းများတော့ ပါမည်မဟုတ်သည်ကို စဉ်းစားဉာဏ်ရှိသူတိုင်း သိမည်ဖြစ်ပါသည်။ အခြားသူများကြားလျှင် ယုံချင်မှယုံမည် ဖြစ်သော်လည်း အစ်ကို မောင်ကတော့ တစ်ခါတစ်ရံ မျက်မှောင်ကုတ်ကာ တစ်ခါတစ်ရံ ပြုံးနေတတ်သည်။ ယုံလား မယုံလားတော့ မသိရပေ။

"သူတို့မောင်နှမရဲ့ ကုသိုလ်ကတော့ တစ်မျိုးပဲကွ"

"အင်း သူတို့မိထွေးရဲ့ ကုသိုလ်ကလည်း တစ်မျိုးပဲ"

သူတို့နှစ်ဦးသား ငြိမ်ကာ အတွေးလွန်နေကြပြန်သည်။ တင်မောင်ကျော်သည် တွေးရင်းမှ ဖိုးဇော်၏ညီမ စာခြောက်ရုပ်ကလေးကိုပါ သတိရသည်။ 'ခုအချိန်လောက်ဆို နှင်းဆီနဲ့ စာခြောက်ရုပ်ကလေး တစ်ယောက်ကိုတစ်ယောက်ဖက်ပြီးတော့များ ငိုနေကြမလား မသိဘူး' ဟု တွေးနေမိသည်။

"ဟော ဘာနဲ့လဲ၊ ဟာ ဟာ ထမင်းအိုး တူးပြီကွ"

အစ်ကိုမောင် ထပြေးသောအခါ တင်မောင်ကျော်သည် အိပ်ရာထဲတွင်ပင် ဖင်ထောင်ရင်း နာရေးသတင်းကို ပြန်ဖတ်မိပြန်သည်။

"အင်း နှင်းဆီလေးတော့ မုဆိုးမဖြစ်သွားပြီပေါ့"

သူက ကရုဏာသံနှင့် ရေရွတ်လိုက်သည်။ နှင်းဆီကမူ သူ့ကို နှလုံးသားမရှိတဲ့ လူစားဟု ပြောခဲ့သည်။ နှင်းဆီသာမဟုတ်၊ မိန်းကလေး အတော်များများက ပြောခဲ့လေသည်။

"ထမင်းတော့ ထမနဲဖြစ်သွားပြီကွ၊ ပျော့ပြဲနေတာပဲ၊ ဒီမနက်တော့ ဆန်ပြုတ်ပဲသောက်စို့"

"သောက်တာပေါ့ အစ်ကိုရာ"

www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုမောင်က မီးဖိုထဲမှ လှမ်းအော်သည်။ မကြာမီ ငါးခြောက်ဖုတ်နံ့က မွှေးထွက်လာသည်။ သေချာပါပြီ။ သည်မနက်တော့ ဆန်ပြုတ်နှင့်ငါးခြောက်ဖုတ်ကိုနတ်သုဒ္ဒါအမှတ်နှင့်လွေးရပေတော့မည်။

တင်မောင်ကျော်သည် အိပ်ရာထဲတွင် ပြန်လှဲအိပ်ကာ နှင်းဆီအကြောင်းကို ဆက်၍တွေးသည်။ နှင်းက သူ့ကို နှမချင်းမစာတဲ့ လူယုတ်မာဟုလည်း ပြောခဲ့သေးသည်။ သူ့ကိုယ်သူ မကောင်းမှန်း သူသိပါသည်။ ကောင်းသည်ဟု မပြောလိုပါ။ စာစရာ နှမ မရှိသောကြောင့်ပင် နှမချင်း မစာတတ်ခဲ့သည်လားတော့ မသိပါ။ သူသိသည်ကတော့ တစ်ခုတည်းပင်။ သူရည်းစားထားလိုသည်၊ တွဲလိုသည်၊ ပျော်လိုသည်။ သို့သော် မိန်းမတော့ အတည်တကျ မယူချင်သေး။ ဘာ နက္ခတ်နှင့် ဘယ်လို ယှဉ်မွေးသည်လဲတော့ သူ့ကိုယ်သူမသိချေ။ သို့သော် သူသည် မိန်းမနှင့်ပတ်သက်၍ စွံလှသည်ကိုတော့ သူ့ကိုယ်သူ သိသည်။ မိန်းကလေး တစ်ယောက်ကို ချစ်သည်ဟု စပြောလိုက်ပြီး တစ်လပင် မကြာလိုက် သူ့ရည်းစား ဖြစ်လာသည်။ သူနှင့် သွားသည်၊ လာသည်၊ တွဲပျော်ကြသည်။ သူကလည်း ဂရုစိုက်သည်၊ ကြင်နာသည်၊ ယုယသည်၊ ချစ်သည်။ မိန်းကလေးက ကိုယ့်ကိုယ်ကို ထိန်းသိမ်းနိုင်လျှင် ထိန်းသိမ်းပေရော့။ သူကတော့ ထိန်းလိမ့်မည် မဟုတ်။ စည်းစောင့်လိမ့်မည်လည်း မဟုတ်ချေ။ ယုံလို့ပုံလျှင် စုံလုံးကန်းပြီသာမှတ်ပေရော့ဟုတော့ ပြောလိုသည်။ သို့သော် မည်သည့်အခါကမျှ မပြောခဲ့ပေ။ ရသမျှ အခွင့်အရေးကိုတော့ သူက အရယူခဲ့သည်သာ ဖြစ်သည်။ သူက မိန်းကလေးများကို ချစ်ရုံသာ ချစ်သည်။ တွဲရုံသာတွဲလိုသည်။ လက်ထပ်ယူလိုသေးသူ မဟုတ်ချေ။ ထို့ကြောင့် မိန်းကလေးက 'လက်ထပ်ကြပါစို့ကွယ်'ဟု ပြောသည်ဆိုပါစို့။ တစ်လမကြာမီ သူနှင့်ကွဲတော့သည်။ ထိုသည်က တင်မောင်ကျော်၏ ဇာတ်လမ်းအကျဉ်းချုပ်များ ဖြစ်လေသည်။ မိန်း

www.burmeseclassic.com

www.burmeseclassic.com



ကလေးများကို သူသနားပါသည်။ ချစ်လည်းချစ်ပါသည်။ သို့သော် ထိုသနားစိတ်နှင့် ချစ်စိတ်တို့သည် လက်ထပ်ယူသည့်အထိ ရောက်မလာပေ။ ကြားကာလတွင် ရပ်တန့်သွားလေသည်။

"ဖိုးဇော်တော့ သိပ်အားငယ်နေရှာမှာပဲကွ"

အစ်ကိုမောင်သည် မီးဖိုချောင်မှ ပြန်ထွက်လာသည်။ လက်ထဲတွင် ရေပန်းကရားနှင့် ရေပုံးပါလာသည်။

"ဟော့ကောင် ငကျော် ထတော့လေကွာ၊ မင်းကလည်း လွန်တာပေါ့၊ အပျင်းအိုးလေး"

ဖင်ထောင်အိပ်နေသော တင်မောင်ကျော်၏ တင်ပါးကို ရေပန်း ကရားနှုတ်သီးနှင့်ထိုးသည်။

"နေ့ခင်းကျရင် အပင်တွေ အားလုံးပေါင်းသင်ပေးပါ့မယ် အစ်ကိုမောင်ရ၊ အခုတော့ ခဏနေပါဦး"

"ထကွာ ထကွာ မင်းလွန်ပြီ၊ ရှစ်နာရီကျော်နေပြီကွ၊ ခြံသမား တဲ့၊ ဒါလားကွ ခြံသမား"

အစ်ကိုမောင်က မကျေမချမ်းပြောကာ အိပ်ရာပေါ်မှ အတင်းဆွဲ ထူသည်။ တင်မောင်ကျော်သည် တဟားဟားရယ်မောရင်း ခုတင်ပေါ်ကို လက်နှစ်ဖက်နှင့်ကုပ်ဆွဲကာ ပေအိပ်နေလေသည်။

"အကြောင်းမလှသေးလို့ခြံသမားခဏလုပ်နေရတာပါ အစ်ကိုရ၊ တင်မောင်ကျော်တို့က သူဌေးဇာတာ"

"အောင်မယ်"

"တစ်ဖက်ကို နတ်သမီး လေးငါးရာနဲ့ စံစားရမယ့် သိကြားမင်း ဇာတာ"

"ကဲ သိကြားမင်းကြီး ထတော်မူပါဘုရား"

အစ်ကိုမောင်သည် တင်မောင်ကျော်အား ခုတင်ပေါ်မှ တအား

www.burmeseclassic.com

www.burmeseclassic.com



တွန်းချလိုက်သည်။ ခုတင်အောက်သို့ ဝုန်းခနဲ ခွေးကျကျသော်လည်း တင်မောင်ကျော်က မလျှော့ချေ။ ဖင်ညောင့်ရိုး အောင့်သွားသည်ကိုပင် မပွတ်အားဘဲ နေရာတွင် ခွေခွေလေးအိပ်ကာ ဆက်ပြောသည်။

"ဟဲ့ သုဇာတာတို့၊ သုနန္ဒာတို့ ဘယ်ရောက်ကုန်ကြလဲ၊ မင်းတို့မောင်ကြီးကို ဘဝဟောင်းက ရန်သူက အငြိုးနဲ့နှိပ်စက်လို့ ဖင်ညောင့်ရိုး အောင့်သွားတယ်၊ ဘိပီအိုင်ကို မြန်မြန်ပြေးပြီး ဘိပီဘမ်း ဝယ်ချေစမ်း"

"ငကျော်နော် ငကျော်"

အစ်ကိုမောင်သည် ရယ်သံနှင့် ကြိမ်းလိုက်သည်။

"ဘာပြောတယ် သုဇာတာ၊ ဩော် ဆေးဆိုတာ ဝယ်ချင်တိုင်း ဝယ်လို့မရဘူး ဟုတ်လား၊ ကဲ ဒီလိုဆို ရပ်ကွက်ထောက်ခံစာတောင်းကွယ်၊ လူနာပြရမယ်ဆိုလည်း ထမ်းစင်ပြင်လေကွယ်"

"တယ် ဒီကောင် ငကျော်ဟာလေ"

အစ်ကိုမောင်သည် ပေတေတေအိပ်နေသော တင်မောင်ကျော်အား ခြေနှင့်ကန်မည်ပြုသည်။ သည်လိုဆိုတော့လည်း တင်မောင်ကျော်တို့က လုစ်နေအောင်ပါးလေသည်။ နေရာမှ လိမ့်ရှောင်လိုက်ကာ လူးလဲထလိုက်သည်။ အစ်ကိုမောင် ချထားသော ရေပန်းကရားကိုဆွဲကာ ခြံထဲသို့ တစ်ချိုးတည်း ပြေးဆင်းသွားသည်။

"ဟေ့ကောင် မင်း မျက်နှာမသစ်ရသေးဘူး မဟုတ်လား"

"အပင်တွေ ရေလောင်းရင်း သစ်မယ်ကွ"

ခြံထဲမှ ပြန်အော်လိုက်သော အသံကို နားထောင်ရင်း အစ်ကိုမောင်သည် ပြုံးရယ်လိုက်မိသည်။ ဖြစ်သလို ဆွဲတင်ထားသော ခြင်ထောင်ကို သပ်သပ်ရပ်ရပ် တင်လိုက်ကာ စောင်များကို ခေါက်လိုက်သည်။ အနီရောင် ခြည်စောင်ပါးလေးကို အိပ်ရာဖုံးအဖြစ် ဖုံးလိုက်သော အခါ တင်မောင်ကျော်၏ အိပ်ရာသည်အသင့်အတင့်သပ်ရပ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ငကျော်၊ နေ့ခင်းကျရင် ဖိုးဇော်တို့အိမ် ခဏတစ်ဖြုတ် လောက်သွားရအောင်၊ လိုက်မလား"

အစ်ကိုမောင်က လှမ်းအော်မေးသော်လည်း ဖြေသံမကြားရပေ။

"အင်း ချာတိတ်တွေတော့ ဘယ်လောက်အားငယ်နေမလဲ မသိဘူး"

အစ်ကိုမောင်က တစ်ဦးတည်း စိတ်ထဲမှ ပြောလိုက်မိသည်။ သူ့အဖေ မိန်းမယူစဉ်က 'ဒုက္ခတွေများနေလို့'ဟု ဖိုးဇော်ကလေး ပြောဖူးသည်ကို သတိရသည်။ ဒုက္ခဟူသည်မှာ ဘယ်တော့မှ တစ်ဦးတည်း မလာဘဲ အသိုင်းအဝိုင်းနှင့်လာတတ်သည်ဟု ဆိုသည်ကို ယုံရတော့မည် ထင်သည်။ သူတို့ကိုယ်တိုင်လည်း ငယ်ရွယ်စဉ်ကတည်းက ဇော်တို့လို ပင် အမေနှင့်ရော အဖေနှင့်ပါ မရေးမနှောင်း ခွဲခွာခဲ့ရသူများဖြစ်၍ ထို အပူ ထိုသောကကို ကိုယ်ချင်းစာမိသည်။ ဖခင်ဆီက နွေးထွေးသော မေတ္တာကို တိုက်ရိုက် မခံစားရသော်ငြားလည်း ဖခင်၏မေတ္တာက သူတို့ နှစ်ဦးပေါ် လွှမ်းခြုံထားပြီး လုံနေသည်ကို အစ်ကိုမောင်သိခဲ့သည်။ ဇော့် ကိုလည်း ရှင်းလင်းပြခဲ့သည်။ ဇော်ကဘာမှပြန်မပြောသော်လည်း သိပ် လက်ခံချင်ပုံမရပေ။ ခုတော့မှ သင်းကလေး သိမည်။ ညောင်ပင်ကြီး ပြိုလဲမှ ညောင်ရိပ်အေးအေး၏တန်ဖိုးကို ပိုမိုသိတတ်သည်က လူများ၏ သဘာဝသာ ဖြစ်ပေသည်။

*

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုမောင်ပြောတာ ဟုတ်တယ်ဗျ၊ ဖေဖေသေမှ ဖေဖေ့ မေတ္တာရိပ်ဟာ ဘယ်လောက် အေးမြတယ်ဆိုတာ နားလည်တယ်"

ဇော်က အသံတုန်တုန်လေးနှင့် ပြောလေသည်။

"အလိုလိုကို နေရာတကာမှာ ဟာသွားတာပဲ"

"ဒီလိုပေါ့ ငါ့ညီရာ၊ ဒါတွေဟာ ဒုက္ခပေါ့၊ လောကဓံပေါ့၊ ဒီဒုက္ခ တွေ၊ လောကဓံတွေက လူရဲ့အရည်အသွေးကို တောက်ပြောင်စေတာပဲ၊ ထက်မြက်စေတာပဲ"

ညှော့ခန်းတွင် သတင်းမေးသူ ညှော့သည်များနှင့် ရှုပ်ယှက်ခတ်နေသည်။ လူသိများသူပုဂ္ဂိုလ်ဖြစ်၍လည်း ညှော့သည်များသည် တစ်ဦးဝင် တစ်ဦးထွက် ဖြစ်နေသည်။ အစ်ကိုမောင့်ကိုမူ ဇော်က သူ့အခန်းတွင်းသို့ခေါ်လာခဲ့သည်။

"ဖေဖေ ဒီလောက်ကျန်းမာတာ ခုလို ဖြုန်းစားကြီး သေမယ်လို့ ဘယ်သူထင်မလဲဗျာ"

"မင်း တော်တယ် ဇော်၊ ငါက မင်း ငိုနေလိမ့်မယ်အောက်မေ့တာ၊ ခုတော့ မင်းစိတ်ကို မင်းနိုင်သားပဲ"

www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုမောင်ပြောသောအခါ ဇော်သည် မရှိပြုံးလေးပြုံးလိုက်ရင်း ရုတ်တရက် မျက်ရည်ရစ်ဝဲလာသည်။

"အစ်ကိုမောင်ရယ် ကြားခါစက ကျွန်တော်မယုံဘူး၊ နောက်ပြီး လူကဟုန်ပြီး နားတွေကိုအူသွားတာပဲ၊ ဖေဖေ့ကို တွေ့တော့ ငိုတာပဲ၊ ဘယ်လိုမှ ထိန်းမရဘူး၊ ဒါပေမယ့် မိမော်လေးရှိသေးတယ်၊ ကျွန်တော်ငိုနေရင်သူကပိုငိုတော့မှာပေါ့၊ နောက်ဆုံးတော့ ကြီးတော်ကလည်း ကျွန်တော်တို့လိုပါပဲ၊ သူ့မလည်း အားကိုးအားထား တောင်ကြီးပြိုသွားတာမဟုတ်လား၊ ခုတော့ ကျွန်တော် ကိုယ့်စိတ်ကိုယ်ထိန်းနိုင်ပါတယ်၊ ဒီအိမ်မှာ ယောကျ်ားရယ်လို့ကျွန်တော်တစ်ယောက်တည်းကျန်တာ၊ ကျွန်တော်ကစပြီး ငိုနေလို့ အားငယ်နေလို့ ဘယ်ဖြစ်မလဲ၊ ဒါပေမယ့် ကျွန်တော်ကလေးလုပ်နေတဲ့အချိန်တွေက များသွားတယ်၊ အခု လူကြီး လုပ်မယ်ဆိုတော့ ဘယ်လိုလုပ်ရမှန်း မသိဘူး၊ ဘယ်ကစရမယ်မသိဘူး အစ်ကိုမောင်ရယ်၊ ဖေဖေက ကျွန်တော့်ကို လုံးဝ ကလေးလို ထားခဲ့တာကိုး"

ဇော်သည် နေ့ချင်းညချင်းပင် ပြောင်းလဲသွားဟန် ရှိသည်။ ကျရောက်လာသမျှ တာဝန်ကို နိုင်အောင်ထမ်းမည်ဟူသော ဆုံးဖြတ်ချက်နှင့် မျက်နှာလေးတင်းကာ မာနေသည်။

အစ်ကိုမောင်သည် ဇော့်ပခုံးလေးနှစ်ဖက်ကို တင်းတင်းဆုပ်ကိုင်ကာ ညှစ်လိုက်သည်။ ဇော်သည် နတ်ရေကန်ထဲသို့ ချစိမ်လိုက်သလို ရုတ်ခြည်းလူကြီးဖြစ်ပြီး ရင့်ကျက်သွားသည်ကို အစ်ကိုမောင်သိလိုက်သည်။ သူ့အဖေက သူ့ကို ကလေးလို ထားခဲ့သော်လည်း ဘဝက သူ့ကို လူကြီးဖြစ်အောင် သင်ပေးသွားမည်ဖြစ်သည်။

"ငကျော်တောင် လိုက်လာဦးမလို့ကွ၊ နောက်တော့မှ အလုပ်ရှိသေးတယ်ဆိုပြီး နေခဲ့တယ်"

"ရပါတယ် အစ်ကိုရာ၊ အလုပ်အပျက်မခံပါနဲ့၊ သေတဲ့လူက သေပြီပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဇော်က လူကြီးဆန်စွာ ပြောသည်။

ဇော့်အိပ်ရာပေါ်တွင် ခင်းထားသော ချည်ဇာပေါက်အိပ်ရာခင်းကြီးသည် ကြမ်းပြင်နှင့် ထိလုနီးထိ ဖားဝေကျနေသည်။ ရွှေရောင်ကွင်းကလေးများစွပ်ကာ ခေါင်းရင်းဘက်တွင် ဆွဲချည်ထားသော ဇာခြင်ထောင် အဝါဖျော့ဖျော့လေးကမူ လေပြည်အေးတွင် တလွန့်လွန့်ဖြစ်နေသည်။ မွှေးရာသည် ထိုင်ချလိုက်လျှင် ခါးထိမြုပ်ဝင်သွားမည့် ရေမြှုပ်မွေ့ရာထူထူကြီးဖြစ်ကြောင်း အစ်ကိုမောင် သိသည်။ အသက်ဆယ့်ခြောက်နှစ် ပြည့်ပြီးသည်ထိပင် ငွေငါးကျပ်ပြည့်ပြည့်ကိုင်မသုံးဖူးသောဇော့်အခန်းကိုတစ်ချက်ကြည့်လိုက်ရုံနှင့် သူတို့၏လူနေမှုအဆင့်အတန်းကို သိရသည်။ သူတို့အဖေသည် သူ၏မေတ္တာကို ထိုနည်းနှင့် ပြသခဲ့ဟန်တူလေသည်။

"ဇော်"

တိုးညင်းသော အသံလေးကို ကြားရသည်။ အစ်ကိုမောင်သည် ငေးနေရာမှ အခန်းဝသို့ မော်ကြည့်လိုက်သည်။

အင်္ကျီအနက်ကို ဝတ်ထားသောကြောင့်လားတော့ မသိ။ သူ့အသားလေးများသည် ဝင်းပြီး အိနေသည်။ နောက်တွဲဆံထုံးလေးကို ရိုးရိုးလေးထုံးထားသည်။ ဝမ်းပန်းတနည်းငိုကြွေးထားဟန် တူသည်။ မျက်ခွံလေးများသည် နီမို့ပြီး ဖောင်းအစ်နေသည်။

"အပြင်မှာ ဇော့်သူငယ်ချင်းတွေ ရောက်နေတယ်"

သူက ခပ်တိုးတိုးပြောသည်။

"အဲဒါ ကျွန်တော်ပြောတဲ့ အစ်ကိုမောင်လေ၊ အစ်ကိုမောင်အဲဒါက ဖေဖေ့ရဲ့နှင်း"

ဇော်က မိတ်ဆက်ပေးသည်။ နှင်း၏မျက်လုံးလေးများသည် ရုတ်တရက်ကျဉ်းသွားပြီး အစ်ကိုမောင့်ကိုဖျတ်ခနဲလှမ်းကြည့်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုမောင်ဟူသည်မှာ တင်မောင်ကျော်၏အစ်ကိုဖြစ်ကြောင်း နှင်းသိထားပြီးဖြစ်သည်။

"အစ်ကို ခဏနေဦးနော်၊ ကျွန်တော်သွားလိုက်ဦးမယ်"

ဇော်ထွက်သွားသောအခါမှ အစ်ကိုမောင်သည် နှင်းကိုယောင်ကန်းကန်းနှင့်ပြုံးပြလေသည်။ သူ့ အစ်ကိုကို သည်လိုပုံစံဟု နှင်းမထင်မှတ်ခဲ့မိပေ။ သူ့လိုပင် စွဲလမ်းဖွယ်၊ နှစ်လိုဖွယ်ကောင်းပြီး အိပ်မက်ထဲအလည်လာလေ့ရှိမည့် ရုပ်ရည်မျိုးပင်ရှိမည်ဟု ထင်မှတ်ခဲ့သည်။

"ဇော်နဲ့ ကျွန်တော်နဲ့ကတော့ ခင်နေတာ ကြာလှပါပြီ"

"ဟုတ်ကဲ့"

"ဒီသတင်းကြားတော့ စိတ်မကောင်းလိုက်တာဗျာ၊ ကာယကံရှင်တွေကို ကိုယ်ချင်းစာပါတယ်"

နှင်းသည် ဘာပြန်ပြောရမည်နည်း စဉ်းစားရင်း ခေါင်းလေးငုံ့ကာ ကြမ်းပြင်ကို စိုက်ကြည့်နေသည်။ သူတို့ညီအစ်ကိုနှစ်ယောက်သည် ရုပ်ရည်ချင်းမတူသော်လည်း အသံတော့ အနည်းငယ်တူသည်။ သူလည်း သူ့အစ်ကိုလိုပင် စကားကို ရင်ထဲမှလာသော အသံနှင့် လှိုက်လှဲစွာ ပြောတတ်လေသည်။ နှင်းသည် သူတို့နှစ်ယောက်အကြောင်းကို အစ်ကိုမောင်ဟူသည့်သူ သိမသိ ငြိမ်သက်စွာရပ်ရင်းစဉ်းစားနေမိသည်။

"ကျွန်တော့်ညီက တင်မောင်ကျော်ပါ၊ သူက နှင်း အဲ နှင်းနဲ့သိတယ်လို့ ပြောပါတယ်"

"ဟုတ်ကဲ့ သိပါတယ်"

နှင်းက ခပ်တိုးတိုးပြောကာ သူ့မျက်ဝန်းများကို ရဲရဲပင် စိုက်ကြည့်လိုက်သည်။ သူ့မျက်လုံးများသည် ရိုးသား သန့်စင်နေသည်။ သရော်လှောင်ပြောင်သော အရိပ်အယောင်နှင့် သံသယအရိပ်အယောင်များကို မတွေ့ရပေ။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ကိုတင်မောင်ကျော်နဲ့ ကျွန်မ သိပါတယ်"

နှင်းသည် ပင့်သက်ရှိုက်ကာ ခပ်တိုးတိုးလေး ထပ်ပြောလိုက်သည်။ ရင်ထဲတွင် မလိုလားသလို မနှစ်မြို့သလို တူးတူး ခါးခါးကြီးလည်း ဖြစ်သွားသည်။ 'ကိုတင်မောင်ကျော်နှင့် ဘုရားကျွန်မ ရေစက်ကုန်ပါရစေတော့ဘုရား'ဟု လက်အုပ်ချီကာ အော်ဟစ် ဆုတောင်းလိုစိတ်က ရင်ထဲတွင် လှုံ့ဝေလာလေသည်။

ရုတ်ခြည်းပင် မျက်ဝန်းများ နီကြင်လာသော နှင်းကို အစ်ကိုမောင်က ငေးကြည့်နေသည်။ ခပ်ပြင်းပြင်းလေး ဖော့ယမ်းတိုက်ခတ်နေသော ပန်ကာလေကြောင့် အနက်ခံပေါ်တွင် အနီရောင် နှင်းဆီခက်ကလေးများ ကျဲကျဲခက်ထားသော လုံချည်ပျော့ပျော့လေးက တဖျပ်ဖျပ်လွင့် နေသည်။

"ကျွန်မ ကျွန်မကို ခွင့်ပြုပါဦး"

"ဩော် ဟုတ်ကဲ့ ဟုတ်ကဲ့"

နှင်းသည် အစ်ကိုမောင်ကို ကျောခိုင်းကာ ဖွဖွလေးလှမ်း၍ ထွက်လာသည်။ သူ့အရိပ်အယောင်များသည် သူ့အစ်ကိုပေါ်တွင်ပင် လွှမ်းနေဟန်ရှိသည်။ သူနှင့်ပတ်သက်သမျှ အကုန်လုံးကို နှင်း မမြင်လို၊ မတွေ့လို၊ မခင်လို၊ မကြင်လိုပေ။

"နှင်း နေကောင်းရဲ့လား"

"ခေါင်းထဲမှာ မူးနောက်နေတာပဲ ကြီးငွေရယ်"

နှင်းသည် ကြီးကြီးငွေ၏လက်နှစ်ဖက်ကို အားကိုးတကြီး ဆုပ်ကိုင်လိုက်ရင်း တိုးညင်းစွာပြောသည်။ ကြီးကြီးငွေသည် နှင်း၏ဖြူရော်ဖျော့တော့နေသော မျက်နှာလေးကိုကြည့်ရင်း သက်ပြင်းကြီးချလိုက်သည်။

နှင်းသည် လင်သေသော မုဆိုးမလေးလို ခံစားရဟန်မတူပေ။

www.burmeseclassic.com

www.burmeseclassic.com



ဖော်တို့ မော်တို့နည်းတူ ဖခင်သေပြီး အားကိုးရာမဲ့သွားသူလို ခံစားနေရဟန်ရှိသည်။ ကြီးကြီးငွေကမူ မဆီမဆိုင် လင်သေမုဆိုးမလို သောကတွေ ဗျာပါဒတွေ များနေရသည်။

ကြီးကြီးငွေသည် အေးစက်နေသော နှင်း၏ လက်ဖဝါးလေးများကို ဆုပ်ကိုင်လိုက်သည်။

"နှင်းလက်တွေ အေးစက်နေတာပဲ၊ ခဏသွားနားလိုက်ဦး"

"ဟုတ်ကဲ့"

"ဧည့်သည်တွေကို ကြီးငွေပဲ ကြည့်ဧည့်ခံထားလိုက်ဦးမယ်၊ သြော် နေဦး၊ မောင်အုန်းကို စံပယ်တွေ ဝယ်ခိုင်းထားတာလည်း ခုထိ မလာသေးပါလား၊ ဟဲ့ မြမေ ညည်းယောက်ျား ပြန်မလာသေးဘူးလား၊ ကော်ဖီကတော့ တစ်အိုးပြီးတစ်အိုး ဆက်သာဖျော်ထား"

ကြီးကြီးငွေသည် ပျာယာပျာယာနှင့်ပြန်ထွက်သွားသည်။ နှင်းသည် ခေတ္တငိုင်နေပြီးမှ စာကြည့်ခန်းဘက်သို့လျှောက်ခဲ့သည်။ စာကြည့်ခန်းထဲတွင်တော့ လူရှင်းမည်ဖြစ်သည်။ ခဏတစ်ဖြုတ်လောက် တိတ်တိတ်ဆိတ်ဆိတ်ကလေး အနားယူချင်သောကြောင့် ဖြစ်သည်။

"လင်သေရင် မယားတစ်ဝက်ဆိုင်သတဲ့၊ ဟင်း ဟင်း သူတော့ ပွတာပဲ"

နှင်းသည် ထိတ်ခနဲ ဖြစ်သွားသည်။ အခန်းတွင်းသို့လှမ်းဝင်မည်ပြုပြီးမှ ဖျတ်ခနဲနောက်တစ်လှမ်းဆုတ်ကာ နံရံနှင့်ကွယ်လိုက်သည်။ အသံအုပ်ကလေးများနှင့် ပြောနေကြသော်လည်း တံခါးဝနားတွင် ကပ်နေသော နှင်းက ပီပီသသ ကြားရလေသည်။

"ဟင်း ဟင်း နဂိုကတည်းက ဒီအကွက်ဆင်ပြီး ဒီအရွယ်ကြီးကို ယူခဲ့တာပဲဟာ၊ တစ်နှစ်လောက်သာ ပေါင်းရသေးတာပဲ"

"ခုတော့ ယူရကျိုး နပ်သွားတာပေါ့လေ"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်မက အရင်တုန်းကတော့ ခပ်ပျက်ပျက်ပါတဲ့"

"အခုရော ကောင်းတယ်လို့ ဘယ်သူပြောလဲ၊ စောင့်ပဲကြည့်ပါဦး၊ အဘိုးကြီးပစ္စည်းတွေ ဘယ်လိုလက်ဝါးကြီးအုပ်ပြီး ဘယ်လိုအကွက်တွေ ထွင်မလဲဆိုတာကိုလေ"

နှင်းသည် မိုက်ခနဲ ဖြစ်သွားသည်။ သည်လိုအပြောမျိုးတွေကို နဂိုတည်းကပင် မျှော်လင့်ခဲ့ပြီး ဖြစ်ပါသည်။ ခံနိုင်ရန် သတ္တိကိုလည်း မွေးထားပြီး ဖြစ်ပါသည်။ သို့သော် နားနှင့်ဆတ်ဆတ်ကြားလာရသော အခါ တုန်လှုပ်ချောက်ချားသွားသောစိတ်ကိုကား ရုတ်တရက် မထိန်းနိုင်ပေ။

သူတို့သည် ဘယ်အချိန်ကများ စာကြည့်ခန်းထဲ ရောက်သွားကြသနည်း နှင်းမသိပေ။ ခုနတုန်းကပင် ဧည့်ခန်းတွင် နှင်းကိုယ်တိုင်ထိုင်၍ ဧည့်ခံခဲ့ရသော အမျိုးသမီးကြီးများဖြစ်သည်။ ထိုစဉ်က နှင်းကို ကရုဏာမျက်လုံးများနှင့်ကြည့်ကာ တကျွတ်ကျွတ် စုတ်သပ်နေသည်မှာလည်း သူတို့ပင် ဖြစ်ပါသည်။

နှင်း ထသွားသောအခါ သူတို့သည်မှန်ဗီရိုကြီးများနှင့်အပြည့်ရှိသော စာအုပ်များကို စိတ်ဝင်စားသလိုလိုနှင့် စာကြည့်ခန်းထဲ ဝင်လာခြင်း ဖြစ်မည်ထင်သည်။

ဧည့်သည်များနှင့် အလုပ်ရှုပ်နေသော အိမ်ရှင် များကလည်း စာကြည့်ခန်းနား လာနိုင်လိမ့်မည်မဟုတ်ဟုတွက်ပြီး လွတ်လွတ်လပ်လပ် တိုးတိုးကျိတ်ကျိတ် ပြောမိကြဟန် တူသည်။

"အဘိုးကြီးကလည်း နွားအိုကြီး မြက်နုကြိုက်လိုက်တာ။ ခုတော့ သူ တပင်တပန်းနဲ့ ကုန်းရုန်းရှာသွားတာတွေက နောက်ဆုံးတော့ ဘယ်သူ့အတွက်လဲ"

"ဟင်း ဟင်း သူနဲ့နောက်လင်အတွက်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အဘိုးကြီးက ဦးနှောက် သွေးကြောပြတ်ပေလို့ပဲနော်။ ရိုးရိုးသာဆိုရင် သူ့ကိုတောင် မသင်္ကာဖြစ်ရမှာ"

"ဘာဖြစ်လို့"

"အဘိုးကြီးသေရင် ဒီပစ္စည်းတွေအကုန် သူ့လက်ထဲရောက်လာမှာ၊ အဘိုးကြီးကို သူက မသေစေချင်ဘဲ ရှိပါ့မလား"

"ကလေးနှစ်ယောက်ကိုတော့ သူ့အကြောင်းသိရအောင် အသေအချာ ပြောပြဖို့ လိုတယ်နော်"

နှင်းသည် နာနာကျင်ကျင် အရိုက်ခံလိုက်ရသလို မှုးပြီး ယိုင်သွား သည်။ အရာရာကို ခါးခါးသီးသီးကြီး မုန်းတီးသွားသလို ခံစားရပြီး မျက်လုံးများ ရီဝေလာသည်။ အားငယ် ပန်းလျခြင်းနှင့် မုန်းတီးနာကြည်းခြင်းတို့သည် နှင်း၏ရင်ထဲတွင် အကြိတ်အနယ် သတ်ပုတ်နေကြလေသည်။

ထိုစဉ်တွင် ရုတ်တရက် မာန်ဖီလိုက်သလို မကျေမချမ်းအသံလေးကို ကြားရသည်။ တစ်စုံတစ်ဦးက နှင်းကိုဖြတ်ကျော်ကာ ဝုန်းခနဲ ခုန်ဝင်သွားသည်။

"မော်"

နှင်းသည် ရိပ်ခနဲမြင်လိုက်ရသော မော်၏နောက်ကျောကို ကြည့်ကာ ခပ်အုပ်အုပ်လေး အော်လိုက်သည်။ နှင်း၏နောက်ဘက်တွင် ဘယ်အချိန်ကတည်းကစ၍ မော်ရောက်နေသနည်း။ နှင်းအသေအချာ မသိပေ။

"ဒီမှာ ဒီမှာ အန်တီတို့ရဲ့"

မော့်အသံသည် ဒေါသနှော၍ တုန်ယင်နေကာ မျက်နှာလေးက နီမြန်းနေသည်။

"သူများတကာရဲ့ အတွင်းရေးဟာ အန်တီတို့နဲ့ ဘာမှမဆိုင်ပါ

www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ဘာမှ ပြောစရာလည်း မလိုပါဘူး"

နှင်းသည် တအံ့တသြနှင့် ပါးစပ်ကလေးဟသွားကာ မျက်ရည်များသည် ရုတ်တရက် ရပ်တန့်သွားသည်။

"ဖေဖေ့ကိုရော၊ ဖေဖေချစ်လို့ မြတ်နိုးလို့ယူထားတဲ့ မိန်းမကိုရော ဒီအိမ်ပေါ်မှာလာပြီး ဘယ်သူကမှ ဝေဖန်နေစရာ၊ အပြစ်တင်နေစရာ အကြောင်းမရှိပါဘူး၊ မော်တို့အားလုံးဟာ ဖေဖေ့ရဲ့အရိပ်အောက်မှာ အတူတူခိုနေကြတဲ့သူတွေပါ"

မော်သည် နှင်း တစ်ခါကပြောဖူးသော စကားလေးကိုပင် ပြန် လည်အသုံးပြုလိုက်သည်။

အတွင်းမှအမျိုးသမီးများ၏အသံကိုသဲ့သဲ့မျှမကြားရချေ။ အားလုံးမှင်တက်မိနေကြဟန်တူသည်။ သူတို့က ကလေးသာသာဟု ထင်မှတ်ခဲ့သော မော်သည် ဖြူန်းခနဲ ဒိုင်းခနဲဝင်လာပြီး ဘီလူးဆိုင်းတီး လိုက်သဖြင့် မျက်လုံးများပြူးကာ အာစေးထည့်ထားသလို ဖြစ်နေကြသည်။

ငိုထားသော မော့်မျက်နှာလေးသည် ဖောင်းမို့နေသည်။ ဖခင်နှင့် ထာဝရကွေကွင်းရခြင်းတည်းဟူသော သောကတွင် ဒေါသကလေး စွက်ဖက်နေသောကြောင့် မျက်လုံးလေးများသည် မှုန်မှိုင်းပြီး ရီဝေနေသည်။ ဖေဖေ့ကိုရော၊ နှင်းကိုရော မော်တို့ကသာ မကျေမနပ် ပြောချင်ပြောမည်။ အခြားသူများက ချိုးချိုးဖဲ့ဖဲ့ ပြောသည်ကိုတော့ မော်လုံးဝသည်းမခံနိုင်ပေ။ နှင်း၏နောက်တွင် မော် ရောက်နေသည်မှာ ကြာပေပြီ။ နှင်းကြားသောစကားများကို မော် အကုန်ကြားသည်။ ဖေဖေ့ကိုနွားအိုကြီးဟုပြောသံကြားသောအခါ မော်သည် ဒေါသများ ဝေတတ်လာသည်။ ဖြူရော်ဖျော့တော့ပြီး မျက်ရည်တွေဝေလာသော နှင်းကိုတွေ့သောအခါတွင်ကား မော်သည် ဖြူန်းခနဲ သတ္တိကောင်းသွားကာ အခန်းတွင်းသို့ စွတ်ပြီး ဝင်ချလိုက်ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မော်သည် လက်ကလေးနှစ်ဖက်ကို နောက်ပစ်ကာ မတ်မတ်ကလေး ခြေစုံရပ်နေသည်။ ဖေဖေ့အလောင်းမှ မြေမကျသေး၊ အဖေ့အတင်းကို အဖေ့အိမ်ပေါ်တွင်အားပါးတရ ဝိုင်းဖွဲ့ပြီးပြောကြသူများကို စိန်ခေါ်သောအကြည့်နှင့် စိန်းစိန်းစားစားကြည့်လေသည်။

"အခု မော်တို့အားလုံး မှီခိုနေတဲ့အရိပ်ကြီး ပြိုသွားပြီ၊ လဲသွားပြီ၊ မော်တို့အားလုံး အတူတူလက်တွဲပြီး ခရီးဆက်ကြမယ်၊ ကြားစကားလည်း မလိုဘူး၊ ကုန်းစကားလည်း မလိုဘူး၊ ဒါပဲ"

နှင်းသည် အုတ်နံရံကို ကျောနှင့် တင်းတင်းလေး မှီချလိုက်သည်။ နှုတ်ခမ်းလေးများ တဆတ်ဆတ် တုန်ယင်ကာ ရှိုက်၍ငိုလိုက်မိသည်။ သူ့ကိုယ်သူသာ အသိဆုံးဖြစ်သည်။ သူ့ရင်ထဲတွင် မေတ္တာငွေ့ဟပ်ကာ နွေးထွေးသွားသည်။ သည်တစ်ခါကျရသောမျက်ရည်များသည် ဝမ်းသာ၍ကျရသော မျက်ရည်များဖြစ်သည်။

❋

www.burmeseclassic.com

www.burmeseclassic.com



"မော်က အဲဒီလိုပြောလိုက်တော့ နှင်း ကျေးဇူးလည်း တင်၊ ဝမ်းလည်း သာလိုက်တာ ကြီးငွေရယ်"

နှင်းက ပြောပြသောအခါ ကြီးကြီးငွေသည် မော့်ကို တအံ့တသြ လှမ်းကြည့်မိသည်။ မော်သည် အနေရခက်သလို မျက်နှာလေး နီသွားပြီး မျက်လွှာလေး ချထားလိုက်သည်။

"သူတို့တွေကများ ဖေဖေ့ကို နွားအိုကြီးတဲ့၊ ဟွန်း နောက်ပြီး ကြီးတော်ကိုလည်း နောက်လင်နဲ့ စံမှာလေး ဘာလေးနဲ့၊ မော် အားကြီး ဒေါသဖြစ်တာပဲ၊ ဘာဆိုင်လို့လဲ၊ သူတို့နဲ့ဘာဆိုင်လို့လဲ"

မော်သည် ပြောရင်းဆိုရင်း ဒေါသတွေ ဖြစ်လာပြန်သည်။ မျက်ရည်များရစ်ဝဲကာ အသံလေးတုန်လာသည်။

"သူတို့က မော်တို့ကို မော်တို့အားလုံးကို ရန်ဖြစ်စေချင်နေတာ သိလား၊ မော့်ကို ဧည့်ခန်းမှာတုန်းကတည်းက ပြောတယ်၊ မုန့်ဖိုးမရဘူး ဆိုတဲ့၊ ဒီလောက်ချမ်းသာလျက်နဲ့ ကလေးတွေကို ပိုက်ဆံမကိုင်ရအောင် မိထွေးက ခြေထိုးထားတာပေါ့တဲ့၊ မော်က မဟုတ်ပါဘူး၊ သူရောက်လာမှ အရင်ကမရဘူးတဲ့မုန့်ဖိုးတောင် ရလာပါသေးတယ်ဆိုတော့၊ တစ်မျိုး ပြောပြန်ရော၊ လည်တယ်တဲ့၊ ကလေးတွေကိုပါ အချိုခံနဲ့ သိမ်းသွင်း

www.burmeseclassic.com

www.burmeseclassic.com



ထားတယ်တဲ့၊ အဲဒီကတည်းက မော်ကစိတ်တိုနေတာ၊ ဖေဖေဆုံးလို့ စိတ်ညစ်ရတဲ့အထဲ သူတို့က ပြုံးတုံးပြုံးတဲ ပွည်ပွည်နဲ့၊ ညှော်သည်တွေ များလာတာလည်း မပြန်နိုင်သေးတာနဲ့ သူတို့တွေကို စာကြည့်ခန်းထဲ မော်ပဲပို့ထားလိုက်တာ၊ ပြီးမှ မဖြစ်သေးပါဘူး၊ ဘာများ ပြောနေဦးမလဲ ဆိုပြီး ပြန်လာတော့ ကြီးတော်က မော့် ရှေ့ရောက်နေပြီ”

နှင်းသည် နီထွေးနေသော မော့်မျက်နှာလေးကို ငေးကြည့်နေသည်။ ကြည်နူး ကျေးဇူးတင်သောစိတ်နှင့် ရင်ထဲတွင် နွေးထွေးနေလေသည်။

“ဟွန်း ကြီးတော်မို့လို့ငြိမ်ပြီးခံနေတယ်၊ မော်သာဆိုရင် တစ်ခါ တည်း အခန်းထဲက ကန်ထုတ်ပြီး အိမ်ပေါ်က တွန်းချလိုက်မှာ၊ ကြီး တော်က ဖေဖေ့ကို သေစေချင်နေတာတဲ့၊ ခပ်ပျက်ပျက်တဲ့၊ ဟွန်း အလ ကား ခွေးနာမကြီးတွေကများ”

“မိမော် နှင် တော်တော်စွာနေပါလား”

တစ်ချိန်လုံးငြိမ်နေသော ဇော်က တအံ့တဩ ပြောလေသည်။ ဒေါသအိုးဖြန်းဖြန်းကွဲနေသော မော်က ဇော့်ကို ပြန်အော်သည်။

“စွာရမှာပေါ့ စွာရမှာပေါ့၊ သူတို့က ဘာလို့ပြောရလဲ၊ သူတို့နဲ့ ဘာဆိုင်လဲ၊ မော်တို့ကသာ အချင်းချင်း အတင်းပြောချင်ပြောမယ်၊ သူ တို့ မပြောရဘူး၊ သူတို့နဲ့မဆိုင်ဘူး၊ သူတို့က ဖေဖေ့ကို ရှေ့မှာထားပြီး မော်တို့ကို ရန်ဖြစ်စေချင်နေတာ၊ သိရဲ့လား ကိုဇော်ရဲ့၊ ဒါကြောင့် မော် က ဖေဖေချစ်လို့ ယူထားတဲ့မိန်းမ မော်တို့လည်း ချစ်တယ်လို့ပြောလိုက် တာ၊ သူတို့ရှေ့မှာ ချစ်ပြလိုက်တာ၊ ဟင်း”

“နှင် တကယ်ရော မချစ်ဘူးလား”

“ချစ်ပါဘူး၊ ဘာလို့ချစ်ရမှာလဲ”

မော်သည် နှုတ်ခမ်းစူကာ ကက်ခနဲ ပြန်ဖြေလိုက်သည်။ သူ့ကို

www.burmeseclassic.com

www.burmeseclassic.com



ငေးငေးလေးကြည့်နေသော နှင်းကို ကြည့်မိသောအခါ အားနာသွားသလို ခေါင်းကို ယောင်ချာချာနှင့်ကုတ်လိုက်သည်။

နှင်းသည် ဘာမှမပြောဘဲ ခွင့်လွှတ်ပြုံးလေး ပြုံးကာ မျက်လုံးအစုံကို လွှဲဖယ်လိုက်သည်။ စိတ်ထဲတွင်မူ ဝမ်းနည်းပန်းနည်း ဖြစ်သွားသည်။

ကြီးကြီးငွေသည် ဘာဝင်ပြောရမည် မသိသည့်အတွက် မည်သူ့ ကိုမျှမကြည့်ဘဲ ခြံအပြင်ဘက်သို့ ငေးကြည့်နေသည်။ လရောင်လဲ့လဲ့နှင့်လင်းနေသောခြံထဲတွင် ပန်းပင်လေးများက အိပ်ငိုက်နေကြဟန်ရှိသည်။ ငြိမ်သက်တိတ်ဆိတ်လျက်ရှိသည်။ ရက်လည်ဆွမ်းကျွေး၍ ပြီးသွားပြီဖြစ်သောကြောင့် လူဝင်လူထွက်များနေသောအိမ်သည် ပြန်လည် ခြောက်သွေ့သွားသည်။ အိမ်သားများချည်း ငေါင်းစင်းစင်း ကျန်ခဲ့သော အခါမှ ဟာသွားသော ကွက်လပ်ကို ပို၍မြင်လာကြသည်။ ရင်ထဲတွင် ပိုပြီး ဆွေးမြေ့ကြေကွဲမိကြသည်။ ထိုအခါကျမှ မရှိတော့သောသူကို မရှိတော့ပါလားဟု မယုံမရဲ လက်ခံကြရသည်။

"အင်းလေ ဒါကတော့ လူကိုးကွဲ၊ လူဆိုတာ ဒီလိုပဲ၊ အတင်းအဖျင်းပြောတာ၊ ခြေထိုးတာ၊ ကုန်းတိုက်တာတွေဟာ လူဆိုတဲ့သတ္တဝါတွေရဲ့ဗီဇပဲ မော်ရဲ့"

ကြီးကြီးငွေက တရားသံနှင့်ပြောသည်။

"အင်း လူတွေကတော့ ကျွန်တော်တို့ကို စောင့်ကြည့်နေကြပြီပေါ့"

ဇော်က ယဲ့ယဲ့လေးပြုံးသည်။ သူ့မျက်နှာနှင့်တထေရာတည်းတူသော မော့် မျက်နှာလေးကို အမှတ်တမဲ့စိုက်ကြည့်နေသည်။ မျက်ခုံးထူထူ၊ မျက်လုံးဝိုင်းဝိုင်း၊ နှာတံလုံးလုံးနှင့်နီထွေးသော နှုတ်ခမ်းပါးလေးများသည် အကုန်တူသည်။ သို့သော်လည်း ဇော့် မေးရိုးသည် ကားပြီး

www.burmeseclassic.com

www.burmeseclassic.com



လေးထောင့်ကျကာ မော်ကမူ သွယ်ပြီးလုံးသွားလေသည်။

"မနေ့တုန်းက အန်ကယ်ချစ်သောင်းကမေးတယ်၊ အမွေခွဲဖို့ စီစဉ်တော့မလားတဲ့"

အန်ကယ်ချစ်သောင်းသည် ဖေဖေ့ရှေ့နေဖြစ်သည်။ အသုဘ ကိစ္စပြီးသောအခါ အမွေကိစ္စ ဆက်၍လာမြဲမို့ မေးခြင်းဖြစ်သည်။

"ဖေဖေနဲ့ ကြီးတော်နဲ့ တရားဝင်ပေါင်းသင်းနေတုန်း ဖေဖေ ဆုံးတာပဲ၊ ကျွန်တော်နားလည်ပါတယ်၊ လင်ပစ္စည်းဟာ မယားနဲ့ အများ ကြီးဆိုင်ပါတယ်"

နှင်းသည် နှုတ်ခမ်းလေးကို ခပ်ဖိဖိလေးကိုက်ကာ ကုလားထိုင် လက်ရန်းကို တင်းတင်းလေး ဆုပ်ကိုင်လိုက်သည်။ သူ့ကိုကြည့်နေ သော ဇော်၏မျက်ဝန်းညိုညိုများကို စူးစူးရဲရဲ ပြန်ကြည့်ကာ သက်ပြင်း ရှိုက်လိုက်သည်။

"တို့ကို တို့ကို ဘယ်လောက်ပေးမှာလဲ"

"ဒါကတော့ တရားဥပဒေအတိုင်း ဖြစ်ရမှာပေါ့ဗျာ၊ ကြီးတော် မနာစေရပါဘူး"

ဇော်သည် သူ့ကိုယ်သူထိန်းကာ အကောင်းဆုံးစဉ်းစား၍ ခပ် ဖြည်းဖြည်း ပြောလေသည်။ စကားမမှားအောင် ဂရုစိုက်ရမည်ဟု သူ့ အသိဉာဏ်က သူ့ကို သတိပေးနေသည်။

"တို့ အိမ်ရမယ်ပေါ့၊ ကားရမယ်ပေါ့ဟုတ်လား၊ နောက်ပြီး အတွင်းပစ္စည်းတွေ၊ စိန်တွေ၊ ရွှေတွေလည်း အချိုးကျရမယ်ပေါ့"

"ဟုတ်ကဲ့"

နှင်းသည် နာနာကျင်ကျင်ကလေးရယ်လိုက်သည်။ ထိုနောက် နေရာမှ ဝုန်းခနဲထကာ ကြီးကြီးငွေ၏လက်ကို အားကိုးတကြီး ဆုပ်ကိုင် လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါတွေကို နှင်းမလိုချင်ပါဘူး၊ နှင်းလိုချင်တာ တစ်ခုတည်း၊ တစ်ခုတည်းပါ"

"ဘာလဲဟင်"

နှင်း၏မျက်နှာသည် ညှိုးပြီး မျက်လုံးလေးများသည် မှုန်မှိုင်းနေသည်။ ကြမ်းပြင်မှ ကျွန်းသားကွက်ကလေးများကို ခေါင်းငိုက်စိုက်နှင့် ကြည့်နေပြီးမှ တိုးတိုးလေးပြောသည်။

"သူတို့မောင်နှမရဲ့ အမုန်းကို ဖျောက်ပေးပါနော်၊ မိထွေးဆိုတဲ့ အမြင်ကြီးကို ပျောက်အောင် လုပ်ပေးပါ၊ နောက်ပြီး သူတို့နဲ့တူတူ ကြီးငွေရဲ့ အရိပ်အောက်မှာ ဆက်ပြီးနေပါရစေ၊ နှင်းမှာ သွားစရာနေရာလည်း မရှိပါဘူး၊ ချစ်စရာလူလည်း မရှိပါဘူး ကြီးငွေရယ်"

အခန်းထဲတွင် ရုတ်ချည်း တိတ်ဆိတ်သွားသည်။ သူတို့ အားလုံး ရင်ထဲတွင် နင့်ခနဲဖြစ်သွားကြပြီး ငိုင်သွားကြသည်။

ညသည် တိတ်ဆိတ်လှသည်။ ခြံထဲတွင်မူ လရောင်ကျရောက်နေသည်။ လေသင့်သောအခါ ညမွှေးပန်းနံ့က အခန်းထဲသို့ အတင်းတိုးဝင်လာသည်။ ဇာခန်းဆီးများကိုဖြတ်ကျော်ကာ အခန်းထဲတွင် ဝေ့ကာဝိုက်ကာ မြူးနေသော ပန်းရနံ့သည် ကြိုင်လှိုင်နေသည်။

မော်သည် ပန်းရနံ့ကို တအားရှိုက်ကာ ရှူလိုက်ရင်း စို့စို့ဝဲနေသော မျက်ရည်များကို လက်ဖနောင့်နှင့် သုတ်သည်။

ထိုနောက် အိပ်မက်မှ လန့်နိုးသူလို အလန့်တကြား ထပြီးအော် လိုက်သည်။

"မော်တော့ ကြီးတော်ကို ကြီးတော်လို့ မခေါ်တော့ဘူး"

"ဘယ်လိုခေါ်မလို့လဲ"

"မမနှင်းလို့၊ မမနှင်းလို့ပဲ ခေါ်တော့မယ်"

*

www.burmeseclassic.com

www.burmeseclassic.com



"သူ့ကို ကျွန်တော်တို့ ကြီးတော်လို့ မခေါ်ကြတော့ဘူး၊ သိလား အစ်ကို မောင်၊ မမနှင်းလို့ပဲ ခေါ်တော့မယ်"

ဖော်သည် အစ်ကိုကျော်၏ခုတင်ပေါ်တွင် အားလျားမှောက် အိပ်ချလိုက်ရင်းမှလှမ်းပြောသည်။ ထင်းရှူးသေတ္တာအတွင်းမှ စာအုပ်များကို နေသားတကျစီနေသော အစ်ကိုမောင်က ဘာမှပြန်မပြောဘဲ ပြုံးနေလေသည်။ သူတို့တွင် စာအုပ်စင် သေးသေးလေးတစ်လုံး ရှိသော်လည်း သူဝယ်သမျှ စာအုပ်များသည် ထိုစင်လေးနှင့် မဆန့်ပေ။ ထို့ကြောင့် ပေါပေါလောလောရသော ထင်းရှူးသေတ္တာတစ်လုံးဝယ်ကာ ထည့်ရသည်။ ထင်းရှူးသားဆိုတော့ ခြကိုက်မှာလည်း တစ်ဖက်က လန့်ရသေးသည်။

"ကျွန်တော်တို့ အခုလို စုစုရုံးရုံး ဆက်နေတာကို ဖေဖေများ ပြန်မြင်ရရင် သိပ်ဝမ်းသာမှာသိလား အစ်ကိုမောင်"

"အေးပေါ့ကွ"

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်တွင် အစ်ကိုကျော်သည် ခြံထဲမှ တက်လာသည်။ သူ့လက်ထဲမှ ခြင်းတောင်းထဲတွင် ဘူးသီးသုံးလုံး တွေ့ရသည်။ နုပြီး ထွားသော ဘူးသီးကြီးများသည် စိမ်းစိုလတ်ဆတ်နေသည်။ ယခုမှ ခူးခဲ့ပုံရသည်။ အညှာတုတ်တုတ်ကြီးများမှ အစေးများထွက်နေဆဲ ဖြစ်သည်။

"အစ်ကိုမောင်ရေ ဘူးတွေ သိပ်တင်တာပဲဗျနော်၊ ကျန်တာတွေ နောက်ရက်မှ ဆက်ခူးရအောင်၊ ဒီသုံးလုံးဆိုရင် တစ်ဆယ်တော့ ရမှာပဲဗျ"

ဘူးသီးထွားထွားကြီးများကို လှမ်းကြည့်ရင်း အစ်ကိုမောင်က ခေါင်းခါသည်။

"ရပ့ါမလားကွာ၊ သူတို့ပြန်ရောင်းတော့သာ လက်ညှိုးလောက် လက်မလောက် အစိတ်ကလေးကို တစ်မတ် ငါးမူးဆိုတာ၊ ဝယ်ရင်တော့ အဲဒီဈေးသည်တွေက အင်မတန်ဈေးနှိမ်တာ၊ တစ်လုံး သုံးကျပ်တောင် အနိုင်နိုင်ရယ်၊ ဘူးသီးသုံးလုံးရောင်းလို့ရတဲ့ပိုက်ဆံက စာအုပ်တစ်အုပ် တောင်ပြန်ဝယ်လို့ ရပ့ါမလား မသိဘူး"

"ဘာဖြစ်လို့လဲဟင်"

"စာအုပ်ဈေးတွေက ဘိုးအင်းဂျက်စီးပြီး မိုးပေါ်ပျံတက်နေတာကွ"

အစ်ကိုကျော်သည် ဘူးသီးတောင်းကို ချလိုက်ကာ မျက်နှာရှုံ့လိုက်သည်။

"စာအုပ်ဈေးတော့ ကျွန်တော်မသိဘူး၊ ဒါပေမယ့် ဘူးသီး သုံး လုံး ရောင်းတာ သမ္မတရုံက 'ရေကာဝဲလ်(ချ်)' တောင်မှ ကြည့်နိုင်မှာ မဟုတ်ဘူး"

"ဘာဖြစ်လို့"

ဇော်က မေးမိပြန်သည်။ အစ်ကိုကျော်သည် သူ့ဘူးသီးတောင်း

www.burmeseclassic.com

www.burmeseclassic.com



ဘေးတွင်ပင် တင်ပျဉ်ခွေထိုင်ချလိုက်သည်။ မျက်နှာကို ရှုံ့ထားဆဲ ဖြစ်သော်လည်း အရုပ်မဆိုးပေ။ မိမော်လေး နှုတ်ခမ်းစူထားသလို ကလေးဆန်ပြီး တစ်မျိုးပင်ကြည့်ကောင်းနေသည်ဟု ဖော်က တွေးနေမိသည်။

"ဟ အသွားအပြန် ကားခနဲ့ မှောင်ခိုလက်မှတ်ဝယ်ရတာနဲ့ ဘယ်လောက်မှာလဲကွ၊ ရေကာဝဲလ်(ချ်)ဆိုရင် မှောင်ခိုကသာ ဝယ်ရပြီ မှတ်တော့၊ ဟွန်း ငါက အစ်ကိုမောင်ခြံစိုက်နေလို့သာ ရောယောင် ပေါင်ယောင် စိုက်နေရရှာတာ၊ လက်မှတ်မှောင်ခို သွားလုပ်နေတာကမှ မပင်မပန်းနဲ့ ဖိမ်ရှိဦးမယ်"

"လက်ထိပ်ကလေးနဲ့ ထောင်ထဲဝင်ရမှာကိုလည်း ကြည့်ပြောဦးကွ"

"ထောင်ကျတာက နည်းနည်းပါ အစ်ကိုရာ၊ မှောင်ခိုကတော့ ပျောက်မသွားပါဘူး၊ ဖြိုးဖြိုးဖြောက်ဖြောက်တော့ ရှိနေတာပါပဲ၊ တော်ကြာ အေးသွားရင် သဲသဲမဲမဲ ပြန်လုပ်ကြဦးမှာပဲ"

"မင်းကလည်း ကြည့်လိုက်ရတဲ့ ရုပ်ရှင်"

"အဟက် တွဲစရာ အပျိုချောလေးတွေကလည်း ပေါသကိုး‌ဗျ၊ ကုသိုလ်ကိုက ကောင်းနေတာကိုး"

အစ်ကိုကျော်သည် ဖိုးဖော်အား မျက်လုံးတစ်ဖက်မှိတ်ပြလိုက်ရင်း မချိုမချဉ်ပြောသည်။ ဖော်သည် အားလျားမှောက်ကလေး အိပ်နေရင်းမှ လက်ပေါ်မေးတင်ကာ သူတို့ညီအစ်ကိုအား တစ်လှည့်စီ ငေးကြည့်နေမိသည်။ မိမော်လေးက သူ့ထက်ငါးမိနစ်သာငယ်သော်လည်း ငါးနှစ်ခန့်ငယ်သလို ကလေးလုပ်တတ်သည်။ ထို့အတူပင် အစ်ကိုကျော်သည်လည်း စားရေးသောက်ရေး နေရေး ထိုင်ရေးမှအစ ရှိရှိသမျှ အပူအပင်သောက အကုန်လုံးကို အစ်ကိုမောင် ခေါင်းပေါ်တွင်သာ စုတင်ထားပြီး သူက ကလေးလိုပင်နေတတ်လေသည်။ အစ်ကိုမောင်က 'သစ်

www.burmeseclassic.com

www.burmeseclassic.com



ပင်တွေ ရေလောင်းဦး' ဟု ဆိုက မညည်းမညူ လောင်းလိုက်သည်။ 'ဟေ့ ငကျော်၊ ပေါင်းသင်ဦးကွ'ဟု ဆိုကလည်း သွက်သွက်လက်လက် လုပ်ပေးလိုက်သည်။ 'ဒါတွေ ဈေးသွားသွင်းကွာ'ဟု ဆိုကလည်း အမြန် သွားသွင်းသည်။ သို့သော် မည်သည့်အရာကိုမျှ ဦးစီးခေါင်းဆောင် မပြု လုပ်၊ ပိုးကျမှာ ဈေးလျှော့မှာစိုးရသော အပူအပင်မျိုးကိုလည်း ခေါင်းထဲ ထည့်မထားတတ်ပေ။ ထိုအပူအပင်မျိုးသည်အစ်ကိုမောင့်အတွက် သက် သက်ဖြစ်သည်ဟု သဘောထားပုံရသည်။ ထို့ကြောင့်လားတော့မသိ။ ထာဝစဉ် ရွှင်ပြုံးကြည်နေသော အပြုံးကို အစ်ကိုကျော်၏ မျက်နှာပေါ် တွင် အစဉ်အမြဲ တွေ့ရလေသည်။ နဖူးကြောများရှုံ့ပြီး ကုန်ဈေးနှုန်းကို စဉ်းစားတွက်ချက်နေရတတ်သော အစ်ကိုမောင်ကမူ ရှိရင်းစွဲ အသက် ထက်ပင် အများကြီးပို၍ ကြီးပုံရပြီး ရင့်ရော်လေသည်။

"ဖိုးဇော် သူက မင်းတို့နဲ့အတူတူ ဆက်နေတယ်ဆို"

"ဘယ်သူလဲ"

"နှင်းလေကွာ နှင်း၊ မင်းတို့ရဲ့ ကြီးတော်နှင်း"

"အဟက် အခု သူ့ကို အဲဒီလို မခေါ်တော့ဘူး"

"ဘယ်လိုခေါ်"

"မမနှင်းလို့"

"ဟား ဟား တယ်ဟုတ်နေပါလား"

အစ်ကိုကျော်သည် နဖူးပေါ်ဝဲကျလာသော ဆံပင်ခွေများကို လက်နှင့်သပ်တင်ရင်း ရယ်လိုက်သည်။

"ကြီးငွေကပြောတယ်ဗျ၊ ငါ့နှယ် တစ်သက်လုံး လင်မယူဘဲ အပျိုကြီးလုပ်ခဲ့တာ၊ အခု မဆီမဆိုင် ကလေးသုံးယောက်နဲ့ မုဆိုးမကြီး ဖြစ်နေပြီတဲ့"

"ကလေးသုံးယောက်"

www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ ကျွန်တော်တို့မောင်နှမ နှစ်ယောက်ရယ်၊ မမနှင်း ရယ် တဲ့"

"ဟား ဟား ဟား"

အစ်ကိုကျော်၏မျက်လုံးများသည် အရောင်ရွှန်းလာပြီး ဟက်ဟက်ပက်ပက် ရယ်လေသည်။ အစ်ကိုမောင်ကမူ ဘာမှဝင်မပြောဘဲ ပြုံးနေသည်။ ဖော်တစ်ယောက် သူတို့အိမ်ရောက်လာပြီးလျှင် နူကောင်ကို ခုံဖိနပ်နှင့် တက်နင်းလိုက်သလို မိထွေးခေါင်းကို တက်နင်းချင်ကြောင်း ငိုမဲ့မဲ့နှင့်ပြောခဲ့ဖူးသည်ကို သတိရနေသည်။

"မင်းညီမ စာခြောက်ရုပ်လေးကကော မမနှင်းပဲလား"

"သူက စ ခေါ်တာဗျ"

ဖော်က ပြုံးရယ်ရင်း ပြောသည်။ အစ်ကိုမောင့်ဘေးမှ စာအုပ်တစ်အုပ်ကို ခုတင်ပေါ်မှ လှမ်း၍ ဆွဲယူလိုက်သည်။

"ဒီစာအုပ် ကောင်းသလား အစ်ကိုမောင်"

"သိပ်ကောင်းတာပဲ"

"ကျွန်တော့်ကို ငှားနော်"

"ယူသွားလေ ဒါပေမယ့် မှတ်မှတ်ရရ ပြန်ပေးနော် ဖိုးဖော်၊ မင်းဖျောက်မပစ်နဲ့"

အစ်ကိုကျော်သည် ဖိုးဖော်လက်ထဲမှ စာအုပ်ကို ကဲကြည့်လိုက်သည်။ အစ်ကိုမောင် မြတ်နိုးလှသော စာအုပ်အားလုံးကို သူသည် ပလေးဘွိုင်စာအုပ်တစ်အုပ်လောက်မှ မမက်ချေ။ သူသည် စာဖတ်ခဲသည်။ ကျောင်းစာမှအပ အပြင်စာဖတ်လေ့မရှိပေ။ ဝတ္ထုဆို ဝေလာဝေး၊ နေ့စဉ်သတင်းစာကိုပင် မှန်မှန်မဖတ်ချင်ပေ။ သို့သော် ချွင်းချက်နှင့်ပြောရမည်။ စာအုပ်တကာ့ စာအုပ်များထဲတွင် ပလေးဘွိုင်ကိုတော့ သူကြိုက်သည်။ တွေ့လျှင် ချက်ချင်းကောက်ကိုင်သည်။ လက်ထဲမှ တော်တော်

www.burmeseclassic.com

www.burmeseclassic.com



နှင့်မချနိုင်ချေ။ ထိုစာအုပ်များ၏အလယ် စာမျက်နှာမှ မလှဲ့တလှဲ့ ပုံများကိုဆုတ်ကာ သူ့အိပ်ရာဘေးတွင် ကပ်သည်။ ထိုအခါ အစ်ကိုမောင်က 'မင်းက ဧည့်ခန်းမှာအိပ်ပြီး ဒီပုံကြီးတွေ ကပ်ထားလို့ တော်ပါမလားကွ၊ တော်ကြာဈေးထဲကအပျိုကြီး ဒေါ်အေးမယ်တို့ ဘူးသီး၊ ဘူးညွန့်ဖောက်သည်လာယူရင် အိမ်ပေါ်တောင် မတက်ရဲဘဲ တစ်ခါတည်း ကျောကော့ပြေးလိမ့်မယ်'ဟု အပြင်းအထန်ကန့်ကွက်လေသည်။ ထိုနောက် 'သူတို့မပြောနဲ့၊ မင်းပုံကြီးတွေ ငါတောင်မကြည့် ရဲဘူး'ဟု မျက်နှာနီကာ ပြောသည်။ ထို့ကြောင့် တင်မောင်ကျော်သည် သူ့ပုံများကို မကျေမနပ်နှင့် ပြန်ပြီးဖြုတ်ခဲ့ရသည်။

"အိမ်မှာ စာအုပ်တွေတော့ရှိပါရဲ့၊ နိုင်ငံရေးစာအုပ်တွေနဲ့ ဘုရား တရားစာအုပ်တွေပဲ အစ်ကိုမောင်ရ၊ နောက်ပြီး စွယ်စုံကျမ်း၊ ဖေဖေကတော့ စာဖတ်ခဲတယ်၊ ဒါပေမယ့် စာအုပ်ထူထူကြီးတွေဆို အကုန်ဝယ်တာပဲ၊ စာကြည့်ခန်းထဲမှာတော့ ဟိန်းနေတာပဲ၊ သူလည်း ဘာမှဖတ်တာ မဟုတ်ဘူး"

"လူအထင်ကြီးတာပေါ့ကွာ ဟား ဟား၊ မင်းအဖေက ပလေးဘွိုင်ရော မဝယ်ဘူးလားကွ"

"ဟော့ကောင် ငကျော်နော်၊ ကလေးကို မင်းတွေ့ကရာတွေ မေးမနေနဲ့၊ လမ်းပြမနေနဲ့"

"ဟား ဟား ဖိုးဇော် ကလေးမဟုတ်တော့ပါဘူးဗျ၊ ဒါလား ကလေး၊ မယုံမေးကြည့်၊ ဟေ့ ဇော်လေး၊ မင်း မိန်းမပိုးဖူးပြီ မဟုတ်လား"

"ဟာဗျာ"

"ငါ့ညီ စွံကော စွံရဲ့လား"

"ဟဲ ဟဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ အစ်ကိုကျော် ရှိတယ်၊ ဘယ်သူ့ကြိုက်လဲ ပြော၊ အစ်ကိုကျော် လက်ထပ်သင်ပေးမယ်၊ မစွံရင် ဇက်စင်းပေးလိုက်မယ်၊ အာမခံကုမ္ပဏီပါကွ"

"ငကျော် ငကျော် မင်းတော်တော့၊ အကျင့်ယုတ် အကျင့်ပုပ်တွေကို သင်တန်းပေးမနေနဲ့"

"ခက်တာပဲနော်၊ ကမ္ဘာ့နိယာမတွေကိုများ အကျင့်ယုတ်အကျင့်ပုပ်တဲ့၊ ငကျော် သည်းခံ မင်းသည်းခံ၊ သူက ဂေါမစွံတဲ့ လူပျိုကြီး၊ ကိုယ့်ဘဝကို ကိုယ်မကျေနပ်တိုင်း ဒီလိုပဲ ပြောနေမှာ၊ သည်းခံသည်းခံ"

"ခွေးကောင်"

ဇော်သည် သူတို့ညီအစ်ကိုနှစ်ဦးအား ကြည့်ကာ ရယ်နေရသည်။ အစ်ကိုမောင်က စာအုပ်ထူကြီးနှင့် ရုတ်တရက်ကောက်ထုသည်။ အငိုက်မိသွားသောကြောင့် အစ်ကိုကျော် ခေါင်းပူသွားသည်။

"အမယ်လေး သခင်သန်းထွန်းနော် သေတာတောင် ငါ့ကိုနိုပ်စက်သွားသကွဲ၊ အမယ်မင်း နှိပ်စက်တယ် နှိပ်စက်တယ်"

အစ်ကိုကျော်သည် သူ့ခေါင်းကို သူပွတ်ရင်း ရုတ်တရက် ငိုချင်း ချသလို အော်လိုက်သည်။ အစ်ကိုမောင်ရော ဇော်ပါ နားမလည်ချေ။ ကြောင်တက်တက်ဖြစ်သွားသည်။ ထို့နောက်မှ အစ်ကိုမောင်ကောက်ထုသောစာအုပ်သည် 'သခင်သန်းထွန်း၏နောက်ဆုံးနေ့များ" စာအုပ် ဖြစ်ကြောင်း သတိပြုမိကာ တဟားဟား ရယ်ကြရလေသည်။

"မနေသေဘူး 'တင်မောင်ကျော်နှင့် မိန်းကလေးများ' ဆိုတဲ့ စာအုပ်ကို ရေးဦးမယ်၊ အဲဒီစာအုပ်ကမှ တစ်တောင်လောက်ကိုထူမှာ၊ အဲဒီတော့မှ အစ်ကိုမောင့်ကို အားရပါးရ ပြန်ထုမယ်"

သခင်သန်းထွန်းစာအုပ်ကြီးကိုကောက်ကာ အစ်ကိုမောင်၏

www.burmeseclassic.com

www.burmeseclassic.com



ထင်းရှူးသေတ္တာထဲသို့ ဝုန်းခနဲ ပစ်ချလိုက်ရင်း အစ်ကိုကျော်က ကြိမ်းလေသည်။

"ရေးကွာ၊ မင်းမိန်းကလေးတွေက ဘယ်နှစ်ယောက်များ ရှိမှာမို့လဲ"

"ဟဲ ဟဲ မများပါဘူး"

"ဘယ်လောက်"

"တစ်ရာမှာ တစ်ယောက်စွန်းရုံလောက်ပါ"

အားလျားလေးမှောက်ကာ ငြိမ်နေသော ဇော်သည် အစ်ကိုကျော်ကို ဖျတ်ခနဲလှမ်းကြည့်ရင်း နှင်းပြောဖူးသည်ကို သတိရမိသည်။

"ဒါကြောင့် မမနှင်းကပြောတာ"

"ဘာတဲ့လဲ"

"အစ်ကိုကျော်က သိပ်ပွေတယ်တဲ့"

"အောင်မယ်"

"ဇော့်ကိုတောင် သူကပြောသေးတယ်၊ ဇော်ရယ် ပေါင်းတာတော့ ပေါင်းပေါ့တဲ့၊ ဒါပေမယ့် မင်းအစ်ကိုကျော်ရဲ့ အတုကိုတော့ မယူနဲ့ နော်တဲ့"

ဇော်က ရယ်မောရင်း ပွင့်ပွင့်လင်းလင်း ပြောချလိုက်သည်။ အစ်ကိုကျော်သည် ဘာမှပြန်မပြောဘဲ ပခုံးတစ်ချက်တွန့်ကာ ပြုံးလိုက်လေသည်။

အစ်ကိုမောင်ကမူ တဟားဟားရယ်သည်။

"သတင်းကြီးတဲ့ ရွှေမင်းသား တင်မောင်ကျော်လေး"

အစ်ကိုမောင်ကပြောသောအခါ တင်မောင်ကျော်သည် မကြားချင်ဟန်ဆောင်ပြီး ငြိမ်နေသည်။ သူ၏နှင်းဆီနှင့်ပတ်သက်သော လွမ်းမောစဖွယ် အတိတ်ကလေးများကို ပြန်ပြီးတွေးနေမိသည်။ စိမ်းစို လတ်

www.burmeseclassic.com

www.burmeseclassic.com



ဆတ်လှသော ဘူးသီးကြီးများကို အမှတ်မဲ့ ငေးကြည့်ရင်း နှင်းဆီ၏ ရှိုက်သံလေးများကို ကြားယောင်လာသည်။

"နောက်ပြီး ဘာပြောသေးလဲ"

"ပြောပါဘူး ဒါပါပဲ"

"ဟုတ်လား"

အစ်ကိုကျော်သည် အိတ်တွင်းမှ စီးကရက် တစ်လိပ်ကိုထုတ်ကာ မီးခြစ်ကို ရှဲခနဲခြစ်လိုက်သည်။ စီးကရက် မီးညှိပြီးသော်လည်း မီးခြစ်ဆံကို လက်တွင်းမှမချသေးပေ။ တစ်ဆံလုံးကုန်လုနီးထိ လောင်ကျွမ်းအောင် ဖွဖွလေး ကိုင်ထားပြီးမှ လွှတ်ချလိုက်သည်။

"သူတို့နှင်းကိုများ မင်းပိုးခဲ့ဖူးသလား ငကျော်"

အစ်ကိုမောင်က မယုံသင်္ကာနှင့် မေးသောအခါ ဖော်သည် အစ်ကိုကျော်ကို ဖျတ်ခနဲလှမ်းကြည့်ရင်း ရယ်လိုက်မိလေသည်။

"တင်မောင်ကျော်ရဲ့ ရာဇဝင်မှာ ပိုးတယ်ဆိုတာ မရှိဘူးဗျ၊ ကြိုက်တယ်ပြောတယ်နော် ပြန်ကြိုက်တယ် ဒါပဲ၊ ဘယ်မိန်းမကိုမှ အချိန်ကုန်ခံပြီး မပိုးဘူး"

"သောက်ကြွား"

အစ်ကိုမောင်က စိတ်ချဉ်ပေါက်လာဟန်နှင့် ဆဲသည်။ အစ်ကိုကျော်သည် မချိုမချဉ်ပြုံးရင်း စီးကရက်မီးခိုးများကို အစ်ကိုမောင်၏ မျက်နှာဆီသို့ မှုတ်ထုတ်လိုက်သည်။ ထိုနောက် ဖော့်ကို စောင်းကြည့်ကာ ရယ်ချင်နေသော မျက်နှာထားနှင့် ပြောသည်။

"မင်းတို့ မမနှင်းကို ပြောလိုက်ကွာ၊ ဒီတစ်ကြိမ်တော့ သည်းခံမယ်လို့၊ နောက်တစ်ခါထပ်ပြောရင်တော့ အသရေဖျက်မှုနဲ့ တရားစွဲမယ်လို့"

*

www.burmeseclassic.com

www.burmeseclassic.com



"အောင်မာ ကြီးကျယ်လိုက်တာ"

နှင်းသည် မကျေမချမ်းလေး ပြောသည်။ ထို့နောက် လက်ထဲမှ ခက်ရင်းခွနှင့်နှင်းဆီပင်ခြေကိုခပ်ဆောင့်ဆောင့်လေးထိုးဆွလိုက်သည်။

"အစ်ကိုကျော်က ပြောတာပဲ အဲဒီလိုပြောလိုက်တဲ့"

"ပြောလိုက်စမ်း ဇော်၊ နောက်တစ်ခါ သတ္တိရှိရင် မျက်နှာကို စေ့စေ့ကြည့်ပြီး လာပြောလှည့်လို့ ဟင်း"

နှင်းသည် ထိုင်နေရာမှ ဆတ်ခနဲထကာ ဒေါကလေးနှင့်ပြောရင်း မျက်နှာလေး ရှုံ့မဲ့သွားသည်။ သူ့ဒူးကို လက်တစ်ဖက်နှင့်ဖိနှိပ်ထားရင်း ရုတ်တရက် ပြန်ထိုင်ချလိုက်သည်။

"ဟင် မမနှင်း ဘာဖြစ်လို့လဲ"

နှင်းသည် ရုတ်တရက် ပြန်မဖြေနိုင်ပေ။ ဘယ်ဘက်ဒူးကိုသာ လက်နှစ်ဖက်လုံးနှင့်ဖိထားရင်းချွေးကလေးများပင်ချက်ချင်းစို့လာသည်။

"ဘာဖြစ်တာလဲဟင် ဘာဖြစ်တာလဲ"

ဇော်က ပြူးတူးပြဲတဲနှင့် မေးနေသည်။

"နာလိုက်တာ ဒူးထဲက ထိုးပြီးနာတာ စစ်ခနဲ စစ်ခနဲနာတာ ဘာဖြစ်တယ် မသိဘူး"

"ထိုင်ရာက ချက်ချင်းထလိုက်လို့လား"

"အင်း ဟုတ်မလား မသိဘူး"

"အရင်က နာဖူးလား"

"အင်း နာတယ်၊ အဲဒီဒူးကိုက ဘာဖြစ်နေတယ် မသိဘူး"

www.burmeseclassic.com

www.burmeseclassic.com



"မမနှင်း ဆရာဝန်မပြဘူးလား"

"ဒူးနာတာလေး ကိုဇော်ရယ် ပရုပ်ဆီလိမ်းလိုက်ရင် ပျောက်တာပဲ၊ ခဏာပါ ခဏာနေရင် ပျောက်သွားတာပဲ"

နှင်းသည် သူ့ဒူးကို သူ့လက်နှင့်နှိပ်ရင်း ခပ်ပေ့ါပေ့ါလေးပင် ပြောသည်။ စစ်ခနဲ စစ်ခနဲ နာကျင်တတ်သောဒူးကို ဇော်ပြောမှပင် ဆရာဝန်ပြကြည့်ရ ကောင်းမလားဟု စိတ်ကူးမိတော့သည်။

"ခဏ ခဏ နာနေရင်တော့ ဆရာဝန်ပြကြည့်ဖို့ ကောင်းတာပေ့ါ မမနှင်းရ"

"အင်း ပြဦးမှ ထင်ပါရဲ့"

နှင်းသည် ဘယ်ခြေထောက်ကို ခပ်ညာညာထောက်ပြီး ထိုင်ရာမှ ပြန်ထသည်။ ထို့နောက် ခပ်ဆဆလေး လမ်းလျှောက်ကြည့်လိုက်သည်။

"အဲဒီခြေထောက်ကိုက သိပ်မခိုင်ချင်ဘူး၊ ငယ်ငယ်တုန်းက ဆော့ရင်းနဲ့ လဲပြီး ခြေသပ္ပတ်တိုင်လည်ဖူးသေးတယ်"

နှင်းကပြောနေစဉ် ဇော်သည် အစ်ကိုကျော့်အကြောင်းကို ပြန်သတိရသည်။

နှင်းသည် ဒေါ်သကလေးဖြစ်မည်ကြာကာရှိသေးသည်။ ဒူးနာသဖြင့် စကားပြတ်သွားရလေသည်။ အစ်ကိုကျော့်ကိုမှ မခံချင်အောင် ပြောရမည်။ မမနှင်းတစ်ယောက် အလွန်အမင်းဒေါ်သထွက်သွားပြီး လူပါးဝလိုက်တာဟု ပြောကြောင်း ပိုပိုမိုမိုလေး ပြန်ပြောမည်ဟု စဉ်းစားလိုက်သည်။

ခုတလော နှင်းသည် အိမ်ပေါ်တွင် သိပ်မနေပေ။ အားအားရှိလျှင် ခြံထဲသို့သာ ရောက်နေတတ်သည်။ မနီလာခုံမြင့်စီးပြီး ကိုရှိလာကားမောင်းရန်လည်း သိပ်ပြီး စိတ်အားမထက်သန်တော့ပေ။ ဖေဖေဆုံးသွားပြီးသည့် နောက်ပိုင်းတွင် သူသည် အများကြီးပြောင်းလဲပြီး တည်

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်သွားသည်။ လူလည်း ကျန်းမာသည်။ စိတ်လည်း ချမ်းသာသည်။ တစ်ဖက် တစ်လမ်းမှလည်း ငွေဝင်သည်ဟူသော အကြောင်းပြချက်နှင့် နှင်းဆီပင်များစိုက်သည်။ နှင်းဆီမျိုးများ စုသည်။ တစ်နေ့တစ်နေ့ နှင်းဆီပင်များနှင့်ပင် အလုပ်ရှုပ်နေလေ့ရှိသည်။ လက်ရှိမာလီတစ်ဦး သာမက ကားမောင်းသမား ဦးလေးချစ်ရော မမြမေယောက်ျား ဦးလေးအုန်းရော အကုန်လုံး ရာထူးတစ်ထစ်စီလျှော့ကာ မာလီတစ်ပိုင်း ဖြစ်ကုန်ကြလေသည်။ အိမ်ထဲတွင်နေတော့လည်း အအားနေသည် မဟုတ်ချေ။ မော့်အတွက် အင်္ကျီလေးများကို တကုပ်ကုပ် ချုပ်နေလေ့ ရှိသည်။ တစ်ခါတစ်ရံလည်း ကြီးကြီးငွေအတွက်လျှော်စောင်ထိုးပေးလေ့ရှိသည်။ ဇော့်အတွက်လည်း ဆွယ်တာအင်္ကျီ ထိုးပေးမည်ဟု ဆိုလေသည်။

"ဟေး ဇော် ကိုဇော်"

ဦးလေးချစ်သည် ဇော့်ကို လှမ်းခေါ်ပြီး သုတ်သီးသုတ်ပျာ လျှောက်လာသည်။

"ဦးလေးချစ် ဘာဖြစ်လို့လဲ"

ဦးလေးချစ်သည် ရယ်လည်းရယ်ချင်၊ ငိုလည်း ငိုချင်နှင့် စိတ်ရှုပ်ထွေးနေဟန် ရှိသည်။ ဇော့်ဆီကို ခပ်သုတ်သုတ်ချဉ်းကပ်လာကာ နောက်ဖေးတန်းလျားဘက်သို့ လက်ညှိုးထိုးပြသည်။

"မော် မော်ပေါ့"

"မိမော် ဘာဖြစ်လို့လဲ"

"ဟိုမှ ငုတ်တုတ်ထိုင်ပြီး ငိုနေတယ်"

"ဟင် ဘာပြုလို့"

နှင်းက သူ့ဒူးနာကို သတိမတော့ဘဲ အလန့်တကြားမေးလေသည်။ ဦးလေးချစ်သည် သူ့ဆံပင်ဘုတ်သိုက်ကို လက်နှစ်ဖက်နှင့် တဗျင်းဗျင်းမြည်အောင် ကုတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သူ့ဆန် ဆီ ဆားတွေ မရှိတော့လို့တဲ့၊ အဲ့ဒါ ဒေါပွပြီး ငိုတာ"

"သူ့ ဆန် ဆီ ဆား"

"ဟုတ်ကဲ့ ငရုတ်၊ ကြက်သွန်နဲ့ သကြားလည်း ပါတယ်ဗျ"

"ဟင် ငရုတ်၊ ကြက်သွန်နဲ့သကြား"

ဦးလေးချစ်နှင့်နှင်းတို့ လုံးလည်ချာလည် လိုက်နေကြစဉ် ဇော်သည် နောက်ဖေးတန်းလျားဘက်သို့ ထွက်လာခဲ့သည်။ အဝေးကပင် မြင်နိုင်ပါသည်။ ဇော့် ရှပ်အင်္ကျီအဝါ ကျားကျားကြီးကို ဝတ်ထားပြီး မြေပေါ်တွင် ငုတ်တုတ်လေးထိုင်နေသော မော့်ကို အဝေးကပင် မြင်နိုင်ပါသည်။ ထို့ပြင် မျက်ရည်အဝဲသားနှင့် မကျေမချမ်း အော်ဟစ်နေသည်ကိုလည်း ခပ်လှမ်းလှမ်းကပင် ကြားနိုင်ပါသည်။

"ဟင်း ကုန်ပြီ၊ သူများခိုလေးတွေ ကုန်ပြီ၊ အကုန်လုံးဟင်းအိုးထဲထည့်ပြီးအပင်းလျှိုပစ်တယ် ဟီး၊ သနားပါတယ် ငါ့ခိုလေးတွေ၊ မုန်းပါတယ် ဦးချစ်ကြီးကို ဟီး မုန်းတယ်၊ မုန်းတယ်၊ ကိုဇော်ရေ ဆန် ဆီ ဆားတို့တွေ မရှိတော့ဘူး"

မော်သည် မြေကြီးကို ထုကာထုကာနှင့် အော်ဟစ်နေရာမှ ကိုဇော့်ကိုဆီး၍ တိုင်သည်။

"တစ်ကောင်မှ မရှိတော့ဘူးလား ဟာ"

"မတွေ့တော့ဘူး ကိုဇော်ရ ဟီး၊ အကုန်လုံး အိမ်သာထဲ ရောက်ကုန်ပြီ"

"နှင်ကလဲ ဟင်းအိုးထဲပြောပါ"

"မဟုတ်ဘူး၊ အိမ်သာထဲ အိမ်သာထဲ"

"ဟ"

"သူတို့စားလို့ ချီးဖြစ်ကုန်ပြီ ကိုဇော်ရဲ့၊ မော့်ခိုလေးတွေ အိမ်သာထဲ ရောက်ကုန်ပါပြီ၊ ဟီး သနားပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



မော်သည် ငိုမဲ့မဲ့လေးပြောရင်း မြေကြီးကို လက်ဖနှောင့် နှစ်ဖက်နှင့် စုံထုပြန်သည်။ သူ့ရှေ့တွင် ဆန်ကွဲဖြူဖြူလေးများ ပြန့်ကျဲနေသည်။ ဆန်ကွဲထည့်သော ဒန်ခွက်ကလေးကမူ ပိန်ချိုင့်နေသည်။ ဒေါပွပွနှင့် ခွက်ပေါ်တွင် တက်ခုန်ထားသလား မပြောတတ်ချေ။

"နင်ကလည်း ကလေးကျနေတာပဲ၊ ထစမ်း"

"မထပါဘူး၊ ဘာလို့ထရမှာလဲ"

"ထဟာ မော်ရာ"

ဇော်သည် မော့်ကိုဆွဲထူသည်။ မော်က မလိုက်ပေ။ ဂျစ်ပေပေနှင့်ဇော့်လက်ကိုခိုစီးထားသည်။ မျက်နှာတွင် မျက်ရည်စင်းများနှင့် ချွေးတို့ရောကာ အစင်းကြောင်းထင်နေသည်။ ပေရေညစ်ပတ်နေသည်။

"ကြည့်ပါဦးဟာ၊ ပေတူးညစ်ပတ်နေတာပဲ၊ ဒါကြောင့်မို့လို့ အစ်ကိုကျော်က နင့်ကိုပြောတာ"

"ဘာပြောလဲ"

သည်လိုကျတော့လည်း မော်က စိတ်ဝင်စားသည်။ သူ့မျက်နှာကို ရှပ်အင်္ကျီလက်ပွပွကြီးနှင့်ပွတ်ကာ သွက်သွက်ကလေးမေးလေသည်။

"စာခြောက်ရုပ်ကလေးတဲ့"

"ဘာ"

"စာခြောက်ရုပ်ပါဆိုမှ"

မော်သည် ရုတ်ခြည်းနှုတ်ခမ်းစူသွားသော်လည်း နေရာမှ ခုန်ထလိုက်သည်။ ထိုနောက် သူ့ကိုယ်သူ ငုံ့ကြည့်ကာ မျက်နှာလေးနီထွေးသွားသည်။ သူ့ဆန်တို့ ဆီတို့ကို ခေတ္တမေ့သွားဟန်တူသည်။

"စာခြောက်ရုပ်ဆိုတာ ရုပ်ဆိုးဆိုးကြီး"

"နင်ကလဲ လှမှမလှတာ"

"အောင်မယ် လှပါတယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



ရှပ်အင်္ကျီ ပွယောင်းယောင်းကြီး ဝတ်ထားသော၊ ထဘီတိုတိုကို တစောင်းရှဲ့ ဝတ်ထားသော၊ ခုံဖိနပ်ဖင်ပြတ်ကိုစီးထားသောမော်က မျက်နှာလေးမော့ကာ ပြောသည်။ ဖော်သည် သူ့ညီမကိုသူကြည့်ပြီး အတော်ရယ်ချင်သွားလေသည်။

"မော်"

နှင်း၏အသံကို ကြားရသည်။ ဦးလေးချစ်နှင့် ချာလည်ပတ်လည်လိုက်ကာ ကျန်ရစ်သောနှင်းသည် ယခုမှဓာတ်ရည်လည်လာဟန်တူသည်။ သူတို့ဘက်သို့ခပ်ဖြည်းဖြည်းလျှောက်လာသည်။ နှင်း၏နောက်ဘက်တွင် ဆုတ်ကန်ကန်နှင့် လိုက်လာသော ဦးလေးချစ်ကိုလည်း တွေ့ရသည်။

"မမနှင်းရဲ့ မော့်ခိုလေးတွေကို အကုန်စားပစ်တယ်၊ ဟီး အဲဒီဦးချစ်ကြီးပေါ့"

ဦးလေးချစ်ကိုတွေ့သောအခါ မော်သည် ဆန်၊ ဆီ၊ ဆားတို့ကို ချက်ချင်းပြန်သတိရသွားသည်။ ခပ်ဖြည်းဖြည်းလျှောက်လာနေသော ဦးလေးချစ်ကို လက်ညှိုးတထိုးထိုးနှင့်တိုင်သည်။

"လာ လာ မော်၊ အဲဒီ ဦးလေးချစ်ကို တရားစွဲပြီး ထောင်ချပစ်ရအောင်"

နှင်းသည် ရယ်ချင်ဟန်ရှိသော်လည်း မရယ်ပေ။ မော့်လက်ကို ဆွဲခေါ်သည်။ မော်သည် အလိုက်သင့် လိုက်သွားရင်းမှ မေးသည်။

"ဘာမှုနဲ့ တရားစွဲမလဲဟင်"

"ခိုသတ်မှုနဲ့လေ"

"ဘာမှု"

"ခိုသတ်မှု ခိုသတ်မှု၊ ပုဒ်မက ဓိးရိုးဓိးရိုး ဆဲဗင်း"

"ဟင် အဲဒါက ဂျိမ်း(စ်)ဘွန်း နံပါတ်ကြီး"

www.burmeseclassic.com

www.burmeseclassic.com



မော်သည် ဦးလေးချစ်ကို လှည့်၍ မျက်စောင်းထိုးရင်း မကျေမနပ်ပြောလေသည်။ မော် ကျောခိုင်းသွားပြီမို့ အားရပါးရ ပါးစပ်ဖြဲရယ်နေသော ဦးလေးချစ်သည် မော် လှည့်ကြည့်သောအခါ ချက်ချင်းပြန်စေ့လိုက်သည်။ အစွမ်းကုန်ပြဲနေရာမှ တင်းခနဲပြန်စေ့သွားသောပါးစပ်ကြီးကိုကြည့်ကာ ဇော်သည် ရယ်ချင်စိတ်များ လိပ်တက်လာသည်။ သို့သော် သူ ထ,ရယ်ပါက မိမော်တစ်ကောင် ဆက်လက်ပြီး ဒေါသအိုးကွဲဦးမည်စိုး၍ ငြိမ်နေလိုက်ရလေသည်။

"ဦးလေးချစ်ကလည်း လွန်တာပေါ့၊ အကုန်လုံး စားပစ်ရသလား"

မော်နှင့်နှင်း အတော်လှမ်းလှမ်းသို့ ရောက်သွားသောအခါမှ ဇော်က ခပ်တိုးတိုး အပြစ်တင်လိုက်သည်။ ဦးလေးချစ်က သက်ပြင်းကြီး ချရင်း မရှိတရှိပြောသည်။

"ကြက်ဘယ်ဈေးလည်း မင်းသိသလား ဖိုးဇော်၊ ဝက်တွေ၊ ဆိတ်တွေ၊ ဘဲတွေရော ဘယ်ဈေးလည်း မင်းမသိပါဘူး၊ ခိုက အလကားရနေတော့ ငါလည်း ခဏ ခဏ စားမိတာပေါ့ကွာ၊ ခဏ ခဏစားတော့လည်း နည်းလာတာပေါ့၊ နောက်တော့ ပြေးကြရောထင်တာပဲကွ၊ မိမော်လေး က ဟိုတလော ကိစ္စတွေများပြီး သူ့ခိုတွေ လှည့်မကြည့်ဘူး၊ ငါလည်း စားကောင်းကောင်းနဲ့ ဖိစားပစ်လိုက်တာ"

"ကုန်ရောဆိုပါတော့ဗျာ၊ ဟား ဟား"

"အေးကွ ကုန်ရောဆိုပါတော့"

ဦးလေးချစ်သည် ခေါင်းကို တဆတ်ဆတ် ညိတ်လိုက်သည်။ ဇော်ကို ခေတ္တမျှ တွေတွေကြီး ကြည့်နေပြီး ဟီးခနဲထရယ်သည်။ ဇော်ကလည်း ရယ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီးငွေသည် အရောင်စုံ ဖူးပွင့်နေသော နှင်းဆီပန်းများကိုကြည့်ကာ ကြည်ကြည်နူးနူးကြီး ဖြစ်သွားသည်။ နှင်းတစ်ယောက် တကုပ်ကုပ်နှင့် စိုက်ပျိုးနေစဉ်ကမူ သည်လောက်ဖြစ်ထွန်းလိမ့်မည်ဟု မမျှော်လင့်မိပေ။ စိုက်တန်သော အပင်ကိုစိုက်၊ ပျိုးသောအပင်ကိုပျိုး၊ အပင်လိုက်ဝယ် သည့်အခါဝယ်နှင့် တစ်ခြံလုံးတွင် နှင်းဆီပင်များ တိုးသထက် တိုးလာခဲ့ သည်။ ထိုနောက် ခြောက်လပိုင်းလောက် အတွင်းတွင်ပင် အပွင့်များ ဝေစီလာခဲ့လေသည်။

"ဟောဟိုက နီနီရဲရဲအပွင့်မျိုးကို ကျွန်မက ဈေးမေးကြည့် တယ်၊ တစ်ပွင့်သုံးမတ်တဲ့ ကြီးငွေရဲ့၊ ဟိုဘက်ကအပွင့်မျိုးကတော့ ပြား သုံးဆယ်နဲ့ရခဲ့တယ်"

ကြီးကြီးငွေ၏နောက်တွင် ပါလာသော မမြမေကပြောသည်။

"မရောင်းရလည်း နေပါစေ မမြမေရယ်၊ အင်းလျားလမ်းအိမ် သံရုံးကိုငှားထားလို့ရတဲ့လခနဲ့ ငါတို့တွေစားသောက်ပါတယ်၊ ငါက တော့ အကုန်လုံး ဘုရားတင်ပစ်ချင်တာပဲ"

ကြီးကြီးငွေက တစ်ခြံလုံးကိုပင် ဘုရားတင်ပစ်ချင်စိတ်နှင့်ပြော သည်။ မမြမေသည် မသိမသာလေးမဲ့သွားသော်လည်း ဘာမှပြန်မပြော ရဲပေ။ သို့သော် စံပယ်ရုံဘေးရှိ ခုံတန်းကလေးတွင် စာကျက်နေသော မော်က နားစွန်နားဖျားကြားလိုက်ဟန်တူသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ကြီးငွေ၊ ဘုရားကပြောနေတယ်"

"ပေါ်တာမလေး၊ ဘုရားပြောတာ နင်ကြားလို့လား"

"ကြားတာပေါ့ ကြီးငွေကလဲ"

မော်သည် ပြုံးပြုံးနွဲ့နွဲ့လေးနှင့်ရယ်ရင်း ပြောသည်။

"ဘုရားကပြောနေတယ်၊ အင်း တစ်ခြံလုံး ဘာလုပ်ဖို့လဲ၊ မလိုချင်ဘူးတဲ့၊ ဒကာမလှလှလေးတွေ ပန်ကြပါစေတဲ့"

"ခွေးမလေးနော် ငရဲကြီးမယ်"

"အပဟက် ဘုရားက ပြောပြန်ပြီ"

"အောင်မယ်"

"ငရဲမကြီးနဲ့ လွတ်စေတဲ့"

ကြီးကြီးငွေသည် ရယ်ချင်လာသော်လည်း မရယ်ဘဲ အတင်းတည်ထားသည်။ ကြီးကြီးငွေ သူ့ဘက်သို့လျှောက်လာသောအခါ မော်သည် ခစ်ခနဲရယ်ရင်း နေရာမှ ထလိုက်သည်။ စိတ်မဆိုးဘဲ စိတ်ဆိုးသယောင် အတင်းတည်ထားသော မျက်နှာထားကို တွေ့ရသောကြောင့် ထွက်ပြေးမည် ဟန်ပြင်ပြီးမှ မပြေးဘဲ ရပ်နေလိုက်သည်။

မော်သည် ရေခဲဖော့အကျီ အပြာရောင်လေးနှင့် လုံချည်အပြာရောင် ဖြောင်လေးကို ဝတ်ဆင်ထားသည်။ ဆံပင်ကို နှစ်ဖက်ခွဲပြီး ဖဲကြိုးပြာပြာလေးနှင့် စည်းထားသည်။

"အံမာ ရှုးတွေ မိုးတွေနဲ့ ဒါက ဘယ်လဲ"

"အင် ကြီးငွေကလဲ၊ ကြီးငွေကို မနက်ကတည်းက ပြောထားသားနဲ့ စာသွားမေးမလို့လေ၊ ကိုဖော့ဆရာဆီကိုလေ"

ကြီးကြီးငွေ ခေါင်းညိတ်လိုက်သည်။ မော် မနက်ကတည်းက သူ့ဆီ၌ ခွင့်တောင်းထားခဲ့သည်။ စာမေးပွဲနီးလှပြီမို့ စာနှင့်ပတ်သက်လာလျှင် ကြီးကြီးငွေကလည်း အကုန်အစင်ခွင့်ပေးသည်။ ဗေဒင်တွေ

www.burmeseclassic.com

www.burmeseclassic.com



ယတြာတွေလည်း စုံချေပြီ။ မော် စာမေးပွဲဖြေစဉ် ပန်းအဖြူတစ်ပွင့်ပန်ပြီး လက်ကိုင်ပဝါအဖြူဆောင်ရမည်ဟု ပြောသည်။ ထို့ကြောင့် နှင်းဆီအဖြူပင်များမှ အဖူးများကိုပင် လိုက်ပြီး ရေတွက်ကြည့်မိသေးသည်။ ဇော့်အတွက်မူ ဆီးကိုင်းကို ဘုရားပန်းအိုးထိုးပေးရမည်ဟု ဆိုသည်။

"ကိုဇော်က နေ့ခင်းကတည်းက သွားနှင့်ပြီ၊ မော်က ခုမှ ဦးလေးချစ်နဲ့ လိုက်သွားရမှာ ကြီးငွေရဲ့"

"အင်း အင်း"

ကြီးငွေသည် ခေါင်းညိတ်ရင်း မော့်ကို ခြေဆုံးခေါင်းဆုံးကြည့်သည်။ ခါတိုင်း မော်ကြိုက်နှစ်သက်လှသော ရှပ်အင်္ကျီပွပွကြီးများ ဘယ်ရောက်ကုန်လေပြီနည်း။ တစောင်းရွဲ့ဝတ်တတ်သော လုံချည်သည် အဘယ်ကြောင့် ခြေမျက်စိဖုံးအောင် ရှည်လျားသပ်ရပ်နေဘိသနည်း။ မော် သည်လိုဝတ်ဆင်ထားသည်ကို ကြီးကြီးငွေ ကြိုက်ပါသည်။ နှစ်သက်ပါသည်။ သို့သော် စိတ်ထဲတွင် ထူးထူးဆန်းဆန်း ဖြစ်နေသည်။ မည်သူချွတ်၍များ သည်ကောင်မလေး ကျွတ်တန်းဝင်သွားသနည်း စဉ်းစားရင်း မျက်မှောင်ကြီးကုတ်ထားမိသည်။

"မော် မလှဘူးလား ကြီးငွေ"

"လှပါ့တော် လှပါ့"

ကြီးကြီးငွေက ခေါင်းတဆတ်ဆတ် ညိတ်လိုက်ပြန်သည်။ မော်သည် သနပ်ခါးလေး ညီညီလိမ်းကာ နှုတ်ခမ်းနီလေးကိုပင် မသိမသာလေး ဆိုးထားသည်။ မပြင်မဆင်နေလေ့ရှိသော မျက်နှာလေးသည် အတန်ငယ်ပြင်လိုက်ရုံနှင့် ဖူးပွင့်စနှင်းဆီပန်းလေးလို ကြွပြီး လှလာသည်။

"အင်း လှပါ့ လှပါ့၊ ဒါပေမယ့် ဘာလို့ ဒီလောက် အလှပြင်နေရတာလဲ မိချွေမော်လေး"

www.burmeseclassic.com

www.burmeseclassic.com



"အဟက်"

မော်သည် ကြောင်စီစီလေးနှင့် ခေါင်းကုတ်လိုက်သည်။ ဘာပြန်ပြောရမည် မသိသည့်အတွက် ကြီးကြီးငွေကို သွားလေးဖြဲကာ ရယ်ပြသည်။ မျက်မှောင်ကြီးကုတ်သည်ထက်ကုတ်လာသော ကြီးကြီးငွေကို ကြည့်ရင်း ခုံတန်းပေါ်မှ သူ့စာအုပ်ကလေးများကို ခပ်ကုတ်ကုတ်ကောက်ယူလိုက်သည်။

"ဟင် ကြီးငွေကလည်း ဘုရားကပြောတယ်"

"အံမာ လာပြန်ပြီ"

"လုလုပပနေပါတဲ့"

မော်သည် ကြီးငွေကိုမကြည့်တော့ဘဲ လှစ်ခနဲထွက်ပြေးသည်။ ဦးလေးချစ် ကားထုတ်လာသည်နှင့် အတော်ပင်ဖြစ်ပါသည်။ မော်သည် ကားဆီသို့ တန်းပြေးကာ တံခါးဆွဲဖွင့်လိုက်သည်။ ကားထဲသို့ ဝုန်းခနဲဝင်ထိုင်ရင်း အသံသာသာလေးနှင့် ရယ်သည်။ ထို့နောက် လှမ်းအော်သည်။

"ကြီးငွေရေ ဘုရားကပြောနေပြန်ပြီ"

"အံမာ အံမာ"

ဒေါသလည်းဖြစ် ရယ်လည်းရယ်ချင်နှင့် ကြီးကြီးငွေ၏ မျက်နှာသည် ခရမ်းချဉ်သီးမှည့်လို နီလာသည်။

မော့်အသံသည် ဝူးခနဲထိုး၍ ထွက်သွားသော ကားစက်သံနှင့် ရောသွားသည်။ သို့သော် ကြီးကြီးငွေကမူ ပီပီသသ ကြားလိုက်ရလေသည်။

"ဘုရားက ပြောနေတယ်၊ စိတ်ဆိုးတာ မကောင်းဘူးတဲ့၊ သိလား ကြီးငွေရ၊ စိတ်ဆိုးတာ မကောင်းဘူးတဲ့"

*

www.burmeseclassic.com

www.burmeseclassic.com



"မင်းနှမလေး တောင်းတာများ စိတ်ဆိုးစရာလား ဖိုးဇော်ရာ၊ အောင်မလေးဟဲ့၊ ငါ့ညီ ဟန်ဆောင်ပြုံးလေးတောင်မပြုံးနိုင်တော့ဘူးလားကွ ဟား ဟား"

မျက်နှာပုပ်သိုးသိုးနှင့် ထိုင်နေသော ဇော့်ကိုကြည့်ကာ တင်မောင်ကျော်သည် ရယ်ချင်စိတ်ကို မမျိုသိပ်နိုင်ပေ။ အူထဲမှ လိပ်၍တက်လာသလို တဟားဟား ရယ်နေလေသည်။

ဇော်သည် ဘာမှပြန်မပြောဘဲ သချာပုစ္ဆာကို သဲသဲမဲမဲ စိုက်ကြည့်နေသည်။ ထိုနောက် တကုတ်ကုတ် တွက်ချက်နေလိုက်သည်။ ခေါင်းကိုပင် မထောင်တော့ပေ။

သည်နေ့ ဇော်နှင့်အစ်ကိုမောင် ခေတ္တသာ ဆုံလိုက်နိုင်သည်။ ဇော်မေးသော သချာပုစ္ဆာများကို ကမန်းကတန်းသာ ရှင်းလင်းပြနိုင်ပြီး အလုပ်ကိစ္စနှင့် အပြင်ထွက်သွားရသည်။ အစ်ကိုကျော်က ဇော် မသိမတတ်သည်များကို ဆက်လက်ရှင်းပြသည်။ အစပိုင်းတော့ အကောင်းသားပင် စိတ်ပါလက်ပါ ရှင်းလင်းတွက်ချက်ပြသည်။ နာရီဝက်ခန့်ကြာသောအခါတွင်ကား ဖောက်လာတော့သည်။ မျက်တောင်ရှည် ကော့ကော့များ ပေါင်ခတ်ထားသော ဇော့်မျက်ဝန်းညိုညိုများကိုကြည့်ကာ

www.burmeseclassic.com

www.burmeseclassic.com



ပြုံးနေသည်။ ထိုနောက် ဆိုင်းမဆင့် ဗုံမဆင့်နှင့် 'ဖိုးဇော်ရ မင်း တော်တော် ချောတာပဲ၊ မင်းညီမလေးကလည်း စာခြောက်ရုပ်လို ဝတ်ထားလို့သာပဲ၊ အမှန်ဆို အတော်လှမှာ၊ ငါ့ပေးမလားကွ'ဟု ပြောလေသည်။ ဟန်ကလေးပင် မဆောင်နိုင်ဘဲ မျက်နှာအပျက်ကြီးပျက်သွားသော ဇော်ကိုကြည့်ကာ အစ်ကိုကျော်သည် တစ်ဦးတည်း ပွဲကျနေသည်။

"မင်းကလည်း တွန့်တိုလိုက်တာ ဖိုးဇော်ရာ"

"အစ်ကိုကျော်နော် ဟွန်း"

"ဘာလဲကွ"

"အစ်ကိုမောင်လာမှ တိုင်ပြောမယ်နော်"

"တိုင်ပေါ့ကွ၊ မင်း အစ်ကိုမောင်ကို ငါက ကြောက်တယ် အောက်မေ့လို့လား၊ သူ့အတွက်တစ်ယောက်လည်း မင်းဆီက တောင်းရဦးမယ်"

တင်မောင်ကျော်သည် ပြုံးစစနှင့်ပြောရင်း လေချွန်နေသည်။ လေဟုန်စီးပြီး ငြိမ့်ဝဲနေသော လေချွန်သံလေးကို နားထောင်ရင်း ဇော်သည် စိတ်ချဥ်ပေါက်လာသည်။ မော့်ကို သူကတောင်းရုံမက သူ့အစ်ကိုမောင်အတွက် နှင်းကို မျက်စောင်းထိုးနေသည်ဟု ထင်မိလေသည်။

"သူက စီးပွားရှာ၊ သူ့မိန်းမက အိမ်ထောင်ထိန်း ချက်ပြုတ်လျှော်ဖွပ် အသိမ်းအဆည်း အကုန်ကောင်းရမှာဆိုတော့ ငါတော့ သူနဲ့ လိုက်ဖက်ညီတာ တစ်ယောက်ပဲ မြင်တယ် ဖိုးဇော်၊ သိလား"

"ဘယ်သူလဲ"

ဇော်က မျက်နှာပျက်ပျက်နှင့် မေးသည်။

"မင်းတို့ရဲ့ ကြီးကြီးငွေပေါ့"

"ဗျာ"

"အစ်ကိုမောင်နဲ့ ကြီးကြီးငွေကို ငါတို့နှစ်ယောက်ကပဲ လူကြီး

www.burmeseclassic.com

www.burmeseclassic.com



လုပ်ပြီး စေ့စပ်ကြောင်းလမ်း ပေးရအောင်ကွာ၊ ဒီတိုင်းထားလို့ကလည်း ဘယ်သူကမှ စ,မှာမဟုတ်ဘူး၊ ရှက်နေကြမှာ"

အောင့်သက်သက်နှင့်ကျွဲမြီးတိုနေသည့်အထဲမှ ဇော်သည် ရယ်ချင်စိတ်များ လိမ့်တက်လာသည်။ စိတ်ဆိုးမပြေချင်သေးသည့်အတွက် ရယ်ချင်စိတ်ကို ချိုးနှိမ်ကာ မျက်နှာကိုအတင်းတည်ထားသည်။

"အံမာ မင်းက ကြီးကြီးငွေကိုလည်းနမြောတာပဲလားကွ၊ စိန်တွေ ရွှေတွေတော့ တင်မတောင်းနိုင်ပေမယ့် ငါ့အစ်ကိုက ဘူးသီး ခရမ်းသီးတွေ ဂေါ်ဖီထုပ်တွေနဲ့ တင်တောင်းမှာပါကွ"

အစ်ကိုကျော်က အတည်ပေါက် ဆက်ပြောနေသောအခါ ဇော်သည် မရယ်ဘဲမနေနိုင်တော့ပေ။ အသက်ခြောက်ဆယ်နားနီးနေသော ငါးဆယ် ငါးဆယ် ငါးဆယ်အတိုင်းအထွာရှိသော ကိုယ်လုံးအလှ ပိုင်ရှင် ကြီးကြီးငွေကို အစ်ကိုမောင်က ဘူးသီးတောင်း၊ ဂေါ်ဖီတောင်းများနှင့် တင်တောင်းပုံကို တွေးပြီး မြင်ယောင်မိသောကြောင့်ဖြစ်သည်။

ဇော်ကသာ ရယ်မိသော်လည်း အစ်ကိုကျော်ကမရယ်ပေ။ သူရယ်စရာပြောခြင်းမဟုတ်သလိုခပ်တည်တည်လုပ်နေသည်။ ထို့နောက် သီချင်းလေးတစ်ပုဒ်ကို တိုးတိုးညင်းညင်းလေချွန်နေသည်။

ဇော်သည် နားထောင်နေရင်း မည်သည့်သီချင်း ဖြစ်မည်နည်းဟု စဉ်းစားနေမိသည်။ ခေတ်ဟောင်း သီချင်းတစ်ပုဒ်ပင် ဖြစ်မည်ထင်သည်။ သီချင်းအလိုက်ကို ဖိုးတိုးဝါးတား သိသော်လည်း စာသားများကို သူမသိပေ။ မော်သာဆိုလျှင် ချက်ချင်းသိမည်ဖြစ်သည်။ မော်သည် သီချင်းဂီတကို စွဲလမ်းဝါသနာထုံသလောက် ဇော်က ပါရမီနည်းသည်။ သီချင်းတစ်ပုဒ်ကိုပင် စည်းဝါးကျကျ အလွတ်ရသူမဟုတ်ပေ။ ဖေဖေမဆုံးမီက ဝယ်ပေးထားသော သူတို့နှစ်ဦးပိုင် ကက်ဆက်ကလေးသည်ပင် မော်ပစ္စည်းလုံးလုံးဖြစ်နေချေပြီ။ ဇော်သည် မော်ဖွင့်ပြသော သီချင်း

www.burmeseclassic.com

www.burmeseclassic.com



များကို တစ်ခါတစ်ရံ ကောင်းသည်တင်မိသော်လည်း စွဲစွဲလန်းလန်း မရှိလှပေ။ မော်ကမူ သီချင်းသံကြားလျှင် ခေါင်းကလေးဆတ်၊ လက်ကလေး ခြေကလေးလှုပ်ပြီး အလိုလို စည်းလိုက်မိတတ်သူလေး ဖြစ်သည်။ မချွန်တတ်ချွန်တတ်နှင့် တရွှီရွှီ လေချွန်လွန်းသောကြောင့်လည်း မိန်းကလေးတန်မဲ့ နှုတ်ခမ်းပေါ်တွင် မွေးညင်းစိမ်းစိမ်းလေးများပင် ပေါ်လာသေးလေသည်။

"မိုးမှောင် မိုးမှောင်၊ လာ လာ"

မော်သည် မိုးမှောင်ကိုခေါ်လိုက်သည်။ အခုတော့ သူနှင့် မိုးမှောင်သည် ရင်းနှီးနေချေပြီ။ အမြီးနန့်ရင်းအနားကပ်လာသော မိုးမှောင်၏လည်ပင်းကို ဆီးဖက်ကာ ကျောကို ပွတ်သတ်ပေးနေမိသည်။ တွက်လက်စ သင်္ချာကို ဆက်ပြီး မတွက်နိုင်တော့ပေ။

"ဖိုးဇော် မင်းအိမ်စောင့်ပေးမလား၊ အစ်ကိုမောင်လာမှ ပြန်ကွာ"

"ဘာဖြစ်လို့"

"ငါ သွားစရာ ရှိသေးတယ်ကွ"

"ဘယ်အဆက်နဲ့ချိန်းထားလို့လဲ အစ်ကိုကျော်ရ"

"ဒီလိုပေါ့ကွာ၊ ဟား ဟား"

အစ်ကိုကျော်သည် စိတ်လက်ပေါ့ပါးစွာ ရယ်မောရင်း သူ့လက်ထဲမှ ထန်းလျက်ခဲကို မိုးမှောင်ဆီသို့ ပစ်ပေးလိုက်သည်။ ကြမ်းပေါ်ကိုပင် အကျမခံ၊ မိုးမှောင်သည် ထန်းလျက်ခဲချိုချိုကို လမ်းမှဆီး၍ ဖမ်းဟပ်လိုက်လေသည်။

"ညကျမှ ငါအစ်ကိုမောင့်ကိုယ်စား ရည်းစားစာ ရေးထားလိုက် မယ်"

"ကြီးငွေကို ပေးဖို့လား၊ ဟား ဟား"

www.burmeseclassic.com

www.burmeseclassic.com



"အေးပေါ့ကွ၊ ဒီတစ်ခါ ငါ့အစ်ကိုကြီးကို အစွံထုတ်ရမယ်"

"ကျွန်တော်တော့ အစ်ကိုမောင်နဲ့ တိုင်ပြောမှာပဲ"

"တိုင်ပေါ့ကွ၊ မကြောက်ပါဘူး၊ ငါက သူ့ကောင်းကျိုးကို ဆောင်ရွက်တာပဲ"

"ဒီလိုဆို ကြီးဒွေနဲ့တိုင်မယ်၊ နောက်ပြီး မမနှင်းကိုလည်း ပြောပြမယ်"

"ပြော ပြောပေါ့၊ ငါကကြောက်မယ် အားကြီး၊ မင်း မမနှင်းက သာ ငါ့ကို ဖင်တုန်အောင်ကြောက်တာ"

"အောင်မယ်"

ဇော်သည် သချာစာအုပ်ကို ပိတ်လိုက်သည်။ ဆက်တွက်၍လည်း ရတော့မည် မထင်။ အာရုံစူးစိုက်မှု မရှိတော့ချေ။ အစ်ကိုကျော်သည် သူသင်ပြပေးသော သချာတစ်ပုဒ် နှစ်ပုဒ်နှင့် မတန်အောင်ပင် လေပေါလှသည်။ အိမ်ပြန်ရောက်သောအခါမှ ဖြည်းဖြည်းဆေးဆေး ပြန်တွက်သည်က ကောင်းပေမည်။

"ကားလာရင် ပြန်တော့မယ် အစ်ကိုရာ"

"နေပါဦးကွ၊ မင်းကလဲ"

"စာမေးပွဲနီးပြီဗျ၊စာကျက်ရဦးမယ်"

"မင်းညီမ စာခြောက်ရုပ်ကလေးရော၊ မင်းနဲ့တစ်တန်းတည်း မဟုတ်လား၊ သူလည်း နီးပြီပေါ့"

"မိမော်က ကျွန်တော့်လောက် စာမကျက်ဘူး၊ စာလည်း မဖတ် ချင်ဘူး၊ စာကျက်ချိန်မှာ သီချင်းဆိုလိုက်၊ ပန်းချီဆွဲလိုက်နဲ့၊ ဒါပေမယ့် ဉာဏ်တော့ကောင်းတယ်၊ သူ့ကို ပြပေးလိုက်ရင် ခဏလေးနဲ့မှတ်မိသွား ရော"

ဇော်သည် နေရာမှထကာ ခါးကို လှည့်ချိုးလိုက်သည်။ အတန်

www.burmeseclassic.com

www.burmeseclassic.com



ကြာအောင် ထိုင်နေသဖြင့် ခါးရိုးများ ညောင်းနေသည်။ ခုတလော သူ့ခေါင်းထဲတွင် စာ စာဟူ၍သာ မြည်နေသည်။ စာကျက်ဖို့ရန်သာ အချိန်ပြည့်အာရုံစူးစိုက်နေမိသည်။ တစ်ခါတစ်ရံ ကစားတတ်သော ဘောလုံးကိုပင် မကစားမိဘဲ စာကြည့်စားပွဲ အထိုင်များသောကြောင့် အညောင်းမိချင်လာသည်။ တစ်နေ့ကျလျှင် စက်မှုအင်ဂျင်နီယာ ဖြစ်ရမည်ဟု ရည်မှန်းထားသည့်အတွက် ရည်မှန်းချက် ပျက်မှာကြောက်သော စိတ်နှင့် စာများကို တမောတကော ဖိကျက်နေမိသည်။

"ကျွန်တော်က မော်တော်ကားပြင်တတ်ချင်တယ်၊ ဖေဖေ့ ဝပ်ရှော့ကို တစ်နေ့နေ့ကျရင် ဦးစီးနိုင်တဲ့သူ ဖြစ်ချင်တယ်၊ အခုတော့ ဘာမှ မသိဘူး၊ သူများနဲ့သာ လွှဲထားရတာ"

"လွှဲထားပေမယ့် ငွေတော့ရနေတယ် မဟုတ်လား"

"ဒါပေါ့"

"အရင်းရှင်ဆိုတာ အဲဒါပေါ့ကွ"

အစ်ကိုကျော်ကပြောသည်။ အရင်းရှင်ဟူသောဝေါဟာရ၏ အဓိပ္ပာယ်အပြည့်အဝကိုတော့ ဇော်မသိပေ။ သဘောထား ဆိုးရွားသော သူဌေးများကို အရင်းရှင်ဟု ခေါ်ဝေါ်သုံးစွဲလေ့ရှိကြောင်းကိုမူ သူသိထားသည်။ ထို့ကြောင့် အစ်ကိုကျော်က သူ့ကို မခံချင်အောင် ပြောကြောင်း သိသော်လည်း ချေပရန် စကားလုံး စဉ်းစား၍ မရသောကြောင့် ငြိမ်နေလိုက်ရသည်။

တီခနဲ နိပ်လိုက်သော ကားဟွန်းသံနှင့်အတူ ခြံထဲလိမ့်ဝင်လာသော ကားကလေးကို တွေ့ရသောအခါ ဇော် ပျော်သွားသည်။ အိမ်ကို ပြန်ရတော့မည့်အတွက် ဖြစ်သည်။ သို့သော် ကားထဲတွင် မော်က ပြုံးပြုံးလေး ပါလာသည်ကိုတွေ့ရသောအခါတွင်ကား ဇော် စိတ်ညစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ကိုဇော်၊ မော်လည်း စာမေးချင်လို့ လိုက်လာတာ"

မော်က ရယ်ကျဲကျဲလေးပြောရင်း ကားပေါ်မှ ဆင်းလာသည်။ ဝတ်ခနဲ ထိုးဟောင်သော မိုးမှောင်ကို ဇော်သည် လမ်းခုလတ်မှဖမ်းပြီး ဖက်ထားလိုက်သည်။

BURMESE CLASSIC .com

"တွက်မရတဲ့သင်္ချာတွေ အများကြီးပဲ"

မော်က လျှောက်လဲချက်ပေးရင်း အိမ်ပေါ်တက်လာသည်။ အပြာရောင်ဝတ်စုံလေးနှင့် ဖူးပွင့်စပန်းလေးလို နုပြီးလှနေသော မိမော်ကိုကြည့်ရင်း ဇော်သည် ကျွဲမြီးရော၊ မျောက်မြီးရော၊ လူမြီးရော ရှိရှိသမျှ အမြီးများ အကုန်တိုကုန်လေသည်။

"အစ်ကိုမောင်တော့ အပြင်ထွက်သွားတယ် မော်ရေ၊ တွက်မရတဲ့သင်္ချာတွေက များလို့လား"

အစ်ကိုကျော်က နှုတ်သွက်လျှာသွက်နှင့်ပြုံးရယ်ရင်းမေးသော အခါ ဇော်သည် အမြီးတိုရုံမက ကျန်ရှိသော ငုတ်တိုလေးပင် ပြုတ်ထွက်သွားသလို ရင်ထဲတွင် ဆွေ့ဆွေ့ခုန်သွားသည်။

မော်သည် ကြည်ကြည်လေးပြုံးကာ အစ်ကိုကျော်ကို လှမ်းကြည့်သည်။ ဖဲကြိုးပြာပြာလေးက လေတွင်လွင့်ကာ ထွေးထွေးအိအိ ဆံနွယ်များသည် ပခုံးပေါ်တွင် ဝဲကျနေသည်။ ချပ်ချပ်ရပ်ရပ်ဝတ်ထားသော အင်္ကျီနှင့်လုံချည်တို့ကြောင့် ပိုျမျစ်နုနယ်သော ကိုယ်ဟန်လေးသည် ကျော့ရှင်းနေသည်။ မျက်တောင်ရှည်များ ပေါင်ခတ်ထားသော မျက်လုံး ညိုညိုလေးများကမူ 'ဒါစာခြောက်ရပ်လား'ဟု ပြုံးရယ်ရင်း ရန်တွေ့နေ ဟန်ရှိသည်။

"ငါတော့ ပြန်မယ်"

"ဟင် ပြန်တော့မယ်"

"ထမင်းဆာလုပြီ"

www.burmeseclassic.com

www.burmeseclassic.com



မျက်မှောင်ကြီးကုတ်ထားသော ဇော်ကို သတိပြုမိသောအခါ အစ်ကိုကျော်သည် တဟားဟား ထရယ်လေသည်။ တစ်ချိန်လုံး ပဲကြီးလှော်စားလိုက် ရေသောက်လိုက်လုပ်နေသော ဇော်သည် မည်သည့်နည်းနှင့်မျှ ထမင်းမဆာနိုင်သေးကြောင်း သူကောင်းကောင်းသိသည်။

"အေး ပြန် ပြန်၊ ပဲကြီးလှော်စားပြီး ရေသောက်တာ ရင်ချောင်တာကိုးကွ၊ ဆာရောပေါ့"

အစ်ကိုကျော်က ပြောသောအခါ ဇော်သည် သူ့အဖြစ်သူစဉ်းစားမိပြီး သွားညီညီလေးများပေါ်အောင်ပင် လှစ်ခနဲ ရယ်လိုက်မိသည်။ သို့သော် အလျှော့တော့မပေး။ သွားစရာရှိသေးသည်ဟု အကြောင်းပြကာ ပြန်ရန် ဟန်ပြင်သည်။ အကျအနပြင်ဆင်ပြီး အလှလာပြသော မိမော်ကို တနုံ့နုံ့ဒေါသတွေ ထွက်နေသည်။ အစ်ကိုကျော် ရေးသားပြုစုမည့် 'တင်မောင်ကျော်နှင့်မိန်းကလေးများ' ဟူသော စာအုပ်ထူကြီးနှင့်သာ သူ့ခေါင်းကို တအားထုလိုက်ချင်တော့သည်။

"နင်ကလည်း တော်တော်ကဲ"

ကားပေါ်ရောက်သောအခါ ဇော်က ခပ်ကျိတ်ကျိတ်ဆူသည်။ မော့်နှုတ်ခမ်းလေးများသည် ချက်ချင်း ထော်ထွက်လာကုန်သည်။

"အံမာ ဘာကဲလို့လဲ"

"ဘာလို့ ဒီလောက် အလှပြင်ရတာလဲ၊ ဟင်း"

"လှချင်လို့ အလှပြင်တာပေါ့၊ ဘာဖြစ်တာလဲ၊ အဲဒါ ဘာဖြစ်လဲ ကိုဇော်ရ"

"အေး အဲဒါပြောတာ၊ ဘာလို့လှချင်တာလဲ"

"အဟဲ ဒါတော့ ဘယ်သိမလဲ၊ ဒါပေမယ့် အဲဒီ အစ်ကိုကျော်က ဘာလို့ မော့်ကို စာခြောက်ရုပ်လို့ ပြောရသလဲ၊ ဟင်း ခုတော့ သိသွားပြီ"

"ဘာသိတာလဲ"

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"မော်လှတဲ့အကြောင်း သိသွားပြီလေ"

"အံမာ"

"တကယ်၊ မော်တယ်လှပါလားတဲ့ ပြောလိုက်သေးတယ်"

မော်သည် သူခူးလာသော စံပယ်ပွင့်လေးများကို တဖွဖွလေး ရှိုက်နမ်းရင်း ပြုံးနေသည်။ တစ်ချိန်လုံး သူ့မျက်စိရှေ့တွင်ရှိသော အစ်ကို ကျော်သည် ဘယ်အချိန်ကများ သူ့ညီမငယ်ငယ်လေးကိုကပ်ပြီး ရိသဲ့သဲ့ လုပ်လိုက်ပါသနည်းဟု အပြေးအလွှားတွေးရင်း ဇော်သည် ခေါင်းပူသွား သည်။

"ဘယ်တုန်းကပြောတာလဲ"

"ခုနကပဲလေ"

"ငါ မကြားပါဘူး"

"ကိုဇော် ဘယ်ကြားမလဲ၊ မော်တစ်ယောက်တည်းကြားတာ"

မော်သည် မျက်လုံးကြီးပြူးနေသော ဇော့်ကို စောင်းကြည့်ကာ မျက်နှာလေးမော့ထားသည်။ ရယ်ချင်နေသလို မျက်နှာလေး မရှုံ့မချဉ် ဖြစ်ကာ နီနေသည်။

"နှင်တစ်ယောက်တည်းကြားရအောင် ဘယ်က ပြောလိုက်လို့ တုံးဟ"

"သူ့မျက်လုံးတွေက ပြောလိုက်တာလေ"

"ခွေးမ"

ဇော်သည် လက်မြှောက်ကာ သူ့ညီမကို ဇက်ပိုးအုပ်မည့်ဟန် ပြင်သည်။ ဝဲခနဲထွက်လာသော ဇော့်လက်ကို အတင်းဖမ်းချုပ်ထားရင်း မော်သည် ခိုးခိုးခစ်ခစ်ရယ်နေလေသည်။

ကိုဇော့်ကို မခံချိမခံသာဖြစ်အောင် လုပ်နိုင်သည့်အတွက်ရော၊ အစ်ကိုကျော်က ရွှန်းရွှန်းစားစား ကြည့်လိုက်သည့်အတွက်ရော အကြောင်း

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



နှစ်မျိုးကြောင့် မော်သည် စိတ်ထဲတွင် အလိုလို ရွှင်ပြီး ပျော်ကာ ရယ်ချင်နေလေသည်။

*

www.burmeseclassic.com

www.burmeseclassic.com



"နှင်းဆီ"

နှင်းသည် ဆတ်ခနဲတုန်သွားသည်။ သူ့အသံသည် တိုးတိုးလေး ဖြစ်သော်လည်း နှင်း၏စိတ်ထဲတွင်မူ နားဝတွင်ကပ်ပြီး ဗုံးတစ်လုံးကွဲ သွားသလားဟု ထင်လိုက်မိသည်။ ကားစတီယာရင်ကို လက်နှစ်ဖက်နှင့် တင်းတင်းဆုပ်ကိုင်ထားလိုက်ရင်း ရင်ထဲတွင် တလှပ်လှပ်ဖြစ်လာသည်။

"မောင့်ကို ခုထက်ထိ စိတ်ဆိုးနေတုန်းပဲလား နှင်းဆီ"

နှင်းသည် နှုတ်ခမ်းနှစ်လွှာကို ခပ်ဖိဖိလေးစေ့ကာ သူ့ကို မော်ကြည့်လိုက်သည်။ သူသည် ကားတံခါးကို ခပ်နွဲ့နွဲ့မှီထားရင်း ရွှင်လန်းစွာပြုံးနေသည်။ သူ့ကို မုန်းတီးစိတ်နာပြီး ရင်ထဲတွင် အမျက်သိုမိပြီးဖြစ်သော်လည်း သူ့အရှိန်အဝါသည် နှင်းကို လွှမ်းမိုးဆဲဖြစ်သည်။ စူးရှသော သူ့မျက်လုံးနှင်း ရွှင်ပျသောသူ့အပြုံးဝယ် နှင်းသည် ရင်ခုန်လာမြဲဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သည်နေ့ ဖော်နှင့်မော် စာမေးပွဲဖြေလေသည်။ တက္ကသိုလ်ဝင်စာမေးပွဲဟူသည်မှာ ဖြေသူများအတွက် ပညာရေးသာမက ဘဝရေးကိုပါ အဆုံးအဖြတ်ပေးသည့် ဘဝစာမေးပွဲ ဖြစ်ချေသည်။ ထိုစာမေးပွဲတွင် ရရှိမည့်အမှတ်များက မည်သည့်တက္ကသိုလ်သို့ တက်ရောက်သင်ကြားခွင့် ရှိသည်ကို အဆုံးအဖြတ်ပေးမည်ဖြစ်သည့်အတွက် ဖော်ချော သူလိုချင်သော စက်မှုအင်ဂျင်နီယာလိုင်းအမှတ် မမီမည်ကို တပူပင်ပင်တကြောင့်ကြကြဖြစ်နေလေသည်။ ထို့ကြောင့်လည်း နှင်းသည် ကျောင်းဝမှ လာပြီးစောင့်နေမိခြင်းဖြစ်သည်။ စာမေးပွဲခန်းမမှ ထွက်လာလျှင် ဖြေနိုင်တယ်၊ မဖြေနိုင်ဘူးဟူသမျှ အားပါးတရ ပြောစရာလူမရှိဘဲ ကလေး နှစ်ဦး စိတ်ငယ်နေမည်ကို စိုးရိမ်သော စေတနာလေးကြောင့် ဖြစ်သည်။ အခုတလော နှင်း အပြင်ထွက်ခဲသည်။ ထွက်မယ့် ထွက်တော့လည်း သူနှင့် တိုက်တိုက်ဆိုင်ဆိုင် လာတွေ့နေပြန်သည်။

"စိတ်ဆိုးမပြေသေးဘူးလား နှင်းဆီ"

"ကျွန်မရဲ့ ကမ္ဘာမှာ စိတ်ဆိုးတယ်ဆိုတာ မရှိတော့ပါဘူး ဦး တင်မောင်ကျော်"

နှင်းသည် လှောင်ပြုံးလေးပြုံးလိုက်ပြီး ခပ်အေးအေး ပြောလိုက်သည်။

"ပါးစပ်ကသာ စိတ်မဆိုးပါဘူး ပြောနေတယ်၊ နှင်းရဲ့မျက်လုံးလေးတွေကတော့ စိတ်ဆိုးနေသလိုပဲ"

နှင်း၏ မျက်လုံးနက်နက်လေးများကို စိုက်ကြည့်ရင်း သူက ပြောသည်။ ရင်ထဲမှ နာကြည်းကြေကွဲမှုတို့ အရောင်ဟပ်နေသောကြောင့် နှင်း၏မျက်လုံးလေးများသည် မှုန်မှိုင်းရီဝေနေလေသည်။

"စိတ်ဆိုးတာတော့ ဟုတ်မယ်မထင်ပါဘူး"

"ဒါဖြင့် ဘာဖြစ်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"စိတ်နာတာ ထင်ပါရဲ့"

"တူတူပေါ့"

"ဘယ်တူပါ့မလဲရှင်"

"အတူတူပေါ့ နှင်းဆီရယ်"

"စိတ်ဆိုးတယ်ဆိုတာက စိတ်ဆိုးပြေတဲ့နေ့ရှိတယ်။ စိတ်နာတယ်ဆိုတာကတော့ ပြေတဲ့နေ့ မရှိဘူးလေ"

"ဒီလောက်တောင်ပဲ နာကြည်းနေရသလား နှင်းဆီ"

တင်မောင်ကျော်သည် တိုးတိုးလေးရယ်လိုက်ပြီးမှ စိတ် မကောင်းသလို ခပ်ညည်းညည်းပြောလေသည်။ သူ့မျက်နှာကိုကြည့်ရင်း၊ သူ့အသံကို နားထောင်ရင်း နှင်း၏ရင်ထဲတွင် ခါးခါးသီးသီးကြီး ဖြစ်သွားလေသည်။ နှင်းအနေနှင့် နာသင့်မနာသင့်ကို သူကသာအသိဆုံး ဖြစ်သည်။ ထိုသို့ သိရမည့်သူက မသိကျိုးကျွန်ပြုကာ သည်လောက် နာကြည်းနေရသလားဟု တပြန်ပြန်ပြီး မေးနေသည်။ မရယ်ချင်ဘဲနဲ့ များ ရယ်တတ်လေလျှင် တဟားဟားအော်ပြီး ရယ်ချလိုက်ဖို့ ကောင်း လှသည်ဟု နှင်းသည် အော်ဟစ်ပြီး ပြောလိုက်ချင်တော့သည်။

မျက်လုံးလေးများက မှုန်မှိုင်းရီဝေကာ ဖြူရော် ဖျော့တော့လာသော နှင်းကို ကားမှန်ပေါက်အတွင်းမှ ငုံ့ကြည့်ရင်း တင်မောင်ကျော် သည် တေးသွားလေးတစ်ခုကို ခပ်တိုးတိုး ညည်းနေသည်။ ထိုသီချင်း လေးကို နှင်း အသေအချာ မှတ်မိသည်။ အဲဗစ်ပရက်စလေ၏ 'နတ်မိမယ်' ဟူသော သီချင်းဖြစ်လေသည်။ တစ်ချိန်တစ်ခါကမူ သူ့ရင်ခွင် တွင် နွဲ့နွဲ့လေးတိုးဝင်ကာ ထိုသီချင်း ညည်းသံလေးကို ရင်ဖိုကြည်နူးစွာ နားထောင်ခဲ့ရဖူးလေသည်။ တင်မောင်ကျော်ကိုယ်တိုင်လည်း သူ့ရင်ခွင် တွင်မှိခိုကာ မော်ကြည့်နေသော မျက်လုံးနက်ကလေးများကို မြင်ယောင် နေသည်။ ထိုစဉ်က အချစ်ရည်ရွှန်းလက်သော မျက်လုံးလေးများသည်

www.burmeseclassic.com

www.burmeseclassic.com



ယခုအခါတွင်တော့ ကြေကွဲမှုနှင့်မှုန်ဝေနေသည်။ ကလေးဆန်ကာ ငယ်နုသောမျက်နှာလေးသည် ရင့်ကျက်နေသည်။ ယခု နှင်းဆီနှင့် ယခင် နှင်းဆီတို့ နှိုင်းယှဉ်ကြည့်ရင်း သူ့သွေးများသည် ပူနွေးလာသည်။

"ဒီနေ့ စာမေးပွဲနေ့ဆိုတာ သတိရလို့ ထွက်လာတာ၊ စာမေးပွဲခန်းက ထွက်လာတဲ့ မျက်နှာလေးတွေကို လာကြည့်တာလေ၊ နှင်းဆီ လုပ်ပေးခဲ့တဲ့အကျင့် မောင့်မှာ စွဲနေပြီ"

တင်မောင်ကျော်သည် နဖူးပေါ်မှ ဆံပင်ခွေလေးများကို လက်နှင့်သပ်တင်ရင်း အမှတ်တရပြောလေသည်။ နှင်း မှတ်မိပါသေးသည်။ သူနှင့်ဆုံခဲ့ ကြုံခဲ့ ပျော်ရွှင်ကြည်နူးခဲ့သည်များကို တစ်စက္ကန့်မျှပင် မလစ်ရအောင် အကုန်လုံးကို နှင်းမှတ်မိသတိရပါသည်။ တက္ကသိုလ်ဝင် စာမေးပွဲဖြေပြီး စာမေးပွဲခန်းမှထွက်လာသော မျက်နှာကလေးများသည် အလွန်စိတ်ဝင်စားစရာကောင်းကြောင်း စ၍ပြောလာသူက နှင်းဖြစ်သည်။ ထို့ကြောင့် နှစ်ဦးသဘောတူ ကျောင်းဝတွင် အေးအေးဆေးဆေး ဖိနပ်ကို ဖင်ခုထိုင်ပြီး ကြည့်ခဲ့ကြဖူးလေသည်။ ဖြေနိုင်သဖြင့် အော်ဟစ်ခုန်ပေါက်ပြီး ထွက်လာသူများတွေ့ပါက ကိုယ်ပါရောပြီး ပြုံးပျော်ရသလို မဖြေနိုင်ဘဲ မျက်ရည်လေးအဝဲသားနှင်းထွက်လာသူလေး များကို တွေ့ရသောအခါ ကိုယ်ပါရောပြီး စိတ်ညစ်ရလေသည်။

"အဲဒီကတည်းက အကျင့်ဖြစ်သွားတာလေ၊ နှင်းဆီ လုပ်ပေးခဲ့ တဲ့အကျင့်ပေါ့၊ အခုဆိုရင် ဒီပြင်လူတွေဆီကိုတောင် မောင့်ဆီကတဆင့် ကူးသွားတာ တော်တော်များနေပြီ"

နှင်းသည် သူ့ကိုဖျတ်ခနဲ လှမ်းကြည့်ရင်း နှုတ်ခမ်းလေးတွန့်ကာ ပြုံးရယ်လိုက်သည်။ 'ဒီပြင်မိန်းကလေးတွေ'ဟုမသုံးပဲ အဘယ်ကြောင့် 'ဒီပြင်လူတွေ'ဟု သုံးစွဲသနည်းဟု မေးလိုက်ချင်သော်လည်း မမေးမိအောင် စိတ်ကို ချုပ်ထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆယ့်နှစ်နာရီထိုးရန် ငါးမိနစ်ခန့်သာ လိုတော့သည်။ ဇော်နှင့်မော်တို့သည် သူတို့ဖြေထားသော အဖြေလွှာလေးများကို အသေအချာပြန်လည်ဖတ်ရှုနေကြလိမ့်မည်ဟု ထင်သည်။

"ညောင်းလိုက်တာကွာ၊ ကားထဲဝင်ထိုင်ရမလား"

နှင်းသည် သက်ပြင်းလေးတစ်ချက်ရှိုက်ကာ ခေါင်းကိုခါယမ်းလိုက်သည်။ နှင်း၏ရင်ထဲတွင် မည်မျှမုန်းတီးနာကြည်းနေသည်ကို သိလျက်နှင့် ဘာမျှအပြစ်မရှိသူလို စိတ်လုံလုံနှင့်ဆက်ဆံနိုင်သော သူ၏သဘာဝနှင့်သူ၏စိတ်ကို တအံ့တဩဖြစ်မိသည်။ သူ့နှင်းဆီတွင် ဆူးများ ရှိနေပြီကို သူ သတိထားမိဟန် မတူချေ။

"သူဌေးမကြီးကလည်း တွန့်တိုလိုက်တာကွာ"

ပြုံးရွှင်စွာပြောရင်း သူသည် ကားစက်ဖုံးပေါ်သို့ တင်ပါးလွှဲကာ ထိုင်လိုက်သည်။

"ဆိုဖာပေါ်မှာ မထိုင်ရရင် စက်ဖုံးပေါ် ထိုင်မယ်ကွာ၊ တွန်းချချင်ရင်လည်း လာပြီးတွန်းချ"

သူ၏ကိုယ်အလေးချိန်ကြောင့် ကားငယ်လေးသည် သိမ့်ခနဲငြိမ့်သွားသည်။ အခုနေသာ ကားကိုဖြုန်းခနဲမောင်းထွက်လိုက်လျှင် သူ့ကိုယ်သူ မဟန်နိုင်ဘဲ တလိမ့်ခေါက်ကွေး လိမ့်ကျမည်ကို တွေးမိသော်လည်း နှင်းသည် ထိုကဲ့သို့ လုပ်လိမ့်မည်မဟုတ်ဟု သူ့စိတ်ထဲတွင် အသေအချာသိနေသည်။ နှင်း၏နှလုံးထောင့်တစ်နေရာတွင်သူ့အတွက် အခန်းသတ်သတ်ကလေး ရှိနေမည်ဟု သေချာပေါက်ထင်ထားလေသည်။ ထို့ကြောင့် စက်ဖုံးပေါ်တွင် ဟန်ပါပါထိုင်ရင်း 'နတ်မိမယ်' သီချင်းကလေးကို ဆက်ပြီးညည်းနေသည်။

ကျောင်းရှေ့တွင် ကားကြီးကားငယ် အသွယ်သွယ်တို့သည် စီတန်းနေသည်။ ကတော်ဝဝ၊ ကတော်ပိန်ပိန်၊ ကတော်ဖြူဖြူ၊ ကတော်

www.burmeseclassic.com

www.burmeseclassic.com



မည်းမည်း၊ အသီးသီးသော မင်းကတော်၊ ဗိုလ်ကတော်၊ သူဌေးကတော် တို့သည် သားသမီးတို့ကိုလာကြိုရင်း စကားကောင်းနေကြသည်။ သူ့သမီး ကိုယ့်သမီး ဂုဏ်ပြိုင်သည်။ သူ့သားကိုယ့်သား အမွှမ်းတင်သည်။ သူ့ကား ကိုယ့်ကား ယှဉ်ကြည့်နေကြသည်။ ထိုနောက် သူ ဆောက်နေသောအိမ်နှင့် ငါဆောက်နေသောအိမ် အကြောင်းဆွေးနွေးရသည်။ သူ တို့မှာ ပြောစရာစကားပေါများလှသော်လည်း ကားစက်ဖုံးတွင် တင်ပါး လွှဲထိုင်နေသော တင်မောင်ကျော်ကို မသိမသာ စောင်းပြီး ကြည့်ကြ သေးသည်။

"ဟော"

အချိန်စေ့ ခေါင်းလောင်းသံက ဆူညံစွာ မြည်ဟည်းလာသော အခါ သူတို့အကုန်လုံး ခေါင်းထောင်သွားသည်။ စိတ်အေးသက်သာ သီချင်းညည်းနေသော တင်မောင်ကျော်ပင် ရင်နည်းနည်းခုန်ချင်လာ သည်။ ဖြေနိုင်သူအတွက် မထောင်းထာလှသော်လည်း မဖြေနိုင်သူ အတွက် ထိုခေါင်းလောင်းသံသည် ရင်တုန်ဖွယ်ကောင်းလှသည်။ မျက် ကလဲဆန်ပျာနှင့် ကယောင်ချောက်ချားဖြစ်စေသည်။

ငြိမ်သက်တိတ်ဆိတ်နေသော ကျောင်းကြီးသည် ဝေါခနဲဆူညံ ကာ လှုပ်ရှားလာသည်။ အခန်းများအတွင်းမှ ပြုံဆင်းလာသော ဆယ် ကျော်သက်ကလေးများသည် ကျောင်းဝင်းထဲတွင် ပြည့်သွားသည်။ လူသွားလမ်းကျဉ်းကလေးများ ပိတ်ကုန်သည်။ ထိုနောက် ကျောင်းဝင်း အပြင်ဘက်သို့ လျှံပြီးထွက်လာကြသည်။ အရောင်စုံ အသွေးစုံထွက် လာသောသူများထဲမှ ကိုယ့်သား ကိုယ့်သမီး၊ ကိုယ့်ညီမ၊ ကိုယ့်ဆရာမ ကို အပြင်မှလူများက အူယားဖားယားရှာကြသည်။ ဘယ်သူ့ ဘယ်သူမှ ဂရုမစိုက်နိုင်ကြတော့ဘဲ ကိုယ့်အာရုံနှင့်ကိုယ် ရှုပ်ကုန်သောလူများကို ကြည့်ရသည်မှာ စိတ်ဝင်စားဖွယ် ကောင်းလှသည်။

www.burmeseclassic.com

www.burmeseclassic.com



"မော် မိမော်၊ မမနှင်း ဒီမှာ၊ ဖြေနိုင်လား"

နှင်းသည် ဘယ်အချိန်က ကားထဲက ထွက်သွားလိုက်သနည်း တင်မောင်ကျော် မသိလိုက်ပေ။ ခပ်လှမ်းလှမ်းသို့ရောက်နေသည်။

"ဖြေနိုင်တယ်ဗျို့ ဖြေနိုင်တယ်"

မော့်အသံလေးသည် ရွှင်ပြီး မြူးနေသည်။ အင်္ကျီအဖြူလက်ရှည်လေးနှင့်ကျောင်းလုံချည်စိမ်းလေးကိုသာဝတ်ဆင်ထားသည်။ ခေါင်းပေါ်တွင်မူ ကြီးကြီးငွေက ယတြာအလိုအရ ပန်ပေးလိုက်သော နှင်းဆီပွင့်အဖြူလေးတစ်ပွင့်ကို ပန်ဆင်ထားသည်။

"မော်လေ မေးခွန်းစာရွက်ကို ချက်ချင်းမကိုင်ရဲဘူး၊ သိလား မမနှင်း၊ ဘုရားရော၊ တရားရော၊ အို ဖေဖေရော၊ မေမေရော အကုန်တ,တာပဲ၊ စိတ်ထဲက အကုန်လိုက်ရှိခိုးတာပဲ၊ နောက်မှ ကိုင်ရဲတယ်၊ ငါကျက်ထားတာတွေမှ ပါပါ့မလားလို့ တထိတ်ထိတ်၊ အကုန်တိုးတယ်ဗျို့၊ မနေ့ညက ကိုဇော် ကျက်ခိုင်းတာတွေ တန်းပါလာတယ်၊ ပျော်လိုက်တာ အရမ်း"

မော်သည် ခေါင်းခါခါ လည်ခါခါနှင့် အားရပါးရပြောရင်း လက်ထဲမှ လွယ်အိတ်ကလေးကို ယမ်းခါနေသည်။ ထိုနောက် အားမရသလို စလွယ်သိုင်းလွယ်ချလိုက်ကာ နှင်း၏လက်ကို ဆုပ်ကိုင်လှုပ်ယမ်းနေလေသည်။ နုနယ်ပျို့မျစ်သော ချစ်စဖွယ်အရွယ်၏အလှကြောင့် မော်သည် ဝင်းပနေသည်။

"ကြီးငွေကော ကြီးငွေ"

"ကြီးငွေက ကိုဇော့်ကို သွားစောင့်တယ်၊ မော့်ဆီကို မမနှင်း တစ်ယောက်တည်းလာခဲ့တာ၊ လာ သွားစို့"

လွယ်အိတ်ကို စလွယ်သိုင်းလွယ်ချထားသော မော်သည် နှင်း၏ လက်ကိုဆုပ်ကိုင်ရင်း ခုန်ပေါက်ရယ်မောကာ လိုက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုဇော်လည်း ဖြေနိုင်မှာ သေချာတယ်၊ သိလား မမနှင်း"

"ဝမ်းသာလိုက်တာကွယ်"

ရွှင်ပျော်လန်းဆန်းနေသောမော့်မျက်နှာလေးကိုကြည့်ရင်း နှင်း သည် စောစောကဖြစ်ခဲ့ရသော စိတ်အနှောင့်အယှက်များပင် အတန် ငယ် ပြေပျောက်သွားသည်။

တင်မောင်ကျော်ကားစက်ဖုံးပေါ်တွင် ထိုင်လျက်ပင်ရှိသေး သည်။ သူ့ဘက်သို့လျှောက်လာသော ပန်းပွင့်နှင့် ပန်းဖူးအလှကလေး နှစ်ဦးကို ခပ်ပြုံးပြုံးစိုက်ကြည့်နေသည်။

"သူတစ်ယောက်တည်း ဖြေနိုင်ပြီး၊ ဖွဟဲ့ လွဲစေ၊ ပယ်စေ၊ တကယ်လို့ မော်သာမဖြေနိုင်ရင် မော်က သူ့ကိုမခေါ်ဘဲနေမလို့ သိလား မမနှင်း၊ ကိုဇော်က စာသိပ်ကျက် ဟင် ဟင် အစ်ကိုကျော်"

မော်သည် တအံ့တသြ နှုတ်ဆက်လိုက်သည်။

"ကွန်ဂရက်ကျူလေးရှင်း မော်၊ ဖြေနိုင်တယ် မဟုတ်လား"

တင်မောင်ကျော်သည် ကားစက်ဖုံးပေါ်မှ ခုန်ဆင်းလိုက် သည်။ မျက်လုံးလေးများက ဝမ်းသာရွှင်ပြုံးစွာ တောက်ပသွားသော် လည်း မျက် နှာကလေး နီရောင်ပြေးသွားသော မော့်ကို အကဲခတ် ကြည့်ရင်း နှစ်လို ဖွယ်ရာ ပြုံးရယ်လိုက်သည်။

"အစ်ကိုကျော် မော့်ကိုလာစောင့်တာလား"

မော်က မယုံမရဲလေး မေးသည်။

"ဒါပေါ့ကွ၊ ဟား ဟား"

တင်မောင်ကျော်သည် နှင်းကို မျက်စိတစ်ဖက်မှိတ်ပြလိုက်ရင်း ရယ်မောလိုက်သည်။ နှင်းသည် သူတို့နှစ်ဦးကို တွေတွေလေး ကြည့် လိုက်မိသည်။ သူသည် မော့်ကိုတမင်လာစောင့်ခြင်းလော၊ အမှတ်မဲ့ တိုက်ဆိုင်ခြင်းလော ဟူသောပုစ္ဆာလေးကို ဇဝေဇဝါစဉ်းစားရင်း အဖြေ

www.burmeseclassic.com

www.burmeseclassic.com



ရှာနေမိသည်။ ရင်ထဲတွင်နာနာကျင်ကျင်ဖြစ်ကာနောက်ကျိသွားသည်။

"တာ ဟာ အစ်ကိုကျော်က လိမ်မှာလိုက်တာ"

မော်သည် ပြုံးရွှင်စွာရေရွတ်လိုက်သည်။ မော့် ဆံပင်တွင် မခိုင့် တခိုင်ပန်ဆင်ထားသောနှင်းဆီပန်းဖြူဖြူလေး၏ ပွင့်ဖတ်လေးများသည် နွမ်းပျော့နေသည်။ သို့သော် သင်းပျံ့ပျံ့လေးတော့ မွှေးနေသေးသည်။ နှင်းသည် ရနံ့သင်းသင်းလေးကို ရှိုက်၍ရှူကာ ကားတံခါးကို ဖွင့်လိုက် သည်။

ကားဘီးက လိမ့်ပြီး ထွက်သွားသောအခါ တင်မောင်ကျော် သည် လက်ကိုမြှောက်ကာ နှုတ်ဆက်လိုက်သည်။ နှင်းသည် တစ်ချက် သာ စောင်းကြည့်ပြီး ခပ်ထေ့ထေ့လေးပြုံးနေသည်။ နှင်း၏ဘေးမှ မော် ကမူ လက်ကလေးတပြပြနှင့် ပါလာလေသည်။

"နက်ဖြန် ပိုအရေးကြီးတယ်နော် မိမော်"

"အင်း"

"ကိုဇော်တော့ အိမ်ရောက်လောက်ပြီလား မသိ"

"အင်း"

"အစ်ကိုကြီးသာရှိရင် သိပ်ဝမ်းသာမှာ"

"အင်းနော်"

နှင်းသည် ကားမောင်းနေရင်းမှ မော့်ကို စောင်းကြည့်သည်။ နှင်းပြောသမျှ စကားများကို မော်သည် စိတ်ဝင်စားဟန် မတူပေ။ အလိုက်သင့် အင်းလိုက်နေပြီး ကားအပြင်ဘက်တွင် တရိပ်ရိပ် ကျန်ရစ် ခဲ့သော သစ်ပင်လေးများကို ငေးကြည့်နေသည်။ နှုတ်ခမ်းလေးများက မပွင့်တပွင့်လေးပြုံးနေသည်။ မျက်လုံးလေးများကမူ ရီဝေပြီး မျက် တောင်လေးများ စင်းငိုက်နေလေသည်။

နှင်းသည် သက်ပြင်းရှည်ကြီးကို ကျိတ်၍ ရှိုက်လိုက်မိလေ သည်။

www.burmeseclassic.com

www.burmeseclassic.com



"မိငမော် နင်ဘာဖြစ်နေတာလဲ"

ဇော်က ခပ်ငေါက်ငေါက်ပြောသည်။

"ဘာဖြစ်လို့လဲ ကိုဇော်ရ"

"ဘာလို့ ဒီလောက်အူမြူးနေရတာလဲဟ"

"မသိ မသိ"

မော်သည် ခေါင်းကလေးကို စည်းကျကျ ဘယ်ညာယမ်းပြီး ရယ်နေသည်။ သွေးရောင်လျှမ်းတက်သောငယ်နုနုမျက်နှာလေးသည် ရွှင်ကြည်နေသည်။ အလှအပများ စုဝေးနေသည်။

နက်ဖန်ခါ တစ်ရက်ပြီးလျှင် စာမေးပွဲ ပြီးတော့မည်မို့ လွတ်တော့ ကျွတ်တော့မည်ဖြစ်သည်။ မော့်ကိုသာပြောရသော်လည်း ဖြေဆိုပြီးခဲ့သမျှအားလုံးကို အမှတ်များများရအောင်ဖြေနိုင်ခဲ့သဖြင့် ဇော်လည်း ပျော်နေသည်သာဖြစ်သည်။ သို့သော် မိမော်လိုတော့ အခြောက်တိုက် အူမြူးမနေပေ။ မော်ကမူ စာအုပ်လွတ်ကျလျှင်လည်း ရယ်သည်။ မင်အိုးမှောက်တာကိုလည်း ရယ်သည်။ ဖောင်တိန်ထဲ မင်ကုန်နေသည်ကိုလည်း ရယ်သည်။ နောက်ဆုံး စာကိုစူးစိုက်၍ကျက်နေစေကာမူ သူ့မျက် နှာလေးသည် ပြုံးနေသည်။

"နက်ဖြန် စာမေးပွဲပြီးရင် ငါတော့ ရုပ်ရှင်လစ်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"မော်လည်း လစ်မှာပေါ့"

"နှင်က ဘယ်သူနဲ့ကြည့်မှာလဲ"

"မော့်သူငယ်ချင်းတွေရှိသားပဲ၊ နွယ်နွယ်တို့နဲ့ ကြည့်မှာပေါ့"

မော်က ဟန်မပျက်ပြောသည်။ အသံကလေး မသိမသာ တုန်သွားသော်လည်း ဇော်က သတိမထားလိုက်မိပေ။

နှင်းသည် မော့်ကို ပထမတစ်ရက်သာ လာကြိုသည်။ နောက်နေ့ လာမကြိုတော့ပေ။ ဦးလေးချစ်သာလာကြိုလေ့ရှိသည်။ နှင်းမလာတော့သော်လည်း မော်ကမမျှော်မိပေ။ လာကြိုရန်လည်း မတောင်းဆိုမိပေ။ အစ်ကိုကျော်ကို နေ့စဉ်ပင် ကျောင်းပေါက်ဝတွင် တွေ့ရသောကြောင့် ဖြစ်သည်။ အစ်ကိုကျော်ကို တွေ့ရသောအခါ မော်သည် နှင်းကို လုံးဝ သတိမရတော့ပေ။

'ဖြေနိုင်တယ် မဟုတ်လား'ဟု အစ်ကိုကျော်က နေ့တိုင်းမေးသည်။ နှစ်လိုဖွယ်ရာ ချိုသာစွာပြုံးတတ်သောသူ့အပြုံးကို မော့်ကြည့်ရင်း မော်သည် မသိမသာလေး ရင်ခုန်နေတတ်သည်။ ရင်ထဲတွင် အေးလိုက်နွေးလိုက်နှင့် ကယောက်ကယက်ကလေး ဖြစ်နေရတတ်သည်။

မနေ့တုန်းကတော့ နွယ်နွယ်ကပင် အစ်ကိုကျော့်ကို သတိထားမိသွားသည်။ 'ဟော့ ဟိုချောချော လူကြီးက မော့်ကိုနေ့တိုင်းလာစောင့်တယ် ဆရာ'ဟု မောင်းခတ်သည်။ မော်သည် ရှက်ပြုံးလေးပြုံးပြီး နွယ်နွယ့်လက်မောင်းကို ဆိတ်ဆွဲလိုက်မိသည်။ နွယ်နွယ်သည် အားခနဲအော်ကာ သူ့လက်မောင်းသူပွတ်ရင်း 'ချောတော့ချောတယ် ဆရာ၊ သူက ယူ့ကိုကြိုက်နေလား'ဟု ရှည်ကဲပြီးမေးသည်။ မော်က ဘာရှင်းချက်မှ မထုတ်ဘဲ မှတ်စုစာအုပ်ကို မဲကြည့်နေလိုက်သည်။ ဓာတုဗေဒ သင်ခန်းစာများကို ဖတ်နေသော်လည်း ခေါင်းထဲတွင် 'အစ်ကိုကျော် အစ်ကိုကျော်' ဟု ရွတ်နေမိသည့်အတွက် ကိုယ့်ကိုယ်ကို ကျိတ်ပြီးရယ်လိုက်မိ

www.burmeseclassic.com

www.burmeseclassic.com



သေးသည်။ တော်တော့တော်ပါသေးသည်။ ခေါင်းထဲမှအစ်ကိုကျော်ကို စာမေးပွဲအခန်းထဲ မဝင်မီ မြန်မြန်လေး မောင်းထုတ်လိုက်နိုင်သဖြင့် စာမေးပွဲကို ဖြောင့်ဖြောင့်တန်းတန်း ဖြေနိုင်ခဲ့သည်။

ခုတလော နှင်းသည် အိမ်ထဲတွင်ပြန်ပြီးငြိမ်ချက်သားကောင်းနေပြန်သည်။ အပြင်ကို ထွက်ရမည်ကိုပင် ကြောက်နေဟန် ရှိသည်။ နှင်းဆီပင်လေးများကို ပျိုးထောင်လိုက်၊ နှင်းဆီပန်းခူးလိုက်၊ ဘုရားတင်လိုက်နှင့် အိမ်ထဲတွင်ပင် အလုပ်ရှုပ်နေသည်။ ကြိုးကြိုးငွေနှင့် တတွဲတွဲနေသည်။ စာမေးပွဲဖြေပြီးပြန်လာသော ဇော်နှင့်မော်ကိုမူ အိမ်ဝမှ အပြုံးနှင့်ဆီးကြိုတတ်လေသည်။ ဖြေနိုင် မဖြေနိုင်၊ ဂုဏ်ထူးပါနိုင် မပါနိုင် စသည်များကို စိတ်ဝင်တစား မေးလေ့ရှိသည်။ ပြုံးပျော်ရွှင်ချိုနေသော မော့်ကို မသိမသာ အကဲခတ်ပြီး သက်ပြင်းရှိုက်လေ့ ရှိလေသည်။ ဇော်နှင့်မော် နှစ်ဦးလုံးသည် ကိုယ့်ဇာနှင့် ကိုယ်အာရုံနှင့် ဖြစ်နေကြသောကြောင့် နှင်းကို လုံးဝ သတိမထားမိကြပေ။

"နက်ဖြန်ကျရင် နွယ်နွယ်တို့နဲ့လိုက်သွားမှာ၊ ဦးလေးချစ်ကိုတောင် မကြိုခိုင်းတော့ဘူး"

စာငုံ့ကျက်နေသော ဇော့်ကို စောင့်ကြည့်ရင်း မော်က ပြောသည်။ ဇော်က ဘာမှ ပြန်မပြောသောအခါ စိတ်သက်သာရာ ရသွားသလို သက်ပြင်းလေး ကျိတ်ချလိုက်သည်။

မနေ့က အစ်ကိုကျော်က ပြောသည်။ 'နက်ဖြန် စာမေးပွဲပြီးရင် မုန့်ကျွေးမယ်၊ ချာတိတ် စားမယ် မဟုတ်လား'ဟု ပြောလေသည်။ မော့် ဦးနှောက်တို့က 'အားနာစရာကြီး'ဟု ပြောရမလား၊ 'နေပါစေ အစ်ကိုကျော်ရယ်'ဟု ပြောရမလား၊ 'ကိုဇော်သိရင်ဆူလိမ့်မယ်'ဟု ပြောရမလားနှင့် လားပေါင်းများစွာကို စဉ်းစားနေမိစဉ်တွင်ပင် ရတ်တရက် ဖက်မခိုင်သော ရောဂါကျရောက်သွားသည် ထင်သည်။ မော်၏ ခေါင်းသည်

www.burmeseclassic.com

www.burmeseclassic.com



တဆတ်ဆတ်ညိတ်ကာ သဘောတူကြောင်းအထိမ်းအမှတ် ပြလေသည်။ ဦးနောက်က စဉ်းစားနေသေးသော်လည်း ဦးခေါင်းက ညိတ်ပြီးဖြစ်နေသဖြင့် မော်သည် ဦးခေါင်း၏အလိုကို အားနာပါးနာနှင့် လိုက်ရတော့မည်ဟု ဆုံးဖြတ်လိုက်သည်။ နက်ဖြန်စာမေးပွဲအပြီးတွင် အစ်ကိုကျော်နှင့် မုန့်လိုက်စားရမည်ဖြစ်သဖြင့် မော့် စိတ်များသည် ပူတစ်လှည့်အေးတစ်လှည့်နှင့် လှုပ်လှုပ်ရှားရှား ဖြစ်နေသည်ကို မော် တစ်ဦးတည်းသာ သိသည်။

မော်သည် စာငုံ့ကျက်နေရင်း နက်ဖြန်ခါ ဘာဝတ်စုံ ဝတ်သွားရမည်နည်း စဉ်းစားနေမိသည်။ မမနှင်း နောက်ဆုံးချုပ်ပေးထားသောရွှေဝါရောင် ဝတ်စုံလေးကို သတိရပြီး ပျော်သွားသည်။ မော်အစမ်းဝတ်ကြည့်စဉ်က ကြီးကြီးငွေသည် 'ဒီအရောင်နဲ့ မော့်အသားနဲ့ သိပ်လိုက်တာ၊ ဝင်းအိသွားမှာပဲ'ဟု ပြောခဲ့သည်။

"ကိုဇော်ရေ"

"အင်"

"မော်အသားနဲ့ ဘာအရောင်နဲ့ အလိုက်ဆုံးလဲဟင်"

မော်ကမေးသောအခါ ဇော်သည် ရုတ်ခနဲ ခေါင်းထောင်ကာ မော့်ကို မျက်လုံးကြီး ပြူးကြည့်သည်။

"ခွေးမလေး၊ နက်ဖြန်စာမေးပွဲမှာ အဲဒီအကြောင်းမေးမှာလား"

"ဘာအကြောင်းလဲ"

"နင့်အသားနဲ့ ဘာရောင်နဲ့ အလိုက်ဆုံးလဲဆိုတဲ့ မေးခွန်းလေ တကတဲ အကျိုးနည်းဗျာ၊ အဲ့ဒါ နင် စာကျက်နေတာလား"

မော်သည် သူ့အဖြစ်ကို သူစဉ်းစားမိပြီး လျှာကလေးထုတ်ကာ ခေါင်းပုသွားသည်။ ရယ်ကျဲကျဲ လုပ်နေသောညီမကိုကြည့်ကာ ဇော်က မကျေမချမ်းနှင့် ထပ်အော်သည်။

www.burmeseclassic.com

www.burmeseclassic.com



"နင် ဘာဖြစ်နေတာလဲဟ"

"လွှချင်နေတာပေါ့လို့"

နှုတ်မှဖွင့်၍ မပြောရဲသည့်အတွက် မော်သည် စိတ်ထဲမှနေပြီး ပြန်အော်လိုက်မိသည်။

*

www.burmeseclassic.com

www.burmeseclassic.com



"ဟား တယ်လှပါလား"

သူ့ရှေ့မှဖြတ်သွားသော မိန်းကလေးကို ဇော်က မကြား တကြားလေး ပြောလိုက်သည်။ မိန်းကလေးသည် နှုတ်ခမ်းကို မသိမသာ စူကာ မကြားချင်ဟန်ဆောင်သွားသည်။

"ဟကောင် မင်းကများ ကောင်မလေးတွေကို စလို့ ပြောင်လို့ ပါလား"

"ပျော်တယ်ကွ ပျော်တယ်၊ အီဖေကိုက စာမေးပွဲကို အင်မတန် ဖြေနိုင်ထားတာ၊ ဂုဏ်ထူးလေးငါးခုရမယ့်ကောင်ကွ၊ ကြည့်ထားကြ နော်"

ဇော်သည် စိတ်လက်ပေါ့ပါးစွာ ခပ်ကြွားကြွားပြောသည်။ သူ့ စိတ်တို့သည် လေတွင် ပျံနေသလို ပေါ့ပါးကာ ရွှင်နေသည်။ စာမေးပွဲ ပြီးသွားသောအခါ ဖြေနိုင်သည် မဖြေနိုင်သည်ကိုအပထား ပခုံးပေါ်တွင် ထမ်းထားသော ဝန်ထုပ်ဝန်ပိုးကြီးများကို ဂုန်းခနဲ ပစ်ချလိုက်ရသလို လွတ်လပ် ရွှင်ပျော်သွားသည်မှာ ကျောင်းသားတို့၏ သဘာဝပင် ဖြစ်သည်။ အားရကျေနပ်လောက်အောင် ဖြေဆိုခဲ့နိုင်သောအခါတွင်ကား

www.burmeseclassic.com

www.burmeseclassic.com



ပြောဖွယ်ရာ မရှိတော့ချေ။ ကျင်ကျင်လည်လည်များ ကျွမ်းထိုးတတ်လျှင် ဗိုလ်ချုပ်စျေးထိပ်ရှိ မျဉ်းကျားပေါ်တွင် လိမ့်နေအောင် ကျွမ်းထိုးပြလိုက်ချင်တော့သည်။

"ငါတော့ ဂုဏ်ထူးတစ်ခုမှ ပါမယ်မထင်ဘူး၊ ကျချင်လည်းကျမှာ၊ အောင်ရင်လည်း အောင်ရုံပဲ၊ သချာၤမရဘူးကွ"

ဇော်၏ဘေးတွင် ယှဉ်လျှောက်လာသော အောင်နိုင်ဦးကပြော လေသည်။ သူများတွေ သချာၤမရဘူးဟု ညည်းသောအခါ ဇော်သည် အစ်ကိုမောင့်ကို သတိရပြီး ကျေးဇူးတင်မိသည်။ ဇော်ရော မော်ရော သချာၤကို အကုန်မှန်အောင် ဖြေနိုင်ခဲ့ကြသည်မှာ အစ်ကိုမောင်၏ကျေးဇူး အများကြီးပါလေသည်။

ဗိုလ်ချုပ်စျေးထဲတွင် ကျောင်းသူကျောင်းသားများ ပျားပန်းခပ်မျှ လှုပ်ရှားနေသည်။ စာမေးပွဲအပြီး ရုပ်ရှင်မစမီ ဗိုလ်ချုပ်စျေးထဲတွင် အချိန်ဖြုန်းနေကြခြင်း ဖြစ်သည်။ စာမေးပွဲအကြောင်းကိုသာ ပွက်လောရိုက်အောင် အော်ကြ ဟစ်ကြ ညည်းညူကြနှင့် တစ်စျေးလုံး သူတို့အသံနှင့်ပင် ဆူညံနေလေသည်။

"အင်း အလှလေးတွေ အလှလေးတွေ၊ ဟဲ့ကောင် အေးမောင်၊ မင်း ဘယ်သူ့ကို ကြိုက်မလဲ"

ဖြူ နီ ဝါ ပြာ အရောင်စုံသော မိန်းကလေးတစ်သိုက်ကိုကြည့်ရင်း အေးမောင်သည် သူ့ရင်ဘတ်ကို သူမနာအောင်ထုကာ သူ့ကိုယ်သူမေးသည်။ ထို့နောက် ဇော့်ကို လှည့်မေးသည်။

"ဟေ့ မင်းရော ဘယ်သူ့ယူမလဲ"

"အကုန်လုံး ယူမယ်ကွ"

"ငါ့အတွက်တော့ တစ်ယောက်ချန်ထားဦးလေ"

"မချန်နိုင်ဘူး၊ အကုန်လုံးလှနေတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ခွပဲ၊ မင်းကို အဖော်စပ်မိခါမှ ငါ့အတွက် မရှိတော့ဘူး"

"သူယောင်တောမှာ သူယောင်မယ်တွေ ပေါပါတယ်ကွ၊ မင်းတို့ကလဲ ပါးစပ်ကလေးနဲ့ ရတာကိုပဲ လုနေလိုက်ကြတာ၊ ဟိုကလာနေတဲ့ တစ်သိုက်ကို အေးမောင်တစ်ဝက်၊ ဇော်တစ်ဝက် ယူစေဗျား"

အောင်နိုင်ဦးက နားငြီးလာသလို ဝင်ပြောလေသည်။ ရှေ့တူရူမှ လျှောက်လာသော မိန်းကလေးများကို သူတို့နှစ်ဦး ပြိုင်တူ ကြည့်လိုက်ကြသည်။ အသက်ကလေးကငယ်ငယ်၊ ဆံပင်က ကုပ်ဝဲ၊ ဖောင်းဖောင်းပွပွ အင်္ကျီလက်များနှင့် ကြိုးသိုင်းဖိနပ်စီးထားသောအခါ အပေါ်ယံရှုကြည့်လိုက်သောအခါ အကုန်လုံးလှနေသည်သာ ဖြစ်သည်။ စိတ်လက်ပေါ့ပါးကာ ရွှင်ပျော်နေသော ဇော်သည် မိန်းကလေးများကို အပြေးအလွှား ရေတွက်လိုက်သည်။ စုစုပေါင်း ခုနစ်ယောက်။

"ဟ ခုနစ်ယောက် အဝေမတည့်ဘူး"

"အိုး အဝေမတည့်ဘဲကိုး၊ ဒီလိုဆို ငါ့တပည့်တို့ မင်းက တစ်ယောက်ယူ၊ မင်းကတစ်ယောက်ယူ၊ ငါကဆရာမို့ ငါးယောက်တည်းပဲ ယူပါ့မယ်"

"ခွေးသား"

ဇော်တို့နှစ်ဦးသည် ပြိုင်တူ ဩဘာပေးလိုက်ကြလေသည်။ အလွန်တရားမျှတသော ဆရာသမားကောင်း အောင်နိုင်ဦးသည် တဟားဟား ရယ်နေလေသည်။ ဇော်တို့ကလည်း လိုက်ရယ်မိသည်။ ကြော့ကြော့ မော့မော့လေး လျှောက်သွားနေသော မိန်းကလေးတို့သည် မျက်လုံးလေးများစွေကာ ကြည့်ပြီး မျက်စောင်းလှလှ ထိုးကြသည်။

"အောင်မယ်လေး ပန်းလေးနဲ့ပေါက်သဟ"

အောင်နိုင်ဦးက ဝမ်းသာအယ်လဲအသံကြီးနှင့် ထအော်သည်။

"ဘာပန်းလဲ"

www.burmeseclassic.com

www.burmeseclassic.com



"မျက်စောင်းပန်း မျက်စောင်းပန်း အားမွှေးလိုက်တာ"

မိန်းကလေးတို့သည် ပြုံးရယ်ကာ ခပ်သုတ်သုတ် ကျော်ဖြတ်သွားကြသည်။ ရေမွှေးနံ့၊ စံပယ်ပန်းနံ့၊ သနပ်ခါးနံ့၊ နံ့သာဖြူနံ့၊ အနံ့စုံသော အမွှေးနံ့လေးတို့သည် ဇော်တို့ဆီသို့ လွင့်ပျံ့လာသည်။ ဇော်သည် မွှေးပျံ့ပျံ့ရနံ့လေးများကို ရှူရှိုက်ရင်း မော်ကို ရုတ်တရက် သတိရသည်။ မော့်ကိုယ်မှ သနပ်ခါးပေါင်ဒါ၊ ရေမွှေးနံ့ကို တစ်ခါမှ မရခဲ့ဖူးပေ။ သည်နေ့နံနက်တော့ ထူးထူးခြားခြား မမနှင်းဆီမှ ရေမွှေးကိုတောင်းပြီး ဆွတ်သွားသည်။ ဇော်က ရယ်မိသောအခါ နှုတ်ခမ်းစူသွားလေသည်။ သင်းသင်းလေးပျံ့လာသော ရေမွှေးနံ့ကို ရှူရင်း ဇော်သည် 'မိငမော် နင်က အပျိုနံ့တွေ ဘာတွေ နံလာပြီပေါ့'ဟု ပြောမိသေးသည်။ ရေမွှေး၊ ပေါင်ဒါ၊ သနပ်ခါးအနံ့များကို ဇော်သည် အပျိုနံ့ဟု သတ်မှတ်ထားပေသည်။

"ဟော့ ဒီဈေးထဲမှာ မင်းညီမနဲ့တွေ့ရင် ငါတို့နဲ့ မိတ်ဆက်ပေးရ မယ်နော် ဇော်လေး"

"ဒီကောင် သူ့နှမကျရင် အားကြီးတိုတယ်"

"တိုတာပေါ့ကွ၊ ငါ့နှမက လှလှလေး"

"လှလို့ မိတ်ဆက်ပေးပါ ပြောနေတာပေါ့ကွ"

"ဟင်း ရာရာသသ ငါ့နှမက မင်းတို့နဲ့တန်သလား"

"ခွေးကောင်"

အောင်နိုင်ဦးသည် မခံချိမခံသာနှင့် ဇော့်နံဘေးကို မနာမကျင် ပိတ်ထိုးသည်။ ဇော်သည် ခါးကိုတိမ်းညွတ်ကာ ရှောင်လိုက်ရင်း မိမော်နှင့် ဈေးထဲတွင်မတွေ့ပါစေနှင့်ဟု အပြင်းအထန် ဆုတောင်းနေမိသည်။ ဇော့်ဆုတောင်းပြည့်သည်။ မော်နှင့်မတွေ့ခဲ့ရသောကြောင့် ဖြစ်သည်။

ထိုအချိန်တွင် စီတီးဟိုတယ်ထဲ၌ အစ်ကိုကျော်နှင့်အတူ ဒံပေါက်စားနေသော မော်ကလည်း ဇော်နှင့်မတွေ့ပါစေနှင့်ဟု အပြင်း

www.burmeseclassic.com

www.burmeseclassic.com



အထန် ဆုတောင်းနေမိသည်။ မော့် ဆုတောင်းလည်း ပြည့်သည်။ ဇော်နှင့်မတွေ့ခဲ့ရသောကြောင့် ဖြစ်သည်။

*

www.burmeseclassic.com

www.burmeseclassic.com



"ဆုတောင်းတယ်ဆိုတာ တကယ်တော့ အတ္တစွဲပါ ကြီးငွေရယ်"

နှင်းသည် နှင်းဆီရိုးတံရှည်ရှည်လေးကို ကတ်ကြေးနှင့်ကိုက်ဖြတ်လိုက်ရင်း ပြောသည်။

"နှင်းတော့ အခုနောက်ပိုင်း ဘာကိုမှဆုမတောင်းဘူး၊ ချမ်းသာပါစေ၊ ကျန်းမာပါစေ၊ ရုပ်အဆင်း လှပါစေတဲ့၊ အို စုံနေတာပဲ ဆုတောင်းလိုက်ကြတာ၊ ဘုရားရှိခိုးဂါထာမှာလည်း ကြည့်ပါဦး၊ သြကာသနဲ့ အစချီပြီး ကန်တော့ရသောအကျိုးအားကြောင့်၊ အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရုပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး အို အများကြီးပါ၊ ဒုက္ခတွေက ကင်းရအောင် ဆုတောင်းခန်းက အရှည်ကြီးရယ်၊ နောက်ဆုံး နိဗ္ဗာန်ချမ်းသာကို ရယူလိုပါ၏ဆိုတာမှ ဆုံးတယ်၊ နိဗ္ဗာန်ကိုလိုချင်ရင် ရအောင် ကျင့်ရမှာပဲ၊ မကျင့်ဘဲနဲ့ဆုတောင်းနေလို့လည်း ဘယ်တော့မှရမှာမဟုတ်ဘူး၊ ဗုဒ္ဓတရားတော်မှာလည်း ပါသားနဲ့၊ လူတွေကိုက ရှည်ရှည်ဝေးဝေး ဆုတောင်းခန်းကို ဝါသနာပါလှတယ်"

"ဆုတောင်းလို့ပြည့်တာလည်း ရှိတာကိုး နှင်းရဲ့၊ စူဠသုဘဒ္ဒါဆိုရင် ပစ္စေကဗုဒ္ဓါတွေကို အလှူပေးပြီး ဆဒ္ဒန်ဆင်မင်းကို လက်စားချေဖို့ ဆုတောင်းခဲ့တာကတော့ ပြည့်သွားခဲ့ဖူးတယ်"

www.burmeseclassic.com

www.burmeseclassic.com



လေရှည်ကြီးပြောသော နှင်းကို ကြီးငွေက ငြင်းချက်ထုတ်သည်။ သည့်ပြင်ဟာသာ မသိချင်ရှိမည်။ ဇာတ်ကြီးဆယ်ဘွဲ့မှစ၍ ဘုရားဟော ငါးရာ့ငါးဆယ် ပုံပြင်ဝတ္ထုလေးများကိုတော့ ကြီးကြီးငွေ နှံ့စပ်လေသည်။

"အဲဒီလိုသာ ဆုတောင်းပြည့်မယ်ဆိုရင်တော့ နှင်းလည်း ပြည့်ချင်သား"

လက်ထဲတွင် နှင်းဆီပန်း ဆယ်ပွင့်ခန့်ရသောအခါ နှစ်ဦးသား အိမ်ဘက်သို့ပြန်ပြီး လျှောက်လာခဲ့ကြသည်။

"သုဘဒ္ဒါလို ဆုတောင်းကြီးမျိုးကိုလေ"

"အင်း"

"နှင်းက ပြည့်ချင်တယ်လား"

"အင်း သူ့လိုအကြောင်းတော့ မဟုတ်ဘူးပေါ့၊ ဒါပေမယ့် သူ့လိုပဲ ကလဲ့စားချေချင်တယ်၊ သူ့လိုတော့ ဘယ်တော့မှ ရင်ကွဲနာ မကျချင် ဘူး"

နှင်းက တိုးတိုးလေးပြောသည်။ နှင်း၏အတိတ်ဇာတ်ကြောင်းကို လူပြောသူပြောနှင့် ရိုးတိုးရိပ်တိပ် သိထားသော ကြီးငွေသည် နှင်း၏ မျက်နှာကို မသိမသာ အကဲခတ်ကြည့်မိလေသည်။ နှင်းသည် မျက်တောင်လေး တဖျပ်ဖျပ်ခတ်ပြီး ကြီးငွေကို ခပ်နွေးနွေးလေး ပြုံးပြသည်။

အိမ်ထဲရောက်သောအခါ နှင်းသည် လက်ထဲမှပန်းများကို ကျောက်စားပွဲပေါ်တွင် ချထားလိုက်ပြီး အပေါ်ထပ်တက်သွားသည်။ ဘုရားစင်မှ ဘုရားပန်းအိုးကိုသွားယူခြင်း ဖြစ်သည်။ နှင်းသည် ဘာလုပ်လုပ် သူ့ဘာသာသူ အစအဆုံးလုပ်လေ့ရှိသည်။ မမြမေကို လက်တို လက်တောင်းခိုင်းလေ့ မရှိပေ။

"ကြီးငွေရေ ဆူးတွေ ခြွေမပစ်နဲ့နော်"

www.burmeseclassic.com

www.burmeseclassic.com



"အေးပါတော်"

နှင်းက စိုးရိမ်စိတ်လေးနှင့် လှမ်းအော်ပြောသည်။ နှင်းဆီရိုးတံများမှ မြမြချွန်သော ဆူးများကို ကြီးကြီးငွေသည် မြင်ပြင်းကတ်လှသည်။ ခြွေပစ်လိုက်ချင်သည်မှာလည်း လက်များပင် ယားနေသည်။ သို့သော်လည်း ထိုနှင်းဆီပန်းများကို အရိပ်တကြည့်ကြည့်နှင့် တပင်တပန်း စိုက်ပျိုးခဲ့သောနှင်းက ဆူးများကို မက်မောတွယ်တာနေလေတော့ ကြီးငွေ မပြောသာတော့ချေ။

"နှင်းဆီဆိုတာ ဆူးပါမှပြည့်စုံတာ ကြီးငွေရဲ့"

နှင်းသည် ဖန်ပန်းအိုးလေးကို ဆေးကြောနေရင်း ထပ်ပြောသည်။ ပန်းအိုးလေး ပြောင်လက်သွားသောအခါမှ နှင်းဆီခက်များကို လှမ်းယူသည်။ အရှိုအရွက်များကိုကြည့်ကောင်းအောင် ခြွေကာ တစ်ခိုင်ချင်းရေဆေးသည်။ နှင်းလုပ်ကိုင်သမျှကို ကြီးငွေသည် ကြည့်ကောင်းကောင်းနှင့် ထိုင်ကြည့်နေမိလေသည်။

ပန်းအားလုံးပေါင်း ဆယ်ပွင့်ဖြစ်သည်။ အနီ လေးပွင့်၊ ပန်းရောင် သုံးပွင့်၊ အဝါနှစ်ပွင့်နှင့် အဖြူတစ်ပွင့်တည်းသာ ပါလေသည်။ နှင်းဆီခိုင်များကို အရှည်အတိုကြည့်ကောင်းအောင်ဖြတ်ကာ ပန်းအိုးထဲတွင် ဝေဆာလှပသွားအောင် ပြုလုပ်တတ်သော ပန်းအိုးအလှထိုးတတ်ခြင်းပညာကိုတော့ သည်အိမ်တွင် နှင်းကို ဘယ်သူမှုမမှီပေ။ ကြီးငွေတို့ ဘုရားတင်ခြင်းသည် ရှိသမျှပန်းများကို ရေစင်စင်ဆေးပြီး ပန်းအိုးထဲ စုထည့်လိုက်ခြင်းပင် ဖြစ်သည်။ တစ်ခါတစ်ရံ ပန်းနည်းပါက ကျဲတောက်တောက်ဖြစ်နေတတ်သည်။ ပန်းများကလည်း ပြွတ်သိပ်ထိုးနေပြန်သည်။ နှင်းကမူ ဒေစီပန်းလေးတစ်ပွင့်ပင် ဖြစ်စေကာမူ ကြခတ်ဝါးခက်များ၊ အုန်းလက်စိမ်းစိမ်းလေးများပါ ရောပြီးထိုးစိုက်ကာ ကြည့်မငြီးအောင် ပြုလုပ်နိုင်သူဖြစ်သည်။ ဇော်နှင့်မော်တို့သည် ပန်းအိုး

www.burmeseclassic.com

www.burmeseclassic.com



တစ်အိုးကို လှမ်းကြည့်ရုံနှင့် ကြီးငွေ ပြင်တာ၊ မမနှင်းပြင်ထားတာ၊ ဒါက မမြမေလက်ရာဟု ဒက်ခနဲပြောနိုင်လောက်အောင်ပင် သူတို့၏ လက်ရာချင်းက ခြားနားသည်။ သည်တော့ နောက်ပိုင်းတွင် ကြီးကြီးငွေသည် ပန်းအိုးများကို နှင်းနှင့်ပင် လွှဲထားတော့သည်။ နှင်းလုပ်ကိုင်နေသမျှကိုကား ဘေးက တကောက်ကောက်လိုက်ကြည့်တတ်သည်။

"ကလေးတွေလည်း ပြန်မလာကြသေးဘူး"

"ဒီအရွယ်တွေကို သိပ်ပြီးချုပ်ချယ်ဖို့မကောင်းဘူး ကြီးငွေရဲ့၊ သွားပါစေ၊ သူတို့သူငယ်ချင်းတွေဆီကို သွားတာပဲ"

နှင်းသည် လက်ထဲမှ နှင်းဆီဖြူလေးကို မည်သည့်နေရာတွင် ထိုးစိုက်ရမည်နည်း ချိန်ဆနေရင်းမှ ပြောသည်။ စာမေးပွဲအပြီးမို့ ဖော်ရော မော်ရော အားနေကြသည်။ နှစ်ဦးလုံး လည်ချင်ပတ်ချင်နေကြသည်။

"ဖော် ခုတလော ငွေသုံးလာတယ် နှင်းရဲ့၊ ဟိုတစ်နေ့ကလည်း စာအုပ်တွေ ဝယ်လာသေးတယ်"

"စာအုပ်ဝယ်တာ ဝယ်ပါစေကြီးငွေရယ်၊ ဒါဟာ ဖြုန်းတာမှ မဟုတ်ဘဲ၊ သုံးတာပဲ၊ ငွေဆိုတာ သုံးတတ်ရမယ်၊ သူဝယ်လာတဲ့စာအုပ်တွေ နှင်းတွေ့သားပဲ၊ စာအုပ်ကောင်းတွေပါ"

"အေးကွဲ့ ဖော်က ဒိုပြင်သူ့ငွေသားတွေလို ဆိုးဆိုးသွမ်းသွမ်းတော့ လုံးဝမဟုတ်ဘူး၊ ဒါလည်း သူ့ဆရာကိုပဲ ကျေးဇူးတင်ရမှာ၊ အဲဒီဆရာများ ဖော်က သိပ်ချစ်၊ သိပ်အထင်ကြီးပေါ့၊ ဆရာလေးကလည်း တော်ရှာပါတယ်၊ ဖော့်ကိုစောင့်ပြီး ဆုံးမနေတာ၊ အဲဒီဆရာနဲ့ ဖော်နဲ့ ပေါင်းမိတာ ကြီးငွေ သိပ်ဝမ်းသာတပဲ"

"အစ်ကိုမောင် ဆိုတာလား"

"အင်း အင်း ခုတော့ ခြံစိုက်နေတယ်လေ၊ ညီအစ်ကို နှစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက် တက်ညီလက်ညီ လုပ်ကိုင်စားနေကြတာ၊ နှစ်ယောက်လုံး ဘွဲ့ရပြီးသားတွေ"

နှင်းသည် ဘာမှပြန်မပြောတော့ဘဲ ပန်းအိုးလေးကို စိုက်ကြည့်နေလိုက်သည်။ ထိုနောက် နှင်းဆီဖြူလေးကို အလယ်တည့်တည့်တွင် ထိုးစိုက်လိုက်သည်။ ဘေးဘက်တွင် အနီရောင်များ ခြံရံထားသော အဖြူရောင်လေးသည် ဖွေးနေသည်။ ရေဆေးထားသောကြောင့် ပွင့်ဖတ်ပွင့်ချပ်ကလေးများပေါ်တွင် ရေစက်ရေပေါက်ကလေးများသည် ထူးထူးခြားခြား လှပနေသည်။ နေရောင်တွင် လက်နေသည်။

"မော်လေးကကော ငွေသုံးတာပဲလား"

"ဒီကောင်မလေးက ပေါ်တာလေးပေမယ့် သူ့ပိုက်ဆံတော့ အားကြီးနှမြောတယ်၊ အခု စုထားတာ နှစ်ရာတောင်ကျော်နေပြီတဲ့၊ အခု တလောတော့ ကြည့်မရပါဘူး၊ အင်မတန်လည်း လှချင်လာတယ်၊ အားအားရှိ အပြင်ကိုပဲ ထွက်ချင်နေတာပဲ"

ကြီးကြီးငွေသည် ပန်းအိုးလေးကိုလှမ်းယူလိုက်ရင်း မကျေမနပ် ပြောသည်။ နှင်းက ပန်းအိုးပြင်သော်လည်း ကြီးကြီးငွေက ဘုရားပန်း ကပ်လေသည်။ ပန်းအိုးလှပအောင် ပြင်ဆင်ပြီး ဘုရားတင်လိုက်လျှင် နှင်းက ပြီးပြည့်စုံပြီ အောက်မေ့သည်။ ကြီးကြီးငွေကမူ ထိုမျှနှင့် မပြီးပေ။ ရေကပ်၊ ပန်းကပ်၊ ဆွမ်းကပ်စသည်များကို အရှည်ကြီး ရွတ်ဆိုလေ့ရှိသည်။ နှင်းကိုလည်း ရွတ်ခိုင်းသည်။ နှင်းက မရွတ်တတ်ချေ။ စိတ်ထဲတွင် ကြည်နူးသဒ္ဓါစိတ် ယိုဖိတ်ပြီး ဘုရားကိုရည်စူးပြီးဖြစ်၍ ရှည်ရှည်ဝေးဝေး လူကြားအောင် ရွတ်ဖတ်နေစရာလည်း အကြောင်းမရှိဟု ထင်သည်။ ထို့ကြောင့် ပြင်ဆင်ပြီးသားပန်းအိုးကို ကြီးငွေလက်ထဲ ထည့်လိုက်သည်။ ကြီးငွေက ဘုရားကပ်လေ့ ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မိမော်လေးက အခုတလော ထွားလာတယ်နော်"

"အင်း ထွားလည်းလာတယ်၊ လှလည်းလာတယ်၊ နောက်ပြီး ပြောရရင် မကောင်းဘူး၊ ထလည်း ထလာတယ်"

"အို ကြီးငွေကလဲ"

"ဟုတ်တယ် နှင်းရဲ့၊ ဒီအရွယ်ဟာ အပျိုသင်ချင်တဲ့ အရွယ်မျိုး၊ သစ်ရွက်လှုပ်တာတောင် ရယ်ချင်နေတဲ့အရွယ်၊ ဒါကြောင့် သူ့ကို အပြင် ကိုသိပ်မထွက်စေချင်တာ၊ အခုလည်း နွယ်နွယ်တို့အိမ်လို့တော့ ပြော သွားတာပဲ၊ အိုး ခုတလော အရမ်းလှချင်နေတာကို မကြိုက်ပါဘူး"

"ဒါကတော့ ကြီးငွေရယ်၊ ဒီအရွယ်ဆိုတာ လှချင်တာပဲပေါ့၊ သူ့အကြာကြီး ကလေးလုပ်လာတာပဲ၊ တချို့တွေများ ဆယ့်သုံးလေးနှစ် အရွယ်ကတည်းက အပျိုလုပ်နေကြတာ၊ မော်လေးက အရိုးခံလေးပါ"

"အဲဒီလို အရိုးခံလေးတွေ ဆန်းချင်တော့မှ ခက်မှာ၊ မဆန်း တတ်ဘဲ ကိုယ်ကျိုးနည်းတတ်တာ"

ကြီးကြီးငွေသည် ဘွင်းဘွင်းကြီး ပြောပြီး လှည့်ထွက်သွား သည်။ ခဏကြာသောအခါ ဘုရားခန်းထဲမှ ကြည်နူးဖွယ် ရွတ်ဆိုသံ သည် လွင့်ပျံ့လာသည်။ ကြီးကြီးငွေတစ်ယောက် ဘုရားပန်းကပ်နေပြီ ဖြစ်သည်။

နှင်းသည် စားပွဲပေါ်တွင် ပြန့်ကျဲကျန်ရစ်သော အရွက်ကလေး များကို ငေးကြည့်နေရင်း ရင်ထဲတွင် လေးလေးလံလံကြီး ဖြစ်နေသည်။ မျက်တောင်လေးများ စင်းငိုက်နေသော မော်၏ ရီဝေဝေမျက်လုံးလေး များကို တွေးပြီး မြင်ယောင်နေမိသည်။

"မမနှင်း"

"အမယ်လေး"

အခန်းထဲသို့ လေပွေဝှေ့သလို ပြေးဝင်လာသော မော်သည်

www.burmeseclassic.com

www.burmeseclassic.com



နှင်း ၏ခါးကို ဝင်ဖက်လိုက်သည်။ နှင်းသည် ဖြုန်းခနဲ လန့်သွားသည်။

"ဟာ ဟ မမနှင်းကလဲ၊ ဘာတွေ တွေးနေတာလဲ"

မော်သည် ရွှင်ချိုလန်းဆန်းစွာ ရယ်နေသည်။

"မော် ခုတလော သိပ်လှလာတာကို တွေးနေတာ၊ အခုပဲ ကြီးငွေ နဲ့ပြောနေမိကြတာ၊ မိမော် ခုတလော အလှလည်း ပြင်လာတယ်၊ လှလည်း လှလာတယ်လို့ အခု နွယ်နွယ်တို့အိမ်က ပြန်လာတာလား"

မော့်နဖူးပေါ်တွင် ဝဲကျနေသော ဆံတိုဆံစလေးများကို သပ်တင် ပေးရင်း နှင်းက အေးဆေးစွာပြောသည်။ မော်သည် ခေါင်းညိတ်ပြကာ ခစ်ခနဲရယ်လိုက်သည်။ နှင်း၏ပခုံးစွန်းတွင် ခေါင်းကလေးမှီချလိုက်ရင်း မဆီမဆိုင် ပြောသည်။

"မမနှင်း အစ်ကိုကျော်နဲ့ မမနှင်းနဲ့ သူငယ်ချင်းဆို"

"ဆိုပါတော့လေ"

"အဲဒါ အဲဒါ အစ်ကိုကျော်က အိမ်လာလည်ချင်သတဲ့"

"ဘုရားရေ"

မျက်လုံးလေးပြူးသွားသော နှင်းကိုကြည့်ကာ မော်က ရယ်ပြန်သည်။ ပွင့်စပန်းလေးသဖွယ် အပြစ်ကင်းစင်စွာ လန်းရွှင်နေသော မော့်ကို နှင်းသည် ငေးစိုက်ကြည့်ရင်း နှလုံးသားက ပြင်းပြင်း ခုန်လာသည်။

"ဒီလို ဒီလို မမနှင်းရေ၊ ကိုဇော်အကြောင်း မမနှင်း သိတယ် မဟုတ်လား"

"ဇော်အကြောင်း"

"ကိုဇော်က မော့်ကို အားကြီးတိုတယ် မမနှင်းရ၊ အစ်ကိုကျော်နဲ့ စကားမပြောစေချင်ဘူးလေ၊ ခုတော့ အစ်ကိုကျော်နဲ့ မော်က ခင်နေပြီ၊ ရိုးရိုးခင်တာနော် မမနှင်း၊ ဆန်းဆန်း မဟုတ်သေးဘူး"

www.burmeseclassic.com

www.burmeseclassic.com



"သြော် ဆန်းဆန်း မဟုတ်သေးဘူးလား"

နှင်းသည် ပန်းလျှစွာ ရေရွတ်လိုက်သည်။ မော်ကမူ ကိုယ့်စိတ်ကူးနှင့်ကိုယ်မို့ မှုန်မှိုင်းရီဝေသွားသော နှင်း၏မျက်လုံးလေးများကို သတိမထားမိပေ။

"အစ်ကိုကျော်ကို မော်က အိမ်လည်ဖိတ်ထားတယ်၊ ဒါပေမယ့် မော့်ဆီလာတာဆိုရင် ကိုဇော်က မော့်ထိပ်ကိုခေါက်မှာ၊ ဒါကြောင့် ဒါကြောင့် မမနှင်းရဲ့သူငယ်ချင်း၊ မမနှင်းဆီလာတာပါလို့ ပြောရအောင် နော် နော်"

"သြော်"

"နော် နော် မမနှင်း"

"မမနှင်းက သူ့ကိုမှမခင်တာ မော်ရယ်"

"အို မမနှင်းကလဲ၊ ဟန်ပြခဏလေးပါ၊ ခင်ဖို့မလိုပါဘူး၊ မော်က မော်ဆွဲထားတဲ့ ပန်းချီကားလေးတွေ အစ်ကိုကျော်ကို ပြချင်လို့ပါ နော် နော်"

မော်သည် နှင်း၏ခါးကိုဖက်ကာ နော်ချင်းထပ်အောင် နွဲ့နေသည်။ နှင်း၏ရင်ထဲတွင်မူ တင်းတင်းကျပ်ကျပ် လှုပ်လှုပ်ရှားရှားကြီးဖြစ်နေလေသည်။ တစ်စုံတစ်ခုကို မော့်အား ပြောသင့် မပြောသင့်၊ သတိပေးသင့် မပေးသင့် ဝေခွဲမရဘဲ ခေါင်းထဲတွင် မူးပြီး နောက်လာသည်။

"အစ်ကိုကျော်က သိပ်သဘောကောင်းတာ နော် မမနှင်း"

နှင်းသည် သက်ပြင်းသဲ့သဲ့ချကာ မော်၏ ပခုံးလေးနှစ်ဖက်ကို ညှစ်ကိုင်လိုက်သည်။

"မော် မမနှင်းကို စိတ်ဆိုးရင်လည်းဆိုး မော်တို့အရွယ်ဆိုတာ အန္တရာယ်တွေဝိုင်းနေတာ၊ လောကကြီးအကြောင်းကို မော်ဘာမှ မသိသေးဘူး၊ အပြင်ပန်းက ရုပ်ချောတိုင်း၊ အပြောချိုတိုင်း လူတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ကို တော်တယ်၊ ကောင်းတယ်လို့ မသတ်မှတ်နဲ့၊ လောကမှာ ကျီးအာသီးလိုလူတွေ အများကြီးရှိတယ်”

“ဒါပေမယ့် အစ်ကိုကျော်ကတော့ ကျီးအာသီး မဟုတ်ပါဘူး၊ မော် သိပါတယ်”

“မော်ရယ် သူ့အကြောင်း ဘယ်လောက်သိလို့လဲ”

နှင်းက နာနာကျင်ကျင်လေးပြုံးကာ မေးသောအခါ မော့်မျက်နှာလေးသည် နီထွေးသွားသည်။ အလိုမကျဖြစ်ပြီး မျက်လုံးလေး မှုန်သွားသည်။

“ကိုဇော်ကလည်း ပြောနေတာပဲ၊ အစ်ကိုကျော် ပွေတယ်တဲ့၊ မမနှင်းကလည်း ပွေတယ်ပြောချင်တာပဲ၊ အလကားပါ၊ အစ်ကိုကျော့်နာမည် ဖျက်နေကြတာပါ၊ မော် မယုံပါဘူး၊ အစ်ကိုကျော်က အစ်ကိုမောင့်လို ဘုန်းကြီးလိုတော့ ဘယ်နေတတ်မလဲ၊ ပျော်တတ်တာကိုး၊ ဒါနဲ့ပဲ ခိုင်း ပြောနေကြတာတဲ့၊ မော့်ကိုတောင် အစ်ကိုကျော်က ပြောပြသေးတယ်”

“ဪ”

နှင်းသည် သက်ပြင်းရှိုက်လိုက်သည်။ စားပွဲပေါ်မှ နှင်းဆီရွက်ကလေးများကို စုသိမ်းရင်း မော့်ကို လှည့်မကြည့်မိအောင် သတိထားနေသည်။ ကရုဏာ ဒေါသလေးများသည် ရင်ထဲတွင် တငွေ့ငွေ့ လှုပ်ရှားလာကြသည်။

“မော်က လာခဲ့လို့ပြောပြီးပြီ၊ နက်ဖြန်ကျရင် သူလာမှာပဲ၊ လာရင်လည်း မမနှင်းနဲ့တွေ့ချင်တယ် ပြောမှာပဲ၊ ဒီလောက်ကလေးမှ မကူညီ နိုင်ရင်လည်း နေပေါ့”

မော်က မျက်စောင်းလေး မသိမသာခဲကာ ပြောသည်။ အစ်ကိုကျော့်အကြောင်းကို မကောင်းဆက်ပြောပါက နှင်းကိုပင် ရန်လုပ်တော့မလို မျက်နှာလေးက တင်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com



နှင်းသည် သူ့လက်ထဲမှ နှင်းဆီရွက်လေးများကို တင်းတင်း ဆုပ်လိုက်မိသည်။ သစ်ရွက် အနားစွန်းလေးများက စူးရှရှနှင့် လက်ကို ထိုးသော်လည်း မလွှတ်မိချေ။

တင်မောင်ကျော်ဟူသော လူချော၊ လူညစ်၊ လူဆိုး၊ လူပျော် ကလေးသည် သူ့ဘဝအတွင်းသို့ ဒုတိယအကြိမ် ချင်းနှင်းဝင်ရောက်လာ ပြန်ပြီကို သိလိုက်သည်။ ထိုအသိစိတ်က တစ်ကိုယ်လုံးကို ပျံ့နှံ့သွား သောအခါ လှည့်ပတ်နေသော သွေးများသည် ရုတ်တရက် အေးစက် သွားဟန်ရှိသည်။ နှင်းကြောက်သည်။ ထိုလူကို နှင်း ကြောက်လှပါ သည်။

✱

www.burmeseclassic.com

www.burmeseclassic.com



"ငါတော့ မိန်းမတွေကို ကြောက်တယ် မောင်"

"ဘာဖြစ်လို့"

"အားကြီး ဉာဏ်နီဉာဏ်နက်များတာကွ၊ မိန်းမဖျက်ရင် ပြည်ပျက်သတဲ့၊ သူတို့မထင်ရင် မထင်သလို ဒုက္ခပေးတတ်တာ"

"ဟား ဟား အစ်ကိုက မိန်းမအကြောင်းများ ဘယ်လောက်သိလို့လဲ"

ဒီလိုပေါ့ကွ၊ လူပြော သူပြောပေါ့"

အစ်ကိုမောင်က ရက်ပြုံးပြုံးကာ ပြောသည်။ ခုံတန်းကို ကျောမှီကာ ခြေကိုဆန့်ထုတ်လိုက်ပြီး သက်သောင့်သက်သာ ထိုင်နေသည်။ သစ်ရိပ်ကိုဖြတ်ကျော်ပြီး ပြောက်ထိပြောက်ကျားဆင်းလာသော လရောင်သည် သူ့မျက်နှာပေါ်တွင် တစ်ဝက်တစ်ပျက်ကျရောက်နေသည်။ ပန်းရနံ့သင်းထုံသော နွေ၏ညသည် ရီဝေနေသည်။ စံပယ်နံ့နှင့် ခဝဲပွင့်ရနံ့တို့သည် ရောပြီး ချိုအီနေသည်။ တင်မောင်ကျော်သည် လကွေးကွေး

www.burmeseclassic.com

www.burmeseclassic.com



လေးကို ငေးကြည့်ရင်း အစ်ကိုမောင်နှင့်မျက်နှာချင်းဆိုင်ရှိ ခုံတန်းပေါ်တွင် ပက်လက်အိပ်ချလိုက်သည်။

"ကျွန်တော်တော့ မိန်းမတွေကို သနားတယ်"

"ဘာလို့လဲ"

"ယောကျ်ားတွေပြုသမျှ နရတာ အစ်ကိုရ၊ သူတို့ ဘယ်လောက်ပဲ လေကျယ်ကျယ် နောက်ဆုံးတော့ ယောကျ်ားတွေလိမ့်သမျှ လိမ့်သွားအောင် ခံရတာချည်းပဲ၊ သဘာဝချင်းကိုက တူမှမတူဘဲ အစ်ကိုရ၊ သူတို့က ဘယ်နေရာမဆို နာဘက်ချည်းပဲ၊ ဖားတုလို့ ခရုခုန်ရင်လည်း အိုင်ပျက်ရုံသာအဖတ်တင်မှာ"

"မဟုတ်သေးပါဘူး ကျော်၊ မင်းက ရုပ်ပိုင်းဆိုင်ရာကိုပဲ စဉ်းစားနေတာကိုး၊ စိတ်ပိုင်းဆိုင်ရာအရတော့ မိန်းမဉာဏ်ကို ယောကျ်ားမမီဘူးနော်၊ မိန်းမတွေ တကယ်ငြိုးပြီး တကယ်ရက်စက်ရင် တကယ်ကြောက်ဖို့ကောင်းတာတဲ့၊ ငါတို့ ဆယ်တန်းတုန်းက မြန်မာစာဆရာဦးဖေမောင် ပြောဖူးတာ သတိရတယ်၊ မင်းတို့လည်း သင်ဖူးတာပဲ မဟုတ်လား၊ တကယ်အပြောကောင်းတဲ့ ဆရာ"

အစ်ကိုမောင်သည် ထန်းလျက်ခဲကိုမြှို့ရင်း ရေနွေးကြမ်းကို တစ်ကျိုက်ချင်း မှုတ်၍သောက်နေသည်။ လက်ဖက်ရည်ကြမ်းအိုးလေးသည် အစ်ကိုမောင်၏ အသက်ဘူးဖြစ်သည်။ ဆေးလိပ်မသောက် ကွမ်းမစားသော အစ်ကိုမောင်သည် ရေနွေးကြမ်းကိုမူ နှစ်သက်လှသည်။ လက်ဖက်ခြောက်ကို မွှေးသွားအောင်လှော်ကာ ကျကျလေးခတ်ပြီး သောက်သည်။ တစ်ခါတစ်ရံ ဆားခတ်၍ သောက်တတ်လေသည်။ ရေ နွေးကြမ်းအိုးလေးနှင့် တစ်နေ့ လေးငါးအိုးကုန်အောင် တစ်ဦးတည်း သောက်တတ်လေသည်။

"ဒီတုန်းက ဆဒ္ဒန်ဆင်မင်းဝတ္ထု သင်ရသေးတယ်လေ။ အဲဒီထဲ

www.burmeseclassic.com

www.burmeseclassic.com



က ဆဒ္ဒန်ဆင်မင်းကြီးခမျာ သုဘဒ္ဒါငြိုးသမျှ ခံသွားရတာ မဟုတ်လား ကွ၊ ဆရာကလည်း မိန်းမတွေကို စိတ်နာနေတဲ့ လူပျိုကြီးဆိုတော့ ဘယ် ပြောကောင်းမလဲကွာ၊ 'မ' ဆိုရင် ဘယ်လောက်ကြောက်ဖို့ကောင်းတယ် ဆိုတဲ့ တရားတွေကို ဖိပြီးဟောတာ၊ ခုထိ နားထဲစွဲနေတယ်"

တင်မော်ကျော်သည် လကွေးကွေးကို မော်ကြည့်ရင်းနှင့် ဖြုန်း ခနဲ သတိရသည်။ သူနှင့် နှင်းလည်း သုဘဒ္ဒါအကြောင်း အချေအတင် ပြောခဲ့ကြဖူးသေးသည်။

"သုဘဒ္ဒါလုပ်တာ ကောင်းတယ်၊ ဒါမှ ကောင်းတာ၊ သိလား မောင်၊ မောင်တို့ယောကျ်ားတွေကို သုဘဒ္ဒါက အစွမ်းပြလိုက်တာ"

"ဆဒ္ဒန်ဆင်မင်း အ လို့ န လို့ ခံရတာပေါ့ကွာ"

"ဘာဖြစ်လို့"

"မိန်းမများများယူချင်ရင် မိန်းမအားလုံးကို ကျေနပ်အောင် လည်း ချော့တတ် ချစ်တတ်ရတယ်ကွဲ၊ သူက မိန်းမနှစ်ယောက် ယူ ထားပြီး ထူအ အ လုပ်နေတော့ ခံသွားရတာပေါ့၊ မောင့်လိုယောကျ်ားမျိုး ချည်းသာဆိုရင် သုဘဒ္ဒါလို အငြိုးတွေပေါ်လာမှာကို မဟုတ်ဘူး၊ သိ လား နှင်းဆီ"

"အောင်မယ်"

"ဟုတ်တယ်၊ မောင်က နှလုံးသားအများကြီးနဲ့ ချစ်တတ်တဲ့ လူ"

"ဟာ ဟ"

"မောင့်ရင်ထဲက နှလုံးသားက သူများနဲ့တူတာမဟုတ်ဘူး၊ စပျစ်သီးခိုင်လို အတွဲလိုက်ရှိတဲ့ နှလုံးသား နှင်းဆီလေးရဲ့၊ နှလုံးသား အများကြီးနဲ့ မိန်းကလေးအများကြီးကို ညီတူညီမျှ ချစ်မယ့်လူစား၊ အား အာ နာတယ်ဟ၊ အား ဒီလောက်တောင်ပဲ ဆိတ်ရသလား ဆိတ်မ

www.burmeseclassic.com

www.burmeseclassic.com



လေးရဲ့၊ ဟား ဟား”

တင်မောင်ကျော်သည် ယောင်ယမ်းပြီးပြုံးနေမိသည်။ အတိတ်ကမ္ဘာတွင် ကြည်မွေ့နေသော စိတ်ကြောင့် အစ်ကိုမောင် ဘာတွေဆက်ပြောနေသနည်း မကြားလိုက်မိပေ။

လရောင်သည် အုန်းလက်စိမ်းစိမ်းများအပေါ်တွင် ဖြာကျနေသည်။ မြရည်လိမ်းသော အုန်းလက်စိမ်းလေးများသည် လေညင်းတွင် တအိအိ လှုပ်ရှားနေသည်။

အစ်ကိုမောင်သည် နောက်ထပ် ရေနွေးကြမ်း တစ်ခွက်ထပ်ထည့်ကာ တရှူးရှူးနှင့် မှုတ်၍ သောက်နေပြန်သည်။

“သောက်ဦးမလား ငကျော်”

“ဟင့်အင်း”

“ရော့ ထန်းလျက်စား”

အစ်ကိုမောင် ပစ်ပေးလိုက်သော ထန်းလျက်ခဲကို အိပ်နေရာမှ ကျင်လည်စွာ ဖမ်းလိုက်သည်။ ထိုနောက် ပါးစပ်ထဲပစ်ထည့်ကာ တစ်ခါတည်းဝါးစားလိုက်သည်။ အစ်ကိုမောင့်လိုတော့ အရသာခံကာမြုံ့မစားတတ်ပေ။ ထို့ကြောင့်လည်း အစ်ကိုမောင်က သူ့ကို ထန်းလျက်ကို စားလျှင် လူလိုမစားဘဲ ခွေးလိုစားတတ်သည်ဟု မကြာခဏ ပြောခြင်းဖြစ်သည်။

ထန်းလျက်နံ့ရသဖြင့် အမြီးနှန့်ကာ ကပ်လာသော မိုးမှောင်ဆီသို့လည်း အစ်ကိုမောင်က တစ်ခဲ ပစ်ပေးလိုက်သည်။

“သူ့ကိုတောင် ဖိုးဇော်က မီးသွေးလို့ခေါ်ပါတဲ့ ပြောနေသေးတယ်၊ ဒီနာမည်ကလည်း သူနဲ့လိုက်တာပဲ၊ နောက်တစ်ကောင် အမည်းမွေးမှ မီးသွေးလို့ခေါ်ရမယ်”

အစ်ကိုမောင်သည် မိုးမှောင်၏ကျောကို ပွတ်သပ်ပေးရင်း

www.burmeseclassic.com

www.burmeseclassic.com



ပြော သည်။ မိုးမှောင်သည် အစ်ကိုမောင်၏လက်ကို မနာမကျင်ငုံခဲကာ လျှာ နှင့်လျက်နေလေသည်။

"ဖိုးဇော်မိထွေး နှင်းနဲ့ မင်းနဲ့သိတာကြာပြီလား ငကျော်"

"ကျောင်းတုန်းကသိတာလေ၊ ဘာဖြစ်လို့"

"ဘာမှမဖြစ်ပါဘူး၊ သတိရလို့မေးတာပါ၊ သူ့အလှက တစ်မျိုး ပဲ နော်"

"ဘယ်လို တစ်မျိုးလဲ"

တင်မောင်ကျော်သည် အစ်ကိုမောင့်ကို ဖျတ်ခနဲ လှမ်းကြည့် လိုက်မိသည်။ မိန်းကလေးတို့၏ အလှအပကို ဝေဖန်ခဲသော သူ့အစ်ကို အကြောင်းသိ၍ တအံ့တဩဖြစ်သွားသည်။

"ဘယ်လိုတစ်မျိုးလဲတော့ မသိဘူး၊ တစ်မျိုးတော့တစ်မျိုးပဲ၊ ငါတော့ နားမလည်ဘူး၊ ပြောလည်း မပြောတတ်ဘူး၊ ဒါပေမယ့် ထူး ခြားတယ်"

"အဟက် ငါ့အစ်ကို စွဲနေပြီလား"

"မဟုတ်ရပါဘူးကွာ"

"ကျွန်တော်က အစ်ကိုမောင့်ကို အစွဲထုတ်မလို့ကြိုးစားနေတာ၊ ဖိုးဇော်တို့အိမ်က တစ်ယောက်နဲ့လေ"

"အောင်မယ် ဘယ်သူတုံးကွ"

"ကြိုးကြိုးငွေနဲ့"

"ခွေးသား"

အစ်ကိုမောင်က ဆဲလေသည်။ မှိန်ပျပျလရောင်ဝယ် ရှုံ့မဲ့သွား သော အစ်ကိုမောင်၏မျက်နှာကို ဝိုးတိုးဝါးတွေ့ရသဖြင့် တင်မောင် ကျော်သည် တသိမ့်သိမ့်ရယ်လိုက်မိသည်။

"ပထမတော့ မော်နဲ့ ပြောပေးမလို့ပါ၊ ဒါပေမယ့် ကောင်မ လေးက

www.burmeseclassic.com

www.burmeseclassic.com



ငယ်နေတယ်၊ ဒါနဲ့ ကျွန်တော့အတွက်ထားလိုက်ရော၊ နှင်းနဲ့ စဉ်းစားကြည့်ပြန်တော့ အပျိုမဟုတ်ဘူး၊ မုဆိုးမလေးဆိုတော့ အစ်ကိုနဲ့ သဘောမတူပြန်ဘူး၊ ကြီးငွေက အပျိုကြီး အစ်ကိုရ၊ ရည်းစားတောင် မထားဖူးရှာဘူးတဲ့၊ အစ်ကိုနဲ့ဆို အလိုက်ပဲ"

"ခွေးကောင်"

အစ်ကိုမောင်က ဒုတိယအကြိမ် ဆဲပြန်သည်။ ဝဝအိအိ ကိုယ်လုံးအလှပိုင်ရှင်ကြီးကို တွေးပြီး လန့်သွားဟန်တူသည်။

"ဖိုးခော်ကလည်း သဘောတူတယ်ဗျ"

"တောင်စမ်းပါကွာ၊ မင်းပဲယူ၊ မင်းကြီးကြီးငွေ မင်းပဲယူ"

အစ်ကိုမောင်က ရယ်ချင်စိတ်ကို မျိုသိပ်ပြီး ဆောင့်ကြီးအောင့်ကြီး ပြောလေသည်။ ကြုံကြုံဖန်ဖန် စတတ် နောက်တတ်သော ညီကို စိတ်ဆိုးသည်ဟုမဟုတ်သော်လည်း အောင့်သက်သက်ကြီး ဖြစ်သွားပုံရသည်။

တင်မောင်ကျော်သည် သူ့အစ်ကို တကယ်စိတ်ဆိုးလာမည်စိုးသောကြောင့် ပြုံးစပ်စပ်နှင့် ရပ်တမ်းကရပ်လိုက်သည်။ အစ်ကိုမောင် စိတ်ဆိုးပါက နံနက်စာ ထမင်းကို တစ်ယောက်စာသာချက်တတ်သည်။ သူ့အတွက် ထည့်မချက်ဘဲ ချန်ထားတတ်သောကြောင့် ဖြစ်လေသည်။

"နှင်းက လှတယ်နော် အစ်ကိုမောင်"

"အေး"

"မော်လည်း လှတာပဲနော်"

"အင်း"

"ဘယ်သူ့ကို ပိုပြီးလှတယ် ပြောမလဲဟင်"

"ငါဆိုရင် အင်း ငါဆိုရင်တော့ နှင်းအလှကိုပိုကြိုက်တယ်"

"ဘာဖြစ်လို့"

www.burmeseclassic.com

www.burmeseclassic.com



"သူ့အလှက လောကစံကို ခံပြီးသားအလှ၊ သက်နုကျောက်နဲ့ သက်ရင့်ကျောက်လိုပေါ့ကွာ၊ မော်က သက်နုကျောက်ပဲ၊ နှင်းကတော့ အပူရှိန်တွေ ဖိအားတွေ ခံရပြီးမှ မာပြီးကျစ်သွားတဲ့ သက်ရင့်ကျောက် လို အလှမျိုး"

"အလဲ့ ငါ့အစ်ကိုက တယ်ဟုတ်နေပါလား"

ခဝဲပန်းနုံ့လေးက သင်းသင်းမွှေးနေသည်။ တင်မောင်ကျော် သည် အစ်ကိုမောင့်ကိုငဲ့ကြည့်ကာ ပြုံးစစနဲ့ပြောလိုက်ရင်း နှင်းနှင့်မော် တို့ကို မြင်ယောင်လာသည်။

သက်နုကျောက်နှင့် သက်ရင့်ကျောက်ဟု နှိုင်းယှဉ်ပြောလိုက်ပုံ လေးကို သဘောကျသွားသည်။ ဘာအတွေ့အကြုံမှမရှိသေးဘဲ အချစ် နယ်တွင်း စမ်းတဝါးဝါး တိုးဝင်လာကာ စိတ်ကစားနေသော မော်သည် တကယ့်ကို သက်နုကျောက်လေး ဖြစ်သည်။ သူ့မျက်လုံးလေးများသည် သန့်စင်ကြည်လင်လှသည်။ နှင်းကကော။ တစ်ချိန်တုန်းက အချစ်ရည် ရွှန်းကာ နူးညံ့စွာကြည့်တတ်သောနှင်း၏ မျက်လုံးလေးများသည် ယခု အခါတွင်တော့ အေးစက်ပြီး လျှောင်ပြောင်ရိပ်ကလေးများသမ်းနေတတ် သည်ကို တွေးနေမိသည်။ ထိုသို့တွေးမိသောအခါ သူ့စိတ်ထဲတွင် မအီ မသာဖြစ်သွားသည်။ အစ်ကိုမောင်ပြောသော သက်ရင့်ကျောက်၏ သဏ္ဌာန်ကို နှင်း၏မျက်လုံးလေးများက သရုပ်ဖော်ပြကြသည် ထင် သည်။ အကယ်၍ နှင်းကိုမေးကြည့်ပါက မျက်ရည်များသည် မာ၍ခဲ သွားပြီး အေးစက်မာကျောသော မျက်လုံးလေးကို ဖြစ်စေခဲ့သည်ဟု ပြောမည်ပင်ဖြစ်သည်။

တင်မောင်ကျော်သည် နှင်းကို ပြန်လည်တမ်းတလွမ်းမောမိ ရင်း 'နတ်မိမယ်' သီချင်းလေးကို တိုးတိုးလေး ညည်းလိုက်သည်။ သူ့ ရင်ခွင်တွင် ခေါင်းတင်ပြီး နူးနူးညံ့ညံ့လေးပြုံးနေသော နှင်းကို သတိရ

www.burmeseclassic.com

www.burmeseclassic.com



သောအခါ သူ့နှလုံးသားအစုံသည် ပူနွေးလာလေသည်။

လရောင်က လဲ့လဲ့လေးသာ လင်းနေသည်။

ပန်းနံ့က သင်းသင်းလေးသာ မွှေးနေသည်။

လေညင်းကလည်း ဖြည်းဖြည်းလေးသာ တိုက်နေသည်။

သီချင်းသံကလည်း တိုးတိုးလေးသာ ဖြစ်သည်။

"မင်း ဂစ်တာယူမလား ငကျော်"

"ဟင့်အင်း"

"ငါယူပေးမယ်လေ၊ ဂစ်တာနဲ့ဆိုပါကွ"

"ဟင့်အင်းဗျာ"

တင်မောင်ကျော်သည် မျက်လုံးကို စုံမှိတ်ထားလိုက်သည်။ အစ်ကိုမောင်သည် ဘာမှ ဆက်မပြောဘဲ သူ့ဘက် ခုံတန်းလျားလေး ပေါ်တွင် အိပ်ချလိုက်သည်။ တိုးတိုးညင်းညင်းဆိုနေသော သီချင်းသံ လေးကိုသာ ဆက်၍ နားထောင်နေလိုက်သည်။ တင်မောင်ကျော်၏ အသံသည် ကောင်းလှချည့်ဟုတော့ မဆိုနိုင်။ မြန်မာသီချင်းများဆိုလျှင် နားထောင်၍ သိပ်မကောင်းသော်လည်း ရှိုက်ငင်သံနှင့် တိုးတိုးလေးဆိုရ သော အင်္ဂလိပ် သီချင်းများသည်ကား သူ့အသံနှင့်လိုက်သည်။ သူ့အသံ သဲ့သဲ့လေးသည် သစ်ရွက်ခတ်သံ၊ လေတိုးသံတို့နှင့်အတူ လေထဲတွင် ပျံ့သွားတတ်၍ နားထောင်ကောင်းလှသည်။

တင်မောင်ကျော်သည် နှုတ်ကသာ တေးကို သဲ့သဲ့လေး ညည်း နေမိသော်လည်း စိတ် အစဉ်သည် လေဟုန်စီးပြီး အတိတ်ဆီသို့ ပျံ့ထွက် သွားသည်။ သူ့စိတ်တို့သည် အင်းလျားကန်၊ ကန်တော်ကြီး၊ ရုပ်ရှင်ရုံ အစုံရောက်နေသည်။ ချိုသော၊ ရွှင်သော၊ ပြုံးသော၊ ရယ်သော ငယ်ငယ် နုနုဘဝက သက်နုကျောက်ကလေးနှင်းဆီသည် သူ့မျက်စိရှေ့တွင် ဖြတ်ကာ ဖြတ်ကာ ပြေးသွားနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အဝေးဆီမှ သံချောင်းခေါက်သံဆယ်ချက် ကြားရသောအခါ အစ်ကိုမောင်သည် နေရာမှထသည်။

"လာ ငကျော်၊ အိမ်ထဲဝင်ကြစို့"

"ဝင်ချင်သေးဘူးဗျာ"

"အေးလာပြီကွ"

"မအေးပါဘူး၊ ဒီမှာ မူးနေတာ၊ မူးလို့ သိပ်ကောင်းတာပဲ"

"ဘာ မူးတယ်"

"အင်း မူးတယ်"

"ဟော့ကောင် မင်းအရက်သောက်ထားသလား"

"သောက်ပါဘူး အစ်ကိုရ"

"ဒါဖြင့် ဘာလို့မူးနေတာလဲ"

အစ်ကိုမောင်သည် မျက်စိစုံမှိတ်ထားသော သူ့ညီကို မယုံသင်္ကာနှင့်ကုန်း၍ကြည့်သည်။ တင်မောင်ကျော်သည် မျက်စိဖွင့် မကြည့်ဘဲ ပြောလေသည်။

"ဟုတ်တယ် မူးနေတာ၊ အတိတ်မူး မူးနေတာလေ"

*

www.burmeseclassic.com

www.burmeseclassic.com



"အတိတ်ဆိုတာ မေ့ကောင်းတဲ့အရာ မဟုတ်ပါဘူး နှင်းဆီရယ်၊ ဘာလို့ မေ့ချင်တာလဲ"

"ကျွန်မကတော့ မေ့ချင်တာပဲ၊ အတိတ်ဟာ ကျွန်မအတွက်တော့ သိပ်ချောက်ချားစရာကောင်းတဲ့ အိပ်မက်ဆိုးကြီး ဖြစ်နေတာကိုး"

"နှင်းဆီကလည်းကွယ် မောင်တော့ အတိတ်ကို ပြန်တွေးမိရင် သိပ် ပျော်တာပဲ၊ နှင်းဆီနဲ့မောင်ရဲ့ အတိတ်ကိုလေ ပြန်တွေးကြည့်စမ်း၊ ကြည်နူးစရာ မကောင်းဘူးလား"

"ရှင်ကတော့ နိုင်ခဲ့တဲ့သူကိုး၊ အတိတ်မှာ ပျော်မှာပေါ့"

တမ်းတလွမ်းမောစွာပြောသော သူ့ကိုကြည့်ရင်း နှင်းသည် နာနာကြည်းကြည်းနှင့် နှုတ်ခမ်းလေးကို ဖိကိုက်လိုက်မိသည်။ မော်က သူလာမည်ဟုပြောစဉ်က နှင်းစိတ်ထဲတွင် မယုံမရဲဖြစ်နေသေးသည်။ ပြောမယ့်သာပြောတာ တကယ်လာရဲမယ် မထင်ပါဘူးဟု တစ်ဖက်မှ တွေးနေမိသည်။

သည်နေ့တော့ သူတကယ်လာသည်။ နှင်းကို တွေ့လိုသည်ဟု ပြောသည်။ နှင်းထွက်တွေ့သောအခါ မော်လည်းလိုက်လာသည်။ တကယ့်တကယ်တော့ နှင်းကို မော်သည် ရှေ့တန်းတင် ဗန်းပြခြင်းသာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လေသည်။ ကိုဇော်ခေါင်းခေါက်မည်ကို ကြောက်သောကြောင့် နှင်းကို ခံတပ်သဖွယ် ရှေ့ကကာထားပြီး အစ်ကိုကျော်ကို ကလေးဆန်ဆန် အိမ်လည်ခေါ်ခဲ့ခြင်း ဖြစ်လေသည်။ မော်လုပ်ပုံသည် ဒေါသဖြစ်စရာကောင်းသလို ရယ်စရာလည်း ကောင်းနေသည်။ နှင်းကမူ ဒေါသလည်း မဖြစ်ပေ။ ရယ်လည်းမရယ်ချင်ပေ။ တနုံ့နုံ့သာ စိတ်မကောင်း ဖြစ်မိသည်။

မော် ကံကောင်းသည်ဟု ဆိုရပေမည်။ အိမ်တွင် ဇော်ရှိ မနေပေ။ ဇော်သာရှိနေလျှင် ဘာပြောပြော နည်းနည်းတော့ သတိလေး ထားနေရမည် ဖြစ်သည်။ ခုတော့ သူဆွဲထားသမျှ ပန်းချီကားလေးများကို တစ်ချပ်ပြီးတစ်ချပ် ယူလာပြီး ပြမဆုံးနိုင်အောင်ဖြစ်နေသည်။ သည်နေရာမျိုးတွင်တော့ တင်မောင်ကျော်က တကယ့်လူတော်ဖြစ်သည်။ လက်ရာ မမြောက်တမြောက် ပန်းချီကားလေးများကို ဗာရာဏသီချီးမွမ်းခန်း ဖွင့်လေသည်။ ချီးမွမ်းစကားများ တစ်ခုနှင့် တစ်ခု မထပ်ရအောင် စကားလုံးတွေ ဝေဝေဆာဆာနှင့် ပြောလည်းပြောတတ်သည်။ သူ့စကားများသာ ထုထည်ရှိလျှင် ချီးမွမ်းစကားပိ၍ မော်တစ်ယောက် သေနိုင်လောက်လေသည်။ တောက်ပရွှန်မြူးနေသော မော့်မျက်လုံးလေးများကို နှင်းသည် တစ်ချိန်လုံး ငြိမ်ငြိမ်လေး ထိုင်ကြည့်နေလေသည်။

"နှင်းဆီရေ ကောင်မလေးတော့ မောင့်ကိုကျနေပြီထင်တယ်နော်၊ ဘယ်လိုလဲ မောင် ချစ်ပစ်လိုက်ရမလားဟင်"

မော် အခန်းထဲမှ ထွက်သွားလျှင်သွားချင်း တင်မောင်ကျော်သည် နှင်းကို ပြုံးစနဲ့နဲ့နှင့် တိုးတိုး လှမ်းပြောလေသည်။ နှင်းက ဘာမှ ပြန်မပြောဘဲ ငြိမ်နေသောအခါ နှင်း၏လက်ချောင်းလေးများကို လှမ်းပြီး ဆုပ်ကိုင်လိုက်သည်။ ထိုနောက် 'နှင်းဆီလေး နေမကောင်းဘူးလား၊ လက်ဖျားတွေအေးလို့'ဟု ကြင်နာသံနှင့် ပြောလေသည်။ မော်က ပန်းချီ

www.burmeseclassic.com

www.burmeseclassic.com



ကားချပ်လေးများပိုက်ပြီး ပြန်ဝင်လာသောအခါ ဒိုင်ခံပြီး ချီးကျူးပြန်သည်။ နှင်းသည် သူလုပ်နေပုံကိုကြည့်ရင်း အော်ပြီး ငိုချင်လာသည်။ ရန်လည်း တွေ့မနေချင်တော့။ အပြစ်လည်း တင်မနေချင်တော့။ ဒေါသလည်း ထွက်မနေချင်တော့။ နာနာကြည်းကြည်းလည်း ဖြစ်မနေချင်တော့ပေ။ ပင်ပန်းလှပါပြီ။ သို့သော် တတ်များတတ်နိုင်လျှင်တော့ သူ့ကိုလေးဖက်လေးတန် ကြိုးတုပ်ပြီး ကြိမ်နှင့်စပ်စပ်ရိုက်ချင်လှသည်။ ကိုယ်ကိုယ်တိုင် အော်ငိုနေရင်း သူ့ကိုလည်း တရှမ်းရှမ်းနှင့် မှတ်လောက်သားလောက် ရိုက်နှက်ပစ်လိုက်ချင်တော့သည်။

"အတည်တကျ မိန်းမယူဖို့ စိတ်မကူးသေးဘူးလားဟင်"

"ဟင့်အင်း"

"မော်လေးကို ဖျက်ဆီးဦးမလို့လား"

"သူ့ကို မောင် ဘာလုပ်လို့လဲ နှင်းဆီရဲ့၊ ဒီကိုလာတာ နှင်းဆီကို တွေ့ချင်လို့လာတာ သိရဲ့လား"

"ဘာဖြစ်လို့ တွေ့ချင်ရတာလဲ"

"မောင့်နှင်းဆီကို မောင်သတိရလို့ပေါ့"

နှင်းသည် အံကြိတ်ရင်း သက်ပြင်းရှိုက်မိသည်။ မော်ပြန်ဝင်လာသောအခါ စကားဖြတ်လိုက်ရပြန်သည်။

"ဒီပုံကတော့ မပြီးသေးဘူး အစ်ကိုကျော်ရဲ့၊ နှင်းဆီပန်းလေးကို ဆွဲထားတာ၊ ဆူးတွေရံနေတဲ့ နှင်းဆီပန်းလေးလေ"

"မော်က ဆွဲလက်စ ပန်းချီကားလေးကို ထောင်ပြရင်း ပြောသည်။ ထိုပုံလေးကို သူဆွဲထားသည်မှာ ကြာလှချေပြီ။ ခုထက်ထိ လက်စ မသတ်သေးပေ။ မပြီးမပြတ်ပင် ရှိသေးသည်။ ပြစရာကုန်သွားသောကြောင့် မပြီးသေးသော ပန်းချီကားလေးကို ဆွဲထုတ်လာခြင်း ဖြစ်ဟန်တူသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီပုံလေးကို မမနှင်း သိပ်ကြိုက်တာပဲ"

သူတို့နှစ်ဦး၏ စကားဝိုင်းထဲသို့မဝင်ဘဲ ဘေးထွက်ထိုင်နေသော နှင်းက သည်တစ်ခါတော့ ဝင်ပြောလာသည်။

"တို့တော့ ဆူးတွေကို မကြိုက်ဘူးကွာ"

တစ်ချိန်လုံး မကြိုက်စကား မကြားရသော တင်မောင်ကျော်၏ ပါးစပ်မှ သည်တစ်ခါပဲ မကြိုက်ဘူးဟု ထွက်လာသည်။

"ကောင်းတယ်မော်၊ အဲဒီကားကလေးကို 'ဆူးနှင်းဆီ'လို့ နာမည်ပေး သိလား"

"ဆူးတွေက နှင်းဆီအလှကို ဖျက်တယ်ကွာ"

"ဆူးမပါရင် နှင်းဆီဟာ သဘာဝမကျဘူး မော်"

"ဆူးမပါမှ ကောင်းတာနော် ချာတိတ်"

"ဆူးတွေကြောင့်ကို ပန်းချီကားလေးက အသက်ဝင်နေတာ သိလား မော်လေး"

မော်သည် သူ့ပန်းချီကားလေးကိုသူ တွေတွေလေးကြည့်နေသည်။ အစ်ကိုကျော်နှင့် မမနှင်းသည် သူ့ကို ပုဏ္ဏားတိုင်ထားကာ စကားနိုင်လုနေကြသဖြင့် ကြားထဲမှ မျက်မှောင်လေးကုတ်နေသည်။

"ကဲ နေဦး နေဦး၊ မော် လိမ္မော်ရည် သွားယူလိုက်ဦးမယ်၊ ငြင်း ချင်ရင် ငြင်းရစ်ကြဦး"

သူ့ပန်းချီကားလေးကို တင်မောင်ကျော့်လက်ထဲ လှမ်းပေးပြီး မော်သည် အခန်းထဲမှ ထွက်သွားပြန်သည်။ သူ ထွက်သွားသောအခါ သူ့ပန်းချီကားကို နှစ်ဦးလုံး လှည့်မကြည့် ဖြစ်ကြတော့ပေ။

"ရှင် မော်လေးကိုတော့ မဖျက်ဆီးနဲ့နော်"

"မဖျက်ဆီးပါဘူး နှင်းဆီရယ်၊ မောင့်စိတ်ကို နှင်းဆီ သိသားနဲ့"

www.burmeseclassic.com

www.burmeseclassic.com



"သိလို့ပြောနေတာပေါ့"

"စိတ်ယုတ်မာကြီးနဲ့ ဖျက်လိုဖျက်ဆီး မလုပ်တတ်ပါဘူးကွယ်၊ ဒါပေမယ့် အခြေအနေပေးလာရင်တော့ မောင်က ဘုန်းကြီးမှ မဟုတ်တာ၊ စိတ်ထိန်းနိုင်ဖို့တော့ ဘယ်လွယ်မလဲ"

"ဘုန်းကြီးမှ စိတ်ထိန်းနိုင်ရမှာမဟုတ်ဘူး၊ ယောကျာ်းကောင်း မှန်ရင် သူများသားပျို သမီးပျိုကို မဖျက်ဆီးရဘူး"

"မောင့်ကိုယ်မောင် ကောင်းတယ်လို့ ပြောဖူးလို့လား မိနှင်းဆီရဲ့၊ အို ဘာဖြစ်ဖြစ် ဒီကားမှာ ဆူးတွေဖျက်နေတာ"

မော်သည် လိမ္မော်ရည်ဗန်းလေးကိုကိုင်ကာ ပြန်ဝင်လာသော အခါ တင်မောင်ကျော်သည် ပန်းချီကားလေးကို ချက်ချင်းကောက်ကြည့်ကာ အသံမြှင့်၍ စကားလွှဲပြီး ပြောလိုက်သည်။ ထိုနောက် သူ့ဟာသူ ရယ်ချင်သလို ပြုံးနေသည်။ နှင်းသည် နှုတ်ခမ်းလေး မသိမသာမဲ့ကာ ပခုံးတွန့်လိုက်သည်။ ဘာမှ ပြန်ပြောမနေတော့ပေ။ 'မိန်းမ နှစ်ယောက် လိုချင်ရင် နှစ်ယောက်လုံးကို ကျေနပ်အောင် ချော့တတ်၊ ချစ်တတ်ရ တယ်၊ မောင့်လိုယောကျာ်းမျိုးချည်းသာဆိုရင် သုဘဒ္ဒါလိုအငြိုးတွေ ပေါ် လာမှာမဟုတ်ဘူး၊ သိလား နှင်းဆီ'ဟူသော သူ့စကားလေးကိုသာ ပြန် ပြီးကြားယောင်နေမိသည်။ သူသည် အပြောနှင့်အဟောတော့ အတော် လေးညီသော လူစားဖြစ်သည်ဟု တွေးမိရင်း နှလုံးသားအစုံသည် တင်း ကျပ်ပြီး နာကျင်လာလေသည်။

"ဟောဗျ၊ အစ်ကိုကျော် ဘယ်တုန်းကရောက်နေတာလဲ"

ဧည့်ခန်းတွင်းသို့လှမ်းဝင်လာသော ဇော်က တအံ့တသြမေး သည်။ မော်သည် ထိတ်ခနဲရင်ခုန်သွားသည်။ အစ်ကိုကျော်ကမူ သူ့ပုံစံ အတိုင်း ချစ်ခင်ရင်းနှီးစွာ ပြုံးပြလေသည်။

"ငါတို့မေဂျာက ကျောင်းသူကျောင်းသားဟောင်းတွေ မိတ်ဆုံ

www.burmeseclassic.com

www.burmeseclassic.com



စားပွဲ လုပ်မလို့ကွ၊ အဲဒါ မင်းတို့မမနှင်းဆီက အလှူလာခံတာ၊ ရန်ပုံငွေများများရရင် အဆိုအကလေးတွေပါ မြိုင်မြိုင်ဆိုင်ဆိုင် ထည့်နိုင်တာပေါ့ကွာ"

တင်မောင်ကျော်က လိုက်လျောညီထွေစွာ ပြောသည်။ သူ့အကြောင်းပြချက်က ခိုင်လုံကောင်းမွန်နေသောကြောင့် ဇော်သည် လုံးဝသံသယမဖြစ်မိပေ။ အခန်းတွင်း လှမ်းဝင်ရင်း တင်မောင်ကျော့်ဘေးတွင် ဝင်၍ထိုင်သည်။

"လည်လှချည်လား ဖိုးဇော်ရ၊ အခု ဘယ်ကပြန်လာတာလဲ"

"ဂျူဒိုသင်တန်းက ပြန်လာတာ အစ်ကိုကျော်ရ၊ ဇော်နိုင်ဦးက ဂျူဒိုသင်နေတာနဲ့ ကျွန်တော်လိုက်သွားရင်း သင်ချင်စိတ်ပေါက်လာလို့"

"ကောင်းသားပဲ ဇော်၊ အားနေမယ့်အစား အားကစားတစ်ခုခုလုပ်တာ ကောင်းတာပေါ့၊ ဇော် ဂျူဒိုသင်မလို့ လား"

နှင်းက ဝမ်းသာအယ်လဲဝင်မေးသည်။ ကျောင်းပိတ်ရက် အားနေသောအချိန်တွင် စိတ်လေပြီး ပျက်စီးမည်ကို စိုးရိမ်နေမိသောကြောင့် ဖြစ်၏။

"ဟုတ်တယ်၊ သင်ရရင် ကောင်းမလားလို့၊ မိမော် ကောင်မလေးတွေလည်း သင်နေတယ်ဟ သိလား၊ ယောကျ်ားလေးတွေကိုများ ဆွဲဆွဲပြီး ကိုင်ပေါက်လိုက်တာ၊ ဗုန်းခနဲ ဗုန်းခနဲ နေတာပဲ၊ သိပ်အားရဖို့ ကောင်းတာပဲ"

ဇော်က အားရပါးရပြောသည်။ မော်သည် သူ့ပန်းချီကားလေးများကို တစ်ခုချင်းထပ်ပြီးပြန်သိမ်းနေလေသည်။ ဂျူဒိုကိုပန်းချီလောက် စိတ်မဝင်စားလှချေ။

"မမမြမေရေ ကျွန်တော့်လည်း လိမ္မော်ရည်တစ်ခွက်"

တင်မောင်ကျော်၏လက်ထဲမှ လိမ္မော်ရည်ခွက်ကိုကြည့်ကာ ဇော်

www.burmeseclassic.com

www.burmeseclassic.com



သည် ရေဆာလာဟန်တူသည်။ သူ့အတွက် အော်မှာရင်း နဖူးမှ ချွေးများကို လက်ခုံနှင့်သုတ်လိုက်သည်။

"မင်းကို အစ်ကိုမောင်ကတောင် မေးနေသေးတယ် ဖိုးဇော်၊ မလာတာကြာလို့တဲ့"

"ဟုတ်တယ်၊ ခုတလော ကျွန်တော် ခြေများနေတယ်"

"အစ်ကိုမောင်က ပုသိမ်ဘက်မှာ တိုင်ထောင်ပဲမျိုးတွေသွားယူမလို့တဲ့၊ မင်း လိုက်ချင်တယ်ပြောတယ်ဆို"

"ဟုတ်တယ် အစ်ကိုမောင်က ဘယ်တော့သွား မှာလဲ"

"ရေ့အပတ်လောက် သွားမယ်ထင်တယ်ကွ"

"ကျွန်တော် လိုက်သွားမယ်နော် မမနှင်း၊ တစ်ခါမှ သင်္ဘောမစီးဖူးလို့ အစ်ကိုမောင်နဲ့လိုက်သွားချင်တယ်"

"ကြီးငွေကိုပြောလေ ဇော်ရဲ့"

"မော်လည်း လိုက်ချင်တယ်"

"အောင်မာ ကလေးက ကလေးပီပီနေစမ်း"

"ဟင် ကိုဇော်က မော့်ထက် ငါးမိနစ်တည်း ပိုကြီးတာများ၊ မော့်ကိုတော့ ကလေးတဲ့၊ မော် ကလေးဆိုရင် ကိုဇော်လည်း ကလေးပဲ၊ ဘာထူးလဲ"

နှုတ်ခမ်းစူသွားသော မော့်ကိုကြည့်ကာ တင်မောင်ကျော်က ရယ်လေသည်။ အမှန်စင်စစ် ဖြစ်သင့်သည်မှာ သူတို့အမြွှာနှစ်ဦးတွင် ဇော်က မိန်းကလေးဖြစ်ပြီး မော်က ယောကျ်ားလေး ဖြစ်ဖို့သင့်ပေသည်။ ဇော်သာ မိန်းကလေးဆိုပါက မိုင်းကောင်းကျောက်ဖိ ပိပြားအေးဆေးသော ပုံစံမျိုးလေး ဖြစ်မည်ထင်သည်။ မော်သာ ယောကျ်ားလေးဟူလျှင်မူ နေရာတကာ စပ်စပ်စပ်စပ်ပါပြီး အတော်ကြီးပွေမည့် ရှုပ်မည့် သတ္တဝါလေးဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ချပ်ချင်း ကောက်သိမ်းနေသော်လည်း စားပွဲပေါ်တွင် မော်ဆွဲထားသော ပန်းချီကားလေးများက ပြန့်ကျဲနေသေးသည်။ စာကြည့်ခန်းထဲရှိ ပန်းချီကားအကုန်လုံး ဧည့်ခန်းထဲ ရောက်နေသောကြောင့် ဖြစ်လေသည်။ စားပွဲပေါ်မှ ပန်းအိုးလေးကိုပင် ကျောက်ခုံပုပုလေးပေါ်တွင်ပြောင်း၍ တင်ထားရသည်။ သစ္စာပန်းနီနီလေးနှစ်ခိုင်ကို ဝါးရွက်ကလေးများနှင့်ရောပြီး ထိုးစိုက်ထားသော ကျောက်ပန်းအိုးဖြူဖြူလေးသည် ရိုးရိုးလေးနှင့် ချစ်စဖွယ်ကောင်းနေလေသည်။

"လိမ္မော်ရည်ကုန်နေလို့ နာနတ်ရည်ပဲ ထည့်ခဲ့တယ် ဇော်"

"ရတယ် မမပြေမေ၊ ကျေးဇူးပဲ"

ဇော်သည် နာနတ်ရည်ဖန်ခွက်ကို ချက်ချင်းကောက်ယူပြီး တစ်ဝက်လောက်ကို တစ်ရှိန်ထိုး မော့ချလိုက်သည်။

"သြော် မမနှင်း၊ ဒီနေ့ ဆေးတိုက်က ချိန်းထားတယ် မဟုတ်လား"

"အင်း ဟုတ်သားပဲ"

ဇော်က အမှတ်တရပြောသောအခါမှ နှင်းက သတိရလေသည်။ ဇော့်ကို ကျေးဇူးတတင် လှမ်းကြည့်ပြီး ခေါင်းညိတ်သည်။

"နှင်း ဘာဖြစ်လို့လဲ"

"ဒူးဆစ် ကိုက်ကိုက်နေလို့ပါ၊ အဲဒါလေးပြကြည့်တာ သူတို့က ဓာတ်မှန်ရိုက်ကြည့်တယ်လေ၊ အဲဒါ ချိန်းထားလို့"

နှင်းက နေရာမှထလိုက်သောအခါ တင်မောင်ကျော်ကလည်း အလိုက်တသိ ထလိုက်သည်။ နှင်း၏ မျက်လုံးလေးများကို တည့်တည့် စိုက်ကြည့်ကာ ပြုံးရယ်ရင်း ပြောသည်။

"ကဲ ကျွန်တော်လည်း ပြန်လိုက်ပါဦးမယ်၊ အလှူငွေများများ ထည့်လိုက်တဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ကိုဇော်တို့မောင်နှမ အပေါက်ဝအထိ လိုက်ပို့သည်။ နှင်းကမူ အခန်းထဲတွင်ပင် ငိုင်တွေတွေလေးရပ်ကာ နေရစ်သည်။

"အလှူငွေ ဘယ်လောက်ထည့်လိုက်လဲ မမနှင်း"

ဇော်က လှမ်းမေးသောအခါ မော်သည် ပြုံးစပ်စပ်ကလေးနှင့် တစ်ဖက်သို့ လှည့်သွားလေသည်။

နှင်းကမူ မကြားချင်ဟန်ဆောင်ကာ ပန်းအိုးလေးကို နေသား တကျပြန်ထားရင်း အလုပ်ရှုပ်နေလိုက်သည်။ ထိုနောက် သူတို့ မောင် နှမကို ကျောခိုင်းပြီး အိမ်ပေါ်သို့ သွက်သွက်လေး တက်သွားလေသည်။

ဇော်ကမူ သတိထားမိပုံမရ၊ နှင်းတစ်ယောက် တကယ်မကြား ဘူးဟုထင်၍ ထပ်မမေးနေတော့ချေ။ တစ်ဝက်ကျန်နေသေးသော နာ နတ်ရည်ခွက်ကို ဆက်သောက်ရင်း သူ့ညီမကို ဂျူဒိုတရား ဆက်လက် ဟောကြားနေလေသည်။

*

www.burmeseclassic.com

www.burmeseclassic.com



"ဘုရား ဘုရား"

နှင်းသည် တုန်လှုပ်ချောက်ချားစွာ ရေရွတ်လိုက်မိသည်။ အိပ်ရာပေါ်သို့ နွမ်းခွေစွာအိပ်ချလိုက်ရင်း စိမ်းဖျော့ဖျော့နံရံလေးကို ငေးကြည့်နေသည်။

"နှင်းရေ"

ကြီးကြီးငွေသည် အခန်းဝမှ ကဲကြည့်သည်။ အိပ်နေသော နှင်းကိုတွေ့သောအခါ အခန်းတွင်းသို့ လှမ်းဝင်လာလေသည်။

"ဘာဖြစ်နေလဲ နှင်း၊ နေမကောင်းဘူးလား၊ ထမင်းစားရအောင်လေ"

သူ့နဖူးကိုလာစမ်းသော ကြီးကြီးငွေ၏ပြည့်ပြည့်ဖောင်းဖောင်း လက်ကြီးများကို နှင်းသည် အားကိုးတကြီးဆုပ်ကိုင်ထားလိုက်မိသည်။

"မျက်နှာတွေလည်း ဖြူဆုတ်လို့၊ လက်ဖျားတွေလည်း အေးလို့၊ နှင်း ဘာဖြစ်တာလဲ ဟင်"

"ခေါင်းထဲမှာမူးပြီး မောတောတောကြီး ဖြစ်နေတယ်"

နှင်းသည် ကြိုးကြိုးစားစားပြုံးကာ ပြန်ပြောလိုက်သည်။ ကြီး

www.burmeseclassic.com

www.burmeseclassic.com



ကြီးငွေက နှင်း၏ဘေးတွင်ဝင်ထိုင်လိုက်ရင်း ဖြူရော်ဖျော့တော့နေသော နှင်း၏မျက်နှာလေးကို ကြင်ကြင်နာနာ ကြည့်နေသည်။

"နှင်းငယ်ငယ်တုန်းက မိထွေးလက်ထဲမှာ ကြီးခဲ့ရတာ ကြီးငွေရယ်၊ အဖေဆိုတာကလည်း နှင်းတို့ကို လှည့်ကြည့်တာမဟုတ်ဘူး၊ နောက် မောင်လေးပါ ဆုံးခဲ့ရတယ်၊ ဆယ်တန်းအောင်ပြန်တော့လည်း ပညာသင် ဆုရတာလေးနဲ့ ချိုချို့ငဲ့ငဲ့ ပညာသင်ခဲ့ရတာ၊ ဒီကြားထဲမှာ နှင်း မလိမ္မာလို့ ကိုယ့်ကိုယ်ကို မထိန်းသိမ်းခဲ့လို့ နှင်းဘဝ ချောက်ထဲကျခဲ့ရတယ်လေ၊ အစ်ကိုကြီးနဲ့တွေ့တော့မှ နှင်းမှာ အေးချမ်းရာရခဲ့ပါတယ်၊ နှင်း ဘဝမှာ ကြီးငွေရယ်၊ နှင်းဘဝမှာ အခုလို ကြီးငွေရဲ့အရိပ်အောက်မှာ ဖော်တို့၊ မော်တို့ မောင်နှမနဲ့ အတူတူနေရတဲ့အချိန်ဟာ အပျော်ဆုံးပါ"

လေတွင် တလွန့်လွန့်လူးနေသော ဇာခြင်ထောင် စိမ်းဖျော့ဖျော့လေးကို စိုက်ကြည့်ရင်း နှင်းက တိုးတိုးလေးပြောသည်။

"ဘာလို့ ဒါတွေပြောနေရတာလဲ နှင်းရယ်၊ အခုကော နှင်းကို ဘယ်သူက ဘာလုပ်နေလို့လဲ၊ ဘာအခက်အခဲတွေ ရှိနေလို့လဲ"

"မလုပ်ပါဘူး၊ နှင်းအပေါ်မှာ အားလုံး ကောင်းကြပါတယ်၊ ကြီးငွေကို သိစေချင်လို့ပါ၊ နှင်း ပျော်ခဲ့တယ်ဆိုတာ သိစေချင်လို့ပါ"

မချိုပြုံးလေးပြုံးရင်း ပြောနေသော နှင်းကို ကြီးကြီးငွေသည် နားမလည်သလိုကြည့်နေသည်။ 'ဒီကလေးမ ဘာစိတ်ကူးတွေ ပေါက်နေပြန်ပြီလဲ'ဟု စဉ်းစားနေဟန်ရှိလေသည်။

ခပ်စောင်းစောင်းလေး အိပ်နေသဖြင့် နှင်း၏ဆံပင်များသည် ခေါင်းအုံးဖြူဖြူလေးပေါ်တွင် အိအိထွေးထွေး ပြန့်ပြီးကျနေသည်။ အုန်းဆီနိုင်နိုင်လူးလေ့ရှိသော ဆံပင်ပျော့ပျော့လေးများသည် နက်မှောင် သန်စွမ်းလှသည်။ ညကတည်းက ခူးပြီး ခေါင်းအုံးဘေးတွင်ချထားသော စံပယ်ဖူးကလေးသုံးဖူးသည် စွင့်စွင့်ကားကား ပွင့်နေကြသည်။ တစ်ပွင့်

www.burmeseclassic.com

www.burmeseclassic.com



ကမူ အိပ်ပျော် နေရင်း ဖိမိထားဟန်တူသည်။ ပွင့်ဖတ်ကလေးများ အတန်ငယ် ညှိုးပြီး ဝါနေလေသည်။ ပန်းကလေးများကို စိုက်ကြည့်ရင်း ကြီးကြီးငွေ မိုက် ထဲမှ ဆန္ဒပြုလာသည်။ နံနက် ဆယ်နာရီခွဲခန့်ရှိပြီမို့ ကြီးကြီးငွေ ဆာ ပေပြီ။

"လာ လာ၊ ထမင်းစားရအောင်၊ အဖျားသွေးမှ မရှိဘဲ"

"မမြမေကိုပဲ သံပရာရည်ချဉ်ချဉ်လေး လုပ်ပေးခိုင်းပါလား ကြီးငွေရယ်၊ နှင်း ထမင်းစားချင်စိတ် မရှိဘူး"

"တစ်ယောက်ကလည်း ထမင်းမစားချင်၊ တစ်ယောက်က လည်း အပြင်ထွက်၊ ကျန်တဲ့တစ်ယောက်ကလည်း တစ်မြို့တစ်ရွာ အလည်သွား၊ ကျုပ် တစ်ယောက်တည်း စားရတော့မှာပေါ့"

ကြီးကြီးငွေက တဖျစ်တောက်တောက်ပြောရင်း နေရာမှ ထ လိုက်သည်။ သူ့ခမျာ တစ်ယောက်တည်း ထမင်းစားရမည်ကို အပျင်း ကြီး ပျင်းနေဟန်ရှိသည်။ ကြီးကြီးငွေသည် စကားတပြောပြောနှင့်စားရ မှ ထမင်းစားဝင်သူဖြစ်သည်။

"ဖော်က တစ်ရက်နှစ်ရက်နေရင် ပြန်လာတော့မှာပါ ကြီးငွေ ရယ်၊ မော်ကကော ဘယ်သွားလို့တုံး"

"သိပါဘူး၊ သူငယ်ချင်းအိမ် သွားမယ်လို့တော့ ပြောသွားတာ ပဲ၊ ဒီကောင်မလေးလည်း ကြည့်မရပါဘူး"

ကြီးကြီးငွေသည် တဖျစ်တောက်တောက်ပြောရင်း ပြန်ထွက် သွားသည်။ နှင်းသည် ကြီးငွေ၏နောက်ကျောကို ငေးငေးလေး ကြည့် နေရစ်ရင်း မျက်ရည်လည်လာသည်။ အတန်ကြာအောင် ငေးနေပြီးမှ သူ့ဘယ်ဘက်ခြေထောက်ကလေးကို အသာကွေးယူလိုက်သည်။ ဒူးကို လက်နှင့် ဖွဖွလေးစမ်းရင်း နှင်း၏နဖူးပြင်တွင် ချွေးစက်ကလေးများစို့ ကာ တုန်ယင်လိုက်မောလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါ ဘာလုပ်ရမလဲ"

နှင်းသည် ကယောင်ချောက်ချားကလေး ရေရွတ်လိုက်သည်။ တသင်းသင်းပျံ့လာသော စံပယ်နံ့မွှေးမွှေးကို မှုုိင်း၍ရှူရှိုက်ရင်း မျက်လုံးကို စုံမှိတ်ထားလိုက်သည်။

လေပြည်လေအေးလေးသည် နှင်း၏ဆံစများကို မထိတထိ တိုက်ခတ်နေသည်။ ခပ်လှမ်းလှမ်းမှ လွင့်ပျံ့လာသော သီချင်းသံကို သဲ့သဲ့လေးကြားရသည်။ မာမာအေး၏ 'မောင်ပေါက်ကျိုင်းလို လူစား' သီချင်းဖြစ်သည်။ တိုးတိုးလေးသာ ကြားရသော်လည်း မာမာအေးအသံသည် ကြည်လင်ပြတ်သားလှသည်။ ကယောက်ကယက်ထွေပြားနေသော စိတ်များနှင့် သီချင်းသံလေးကို မကြားတစ်ချက် ကြားတစ်ချက် နားထောင်ရင်း နှင်းသည် အသက်ကိုပင် မေ့တစ်ချက် လျော့တစ်ချက် ရှူနေမိသည်။

"မနှင်း သံပရာရည်"

မမြမေသည် သံပရာရည်ခွက်ကိုင်ရင်း အခန်းထဲသို့ဖွဖွလေး လှမ်းဝင်လာသည်။

"နေမကောင်းဘူးလား မနှင်း"

"ခေါင်းကိုက်နေလို့ပါ"

နှင်းသည် ဖြေမိဖြေရာဖြေရင်း မမြမေကို မချိပြုံးလေးပြုံးကာ သံပရာရည်ခွက်ကို လှမ်းယူလိုက်သည်။

"ကြီးငွေတစ်ယောက်တည်း ထမင်းစားရတာ ပျင်းလို့တဲ့၊ မော့် ကို ထမင်းစားရင်း ဗျစ်တောက်ဗျစ်တောက် လုပ်နေတယ်"

မမြမေသည် ချက်ချင်းပြန်ထွက်သွားသေးဘဲ နှင်း၏ဘေးက ကုလားထိုင်လေးတွင် ဝင်ထိုင်သည်။ မာနမထားဘဲ သူနှင့်တန်းတူ ရည်တူပေါင်းသော နှင်းကို မမြမေသည် ရင်းရင်းနှီးနှီး ဆက်ဆံရဲလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မော်က ဘယ်သွားတာလဲ"

"သူကတော့ သူ့သူငယ်ချင်းအိမ်လို့ ပြောသွားတာပဲ၊ ဒါပေမယ့်"

မမြမေသည် တစ်စုံတစ်ခု ပြောသင့် မပြောသင့် နှင်း၏မျက်နှာကို လှမ်းကြည့်ပြီး ချိန်ဆနေသည်။

"ဒါပေမယ့် ဘာဖြစ်လဲ မမြမေ"

"ဟို"

"ပြောပါ မမြမေ၊ ဘာဖြစ်လဲ"

နှင်းသည် ရုတ်တရက် စိုးရိမ်စိတ်ကလေး ဝင်လာသောကြောင့် လက်ကလေးထောက်ကာ ထလိုက်သည်။

"ဟို ကျွန်မ ကျွန်မ ကတုန်းကတိုက် လုပ်တာတော့ မဟုတ်ပါဘူးနော်၊ ဟို ကျွန်မ စိုးရိမ်လို့ပါ"

"ပြောပါ ပြောပါ၊ ဘာဖြစ်လဲ"

"သူက ဟိုဘောက်ထော်က ကိုဇော်ဆရာခြံကို သွားတာတဲ့၊ ဦးချစ်ကကျွန်မကိုပြောတယ်၊ ကြီးငွေကို ပြန်မပြောရဘူးလို့ သူ့ကို နှုတ်ပိတ်လိုက်တယ်လို့ ဦးချစ်ကပြောတယ်၊ အဲဒီ အဲဒီကို သူတစ်ယောက်တည်းသွားတယ်၊ ကျွန်မ ကျွန်မ စိုးရိမ်လို့ပါ"

မမြမေက အထစ်ထစ်အငေါ့ငေါ့ပြောနေစဉ် နှင်းသည် အိပ်ရာမှ ဝုန်းခနဲ လူးလဲထလိုက်လေသည်။ နှင်း၏မျက်လုံးများ ပြာဝေကာ နှင်း၏ရင်သည် တဒိတ်ဒိတ် ခုန်နေလေသည်။

*

www.burmeseclassic.com

www.burmeseclassic.com



မော်သည် ရင်တဒိတ်ဒိတ်ခုန်ကာ ပျော်ရွှင်နေသည်။ လေကားထစ်တွင် ငုတ်တုတ်လေးထိုင်ရင်း ခွေးကြီးမိုးမှောင်၏ကျောကို ယုယုယယလေး ပွတ်သပ်ပေးနေလေသည်။

"အစ်ကိုကျော်ကလည်း လည်လိုက်တာ လွန်ရော"

သော့ခတ်ထားသော အိမ်တံခါးကို မကျေမနပ်လေး လှည့်ကြည့်လိုက်ရင်း အိတ်ထဲမှ ကရင်ပတ်(ဖ်)ဘူးကို ထုတ်ယူလိုက်သည်။ မှန်ဝိုင်းလေးထဲတွင် သူ့မျက်နှာကို သူ ကျေနပ်စွာကြည့်ပြီး ပါးပြင်နှစ်ဖက်ကို ကရင်ပတ်(ဖ်)နှင့် ညီညီလေး ထပ်ဖို့လိုက်သည်။

အစ်ကိုမောင်နှင့်ကိုဇော်သည် ပုသိမ်သို့ အတူတူသွားကြမည်ဟု ဆိုကတည်းက မော် ပျော်နေသည်။ ကိုဇော်မရှိလျှင် မော် လွတ်လပ်ပြီး ချုပ်ချယ်မည့်သူ မရှိတော့ချေ။ အစ်ကိုမောင်မရှိပါကလည်း အစ်ကိုကျော် လွတ်လပ်ပြီဖြစ်သည်။ မော်လာလျှင် အစ်ကိုကျော် တစ်ဦးတည်းကိုသာ တွေ့ရမည်။ လွတ်လွတ်လပ်လပ် စကားပြောရမည်မို့ တွေးတွေးပြီး ပျော်နေမိသေးသည်။

မနေ့ညနေက ကိုဇော်တို့ထွက်သွားသည်။ မော် ကြာကြာ

www.burmeseclassic.com

www.burmeseclassic.com



မဆိုင်းနိုင်ချေ။ သည်နေ့နံနက် အစ်ကိုကျော့်ဆီ ထွက်လာခဲ့မိသည်။ ကိုဇော်တို့ သုံးလေးရက်ကြာမည်ဟုဆိုသည်။ သုံးလေးရက်လုံးလုံး အစ်ကိုကျော်နှင့်မော် တွေ့ကြမည်၊ စကားတွေ ပြောကြမည်ဟု စိတ်ကူးကလေးနှင့် ရူးနေသည်။

"ကြည့်ပါလား၊ ခုထက်ထိ ပြန်မလာသေးဘူး၊ သူများလာတော့ သူမရှိဘူး"

မော်သည် မှန်ဝိုင်းလေးကိုထုတ်ကြည့်ကာ သူ့အရိပ်ကိုသူ ကြည့်ရင်း စူစူကလေးပြောသည်။ မျက်ခုံးပေါ်တွင် တင်နေသော သနပ်ခါး ခြောက်လေးကို လက်သည်းနှင့် ခြစ်ထုတ်လိုက်ပြီး မှန်ထဲမှအရိပ်ကို လျှာထုတ်ပြလိုက်သည်။ ထို့နောက် ဘူးကလေးကိုပြန်ပိတ်ကာ သက်ပြင်းလေးချလိုက်သည်။

"ဟဲ့ မီးသွေး၊ နင့်ဆရာကလည်း လွန်တာပေါ့၊ ဘာလို့ ဒီလောက် လည်နေရတာလဲ"

သူ့ခြေဖမိုးကို လျှာနှင့်လျက်နေသော မီးမှောင်ကို မဆီမဆိုင်လေး လှည့်ကြိမ်းလိုက်ပြန်သည်။ သူစောင့်နေရသည်မှာ နာရီဝက်ခန့်ရှိပေပြီ။

"ကဲ ကဲ ဒီလောက် လည်ချင်လှတာ လည်ဟာ၊ လာချင်တဲ့အချိန်ကျမှ လာဟာ၊ ဟင်း ဒီမှာဖြင့် အိပ်ငိုက်လာပြီ"

မော်သည် သော့ခလောက်တန်းလန်းနှင့် တံခါးကို ခပ်ဆောင့်ဆောင့်လေး ကျောမှီချလိုက်ကာ မျက်လုံးကို စုံမှိတ်ထားလိုက်သည်။ ညတုန်းက မော် ကောင်းစွာအိပ်မပျော်ပေ။ အစ်ကိုကျော့်အကြောင်းကို တစ်မျှော်တစ်ခေါ်ကြီးတွေးနေမိသောကြောင့် ဖြစ်သည်။ သူ့အရယ်၊ သူ့အပြုံး၊ သူ့အပြော အကုန်လုံးကို ထင်ယောင်မြင်ယောင်ဖြစ်နေလေသည်။ သူနှင့်တွေ့ရဆုံရ၊ ပြောရဆိုရသည်များမှာ ပျော်စရာကောင်းလှ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ရွှန်းရွှန်းစားစား ကြည့်တတ်သော သူ့အကြည့်သည် ရင်ဖိုစရာ ကောင်းလှသည်။

"ဟော"

မော်သည် ဒိတ်ခနဲ ရင်ခုန်ကာ မျက်လုံး ဖွင့်ကြည့်လိုက်သည်။ လေချွန်သံလေးကို ကြားရသည်။ သူလာပြီ။

တင်မောင်ကျော်သည် ခြံတံခါးပေါက်မှဖြတ်ဝင်လာရင်း လေကလေး တချွန်ချွန်နှင့် အိမ်ရှေ့ဘက်သို့ကွေ့ပြီးလျှောက်လာသည်။ လှေကားထစ်တွင် ငုတ်တုတ်လေးထိုင်ရင်း ပြုံးနေသော မော့်ကို တွေ့သော အခါ ရုတ်တရက် လန့်သွားသည်။ ထိုနောက် သူ့ရင်ထဲတွင် ပူနွေးသွားပြီး ရွှင်ပြုံးလာသည်။

"မော်စောင့်နေတာ ကြာလှပြီ၊ အစ်ကိုကျော်ကလည်း လည်လိုက်တာ လွန်ရော"

"ထမင်းသွားစားတာဟ ချာတိတ်ရ၊ တစ်ယောက်တည်းလာသလား"

"ဟင် အိမ်မှာ မစားဘူးလား"

"အစ်ကိုမောင်မှမရှိဘဲ၊ ဘယ်သူချက်မလဲ၊ အစ်ကိုကျော်က ချက်ရတာပျင်းတယ်ကွ၊ ဆိုင်မှာ သွားစားလိုက်တာပဲ၊ အေးရော"

တင်မောင်ကျော်သည် အိတ်ထဲမှသော့ကိုထုတ်ယူလိုက်သည်။ မော်က နေရာမှထကာ ဖယ်ပေးသည်။ ညောင်းညာနေဟန်နှင့် သူ့ခါးကို သူ့လက်နှင့် နောက်ပြန်လေး ထုသည်။

"ကံကောင်းလို့ပော့၊ အစ်ကိုကျော်က ဆက်လည်ဦးမလို့၊ နောက်မှ အိမ်ကိုစိတ်မချလို့ ပြန်လာတာ၊ ခုတလော သူခိုးတွေ ပူလွန်းလို့"

အိမ်တံခါးကို တွန်းဖွင့်လိုက်ကာ တင်မောင်ကျော်သည် အိမ်

www.burmeseclassic.com

www.burmeseclassic.com



ထဲသို့ ခပ်သွက်သွက် လှမ်းဝင်လိုက်သည်။ ပိတ်ထားသော ပြတင်းပေါက်များကိုပါ ဖွင့်လိုက်သောအခါ အေးမြသောလေက အိမ်တွင်းသို့ သုတ်ခနဲ ပြေးဝင်လာလေသည်။

"လာလေကွာ ချာတိတ်၊ ထန်းလျက်ကျွေးမယ်၊ ဒီပြင်တော့ ဘာ မှမရှိဘူး"

အစ်ကိုကျော်က လှည့်ခေါ်သောအခါမော်သည် အိမ်တွင်းသို့ မရဲတရဲလေးလှမ်းဝင်လိုက်သည်။ အခန်းထောင့်တွင်ရှိသော အစ်ကိုကျော်၏အိပ်ရာသည် ကောင်းစွာ မသိမ်းရသေးပေ။ ဖြစ်သလို ဆွဲတင်ထားသော ခြင်ထောင်သည် တစ်ဝက်တစ်ပျက် ပြေကျနေပြီး စောင်များသည် ခြေရင်းဘက်၌ အထွေးလိုက်ရှိနေသည်။

"အစ်ကိုကျော်ကို မေးချင်လို့လာတာ"

"မေးစေဗျား မေးစေဗျား"

တင်မောင်ကျော်သည် ရွှင်ပျစွာပြောရင်း နှစ်ယောက်ထိုင်ကုလားထိုင်တွင် ထိုင်လိုက်သော မော့်နံဘေးတွင် ဝင်ထိုင်လိုက်သည်။

"မမနှင်းကပြောတယ်၊ အစ်ကိုကျော်က မကောင်းဘူးတဲ့"

"ဟုတ်လား"

"ကျီးအာသီးလိုလူစားတဲ့ သိလား"

"ဟား ဟား"

တင်မောင်ကျော်သည် နှစ်နှစ်ခြိုက်ခြိုက်ရယ်ကာ မော့်လက်ကလေး နှစ်ဖက်ကို ဆွဲယူကာ ဆုပ်နယ်လိုက်သည်။ ပျော့ပျောင်းနူးညံ့သော မော့်လက်ဖဝါးလေးများသည်အေးစက်ပြီးတုန်ယင်နေလေသည်။

"အဲဒါ ဟုတ်သလားဟင်"

"အင်း အင်း ဟုတ်တယ်"

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို မျက်လုံး အဝိုင်းသားနှင့် မော်ကြည့်နေသော ကလေးမလေး၏ ပါးပြင်မွှေးမွှေးအား တင်မောင်ကျော်သည် လုစ်ခနဲ ခိုးရှုံ့နမ်းလိုက်သည်။ ငါးကြော်မကြိုက်လျှင် ကြောင်မိုက် ဖြစ်ချေမည်။ တင်မောင်ကျော် ကြောင်မိုက် မဟုတ်ချေ။ နှင်းကတော့ ပြောပေမည်။ စားနေကျကြောင်ပါးကြီးဟူ၍ ပြောမည်ထင်သည်။ ကြောင်ပါးရယ်တဲ့မြီးတံတိုသည် အဆီကိုစား၍ အသားကို မျိုတတ်ကြသည်ကို မော်ဟူသည့်မိန်းကလေးက ယုံကြည်နိုင်ဟန် မတူချေ။

"ဟင် အစ်ကိုကျော် မကောင်းဘူး"

မော်သည် သူ့ပါးပြင်ကို လက်ဝါးနှင့် အုပ်ထားပြီး မျက်နှာလေး နီထွေးသွားသည်။ စိတ်ဆိုးသလို နှုတ်ခမ်းလေးစူသွားသည်။ သို့ သော် မျက်လုံးလေးများက ရီဝေကာ ရယ်မောနေကြသည်။

"အဲဒါ အစပဲရှိသေးတယ်၊ ဒီထက်မကောင်းတာတွေ ရှိသေးတယ်"

နနယ်ပျိုမျစ်သော မိန်းကလေးကိုကြည့်ရင်း တင်မောင်ကျော်၏ သွေးများသည် ဆူဝေလာပြီး ပူနွေးလာလေသည်။

အစ်ကိုကျော်က သူ့ကိုသိမ်းကျုံးပြီး ဖက်လိုက်သောအခါ မော့်မျက်လုံးများသည် ပြာဝေသွားကြလေသည်။ ကြောက်ရွံ့ခြင်းနှင့် သာယာခြင်း၊ ထိတ်လန့်ခြင်းနှင့်ကြည်နူးခြင်း အားနှစ်ခုတို့သည် သူ့ရင်တွင် ယောက်ယက်ခတ်အောင် ပြေးလွှားနေကြလေသည်။ အသက်ရှူရကျပ်ကာ မောဟိုက်ပြီး တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ယင်လာလေသည်။

"မော် မိမော်"

ထိုစဉ်တွင် စူးစူးဝါးဝါးအော်ဟစ်လိုက်သော အသံလေးကို ကြားရသည်။ အစ်ကိုကျော်က သူ့ကို ဖြုန်းခနဲလွှတ်လိုက်သည်ကို မော်သိလိုက်သည်။ မော့်လက်ကလေးကို တစ်စုံတစ်ဦးသည် ဆောင့်ဆွဲ

www.burmeseclassic.com

www.burmeseclassic.com



ပြီး ခေါ်ယူလိုက်၍ မော်သည် ငိုက်ခနဲ ပါသွားသော်လည်း ဘာကိုမျှ သဲသဲကွဲကွဲ မမြင်နိုင်အောင် ထူပူနေလေသည်။

"မော်ရယ် မိုက်လှချည်လား"

"မမနှင်း"

နှင်းသည် မော့်လက်ကလေးများကို တင်းတင်းကျပ်ကျပ်ဆုပ်ထားရင်း တင်မောင်ကျော့်ကို စိန်းစိန်းစားစား ကြည့်နေလေသည်။

"ရှင် ရှင် အကြံပက်စက်လှချည်လား"

"ဘာပက်စက်လို့လဲ နှင်းဆီရဲ့၊ သူ ဘာမှ မဖြစ်သေးပါဘူး၊ နော် ချာတိတ်ရာ"

တင်မောင်ကျော်သည် ဣန္ဒြေမပျက် ထိုင်နေရင်းမှ ပြုံးပြုံးရွှိုရွှို ပြောသည်။ မသိမသာလေး မျက်နှာပျက်ကာ နီမြန်းသွားသော်လည်း အပြုံးမပျက်ချေ။

"ရှင် ရှင် သေဖို့သာ ကောင်းတဲ့လူ၊ မိန်းကလေးတွေကို တစ်ယောက်ပြီးတစ်ယောက် လိုက်ဖျက်ဆီးနေတဲ့လူ၊ နှမချင်းမစာတတ်တဲ့ လူယုတ်မာ"

ထိုစဉ်တွင် မော်သည် နှင်းဆုပ်ကိုင်ထားသော သူ့လက်ကို ဆောင့်၍ ရုန်းလိုက်သည်။ ငိုမလိုမျက်နှာလေးနှင့် ဒေါသတကြီးအော် ဟစ်လိုက်သည်။

"မော့် ဟာမော်လာတာ မမနှင်းနဲ့ဘာဆိုင်လို့လဲ၊ အစ်ကိုကျော်က မော့်ကိုချစ်လို့ နမ်းတာရော မမနှင်းနဲ့ ဘာဆိုင်လဲ၊ ဘာဆိုင်လို့လဲ"

"မော်ရယ်"

"မော့် အမေလည်းမဟုတ်ဘူး၊ မော့်အစ်မလည်း မဟုတ်ဘူး၊ မော့်ဟာမော် ဘာလုပ်လုပ် မမနှင်းနဲ့ ဘာမှမဆိုင်ဘူး သိရဲ့လား၊ ဘာမှ မဆိုင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲတွင် ချက်ချင်း တိတ်ဆိတ်သွားသည်။ နှင်း၏ မျက်နှာသည် ဖြူဖျော့ပြီး ရုတ်တရက် သွေးဆုတ်သွားလေသည်။ ငယ်ထိပ်မှ ခြေဖနောင့်အထိ ရက်ဒေါသများက လူးလာဆန်ခတ် ပြေးလွှားနေသော မော်သည် နှင်းကို စူးစူးဝါးဝါး ကြည့်နေရင်းမှ ရုတ်တရက် ငိုရှိုက်လိုက်သည်။ ထိုနောက် အိမ်ပေါ်မှ ခပ်သွက်သွက်ကလေး ဆင်းပြေးသွားလေသည်။

"နှင်းဆီရေ ချာတိတ်မလေးတော့ ဒိန်းဒလိန်းနတ် ပူးသွားပြီ"

တင်မောင်ကျော်သည် ခေါင်းကို လက်နှင့်စုံကုတ်ရင်း ခပ်ညည်းညည်းလေး ပြောလေသည်။ ထိုနောက် တိုးတိုးလေး ရယ်လေသည်။

*

www.burmeseclassic.com

www.burmeseclassic.com



"မိငမော် နင်ဘာဖြစ်နေလဲ"

"ဘာဖြစ်လို့လဲ"

"ဘာလို့ မှိုင်နေလဲ"

"မမှိုင်ပါဘူး"

"မမှိုင်ဘူးသာဆိုတယ် နင့်မျက်နှာကြီးက ပုပ်လို့၊ သိုးလို့"

"ပုပ်ပါဘူး၊ သိုးပါဘူး"

မော်က စုစုအောင့်အောင့်လေးဖြေကာ သူ့လက်ထဲမှ ချိုချဉ်လေးကို ပါးစပ်ထဲ ပစ်ထည့်လိုက်သည်။ ဒေါသတကြီး ဖိပြီး ဝါးစားလိုက်သည်။

"အလုပ်ပြင်ဦးလေဟာ၊ ရေမွှေးတွေ ဘာတွေ ဆွတ်ဦးလေဟာ နင်ကလဲ"

"ပြင်ပါဘူး၊ ဆွတ်ပါဘူး"

"အေး အေး မပြင်နဲ့ဟာ၊ မဆွတ်နဲ့ဟာ"

www.burmeseclassic.com

www.burmeseclassic.com



ဖော်သည် စိတ်တိုပြီး လှည့်ထွက်ခဲ့လေသည်။ သူ ပုသိမ်က ပြန်လာကတည်းက မော့်မျက်နှာ သိပ်ပြီး မကြည်လင်သည်ကို သတိထားမိလေသည်။ အခန်းတွင်းအောင်းကာ ကက်ဆက်ကို တစ်နေကုန် ဖွင့်ပြီး အိပ်နေတတ်လေသည်။ ထမင်းပင်လျှင် စားချင်သည့်အချိန်ကျမှ ထ၍ စားသည်။ ကြီးကြီးငွေကမူ မျက်စောင်းကြီး တခဲခဲနှင့် မကျေနပ်ဟန်ရှိသော်လည်း ဘာမှတော့ မပြောသေးချေ။

ဖော်သည် ပျင်းပျင်းရှိသည်နှင့် ခြံထဲသို့ ယောင်လည်လည်ဆင်း ခဲ့သည်။ အိမ်ရှေ့ပန်းခြံထဲတွင် မည်သူ့ကိုမျှ မတွေ့သောကြောင့် နောက်ဖေးတန်းလျားသို့ လှည့်ထွက်ခဲ့လေသည်။

"ဟေ့ ကိုဖော် လာကွ၊ စားပါဦးလား"

"ဘာဟင်းတုံး ဦးလေးချစ်ရ"

ဦးလေးချစ်သည် တစ်ဦးတည်းထမင်းစားနေရာမှ ဖော့်ကို ဆီးကြိုပြီးခေါ်သည်။ သားထောက်သမီးခံမရှိသော မုဆိုးဖိုကြီးဖြစ်၍ သူ့ဟာသူပင် ချက်ပြုတ်စားသောက်နေရသည်မှာ ကြာလှချေပြီ။ ရသမျှလခကလေးကိုလည်း ထမင်းစားဖို့ နည်းနည်းချန်ကာ အရက်သောက်ဖို့ များများထားတတ်လေသည်။ ထို့ကြောင့် ညဦးပိုင်းဆိုလျှင် ဦးလေးချစ်သည် အတန်ငယ် ထွေနေလေ့ရှိသည်။ အရေးမကြီးပါက ထိုအချိန်တွင် သူ့ကိုကားမောင်းမခိုင်းရဲပေ။

"သုံးထပ်သားလေကွာ"

"ဝက်သားလား"

"ဟား ဟား ဘယ်ကဟုတ်ရမှာလဲ၊ ငါးပိရည်က တစ်ထပ်၊ တို့စရာက တစ်ထပ်၊ ချဉ်ပေါင်ဟင်းချိုကတစ်ထပ်၊ အားလုံးပေါင်းတော့ သုံးထပ်၊ ဟား ဟား"

ဖော်သည် ဦးလေးချစ် ထမင်းဇလုံတွင်းသို့ငုတ်ကြည့်ကာ စိတ်

www.burmeseclassic.com

www.burmeseclassic.com



မကောင်း ဖြစ်သွားသည်။

"အိမ်မှာ လာစားပါလား ဦးလေးချစ်"

"ငါ့ဟာငါ နေပါရစေကွာ၊ မင်းကြီးကြီးငွေက နားပူပါဘိနဲ့၊ ထမင်းကြမ်းပဲ အေးအေးဆေးဆေး စားပါရစေ"

"မိမော်ရဲ့ ဆန် ဆီ ဆားတွေကလည်း မျိုးပြုတ်ကုန်ပြီကိုးဗျ"

"အေးကွာ ငါက နည်းနည်းချင်း စားဖို့ကောင်းတာ"

ဦးလေးချစ်က နမြောသလိုပြောရင်း ထန်းသီးလုံးခန့် ထမင်းလုတ်ကြီးကို ပါးစပ်ထဲသို့ အားရပါးရ ထည့်လိုက်သည်။

"ကြက်သားဟင်း စားမလား ဦးလေးချစ်"

"ဘယ်မတုံးကွ"

"အိမ်မှာ ကျွန်တော်ပြေးယူလိုက်မယ်"

"အယ် အယ် နေစမ်းပါ၊ မင်းကြီးငွေကြီး ငါကြောက်ပါတယ်"

"ကျွန်တော်နဲ့ မိမော်နဲ့ ထမင်းအတူစားတာပါ ဦးလေးချစ်ရ၊ မိမော်မစားလို့ ပိုနေတာနဲ့ ကျွန်တော် ကြောင်အိမ်ထဲ ထည့်ခဲ့တာ၊ ကြီးငွေမေးရင် ကျွန်တော် အကုန်လုံးစားလိုက်တယ် ပြောလိုက်မှာပေါ့နော်၊ ဖြည်းဖြည်းစား ခဏလေးစောင့်"

ဇော်သည် အိမ်ဘက်သို့ သွက်သွက်လေး ပြေးသွားပြီး နောက်ဖေးပေါက်မှ ချက်ချင်းပြန်ထွက်လာသည်။ လက်ထဲတွင် ကြက်သားပန်းကန်လေး ပါလာသည်။

"သာခုဗျာ သာခု"

ဦးလေးချစ်သည် သူ့ဇလုံထဲသို့ ကြက်သားပန်းကန်ကိုသွန်ချလိုက်ကာ ထမင်းထပ်ထည့်သည်။

"မော်က ထမင်းမစားဘူးလား"

"ဒီကောင်မလေး ဘာစိတ်ကောက်နေတယ် မသိဘူးဗျ"

www.burmeseclassic.com

www.burmeseclassic.com



ဦးလေးချစ်သည် ဇော်ကိုလှမ်းကြည့်သော်လည်း ဘာစကားမှ မပြောရချေ။ ပြဿနာအရင်းခံကို သူအနည်းအပါးသိသည်။ သည်အိမ်တွင် သူရော မမြမေရော၊ မောင်အုန်းရော မော်ကို နှင်းသွားပြန်ခေါ်လာခြင်းကို ရိုးတိုးရိပ်တိပ် သိကြသည်။ ကြီးကြီးငွေနှင့်ဇော်တို့နှစ်ဦးသာ ဘာမှ မသိကြရာခြင်းဖြစ်သည်။

"ဒီအရွယ်လေးတွေဆိုတာ ဒီလိုပဲ ဇော်ရ၊ စိတ်ထားမမှန်ဘူး၊ ကယောက်ကယက် ဖြစ်တတ်တယ်"

"သိပါဘူးဗျာ သူ့စိတ်ချည်းပဲ၊ အူမြူးတုန်းကလည်း သူ့အပြင် မရှိဘူး"

ဇော်က မျက်နှာလေးရှုံ့ကာ မကျေမနပ် ပြောလေသည်။ ဦးလေးချစ်သည် ဘာမှပြန်မပြောဘဲ ထမင်းကိုသာ မဲပြီးစားနေလေသည်။ သူသိထားသမျှလေးတွေကိုလည်း ဇော်ကို ပြောပြ၍ မဖြစ်ချေ။ တကယ့်တကယ်တော့ သူလည်း ဘာကိုမှရေရေရာရာသိသည် မဟုတ်ချေ။ မော်ကို ဘောက်ထော်ခြံ ပို့ခဲ့ရသော်လည်း စိတ်ထဲတွင် စနောင့်စနင်း ဖြစ်နေ၍ မမြမေကိုပြောသည်။ မမြမေက နှင်းကိုပြောသည်။ နှင်းက သူ့ဆီမှ လိပ်စာမေးပြီး ကားကို တအားမောင်းကာထွက်သွားလေသည်။ နှင်းပြန်လာသောအခါ မော် ပြန်ပါလာသည်။ သူသိသည်မှာ ဒါပဲဖြစ်လေသည်။ မော်နှင့်နှင်း ဘယ်လိုပြော၍ ဘယ်လိုဆိုခဲ့ကြသည်ကိုတော့ သူ မသိချေ။

ထိုစဉ် နှင်း၏ကားလေးက ခြံထဲသို့လိမ့်ဝင်လာသည်။ အခုရက်ပိုင်းအတွင်း နှင်းသည် ယခင်တုန်းကလို အိမ်မကပ်တော့ပေ။ မိုးလင်းမှ မိုးချုပ်ပင် အပြင်သို့ထွက်နေတတ်သည်ကို ဇော် သတိထားမိလေသည်။

"ဟေး ဖိုးဇော်"

www.burmeseclassic.com

www.burmeseclassic.com



နှင်း၏ဘေးတွင် ပါလာသော အစ်ကိုကျော်က နောက်ဖေး တန်းလျားတွင်ထိုင်နေသော ဇော်ကိုကတ်သီးကတ်သတ်လှမ်းမြင်ပြီး အော်၍ နှုတ်ဆက်သည်။

"အစ်ကိုကျော် ဘယ်ကပါလာတယ် မသိဘူး"

ဇော်သည် နေရာမှ ထလိုက်သည်။ ဦးလေးချစ်သည်လည်း သူ့ ထမင်းကို လက်စသတ်နေပြီ ဖြစ်လေသည်။

"ဦးလေးချစ်ရေ ခဏနေ ကားထုတ်ခဲ့ပါဦး၊ အစ်ကိုကျော့်ကို လိုက်ပို့ရင်း ကျွန်တော်လည်း အစ်ကိုမောင့်ဆီ လိုက်သွားဦးမယ်၊ အပြန် ဂျူဒိုသင်တန်း ဝင်ကြည့်ဦးမယ်"

ဇော်သည် ပြောပြောဆိုဆို အိမ်ရှေ့သို့ လှမ်း၍ထွက်ခဲ့သည်။ ဦးလေးချစ်က ကြက်သားပန်းကန်လေးကို ကိုင်ကာ လှမ်းအော်သည်။

"ဟော့ ကိုဇော်၊ ပန်းကန်ပြန်ယူသွားဦးလေ"

"မမြမေနဲ့ပဲ ပေးလိုက်တော့ ဦးလေးချစ်ရာ"

ဇော်သည် အိမ်ဘေးမှကွေ့ကာ လျှောက်ခဲ့ရင်း မော့်အခန်းနား ရောက်သောအခါ ခဲသေးသေးလေးကိုကောက်ကာ ပေါက်လိုက်သည်။ ဆက်ကာဆက်ကာ ပေါကနေသော ခဲလုံးလေးများကြောင့် မော်သည် ပြတင်းဝလာရပ်ရင်း ငုံ့ကြည့်သည်။

"ဟော့ မိမော်"

"ဘာလဲ ကိုဇော်ရ"

"ဂျူဒိုသင်တန်းသွားမလို့ လိုက်မလား"

"လိုက်ချင်ပါဘူး"

"မလိုက်ချင်လည်း နေပေါ့၊ ဒီလိုဆို အစ်ကိုမောင်တို့ဆီရော မလိုက်တော့ဘူးပေါ့"

"အစ်ကိုမောင်တို့ဆီ"

www.burmeseclassic.com

www.burmeseclassic.com



"အေး အစ်ကိုကျော်ကို လိုက်ပြန်ပို့ရင်းနဲ့ အပြန်ကျမှ ဂျူဒိုသင်တန်းကို ဝင်မှာ"

"အစ်ကိုကျော်ရောက်နေလား"

"အေးပေါ့"

"ဒီလိုဆိုလိုက်မယ်"

"ခွေးမလေး"

ဇော်သည် မကျေမချမ်းလေး ရေရွတ်လိုက်ကာ လက်ထဲမှ ခဲလုံး နှင့်လွှဲကာ ပေါက်လိုက်သည်။ မော်သည် ပြုံးရွှင်စွာ ငုံ့ရှောင်ရင်း ရယ်မောလိုက်လေသည်။ မော့်ရယ်သံလေးသည် အောက်ထပ်အထိ လွင့်ပျံ့ လာလေသည်။

အစ်ကိုကျော့်ကို ဧည့်ခန်းတွင်း၌ မတွေ့ရပေ။ စာကြည့်ခန်းအတွင်းမှ စကားသံများ ကြားနေရသောကြောင့် ဇော်သည် စာကြည့်ခန်းဘက်သို့ လျှောက်လာခဲ့သည်။ စာကြည့်ခန်းသည် ရင်းနှီးသောဧည့်သည်များကို ဧည့်ခံရာနေရာဖြစ်သည်။ ဧည့်ခန်းလို ကျယ်ကျယ်လွင့်လွင့်ကြီး မဟုတ်၍ ရင်းရင်းနှီးနှီး တိုင်ပင်ဆွေးနွေးလိုလျှင် ဖေဖေသည် သူ့မိတ်ဆွေများကို စာကြည့်ခန်းထဲ၌ စကားပြောလေ့ရှိသည်။ အစ်ကိုကျော့်ကို မမနှင်းသည် အဘယ်ကြောင့် စာကြည့်ခန်းထဲခေါ်သွားသနည်းဟု စဉ်းစားနေမိသည်။ ယခင်က အစ်ကိုကျော်နှင့် သိသည်ဟုဆိုသော်လည်း တန်းတန်းနှင့်မှန်မှန်လေးသာ ဆက်ဆံရာမှ ချက်ချင်းကြီးပင် တရင်းတနှီးဖြစ်သွားလေရော့သလားဟုတွေးရင်း ဇော့်ရင်ထဲတွင် မရှင်းမလင်းကြီး ဖြစ်နေသည်။

"ဖျားရင်နာရင် ကြီးငွေတော့ မြန်မာဆေးပဲ အားကိုးတယ်၊ သူတို့ အင်္ဂလိပ်ဆေးတွေများ အားမကိုးပေါင်၊ ကွမ်းရွက်ပြုတ်ရေနဲ့ ငန်းဆေးဆိုရင် ဘယ်အဖျားမှ မခံနိုင်ဘူး ပြေးတာပဲကွဲ့"

www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီးငွေပါ စကားဝိုင်းထဲ ရောက်နေသည်ထင်သည်။ ကြီးငွေ၏အသံသည် အခန်းအပြင်ဘက်သို့လျှံပြီး ထွက်လာလေသည်။

"ဟုတ်ကဲ့ အစ်ကိုမောင်လည်း မြန်မာဆေးတွေ သုံးတယ်ဗျ၊ သူ့ စားပွဲပေါ်မှာဆိုရင် ဆရာမောင်ဆေးနီလုံးတို့၊ ဘုန်းကြီးဘိုး လျှာပွတ်ဆေးတို့ လျက်ဆားတို့ စုံနေတာပဲ"

"မြန်မာဆေး အထင်မသေးကောင်းဘူးကွဲ့၊ အခုနောက်ပိုင်း ကင်ဆာတောင် ပျောက်သတဲ့"

"ဘာကင်ဆာတွေ ပျောက်သလဲ ဟင်"

ဖော် အခန်းထဲ လှမ်းဝင်လာရင်း မေးလိုက်သည်။ ကြီးကြီးငွေ၏ ဘေးတွင် ဝင်ထိုင်ကာ စားပွဲပုပုလေးပေါ်မှ ထောပတ်ငှက်ပျောသီး တစ်လုံးကို ကောက်ယူလိုက်သည်။ ရေခဲသေတ္တာထဲမှ ထုတ်လာခါစ ဖြစ်၍ အအေးဓာတ်သည် ငှက်ပျောသီး အသားထဲစိမ့်ဝင်ကာ အေးမြနေဆဲဖြစ်သည်။

"အသည်းကင်ဆာတို့၊ ရင်သားကင်ဆာတို့ပေါ့၊ ကိုချမ်းသာ မိတ်ဆွေတစ်ယောက်တောင် အသည်းကင်ဆာ ပျောက်သွားတယ်ပြောတယ်၊ သူ့ဆေးက ကြိတ်မှန်ရွက်တို့ မြင်းခွာရွက်တို့နဲ့ ဖော်ရတယ်လို့ ပြောသံကြားရတာပဲ"

"ဟုတ်တယ် ဟုတ်တယ်၊ ကျွန်တော်တို့ခြံထဲမှာတောင် တစ်ခါ တုန်းက လူတစ်ယောက် ကြိတ်မှန်ရွက်ရှိလားဆိုပြီး လာတောင်းဖူးသေး တယ်၊ ဆေးဖော်မလို့တဲ့"

အစ်ကိုကျော်သည် လိုက်လျောညီထွေစွာ ပြောသည်။ ကြီးကြီး ငယ်ငယ် အရွယ်လတ်မရွေး သူနှင့်ဆိုင်ရာ ဆိုင်ရာ အကြောင်းရာများကို လိုက်လျောစွာ ပြောတတ်သည်မှာ အစ်ကိုကျော်၏ အကောင်းဆုံး အရည်အချင်းပင်ဖြစ်သည်ဟု စဉ်းစားရင်း ဖော်သည် နောက်ထပ် ငှက်

www.burmeseclassic.com

www.burmeseclassic.com



ပျောသီးတစ်လုံးကို ထပ်၍ယူလိုက်ပြန်သည်။

"ဒါပေမယ့် အရိုးကင်ဆာတော့ ပျောက်အောင် မကုနိုင်သေးဘူး နော်"

နှင်းက တိုးတိုးလေးဝင်ပြောသည်။

"အရိုးကင်ဆာတော့ ပျောက်တယ်မကြားဘူး၊ ဒီရောဂါက ဖြစ် လည်း ဖြစ်ခဲပါတယ် နှင်းရဲ့"

"ဖြစ်ရင်လည်း မာလာက ဈာန်ကြွပေါ့၊ ဟား ဟား"

ဗိုက်ဝသွားသော ဇော်သည် ငှက်ပျောခွံများကို ပန်းကန်ထဲပြန်ထည့်ရင်း ခပ်သောသောလေး ပြောလိုက်သည်။ ထိုနောက် အခန်းဝတွင် ရိပ်ခနဲတွေ့လိုက်ရသော မော့်ကို လှမ်းအော်သည်။

"ဟေ့ မိငမော်၊ နှင့်အတင်းပြောတယ်အောက်မေ့လို့ ချောင်းနားထောင်ဦးမလို့လား၊ လာခဲ့"

"မော်လား၊ လာလေ"

မော်သည် ငိုမလို ရယ်မလို မျက်နှာထားလေးနှင့် အခန်းတွင်းသို့ ဝင်လာသည်။ ကြီးကြီးငွေ၊ မမနှင်း၊ အစ်ကိုကျော်၊ ကိုဇော် အခန်းတွင်း၌ရှိနေသော လူလေးယောက်ကို မျက်စောင်းလေးခဲကြည့်ရင်း တစ်ချိန်တည်းမှာပင် ရယ်လည်းရယ်သည်။ သူ့မျက်နှာလေးသည် ပန်းသွေးကြွပြီး နီထွေးနေသည်။

"မော် ပန်းချီတစ်ကားဆွဲမလို့၊ အစ်ကိုကျော့်ကို ပြောပြရဦးမယ်"

"ဘာကားလဲ မော်ရဲ့"

အစ်ကိုကျော်က ပြုံးရယ်ကာ စိတ်ဝင်တစားပြောသည်။ မော်သည် ဇော့်ဘေးတွင် ဝင်ထိုင်လိုက်ကာ မျက်နှာလေးကို ရှုတည်တည်လုပ်ထားလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရွှေလှောင်ချိုင့်ထဲက ငှက်ကလေးတစ်ကောင်ရဲ့ ပုံပါ၊ မပြီးသေးပါဘူး"

"ပန်းချီကားနာမည်ကော ပေးပြီးပြီလား"

"အင်း နန်းလှောင်ချိုင့်စံ တဲ့"

"ဟား ဟား နန်းလှောင်ချိုင့်စံဆိုတော့ အီးတောင်ကနံပေါ့၊ ဟား ဟား အီးတောင်ကနံ"

"ပေါ်တော့ ပေါ်တော့ မိရွှေမော်၊ ညည်းတော့ ငါလက်မြှောက်ရတော့မယ် ထင်တယ်"

ကြီးကြီးငွေက မျက်စိစပါးမွေးစူးဟန်ဖြင့် ငေါ်တော့တော့ပြောကာ ဖော်ကမူ တဟားဟားရယ်နေလေသည်။ အစ်ကိုကျော်တစ်ဦးတည်းသာ သူ့ကိုအားပေးသောအပြုံးလေး ပြုံးပြသည်ဟု မော် ထင်လိုက်မိသည်။

"ဆွဲရဦးမယ်၊ အဲဒီပန်းချီကားကို အကြီးကြီးဆွဲပြီး ဧည့်ခန်းနဲ့အပြည့် ချိတ်ထားမယ်၊ ဘာဖြစ်သေးလဲ၊ ဘယ်သူ ဘာပြောချင်သေးလဲ"

မော်သည် မေးလေးဆတ်ကာ ရန်လိုသံကလေးနှင့်ပြောရင်း နှင်း ကိုဝေ့ခနဲလှမ်းကြည့်သည်။ မော့် မျက်လုံးလေးများသည် စိန်ခေါ်နေသလို အရောင်တဖျပ်ဖျပ် လက်နေလေသည်။

နှင်းသည် မော့်ကိုမကြည့်ဘဲ အခန်းအပြင်ဘက်သို့ ငေးကြည့်နေသည်။ မျက်လုံးလေးများက ရီဝေနေသော်လည်း နှုတ်ခမ်းလေးများကမူ ဖျော့တော့စွာ ပြုံးနေလေသည်။

*

www.burmeseclassic.com

www.burmeseclassic.com



"မမနှင်းက ပြောသေးတယ်၊ မော်ရဲ့စိတ်ထဲက အစ်ကိုကျော့်ကို ဖျောက်ပစ်လိုက်ပါတဲ့၊ မော် ဒုက္ခတွေ့လိမ့်မယ်တဲ့"

"ဟား ဟား သူကလည်း အစ်ကို့ကို အမျိုးမျိုး နာမည်ဖျက်နေတာပဲ၊ တရားစွဲရဦးမယ်"

"သူပြောတာတွေ ဟုတ်လားဟင် အစ်ကို"

"ချာတိတ် ယုံသလား"

"ယုံတယ်လို့တော့ မဟုတ်ပါဘူး၊ ဒါပေမယ့် ဘယ် စိတ်ကောင်းပါမလဲ"

မော်သည် မျက်နှာလေးငယ်ငယ်နှင့် ပြောသည်။

အင်းလျားရေပြင်သည် လှိုင်းဂယက်ကလေးများ ထနေသည်။ ခါတိုင်းတွေ့နေကျ ရွက်လှေကလေးများကိုမူ မတွေ့ရပေ။ တက္ကသိုလ်များ ပိတ်နေချိန်ဖြစ်သောကြောင့် ရှင်းနေသည်။ သစ်ပင်ရိပ်များတွင် ထိုင်နေကြသော ချစ်သူစုံတွဲကလေးများကိုကား ကြိုးကြိုးကြားကြား တွေ့ နေရလေသည်။

တင်မောင်ကျော်သည် ခပ်သဲ့သဲ့ရယ်မောရင်း ရေထဲသို့ ခဲလေးတစ်လုံးကို လွှဲပြီးပစ်လိုက်သည်။ ခဲလေးသည် စွက်ခနဲမြုပ်သွားပြီး

www.burmeseclassic.com

www.burmeseclassic.com



ဂယက်ကလေးများ တဖျပ်ဖျပ်လွန့်လူးပြီး ကမ်းဆီသို့ပြေးကာ ရိုက်ခတ်ကြသည်။

မော်သည် ရေထဲသို့ထိုးထွက်နေသော သရက်ပင်မြစ်ဆုံပေါ်တွင်ထိုင်ရင်း ခြေနှစ်ဖက်ကို ရေထဲသို့ချထားသည်။ ထဘီရေစိုမည်စိုးသောကြောင့် ဒူးဆစ်နားထိ ပင့်တင်ထားရာ ခြေသလုံးသားဝင်းဝင်းလေးများ ပေါ်နေသည်။ ခြေနှစ်ဖက်ကိုလှုပ်ယမ်းပြီး ကစားနေသည့်အတွက် ရေမှော်ပင်ကလေးများကို ရေးရေးရိပ်ရိပ်မြင်နေရသော အင်းလျားရေသည် ဘောင်ဘင်ခတ်နေသည်။ ရေစိုပြီး ရွှေရောင်ပြေးကာ ဝင်းအိနေသော သလုံးသားလေးများကို စူးစိုက်ကြည့်ရင်း တင်မောင်ကျော်သည် အာခေါင်များခြောက်လာသယောင် ရှိသည်။

"သူက မော့်ကို အားကြီးချုပ်ချယ်ချင်တာပဲ၊ မိထွေးက မိထွေး ပီပီမနေဘူး၊ အခုလည်း ကိုဇော်နဲ့ တူတူထွက်လာလို့ သူက ဘာမှမပြောတာ၊ မော်တစ်ယောက်တည်းဆို ကြီးဒွေကို ကုန်းတိုက်ချင်ရင် တိုက်နေမှာ၊ ယုံရတာမဟုတ်ဘူး၊ မော်ကလည်း ပါးတာပေါ့၊ ကိုဇော်ကို နွယ်နွယ်တို့ အိမ်ပဲပို့ခိုင်းပြီး အဲဒီကမှတဆင့် ဒီကိုလာခဲ့တာပေါ့၊ မပိုင်ဘူးလား၊ ဟင်း ဟင်း ခဏနေရင် နွယ်နွယ်တို့အိမ်ကို ပြန်သွားရမယ်လေ"

မော်သည် ခေါင်းကလေးကိုငဲ့ကာယိမ်းကာ ပြောနေသည်။ တစ်နေ့တုန်းက မော်သည် အစ်ကိုကျော်နှင့်တွေ့သောအခါ 'နက်ဖြန်နေ့ခင်းကျရင် အင်းလျားကို လာခဲ့အစ်ကို'ဟု တိုးတိုးလေး ကပ်ပြောသွားသည်။ ပြောသူကပြောသွားသောကြောင့်သာ တင်မောင်ကျော်လာစောင့်နေမိသော်လည်း လာသူက လာနိုင်လိမ့်မည် မထင်မိပေ။ အင်းလျားရေကို ငေးကြည့်ရင်း ပိုက်ထဲ အတင်းတိုးဝင်နေသော ငါးကလေးများအကြောင်း စဉ်းစားနေမိစဉ်တွင် ငါးပျံမလေး မော်သည် တကယ်ရောက်လာသည်။ အချစ်စိတ်တွေလွှမ်းကာ သတ္တိတွေကောင်းနေသော မိန်းကလေးသည် သူ့အန္တရာယ်ကိုပင် သူမြင်နိုင်စွမ်း မရှိတော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ်ညွှတ်ကွင်းတွင်းသို့ ခပ်ရဲရဲကလေး တိုးဝင်လျက်ရှိသည်ကို လည်း သူ့ကိုသူ သိပုံမရချေ။

"နောက်တော့ကော ဘာပြောသေးလဲ"

"အို စုံလို့၊ အရက်မူးမူးနဲ့ တွေ့ကရာတွေပြောနေတာ"

"ဘာ အရက်မူးတယ်"

"ဟုတ်တယ်၊ ခုတလော သူ ဘရန်ဒီနဲ့ကြက်ဥနဲ့သောက်တယ် အစ်ကိုရ၊ ည အိပ်မပျော်လို့၊ အားနည်းလို့ ဆရာဝန်က သောက်ခိုင်း တယ်ပြောတာပဲ၊ နေ့တိုင်းသောက်တယ်"

"ဟ ငါက အများကြီးလားလို့၊ ဒါကတော့ ဆေးအဖြစ် နည်း နည်းသောက်တာပဲ ချာတိတ်ရ"

"အို ဘာဖြစ်ဖြစ်ပေါ့၊ အရက်ဆိုတာ တစ်စက်သောက်လည်း မူးတာပဲ၊ မော်တော့ မကြိုက်ပေါင်"

မော်သည် မျက်နှာလေးမဲ့ကာပြောသည်။ နှင်း ဘာလုပ်လုပ် သူ့မျက်စိထဲတွင် ဘာကိုမျှ ကြည့်၍မရတော့ပေ။ မိမိကိုယ်တိုင် အပြစ်ရှိ နေခဲ့၍သာ တိုက်ရိုက် မဆန့်ကျင်ခဲ့ခြင်းဖြစ်သည်။ မကျေမနပ်စိတ်များ က သူ့ရင်ထဲတွင် လှိုင်းထနေသည်။

"ဟိုနေ့ကအကြောင်းတွေ ဖိုးဇော် ရိပ်မိလား"

အစ်ကိုကျော်သည် စိုးရိမ်သလို မေးသည်။ သည်လိုတော့ လည်း ကြောက်တတ်သားဟုတွေးရင်း မော်သည် ရယ်ချင်သွားသည်။ ရယ်လည်း ရယ်လိုက်သည်။

"ကိုဇော်ရိပ်မိရင် မော့်ထိပ်ကို ထုတာကြာလှပေါ့"

ရေထဲတွင် ခြေထောက်ကလေးနှစ်ဖက်ကို လှုပ်ခတ်ကစားရင်း ခေါင်းကလေးငုံ့ကာ ပြောသော မော်သည် အလှဆုံးပန်းချီကားချပ်လေး တစ်ချပ်နှင့် တူနေသည်။ ဆံပင်ကို စုစည်းထားသော ဇာဖဲကြိုးကလေး

www.burmeseclassic.com

www.burmeseclassic.com



သည် လေထဲတွင်လွင့်နေသည်။ ဆံနွယ်စကလေးများက သူ့နဖူးပေါ်တွင် ပြေးလွှားဆော့ကစားနေကြသည်။

"ချာတိတ် ဟိုဘက်တိုးကွာ၊ အစ်ကိုလာခဲ့မယ်"

"အိုး ဒီသစ်မြစ်ကကျဉ်းကျဉ်းလေး၊ နှစ်ယောက်ထိုင်လို့မှ မရတာ"

"ရပါတယ်"

"မရဘူး အစ်ကိုရဲ့"

"ကျပ်ကျပ်တည်းတည်းထိုင်ရတော့ ပိုကောင်းတာပေါ့"

"ဟင်းနော် အစ်ကိုနော်"

မော်၏ ပါးပြင်လေးသည် သွေးရောင် လျှမ်းတက်လာသည်။ ရှက်သွေးလေးဝေလာသဖြင့် လုပ်မိလုပ်ရာ ရေများကိုလက်နှင့် တအားယက်ကာ သူ့ကိုဖြန်းခနဲ လှမ်းပက်လိုက်သည်။ တင်မောင်ကျော် အငိုက်မိသွားသည်။ ဘေးဘက်သို့တိမ်းကာ ရှောင်လိုက်သော်လည်း နောက်ကျ သွားသည်။ အေးမြမြ ရေစက်များသည် သူ့မျက်နှာကို ဖြန်းခနဲ လာစဉ်ကာ စိုရွှဲကုန်သည်။

"အေး သိမယ် သိမယ်၊ မှတ်ထား"

တင်မောင်ကျော်သည် သူ့မျက်နှာပြင်ပေါ်မှ ရေများကို သုတ်မပစ်ဘဲ အံခဲ၍ကြိမ်းသည်။ မော်သည် သူ့ကိုကြည့်ကာ ပျော်ရွှင်စွာ ရယ်နေလေသည်။

"ဟော့ အစ်ကို၊ ရေတွေသုတ်လိုက်လေ"

"သုတ်လိုက်ပါ အစ်ကိုရ"

"လာသုတ်ပေးပါလား"

"အစ်ကိုကလည်းကွာ"

www.burmeseclassic.com

www.burmeseclassic.com



မော်သည် ကြည်ကြည်နူးနူးလေး ညည်းလိုက်ရင်း သူ့အရိပ်ကို သူ ရေထဲတွင် ငုံ့ကြည့်နေလိုက်သည်။ လှိုင်းထနေသော ရေပြင်ကြောင့် သဲသဲကွဲကွဲမမြင်ရချေ။ ချစ်ရည်ရွှန်းလဲ့သော မျက်လုံးများနှင့် ရှက်ပြုံးလေးပြုံးနေသော သူငယ်မလေးသည် ရေထဲတွင် ယိမ်းထိုးပြီး လှုပ်ရှားနေလေသည်။

"သုတ်လိုက်ပါ အစ်ကိုရာ၊ အလကား အအေးမိနေလိမ့်မယ်၊ ဒီလောက်ရွှဲနေတာကို"

"အအေးမမိစေချင်ရင် လာသုတ်ပေးပေါ့"

တင်မောင်ကျော်သည် သရက်ပင်ကြီး၏ပင်စည်ကို အကျအန ကျောမှီထိုင်လိုက်ကာ အေးအေးဆေးဆေး ပြောသည်။ မကြာမီ မော်သည် သူ့ဘေးရောက်လာမည်ကို အလိုလို သိနေသဖြင့် ပြုံးနေမိသည်။

"အစ်ကိုကလည်း အားကြီး ဗိုလ်ကျတယ်ကွာ"

မော်သည် မျက်နှာလေး ရှုံ့လိုက်သော်လည်း ကျေကျေနပ်နပ်လေး ညည်းညူလိုက်သည်။ ရေထဲမှ သူ့ခြေထောက်လေးများကို မ, တင်လိုက်သည်။ ရေစိုပြီးဝင်းအိနေသော သူ့ခြေသလုံးသားလေးများကို တင်မောင်ကျော်က စိုက်ကြည့်နေသည်ကို သတိထားမိသောအခါ ရှက်သွားပြီး လုံချည်စကို ကမန်းကတန်းလေး ချလိုက်သည်။ ဖိနပ်ပါးလေး နှစ်ဖက်ကို ချက်ချင်းချမစီးသေးဘဲ လက်ထဲတွင်ကိုင်ကာ လျှောက်လာလေသည်။

"ကဲ ရော့၊ သုတ်"

အနားရောက်သောအခါ အိတ်ထဲမှ လက်ကိုင်ပဝါဖြူဖြူလေးကို ထုတ်ပေးရင်း ခပ်ဆောင့်ဆောင့်လေး ပြောသည်။ တင်မောင်ကျော်သည် ပြုံးရယ်ရင်း လက်ကိုင်ပဝါလေးကိုသာမက နုနယ်ပျိုမျစ်သော ကိုယ်လုံးတစ်တစ်ကလေးကိုပါ ဆွဲယူလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အား အစ်ကို မကောင်းဘူး"

မော်သည် သူ့ရင်ခွင်တွင်း လဲကျသွားပြီး သူ့ကျောကို တအုန်းအုန်းထုလေသည်။ သူသည် မော့်ကို ဖက်ထားရင်းမှ မဆီမဆိုင်သရက်ပင်ကြီးကို မော်ကြည့်ပြီး ပြုံးစစနှင့် မျက်စိတစ်ဖက်မှိတ်ပြမိလေသည်။ ဤသရက်ပင်ရင်းတွင်ပင် သူနမ်းခဲ့သော မိန်းကလေး အတော်များနေပြီကို သရက်ပင်ကြီးကတော့ သိနေလိမ့်မည်ဟူသော အတွေးရူးကလေးနှင့် ပျော်ရွှင်မိသောကြောင့် ဖြစ်သည်။

"ဟင် အစ်ကို့အိတ်ထဲက ဘာလဲ"

မော်သည် သူ့ကို နွဲ့မှီထားရင်းမှ မေးသည်။ ခြေမြန်လက်မြန်နှင့် သူ့ရှပ်အင်္ကျီအိတ်တွင်းမှ ဆေးပုလင်းကို ဆွဲထုတ်လိုက်သည်။

"ဟင် အိပ်ဆေး"

"ဟား ဟုတ်တယ်"

"အစ်ကို ဘာလုပ်ဖို့"

"ဟဲ ဟဲ သောက်ဖို့"

တင်မောင်ကျော်သည် မော့်လက်ထဲမှ ပုလင်းလေးကို ပြန်ယူလိုက်ရင်း ရယ်သည်။

"ဘာဖြစ်လို့လဲဟင်၊ အစ်ကို အိပ်မပျော်ဘူးလား"

"ဒါပေါ့ ဒါပေါ့"

"ဘာဖြစ်လို့ အိပ်မပျော်တာလဲဟင်"

"မော့်ကိုသတိရလို့ပေါ့ ချာတိတ်ရဲ့၊ ဟား ဟား မော့်ကိုသတိရပြီး ညညအိပ်မပျော်ဖြစ်နေလို့ အိပ်ဆေးသောက်နေရတာပေါ့"

တင်မောင်ကျော်သည် ပုလင်းပြားပြားလေးကို အိတ်ထဲသို့ ဖျတ်ခနဲ ထည့်လိုက်သည်။ ရယ်ချင်စိတ်ကို မျိုသိပ်ထားဟန်နှင့် သူ့မျက်လုံးများသည် တောက်ပနေလေသည်။ ခပ်တည်တည်လုပ်နေသော်

www.burmeseclassic.com

www.burmeseclassic.com



လည်း နှုတ်ခမ်းထောင့်စွန်းလေးများသည် ကော့တက်ကာ ပြုံးနေသည်။

မော်သည် ဘာမှဆက်မမေးတော့ဘဲ အစ်ကိုကျော့် ပခုံးစွန်းတွင် ခေါင်းတင်ကာ အင်းလျား ရေပြင်ကျယ်ကို ငေးကြည့်နေမိသည်။ ရေတွင်မျောနေသော သစ်ရွက်ကြွေလေးများကို တစ်ရွက်ချင်း ရေတွက်နေရင်း တိုးတိုးလေး ပြောလေသည်။

"ပြန်ရတော့မယ် အစ်ကိုရာ၊ မပြန်ချင်သေးဘူးကွာ၊ ဒီလိုနေချင်လိုက်တာ"

*

www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီပန်းလေးများဝေဆာနေသော ဘုရားစင်ကို နှင်းသည် အတန်ကြာအောင် မော်ကြည့်နေပြီးမှ ဦးချလိုက်သည်။ သည်နေ့အဖို့ ပွင့်သမျှ နှင်းဆီပန်းများကိုတစ်ပွင့်မှမရောင်းတော့ဘဲ အကုန်လုံးရှူးကာ ဘုရားတင်ခဲ့လေသည်။ ရွှေရောင်ဝင်းနေသော ဗုဒ္ဓရုပ်ပွားတော်လေးသည် နှင်းဆီတောထဲတွင် တင့်တယ်စွာ စံပယ်နေသည်။

ဘုရားခန်း တစ်ခုလုံး နှင်းဆီရနံ့လွှမ်းကာ ထုံသင်းပြီး မွှေးချို့နေသည်။ နှင်းသည် ချိုမြနေသောရနံ့များကို ရှူရှိုက်ရင်း မျက်လုံးများကို မှိတ်ထားလိုက်သည်။

"မမနှင်း"

မော်က အခန်းဝမှလှမ်းခေါ်သည်။ မျက်နှာလေး မသိမသာ မှုန်နေသည်။

"အောက်မှာ အစ်ကိုကျော်ရောက်နေတယ်၊ စာကြည့်ခန်းထဲမှာ၊ မမနှင်းဆီ လာတာ"

"လာခဲ့မယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



နှင်းသည် သက်ပြင်းလေးရှိုက်ကာ ဘုရားခန်းထဲမှ ချာခနဲ လှည့်ထွက်ခဲ့လေသည်။ နှုတ်ခမ်းလေးကို ခပ်ဖိဖိလေးကိုက်ရင်း အောက် ထပ်သို့ ဆင်းခဲ့သည်။

"မမနှင်း အခုတလော သိပ်ပိန်တာပဲ၊ နေမကောင်းဘူး အစ်ကို ကျော်ရ"

ဖော့အသံကိုကြားရလေသည်။ နှင်းသည် အခန်းတွင်းသို့ ခပ် လေးလေး လှမ်းဝင်လာရင်း နှစ်ဦးလုံးကို ဖျော့ဖျော့လေး ပြုံးပြလေသည်။

မော်ကမူ အခန်းတွင်းသို့ လိုက်မဝင်တော့ပေ။ ထမင်းစားခန်း ထဲတွင်ပင် ယောင်လည်လည်လုပ်နေသည်။ သူ့ရင်ထဲတွင် တဒိတ်ဒိတ် ခုန်နေသည်။ သူ့အကြောင်းများ ဘာပြောနေကြဦးမည်နည်းဟု စိုးရိမ် စိတ်ကလေး တဝေဝေနှင့် လက်ဖျားလေးများ အေးလာသည်။

ခဏနေသောအခါ မမြမေသည် ဖန်ခွက်များပြင်ကာ လိမ္မော် ရည်ထည့်လေသည်။ လင်ပန်းထဲတွင် ဘရန်ဒီပုလင်းနှင့်ကြက်ဥစိမ်းကို ပါ တွေ့သောအခါ မော်သည်မျက်နှာလေးကိုတအားရှုံ့လိုက်မိလေသည်။

"ဒီအရက်ပုလင်းကြီးက ဘာလုပ်ဦးမှာလဲ"

"မနှင်း ယူခိုင်းလို့ မော်ရဲ့"

"ဟွန်း ညှော်သည်ရှေ့မှာ သောက်ဦးမယ်ပေါ့လေ"

"ဆေးအဖြစ် နည်းနည်းပါးပါးသောက်တာပဲ မော်ရယ်"

မမြမေသည် နှင်းဘက်မှ ကာကာကွယ်ကွယ်လေး ပြောကာ လင်ပန်းကို မ သွားသည်။

မော်သည် ထမင်းစားခန်းထဲတွင် တစ်ဦးတည်း ဒေါကလေး ဖောင်းကာ ကျန်ရစ်လေသည်။ အစ်ကိုကျော်လာနေခြင်းကို အခုတော့ နည်းနည်းမှ မကြိုက်တော့ချေ။ မော်နှင့်တွေ့လိုလျှင် အပြင်တွင်ချိန်း၍ အပြင်တွင် တွေ့နိုင်သည်။ သည်အိမ်ကို လာစရာအကြောင်း မရှိတော့

www.burmeseclassic.com

www.burmeseclassic.com



ပေ။ သည်အိမ်လာလာပြီး နှင်းနှင့် စာကြည့်ခန်းထဲတွင် စကားပြောနေသည်ကို မော်လုံးဝ မကြည့်ဖြူတော့ပေ။ သူတို့တွေရိုးမှရိုးရဲ့လား၊ ဘာစကားတွေများ ပြောနေသနည်း စသည်ဖြင့် သံသယအတွေးများသည် မော့်ရင်ကို စိုးမိုးစ ပြုလာပြီဖြစ်သည်။

"ဟော့ မိမော်"

"ဘာလဲ ကိုဇော်ရ"

ဇော်သည် သူ့အိပ်ခန်းထဲမှ လှမ်းခေါ်သည်။ မော်သည် မျက်စောင်းလေးနှင့် လှမ်းကြည့်ရင်း ခပ်ဆောင့်ဆောင့်လေး ထူးလေသည်။

"ငါ့ဆွယ်တာလေး တွေ့မိလား"

"ဘာဆွယ်တာလဲ"

"ဆွယ်တာအနီနဲ့ အဖြူကျားလေးလေဟာ၊ မမနှင်းထိုးပေးတဲ့ဆွယ်တာ"

"မတွေ့"

"အစ်ကိုကျော့်ကို ပြမလို့ကွ"

"အို မတွေ့ပါဘူးဆိုမှ"

မော်သည် စိတ်တိုသံလေးနှင့် ပြန်အော်လိုက်သည်။ အရေးထဲအရာပေါ်ပြီး အလုပ်ရှုပ်နေသော ကိုဇော့်ကို မကျေမနပ်ကလေး ဖြစ်နေသည်။

"ကိုဇော်ရေ နေ နေ၊ မမနှင်း ရှာပေးမယ်၊ ကိုတင်မောင်ကျော်ခဏနေဦးနော်"

မမနှင်းက စာကြည့်ခန်းထဲမှထွက်လာရင်း ဇော့်ကိုလှမ်းပြောလေသည်။ ထိုနောက် အပေါ်ထပ်သို့ ခပ်ဖွဖွလေး လှမ်းတက်သွားရင်း ထမင်းစားခန်းထဲတွင် ထိုင်နေသော မော့်ကို ကဲကြည့်ပြီး ငိုမလို မျက်နှာထားလေးနှင့်ပြုံးပြသွားသည်။ သူတို့မရှိသောအခါမှ မော်သည် နေရာမှ

www.burmeseclassic.com

www.burmeseclassic.com



ဆတ်ခနဲထကာစာကြည့်ခန်းဘက်သို့လျှောက်လာသည်။ဘရန်ဒီပုလင်းကိုင်ကာ ဖန်ခွက်ထဲ ငှဲ့ထည့်နေသော အစ်ကိုကျော့်ကို တွေ့သော အခါ ဖြုန်းခနဲ စိတ်ဆိုးသွား၍ အခန်းထဲမဝင်တော့ဘဲလှည့်ထွက်ခဲ့သည်။ မော့် အမြင်တွင်တော့ အရက်သောက်ခြင်းသည် လူဆိုးလူမိုက်အလုပ် ဖြစ်လေသည်။ အစ်ကိုကျော့်ကို အရက်မသောက်စေချင်ပေ။ နောက်တစ်ခါ တွေ့လျှင် အရက်မသောက်ဖို့ ပြောရဦးမည်ဟု တေးထားလိုက်သည်။

အတန်ကြာသောအခါမှ နှင်းသည် အိမ်ပေါ်ထပ်မှ ပြန်ဆင်းလာသည်။ လက်ထဲတွင် ဇော်ဆွယ်တာလေးကိုသာမက ကြီးကြီးငွေ၏ ရှောစောင်ကြီးကိုလည်း ပိုက်လာသည်။ နှင်းနှင့်အတူ ဆင်းလိုက်လာသော ကြီးကြီးငွေသည် ထမင်းစားခန်းထဲသို့ အိပ့်အိပ့်နှင့် လှမ်းဝင်လာသည်ကိုကြည့်ရင်း မော်သည် အခြောက်တိုက် မကျေမနပ် ဖြစ်နေမိပြန်သည်။ ဇော်ကလည်း ညှော်သည်ဆီ ပြန်မသွားဘဲ ရေခဲသေတ္တာဖွင့်ကာ ငှက်ပျောသီး နှိုက်စားနေလေသည်။

"ကိုဇော်ရ ညှော်သည်ဆီသွားလေ"

"ဟ မမနှင်း ရှိသားပဲ၊ သူတို့သူငယ်ချင်းတွေပဲ"

ဇော်က ခပ်ပေါ့ပေါ့ပြောကာ ငှက်ပျောသီးတစ်လုံးကို မော့်ဆီသို့ ပစ်ပေးလိုက်သည်။

"မမြမေက လိမ္မော်ရည်ထည့်သွားရင်း စားပွဲပေါ်မှာ ရေစက်တွေ အမြဲချန်တာပဲ၊ ဘယ်တော့မှ မသုတ်ဘူး၊ နေရာတကာ ပေါ့တီးပေါ့ဆနဲ့"

ကြီးကြီးငွေသည် ထမင်းစား စားပွဲပေါ်မှ ရေစက်များကိုကြည့်ကာ ဆူသည်။

"ဟဲ့ ဇော်၊ ငှက်ပျောသီးစားတာ နောက်က ကျားလိုက်လာလို့ ဒီလောက် ပလုပ်ပလောင်း စားရတာလား"

www.burmeseclassic.com

www.burmeseclassic.com



ကိုဇော်ကိုလှည့်ကာ ဆူပြန်သောအခါတွင်ကား မော်သည် နှုတ်ခမ်းလေးမဲ့ကာ ထိုင်ရာမှ ထသည်။ မကြာခင် သူ့အလှည့် ရောက်လာတော့မည်ကိုသိသဖြင့် အခန်းအပြင်ဘက်သို့ခပ်သုတ်သုတ်ကလေး လှမ်းထွက်ခဲ့လေသည်။ ထိုစဉ်တွင် စာကြည့်ခန်းထဲမှ နှင်း၏အသံကို ကြားဖြစ်အောင် ကြားလိုက်ရသေးသည်။

"မမမြမေရေ လိမ္မော်ရည်တစ်ခွက်ပေးပါ၊ ဒီတစ်ခါ ဘရန်ဒီက ခါးလိုက်တာ အရမ်းဘဲ"

"အရက်ပဲ ခါးမှာပေါ့၊ ဆန်းသလား ဟွန်း"

မော်သည် စိတ်ထဲမှ မကျေမချမ်းလေးပြောရင်း အိမ်ရှေ့ခန်းသို့ လှည့်ကာ ထွက်ခဲ့သည်။ အိမ်ရှေ့ပေါ်တီကိုအောက် ကြွေပန်းရုံလေးများ ဘေးတွင် ဝမ်းနည်းပန်းနည်းထိုင်ချရင်း မျက်ရည်လည်လာသည်။ နောက်ဆိုလျှင် အစ်ကိုကျော်ကို အိမ်လာမလည်နှင့်တော့ဟု ပြောရမည်ဟု စိတ်ထဲတွင် တေးထားလိုက်ပြန်သည်။

မကျေနပ်စိတ်၊ ဝမ်းနည်းစိတ်ကလေးများ တဝေဝေနှင့်မော်သည် ငေးမိငေးရာ ကြွေပန်းကလေးများကို ငေးနေမိသည်။ အဖြူနှင့် အနီရောကာ တစ်ဆုပ်တစ်ခဲပွင့်နေသော ကြွေပန်းခိုင်ကလေးများကို မည်မျှကြာအောင် ငေးကြည့်နေမိသည်မသိ၊ တဖျပ်ဖျပ် ခြေသံကြားသောအခါမှ သတိဝင်လာသည်။ အစ်ကိုကျော်ဖြစ်သည်။ ကြွေပန်းရုံလေး ကွယ်နေသောကြောင့် ထင်သည်။ မော့်ကို မမြင်ချေ။ ခေါင်းငုံ့ရင်း ခပ်လေးလေး လျှောက်သွားလေသည်။

"အစ်ကိုကျော်"

မော်က လှမ်းခေါ်လိုက်သောအခါမှ လှည့်ကြည့်သည်။

"အစ်ကိုကျော်ကလည်း ကြာလိုက်တာ ဘာတွေပြောနေလဲ"

"ဒီလိုပဲပေါ့ ချာတိတ်ရာ"

www.burmeseclassic.com

www.burmeseclassic.com



"နောက် လာမလည်နဲ့တော့ သိလား"

မော်က ခပ်တိုးတိုးပြောသည်။ အစ်ကိုကျော်သည် မော့်ကို ကြည့်ကာ ပြုံးလိုက်သော်လည်း သူ့အပြုံးသည် ခါတိုင်းလို အသက်မပါ လှဟု မော်ထင်မိသည်။

"နောက်မလာနဲ့သိလား၊ မော်နဲ့တွေ့ချင်ရင် အပြင်မှာတွေ့မယ် သိလား အစ်ကိုကျော်"

"ကောင်းပါပြီဗျာ"

"သူနဲ့နှစ်ယောက်တည်း စကားပြောပြောနေတာ မော်မကြိုက် ပါဘူး"

"ဟိုမှာ ညှော်သည်လာနေတယ်မော်၊ နောက်မှ တွေ့ကြတာ ပေါ့၊ တော်ကြာ အစ်ကိုကျော်တို့အကြောင်း ရိပ်မိကုန်မယ်"

ခြံထဲသို့ ကွေ့ဝင်လာသော ကားတစ်စီးကိုကြည့်ကာ အစ်ကို ကျော်က ပြောသည်။

"အန်ကယ်ချစ်သောင်းပါ၊ ဖေဖေ့ မိတ်ဆွေ"

အရေးထဲ ရှုပ်ပဲရှုပ်နိုင်တဲ့လူတွေဟု မော်သည် ငြူငြူစူစူလေး ဖြစ်သွားသည်။ ထို့ကြောင့် လက်မြှောက်ကာ သွားဖြီး နှုတ်ဆက်သွား သော ဦးချစ်သောင်းကို ပြန်၍ပင် ပြုံးမပြလိုက်မိပေ။

"ဟော့ မော်၊ နေကောင်းလား"

"ဟုတ်ကဲ့၊ နေမကောင်းရင် အိပ်နေမှာပေါ့ အန်ကယ်ရဲ့"

မော်က အငေါ်တူးတူးလေး ပြန်ပြောလိုက်စဉ် ဦးချစ်သောင်း သည် အိမ်ထဲသို့ လှမ်းဝင်သွားလေသည်။ နှုတ်ဆက်မြဲ ဓမ္မတာမို့သာ နှုတ်ဆက်လိုက်သော်လည်း မော် ဘာပြန်ပြောသနည်း သတိထားမိပုံ ပင် မရချေ။

"သွားမယ် ချာတိတ်"

www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုကျော်သည် မော့်ခေါင်းကို လှမ်းပုတ်ကာ နှုတ်ဆက်ပြီး ထွက်သွားသည်။ အစ်ကိုကျော့်ကို နေပါဦးဟု တားချင်သေးသော်လည်း မော်သည် ကြီးကြီးငွေဆူမည်စိုး၍ မတားရဲပေ။ ထို့ကြောင့် မကျေမနပ် စိတ်လေးနှင့် ကြွေပန်းခိုင်လေးတစ်ခိုင်ကို ဆတ်ခနဲ ချိုးယူလိုက်သည်။

"အစ်ကိုကျော်ရေ ပြန်ပြီလားဗျ"

"အေးကွာ ပြန်ပြီ"

"အစ်ကိုမောင့်ကို ပြောလိုက်နော်၊ ကျွန်တော် ဂျူဒိုသင်နေပြီ ဆိုတာကိုလေ"

"အေး အေး"

အပေါ်ထပ် ရေချိုးခန်းထဲမှ ဖော်က အော်ပြီးနှုတ်ဆက်နေသည်။ ရေပန်းသံ တရဲရဲနှင့်အတူ ထွက်ပေါ်လာသော ဖော့်သီချင်းသံ စီစီညံညံကြီးကိုနားထောင်ရင်း မော်သည် အစ်ကိုကျော်၏နောက်ကျော ကို တငေးတမော လိုက်၍ကြည့်နေမိလေသည်။

"ငါ့ကက်ဆက်ကလေးတော့ တစ်ခွေလုံးကုန်ပြီ ထင်ပါရဲ့"

မော်သည် တစ်ဦးတည်း ညည်းညည်းလေး ပြောလိုက်သည်။ စာကြည့်ခန်းထဲတွင် တိတ်တိတ်ထားခဲ့သော ကက်ဆက်ကလေးဖြစ် သည်။ ယခု အန်ကယ်ချစ်သောင်း ရောက်လာပြန်သောကြောင့် သွားယူ၍ မဖြစ်သေးချေ။ သူသည် ဖေဖေ့ရှေ့နေ လူရင်းဖြစ်သည်။ ထို့ကြောင့် ငွေရေးကြေးရေး ရှင်းစရာရှိသည်များကို စာကြည့်ခန်းထဲတွင်ပင် ပြော ဆိုလေ့ရှိကြသည်။

ကောင်းကင်ပြာတွင် ဖြူဖြူဖွေးဖွေး တိမ်တိုက်လေးများက တရိပ်ရိပ် ပြေးနေသည်။ ငေးရင်းမောရင်း မော့်ဝိညာဉ်သည် တစ်နေ့က ရောက်ခဲ့သော အင်းလျားသို့ တိမ်ဖြူဖြူလေးများနှင့်အတူ လွင့်မျော သွားလေသည်။ တဖျပ်ဖျပ်မြည်နေသော လှိုင်းကြက်ခွပ်သံလေးများကို

www.burmeseclassic.com

www.burmeseclassic.com



ကြားယောင်လာသည်။ အစ်ကိုကျော်၏အပြုံးကို မြင်ယောင်လာသည်။ အစ်ကိုကျော်၏အနမ်းကို တမ်းတမိသည်။ မော့်ရင်ထဲတွင် ပူနွေးပြီး ရင်ခုန်သံ တသိမ့်သိမ့်နှင့် လှိုင်းစီးရသလို မူးပြီးရီဝေလာလေသည်။

"ဟဲ့ ဟဲ့ နှင်း၊ အောင်မယ်လေး လုပ်ကြပါဦး၊ ဘယ်လိုဖြစ်တာလဲ၊ လာကြပါဦး"

မည်မျှကြာအောင် ရီဝေဝေးမောနေမိသည်ကိုတော့ မော်သတိ မထားမိချေ။ ထိတ်လန့်တကြား အော်လိုက်သော ကြီးကြီးငွေ၏အသံသည် ဟိန်းပြီးထွက်လာသောအခါမှ ဝေ့ဝဲနေသော အတွေးတို့သည် ဖြုန်းခနဲ ပျောက်သွားကြသည်။

"ဟဲ့ မော်တို့၊ ဓော်တို့၊ မြမေတို့၊ လာကြစမ်း လာကြစမ်း"

အင်းလျားအိပ်မက်မှ ဖြုန်းခနဲ လန့်နိုးသွားသော မော်သည် လက်ထဲတွင် လှည့်ကစားနေမိသော ကြွေပန်းခိုင်လေးကို ပစ်ချကာ အိမ်ထဲသို့ ပြေးပြီးဝင်လာခဲ့သည်။

"ဟင် မမနှင်း"

ကြီးကြီးငွေသည် နှင်းကို မနိုင်မနင်းနှင့် ကုန်းကုန်းကွကွကြီး ပွေ့ချီထားသည်။ သူတို့နှစ်ဦး၏ ဘေးတွင် ဦးချစ်သောင်းသည် ခြေမကိုင်မိ လက်မကိုင်မိနှင့် ပျာယာခတ်နေလေသည်။ အခန်းဝမှ စာအုပ်စင်လေးကိုမူ ကြီးကြီးငွေ၏ကိုယ်လုံးကြီးနှင့် အားရပါးရ ပစ်၍ တိုက်ထားဟန်တူသည်။ စာအုပ်စင်ရော စာအုပ်များပါ တစ်ဖက်စောင်းနင်း ပြိုလဲနေသည်။ စာအုပ်များကြားထဲတွင်မူ မော်ထားခဲ့သော ကက်ဆက်ကလေးကို အက်ကွဲကျိုးပဲ့လျက် တွေ့ရသည်။ မော်သည် အခန်းတွင်းမှ မြင်ကွင်းကို မျက်လုံးလေး အပြူးသားနှင့်ကြည့်နေမိလေသည်။

"ဘာဖြစ်တာလဲ ဘာဖြစ်တာလဲ"

မွေးပွ မျက်နှာသုတ်ပဝါကြီး ပတ်ခြုံထားသော ဓော်သည်

www.burmeseclassic.com

www.burmeseclassic.com



ရေစက်လက်နှင့်ပင် အပေါ်ထပ်မှ တဒိုင်းဒိုင်း ဆင်းလာသည်။ ယောက်မကြီးကိုင်ထားသော မမမြမေသည်လည်း စာအုပ်များကို ခုန်ပေါက်နင်းပြီး အူယားဖားယား ပြေးဝင်လာလေသည်။

"နှင်း နှင်း ဟဲ့ နှင်း၊ ခေါ်ကြပါဦး၊ ဘယ်လိုဖြစ်သွားတာလဲ၊ နှင်းရေ"

ကြီးကြီးငွေက တုန်ယင်ချောက်ချားစွာပြောစဉ် နှင်းသည် မျက်လုံးများကို လေးကန်စွာ ဖွင့်ကြည့်သည်။ စိုးရိမ်တကြီးကြည့်နေကြသူများကို ရီဝေသော မျက်လုံးလေးများနှင့် အားစိုက်ကြည့်ရင်း ဖြူရော်ဖျော့တော့စွာ ပြုံးလေသည်။ ထိုနောက် လက်ကလေးတစ်ဖက်သည် လေးကန်စွာ မြောက်လာပြီး စားပွဲပေါ်တွင်ရှိနေဆဲ ဖန်ခွက်များကို ညွှန်ပြသည်။

"ဘရန်ဒီထဲမှာ ထည့်သွားတာ မသိဘဲသောက်မိ သူ သူ တင်မောင်ကျော် နှင်းကိုသတ်"

ထိုစကားများသည် သူသတိမလစ်ခင် နောက်ဆုံး ပြောသွားသော စကားဖြစ်သည်။ ထိုနောက် မပီမသလေး ညည်းညူကာ မှုန်ဝေအားနည်းလာသော မျက်လုံးလေးများနှင့် မော်ကိုစိုက်ကြည့်ရင်း သတိလစ်သွားလေသည်။

မော်သည် နေရာတွင်ပင် တောင့်တောင့်တင်းတင်းလေး ရပ်ကာ နှင်းကို စိုက်ကြည့်ရင်း တစ်ကိုယ်လုံး ရေခဲတုံးလို အေးစက်ပြီး တုန်ယင်လာသည်။

"သူ သူ တင်မောင်ကျော် နှင်းကို သတ်တယ်တဲ့"

နှင်း သတိမလစ်ခင် နောက်ဆုံးပြောသွားသော စကားလေးသည် မော့်ရင်ထဲတွင် ပဲ့တင်ထပ်နေသည်။

ထိုစကားများသည် နှင်းသတိမလစ်ခင်သာမက နှင်း၏ဘဝ

www.burmeseclassic.com

www.burmeseclassic.com



အတွက်ပါ နောက်ဆုံးစကားလေးများဖြစ်ကြောင်းကို နေ့မကူးမီပင် သူတို့ ကြေကွဲစွာသိရလေသည်။

နှင်းသည် လုံးဝ သတိပြန်လည်လာခြင်း မရှိတော့သည့်အတွက် ဖြစ်လေသည်။

*

www.burmeseclassic.com

www.burmeseclassic.com



အစစ်ခံချက် (၁)

ဟုတ်ကဲ့ ကျွန်မ မော်ပါ၊ မမနှင်းဟာ ကျွန်မတို့မိထွေးပါ၊ မိထွေးဆိုပေမယ့် ဖေဖေဆုံးသွားတဲ့နောက်ပိုင်းမှာ ကျွန်မတို့နဲ့ အတူတူ နေခဲ့ပါတယ်။

ကိုတင်မောင်ကျော်ကိုလည်း သိပါတယ်၊ သူ့ကို အရင်က လူကောင်းတစ်ယောက်လို့ ထင်ခဲ့ပါတယ်၊ ကျွန်မနဲ့ ရင်းနှီးပါတယ်၊ သူက သူက ကျွန်မကို ကြိုက်ပါတယ်၊ ကျွန်မ ကျွန်မလည်း ပြန်ကြိုက် ပါတယ်၊ ဒါပေမယ့် မမနှင်းက တားပါတယ် တားပါတယ်၊ သူဟာ လူကောင်း မဟုတ်တဲ့အကြောင်း၊ ကျွန်မကို ဒုက္ခပေးမယ်လို့ ထင်တဲ့ အကြောင်းကို ပြောပါတယ်၊ ဒါပေမယ့် ကျွန်မ မယုံခဲ့ပါဘူး၊ မမနှင်း ပြောသမျှတွေကိုလည်း သူ့ကိုပြန်ပြောပြခဲ့မိပါတယ်၊ သူ့ကို ဒီလိုပြောရုံနဲ့ လည်း မမနှင်းကို သတ်ပစ်လိမ့်မယ်လို့ ကျွန်မမထင်ခဲ့ပါဘူး၊ ခုတော့ သူ သူ သိပ်ပြီးရက်စက်တာပဲ။

သူ့ သူ့အိတ်ထဲမှာ အဲဒီ အိပ်ဆေးပုလင်းကို ကျွန်မ တွေ့ခဲ့ပါ တယ်၊ ဘာလို့ဖို့လဲဆိုတော့ သူအိပ်မပျော်လို့ သောက်မလို့ လို့ပြောပါ တယ်၊ ကျွန်မ ကျွန်မလည်း ယုံခဲ့ပါတယ်၊ အဲဒီနေ့ အဲဒီနေ့ကတော့ မမနှင်းနဲ့ ကိုဇော်နဲ့ အပြင်ထွက်သွားတုန်း ဘရန်ဒီပုလင်းကို သူကိုင်ပြီး ဖန်ခွက်ထဲငှဲ့ထည့်နေတာ ကျွန်မ တွေ့ပါတယ်၊ ပြန်တော့မယ်လို့ ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



ကို လာနှုတ်ဆက်တော့လည်း သူ သူ သိပ်ပြီးမရွှင်ပါဘူး၊ မမနှင်း အို မမနှင်းကို သူသတ်ခဲ့ပြီကိုး၊ ကျွန်မ မမနှင်းပြောသွားတာ နားနဲ့ဆတ် ဆတ် ကြားပါတယ်၊ ဘရန်ဒီထဲမှာ ထည့်သွားတာပါတဲ့၊ အိပ်ဆေးတွေ ကို လူအလစ်မှာ ဘရန်ဒီထဲ ထည့်ဖျော်သွားပြီး မမနှင်းကို သူ သေ ကြောင်း ကြံတာပါ၊ ကျွန်မ ကျွန်မ သူ့ကို ချစ်ပါတယ်၊ သိပ်ချစ်ပါတယ်၊ ဒါပေမယ့် တရားဥပဒေအရ အရေးယူပါရှင်၊ ကျွန်မကိုလိုချင်တာနဲ့ မမနှင်းကိုသတ်တာကတော့ မကောင်းပါဘူး၊ အိုး ပက်စက်လွန်း အား ကြီး ပါတယ်၊ ဒါကို ကျွန်မ လက်မခံနိုင်ပါဘူး၊ ဒီလိုလူစားကို ကျွန်မ မုန်းပါတယ်၊ အို စက်ဆုပ်ပါတယ်၊ ကျွန်မ ကျွန်မ အားလုံးဖွင့်ပြောပြီး ပါပြီ၊ သူ မမနှင်းကို ငြီးပြီး သက်သက်လုပ်ကြံတာ သေချာပါတယ်ရှင်၊ အို သူ သူ လူသတ်သမားပါ၊ သေသေချာချာ ကြံစည်ပြီး သွေးအေး အေးနဲ့ လူသတ်တဲ့ လူသတ်သမားပါ၊ လူသတ်သမားကြီးပါ။

အစစ်ခံချက် (၂)

ကျွန်မ မြမေပါ၊ ဒီအိမ်မှာ လုပ်လာတာ ရှစ်နှစ်ရှိပါပြီ၊ မော်တို့ ဖော်တို့ဟာ ကျွန်မရဲ့ မျက်စိအောက်မှာပဲ ကြီးခဲ့ကြတဲ့ ကလေးတွေပါ။

မနှင်းကိုတော့ အစ်ကိုကြီးနဲ့လက်ထပ်တော့မှ မြင်ဖူးတာပါ၊ အစပိုင်းကတော့ ကျွန်မ သူ့ကို မခင်မိခဲ့ပါဘူး၊ ဒါပေမယ့် မနှင်းဟာ အဆင့်အတန်းမရွေးဘဲ ကျွန်မနဲ့ ရင်းရင်းနှီးနှီးပြောဆိုတတ်လို့ ကျွန်မ ခင်လာပါတယ်၊ သိပ်စိတ်ထားကောင်းတဲ့ မိန်းကလေးပါရှင်။

မနှင်း မဆုံးခင် နှစ်ပတ်ကျော် သုံးပတ်လောက်က မော်က အဲဒီ တင်မောင်ကျော်အိမ်သွားပါတယ်၊ ဦးချစ် လိုက်ပို့ခဲ့ရပါတယ်၊ မော် က သူ အဲဒီအိမ်ကိုသွားတယ်လို့ ကြီးဌေးကို ပြန်မပြောရဘူးလို့ နှုတ်ပိတ် လိုက်ပါတယ်၊ ဦးချစ်က စိုးရိမ်လို့ ကျွန်မကို ပြောပြပါတယ်၊ အဲဒီနေ့

www.burmeseclassic.com

www.burmeseclassic.com



မနက်ပဲ မနှင်းကလည်း နေသိပ်မကောင်းလို့ အိပ်နေတုန်း ကျွန်မက သံပရာရည်သွားပို့ရင်း မော်အကြောင်းပြောပြပါတယ်၊ မနှင်းလည်း အရမ်းစိုးရိမ်သွားပြီး မော့်ဆီလိုက်သွားပါတယ်၊ မနှင်းပြန်လာတော့ မော် ပြန်ပါလာပါတယ်၊ မော်က ကားတံခါးကို အရမ်းဆောင့်ပိတ်ပြီး အိမ် ပေါ်ကို ပြေးတက်သွားပါတယ်။

ကြီးကြီးငွေက သူ့အခန်းထဲကနေ ဟဲ့ ဘယ်သူလဲ၊ ဘာလို့ ဒီ လောက်တောင် ဝုန်းဝုန်းဒိုင်းဒိုင်းလုပ်နေရသလဲလို့ လှမ်းအော်လိုက်ပါ သေးတယ်၊ ဒီအကြောင်းကိုတော့ ကြီးငွေ လုံးဝမသိပါဘူး၊ ဖော်ကလည်း ပုသိမ်သွားနေတုန်းမို့ လုံးဝမသိပါဘူး၊ အဲ့ဒီနောက်ပိုင်း မော်ကအခန်းထဲ ကနေ သိပ်မထွက်ပါဘူး၊ သုံး လေး ရက် အခန်းအောင်းနေပါတယ်၊ မနှင်းကိုတော့ ကျွန်မ မေးရဲပါတယ်၊ မေးကြည့်တော့ မော် စိတ်ကောက် နေတယ်လို့ ပြောပါတယ်။

မနှင်းကလည်း ခုတလော သိပ်မရွှင်ပါဘူး၊ စိတ်မကောင်းဖြစ် နေပုံ ရပါတယ်၊ အပြင်ကိုလည်း တော်တော်လေးထွက်ပါတယ်၊ တစ်ခါ တလေလည်း အဲဒီ 'ကိုတင်မောင်ကျော်'ပါလာပါတယ်၊ မနှင်းက ကျွန်မကိုပြောပါတယ်၊ တင်မောင်ကျော်ကို သူလေ့လာနေတယ်လို့ ပြောပါ တယ်၊ မော့်အတွက် ကျွန်မရော မနှင်းရော စိုးရိမ်မိကြပါတယ်၊ မနှင်း က ကိုတင်မောင်ကျော်တော့ သူ့ကိုသိပ်မုန်းမှာပဲ၊ သိပ်သတ်ချင်မှာပဲလို့ တောင် ပြောဖူးပါသေးတယ်။

အဲဒီနေ့ကတော့ ကိုတင်မောင်ကျော်ရောက်တော့ လိမ္မော်ရည် ကို ကျွန်မပဲ သွားပြင်ပြီးပို့တာပါ၊ မနှင်းက ဘရန်ဒီပါထည့်ခဲ့ပါဆိုလို့ ယူ သွားပေးပါတယ်၊ ဘရန်ဒီ လက်နှစ်လုံးလောက်နဲ့ ကြက်ဥနဲ့ ခေါက် သောက်ရမယ်ဆိုလို့ ခါတိုင်း ကျွန်မပဲခေါက်ခေါက်ပြီး ဖျော်ပေးပါ တယ်၊ မနှင်း အဲဒါသောက်နေတာ တစ်ပတ်လောက်ပဲ ရှိပါသေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



နောက်မကြာခင် မနှင်းက 'ဘရန်ဒီ ဒီတစ်ခါခါးလိုက်တာ၊ လိမ္မော်ရည်တစ်ခွက်ပေးပါ'လို့ လှမ်းတောင်းလို့ ကျွန်မ သွားပေးရပါသေးတယ်၊ မနှင်းက ခါးလိုက်တာ မမြဲမေရယ်လို့ပြောပြီး လိမ္မော်ရည် ထပ်သောက်ပါတယ်။

ကျွန်မ နောက်ဖေးမှာ ကြက်သွန်၊ ငရုတ်သီး ဆီသတ်နေတုန်း ကြီးငွေအော်သံ ကြားရပါတယ်၊ ပြေးသွားတော့ မနှင်းကို ကြီးငွေပွေ့ထားပါတယ်၊ မနှင်းက ဖန်ခွက်တွေကို လက်ညှိုးထိုးပြီး သူ့ကို တင်မောင်ကျော်သတ်တယ်လို့ ပြောသွားပါတယ်။ အဲဒါဟာ သူနောက်ဆုံး ပြောသွားတဲ့ စကားပါရှင်၊ သူတော်ကောင်းမလေးကို ရက်ရက်စက်စက် သတ်တဲ့ လူသတ်သမားကို တရားဥပဒေအတိုင်းအပြစ်ပေးပါရှင်၊ အပြစ်ပေးကြပါ။

အစစ်ခံချက် (၃)

ကျွန်တော် ဇော်ပါ၊ မော်နဲ့အမြွှာမောင်နှမပါ။

မမနှင်းဟာ ကျွန်တော့်မိထွေးဆိုပေမယ့် ဖေဖေမရှိတော့တဲ့ နောက်ပိုင်းမှာ မောင်နှမတွေလိုပဲ ချစ်ချစ်ခင်ခင် အတူနေခဲ့ကြပါတယ်၊ အစ်ကိုကျော်ကလည်း ကျွန်တော့်ဆရာရဲ့ ညီပါ၊ သူနဲ့လည်း ကျွန်တော် ခင်ပါတယ်။

မိမော်ရူပ်လိုက်တဲ့ဇာတ်ကို ကျွန်တော် မသိခဲ့ပါဘူး၊ မိမော်ကို ကျွန်တော် သိပ်ချစ်ပါတယ်၊ မဟုတ်မဟတ်လူနဲ့တွေ့ပြီး ချစ်ကြိုက်သွားမှာ ကျွန်တော် သိပ်စိုးရိမ်ခဲ့ပါတယ်။

အစ်ကိုကျော် ပွေတယ်ဆိုတာ ကျွန်တော် အစောကြီးကတည်းက သိပါတယ်၊ ဒါပေမယ့် ဒီလို ရက်ရက်စက်စက် လူသတ်ရက်မယ်၊ လူသတ်ရဲမယ်လို့တော့ မထင်မိခဲ့ပါဘူး၊ မမနှင်းက အစောကြီးကတည်း

www.burmeseclassic.com

www.burmeseclassic.com



က ပြောပါတယ်၊ အစ်ကိုကျော်နဲ့ ပေါင်းပေမယ့် အစ်ကိုကျော့် အတုကို မယူနဲ့လို့ ပြောတတ်ပါတယ်။

အဲဒီနေ့က မမနှင်း ဆင်းမလာခင် ကျွန်တော်နဲ့ အစ်ကိုကျော် စကားပြောနေပါတယ်၊ မမနှင်း ဆင်းလာတော့ ဟိုပြောဒီပြောနဲ့ စကား စပ်ပြီး ဆွယ်တာအင်္ကျီတွေ ဈေးကြီးတဲ့အကြောင်း ရောက်သွားပါတယ်၊ အစ်ကိုကျော်က ဆွယ်တာအင်္ကျီ ကောင်းကောင်းဆိုရင် နှစ်ရာကျော် သုံးရာလောက်ပေးမှရမယ်ဆိုတာနဲ့ ကျွန်တော့်ကို သူကိုယ်တိုင် ထိုးပေး ထားတဲ့ ဆွယ်တာလေး ပြလိုက်စမ်းပါလို့ မမနှင်းက ပြောပါတယ်၊ ကျွန်တော်လည်း အခန်းထဲသွားရှာပါတယ်၊ ရှာမတွေ့တော့ မမနှင်းက အပေါ်ထပ်မှာရှိတယ်ဆိုပြီး တက်ယူပါတယ်၊ အဲဒီအချိန်မှာ အခန်းထဲ မှာ အစ်ကိုကျော်တစ်ယောက်တည်း ကျန်ပါတယ်။

ကျွန်တော်လည်း ညနေကျရင် ဂျူဒိုသင်တန်းသွားဖို့ ရှိသေး တာနဲ့ ငှက်ပျောသီးစားပြီး အပေါ်တက်ခဲ့ပါတယ်၊ အောက်ထပ်က ရေ ချိုးခန်းက ရေပန်းပျက်နေလို့ အပေါ်မှာ တက်ချိုးတာပါ၊ အစ်ကိုကျော် တို့ဆီ ပြန်မသွားဖြစ်တော့ပါဘူး၊ ရေချိုးရင်း အစ်ကိုကျော် ပြန်သွားတာ တွေ့လို့ လှမ်းပြီးနှုတ်ဆက်လိုက်ပါသေးတယ်။

အဲဒီနေ့က အိုက်အိုက်ရှိတာနဲ့ ရေကို စိမ်ပြေနပြေ ချိုးနေမိပါ တယ်၊ ဘယ်လောက် ကြာသွားလဲတော့ မသိပါဘူး၊ ကြီးငွေအော်သံ ကြားမှ မျက်နှာသုတ်ပဝါကို ကိုယ်မှာခြုံပြီး ပြေးဆင်းခဲ့ပါတယ်၊ ဒီတော့ မမနှင်းကို ကြီးငွေပွေ့ထားပါတယ်၊ အန်ကယ်ချစ်သောင်းလည်း ရှိပါ တယ်၊ မမနှင်းပြောသွားတာ ကျွန်တော်ကြားပါတယ်၊ သူ့ကို အစ်ကို ကျော် သတ်တယ်လို့ ပြောပါတယ်၊ ပြောလို့သာ ကြားလိုက်ရပေမယ့် ကျွန်တော့်ရင်ထဲမှာ တစ်မျိုးကြီးဖြစ်နေပါတယ်၊ အစ်ကိုကျော် ဒီလောက် ရက်စက်မယ်လို့ ကျွန်တော် မထင်ပါဘူး၊ အစ်ကိုကျော် သတ်တယ်လို့

www.burmeseclassic.com

www.burmeseclassic.com



တထစ်ချ မယူဆချင်ပါဘူး၊ သူဟာ ပွေပေမယ့် ရှုပ်ပေမယ့် ဒီလောက်ကြီးအထိတော့ ရက်စက်ယုတ်မာလိမ့်မယ်လို့ မထင်ပါဘူး၊ ဒါကတော့ ကျွန်တော့်အထင်ပေါ့လေ ကျွန်တော့် အထင်ပေါ့။

အစစ်ခံချက် (၄)

ကျုပ်က မငွေပါ၊ ကိုချမ်းသာဟာ ကျုပ်ရဲ့ မောင်ဝမ်းကွဲပါ၊ ပထမမိန်းမဆုံးပြီး သုံးနှစ်လောက်နေတော့ ကိုချမ်းသာ ဒုတိယ အိမ်ထောင် ထူပါတယ်၊ နှင်းနဲ့ပါ၊ ကိုချမ်းသာကို မဆန့်ကျင်ရဲလို့သာ ငြိမ်နေရပေမယ့် သူ့နောက်မိန်းမကို ကျုပ် ကြည့်မရပါဘူး၊ ကလေးတွေအပေါ်မှာလည်း ကောင်းလိမ့်မယ်လို့ မမျှော်လင့်ခဲ့ပါဘူး၊ ဒါပေမယ့် နောက်ပိုင်းကျတော့ နှင်းကို ကျုပ်ရော ကလေးတွေကရော ချစ်လာပါတယ်၊ မိန်းကလေးဟာ စိတ်ထားကောင်းရှာပါတယ်၊ သနားစရာလေးပါတော်။

ကိုချမ်းသာဆုံးပြီးတဲ့နောက်လည်း သူဟာ သူရသင့်ရထိုက်တဲ့ အမွေကို ခွဲမယူဘဲ အားလုံး စုစုရုံးရုံးဆက်နေကြရအောင်လို့ပြောပြီး အတူနေခဲ့ကြပါတယ်။

မောင်တင်မောင်ကျော်ကိုလည်း အရင်ကတည်းက သိပါတယ်၊ သူဟာ ပျော်တတ်ပါတယ်၊ ခင်စရာလည်း ကောင်းပါတယ်၊ လူတိုင်းနဲ့ တည့်အောင်လည်း ပေါင်းတတ်ပါတယ်။

နှင်းရော မော်ရော ခုတလော မူပျက်နေတာ ကျုပ်သတိထားမိပေမယ့် ဘာကြောင့် မူပျက်နေကြတယ်ဆိုတဲ့ အကြောင်းကိုတော့ မသိပါဘူး၊ အခုတော့ ဟိုဆတ်ကော့လတ်ကော့မလေး မိရွှေမော်ကိုသာ ရိုက်ချင်တော့တာပဲ၊ ဒီကောင်မလေးရှုပ်တဲ့ဓာတ်ကြောင့် နှင်းကို ဟိုသူငယ် ငြိုးသွားရတာပါ။ မိမြမေ လိမ္မော်ရည်သွားပို့ပြီးတော့ ဓော်ရော၊ နှင်းရော

www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲက ထွက်သွားကြပါတယ်၊ ဒီအချိန်မှာ မောင်တင်မောင်ကျော် တစ်ယောက်တည်း အခန်းထဲမှာ ကျန်ခဲ့တာပါ၊ နှင်းက အားနည်းတယ်၊ မောတယ်ဆိုပြီး ဘရန်ဒီနဲ့ ကြက်ဥနဲ့ သောက်နေတာ တစ်ပတ်ကျော်ကျော် လေးပဲ ရှိပါသေးတယ်၊ အဲဒီနေ့ကတော့ ညွှသည် ရှေ့မှာ ဘာလို့ သောက်သလဲ ကျုပ်မသိပါဘူး၊ ဒါပေမယ့် မောင်တင်မောင်ကျော်က ကျောင်းကတည်းက ခင်နေတဲ့မိတ်ဆွေမို့ လူရင်းလို သဘောထားပြီး သောက်တာ ဖြစ်ပါလိမ့်မယ်၊ သောက်ပြီးတော့ ခါးလွန်းလို့ဆိုပြီး လိမ္မော် ရည် ထပ်တောင်းပါသေးတယ်၊ ခဏနေတော့ ဟိုသူငယ် ပြန်သွားပါ တယ်။

နှင်းဟာ စာကြည့်ခန်းထဲမှာပဲ ဆက်ထိုင်နေပါတယ်၊ ဦးချစ်သောင်းနဲ့ ချိန်းထားသေးတယ်လို့ ပြောပါတယ်၊ ဟိုသူငယ်နဲ့အဝင် အထွက်ပဲ ထင်ပါရဲ့၊ ဦးချစ်သောင်း ရောက်လာပါတယ်၊ သူတို့စကား ပြောနေတုန်း နှင်းက ကျုပ်ကို လှမ်းခေါ်ပါတယ်၊ မူးတယ် မူးတယ် လုပ်ပါဦးလို့ အော်လို့ ကျုပ်လည်း အူယားဖားယား ပြေးအသွားမှာ အခန်းပေါက်နားက စာအုပ်စင်ကို ဝင်တိုက်ပြီး လဲပြိုကုန်ပါတယ်၊ ဟိုရုပ်ပျာတေးမ မိရွှေမော်က စာအုပ်စင်ပေါ်မှာ ကက်ဆက်တင်ထားတယ် ထင်ပါရဲ့၊ စာအုပ်တွေနဲ့လုံးထွေးကျလာတဲ့ကက်ဆက်ကို ကျုပ်တက်နင်း လိုက်တာ ကြွပ်ခနဲတောင် မြည်သွားတယ်၊ နမြောလိုက်တာတော်၊ အဲဒီ အချိန်မှာ နှင်းက ကျုပ်ကိုအော်ခေါ်ရင်း ဒယီးဒယိုင်နဲ့ လဲသွားလို့ ကျုပ် လည်း ကက်ဆက်ကို ဂရုမစိုက်နိုင်ဘဲ မနိုင်မနင်း ဝင်ပွေ့မိပါတယ်၊ တစ်အိမ်လုံးကိုလည်း အော်ဟစ်ပြီး ခေါ်မိပါတယ်။

အကုန်လုံး ပြေးလာကြတော့ နှင်းက မျက်လုံး ဖွင့်ကြည့် ပါသေးတယ်၊ ဘရန်ဒီထဲ ထည့်ထားတာသောက်မိတယ်၊ သူ့ကို တင် မောင်ကျော်သတ်တယ်လို့ပြောပြီး သတိလစ်သွားတာ ဆေးရုံကို အမီပို့

www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် မရတော့ပါဘူးတော်၊ ကံဆိုးမလေးခမျာ သတိကို ပြန်လည် မလာရှာတော့ဘူး၊ အသက်ပါ ပါသွားရှာတယ်။

သူ့ခမျာ တစ်သက်လုံး ကံဆိုးခဲ့ရတဲ့ ကံဆိုးမလေးပါတော်၊ ဟိုသူငယ် ဘာလို့များ ရက်ရက်စက်စက် သတ်ပစ်ချင်ရသလဲ ကျုပ်ဖြင့် စဉ်းစားလို့မရဘူး။

အစစ်ခံချက် (၅)

ကျွန်တော် ချစ်သောင်းပါ၊ ဦးချမ်းသာရဲ့ ရှေ့နေဆိုပါတော့ဗျာ။

ဟုတ်ကဲ့၊ အဲဒီနေ့က နှင်းက ကျွန်တော့်ကို ချိန်းထားပါတယ်၊ အလုပ်ကိစ္စလေး ပြောစရာရှိလို့ ညနေ လေးနာရီလောက် လာခဲ့ပါလို့ ပြောထားလို့ ကျွန်တော်သွားတာပါ၊ ကျွန်တော်က ချိန်းရင် ချိန်းတဲ့ အချိန်ကို တိတိကျကျ သွားတတ်ပါတယ်၊ အချိန်ကို လေးစားတတ်တာ ကျွန်တော့်ရဲ့ အကျင့်ပါ၊ လေးနာရီ မထိုးခင် သုံးမိနစ်လောက်အလိုမှာ ကျွန်တော်ရောက်ပါတယ်။

အိမ်ဘေးမှာ မော်နဲ့ လူတစ်ယောက်နဲ့ စကားပြောနေတာ တွေ့ပါတယ်၊ ကျွန်တော်လည်း သူတို့ကိုနှုတ်ဆက်ပြီး အိမ်ထဲဝင်ခဲ့ပါတယ်၊ နှင်းကို စာကြည့်ခန်းထဲမှာ တွေ့ရပါတယ်၊ နှင်းက ခုတလော သူ့သိပ် နေမကောင်းတဲ့အကြောင်း ပြောပါတယ်၊ နောက်ပြီး ဘဏ်မှာရှိတဲ့ လက်ကျန်ငွေတွေကို ကလေးနှစ်ယောက်ရဲ့ နာမည်နဲ့ ငွေစုလက်မှတ် ဝယ်ထားချင်တဲ့အကြောင်းပြောပါတယ်၊ ငွေစုလက်မှတ်ဝယ်ရင် အတိုး ဘယ်လောက် ရနိုင်သလဲ၊ ဘယ်လောက်ကြာလျှင် ဘယ်လောက်တိုးနိုင်သလဲ မေးပါတယ်၊ ကျွန်တော် ရှင်းပြနေတုန်းပဲ သူက မူးလိုက်တာလို့ ပြောပါတယ်၊ ခုနတုန်းက ဘရန်ဒီနဲ့ကြက်ဥနဲ့ သောက်လို့လား မသိ

www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ခေါင်းထဲမှာ လေးနေတာပဲလို့ပြောပြီး ဆက်ပြောပါဆိုလို့ ကျွန်တော်လည်း ငွေတန်ဖိုးတွေ တစ်နေ့တခြားကျနေတယ်၊ ရွှေဝယ်ထားတာက မကောင်းဘူးလားလို့ ဆက်ပြောမိပါသေးတယ်၊ သူလည်း စိတ်ဝင်တစား ဆက်ပြီးနားထောင်ပါတယ်။

လေးနာရီခွဲပြီးစလောက် ထင်ပါတယ်၊ သူဟာ ခေါင်းစိုက်ကျလာပြီး မမငွေကို အော်ခေါ်ပါတယ်၊ ကျွန်တော်လည်း ဘာလုပ်ရ ဘာကိုင်ရမှန်းမသိဘဲ ပျာယာခတ်သွားပါတယ်။

နှင်းက သူ့ကိုသတ်သွားတာ တင်မောင်ကျော်လို့ ပြောသွားတာကို ကျွန်တော်အသေအချာကြားလိုက်ရပါတယ်၊ သူသတိမလစ်ခင် စားပွဲပေါ်ကဖန်ခွက်တွေကို လက်ညှိုးထိုးပြသွားလို့ ကျွန်တော်လည်း အဲဒီဖန်ခွက်တွေကို ဘယ်သူမှမကိုင်စေဘဲ ဆိုင်ရာကို တယ်လီဖုန်းဆက်ပြီး ခေါ်ခဲ့ပါတယ်၊ ဒါဟာ ရာဇဝတ်မှု လူသတ်မှုဖြစ်တဲ့အတွက် ဖန်ခွက်ပေါ်က လက်ဗွေပုံစံတွေဟာ အရေးကြီးမယ်ဆိုတာ ကျွန်တော်နားလည် ပါတယ်။

အစစ်ခံချက် (၆)

ကျွန်တော်က ဆေးဆိုင်တာဝန်ခံ ဘလှပါ။

ဒီဘောက်ချာစာရွက်က ကျွန်တော်တို့ဆေးဆိုင်က ပေးလိုက်တဲ့ ဘောက်ချာ ဟုတ်ပါတယ်၊ သူကိုယ်တိုင် လာဝယ်တာပါ၊ သူဆိုတာ အဲဒီ ကိုတင်မောင်ကျော်ကို ပြောတာပါ၊ အိပ်ဆေးဆိုရင် ဆရာဝန်လက်မှတ်ပါမှ ကျွန်တော်တို့ ရောင်းရပါတယ်၊ အန္တရာယ်ဖြစ်စေနိုင်တဲ့ ဆေးမဟုတ်လားဗျာ၊ ဆိုင်မှာလည်း သိပ်မရှိတော့ပါဘူး နည်းနေပါပြီ၊ သူက ရုပ်ကလည်းချော၊ အပြောကလည်းကောင်း၊ အပြုံးကလည်း ချိုတာမို့ ကျွန်တော် သူလာဝယ်တာကို မှတ်မှတ်ရရ မှတ်မိနေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အစစ်ခံချက် (၇)

ကျွန်တော်က ဒေါက်တာအေးမောင်ပါ၊ ဟုတ်ပါတယ်၊ အဲဒီဆေးစာရွက်ကလေးက ကျွန်တော် ရေးပေးလိုက်တာပါ။

တင်မောင်ကျော်နဲ့ ကျွန်တော်နဲ့က ခင်တာကြာပါပြီ၊ ဒီကောင် အဲလေ သူပွေတာကိုလည်း သိပါတယ်၊ အဲ့ အဲဒီနှင်းဟာ ကျောင်းမှာတုန်းက သူနဲ့တွဲခဲ့ဖူးတာ ကျွန်တော်သိပါတယ်၊ သိပ်တော့ မကြာပါဘူး၊ လေးငါးခြောက်လတွဲပြီး ကွဲသွားကြပါတယ်။

သူက ရည်းစားသက်စေ့ ထားချင်တဲ့လူမျိုးပါ၊ နှင်း အိမ်ထောင်ကျသွားတာ ကျွန်တော်တို့ သိပါတယ်၊ တင်မောင်ကျော်လည်း နောက်ထပ် မိန်းကလေးတွေနဲ့ တွဲလိုက် ကွဲလိုက်နဲ့မို့ သူ့ကို 'အသည်းစားဘုရင်ကြီး' လို့တောင် ကျွန်တော်တို့အချင်းချင်း နောက်ပြီး ခေါ်ကြပါတယ်။

အခုနောက်ပိုင်း နှင်းနဲ့ပြန်ပြီးအဆက်အဆံရှိတာကိုတော့ ကျွန်တော် မသိပါဘူး၊ သူကလာပြီး ည ည အိပ်မပျော်လို့ အိပ်ဆေးလိုချင်တယ်ပြောပြီး ဆေးစာရေးခိုင်းပါတယ်၊ ကျွန်တော်က မှောင်ခိုကဝယ်ဖို့တောင် ပြောမိသေးတယ်၊ မှောင်ခိုက စိတ်မချရတဲ့အတွက် အတုမိမှာမို့ မဝယ်ချင်ဘူး၊ ဈေးလည်း ကြီးတယ်ဆိုပြီး အတင်းရေးခိုင်းနေလို့ ကျွန်တော်လည်း ရေးပေးလိုက်ပါတယ်၊ ကျွန်တော့်ထောက်ခံစာနဲ့ဝယ်ခဲ့တဲ့ဆေးဟာ ဒီလိုလူတစ်ယောက်သေဖို့အတွက်ဆိုရင် ကျွန်တော် ရေး မပေးပါဘူးဗျာ၊ ခုတော့ ကျွန်တော် တစ်သက်လုံး စိတ်မကောင်းဖြစ်နေရတော့မှာပေါ့။

ကျွန်တော်က အိပ်ဆေးဆိုတာ စွဲတတ်တယ်၊ သိပ်မသောက်နဲ့လို့ပြောတော့ သူက ပြုံးစပ်စပ်လုပ်နေပါတယ်၊ 'ဟေ့ကောင် မင်း ဘယ်သူ့အတွက်ဝယ်တာလဲကွ' ဆိုတော့ 'ဒီလိုပေါ့၊ မင်းတို့မသိပါဘူး' ဆိုပြီး

www.burmeseclassic.com

www.burmeseclassic.com



ရယ်နေပါသေးတယ်၊ သူ့ကြည့်ရတာ လူသတ်မယ့်သူနဲ့ မတူပါဘူးဗျာ၊ သူ လူသတ်ဖို့ ကြံစည်နေတယ်လို့ ကျွန်တော် မထင်ပါဘူး၊ သူဟာ သစ္စာမရှိ၊ နှမချင်းမစာတတ်တဲ့ လူပွေလူရှုပ်ဖြစ်ပေမယ့် လူသတ်သမား တော့ ဟုတ်မယ်မထင်ပါဘူး။

အစစ်ခံချက် (၈)

ကျွန်တော် မသတ်ဘူးဗျ၊ ကျွန်တော်မသတ်ဘူး၊ ဘုရားစူးစူး ကျမ်းစူးစူး၊ ကျွန်တော် လူမသတ်ဘူး။

မော်ကို လိုချင်လို့လည်း နှင်းကိုမသတ်ဘူး၊ နှင်းကို လိုချင်လို့ လည်း မော်ကိုမသတ်ဘူး၊ မော်ကိုလည်း ကျွန်တော် ရနိုင်သားပဲ၊ နှင်း ကိုလည်း ကျွန်တော် ရဖူးသားပဲ။

ကျွန်တော့်အိမ်ကို မော်လာတဲ့နေ့က နှင်းဆီ အဲ သူ့ကို ကျွန် တော်က နှင်းဆီလို့ ခေါ်ပါတယ်၊ နှင်းဆီက လိုက်လာပြီး ပြန်ခေါ်သွား ပါတယ်၊ မော်လည်း ငိုပြီး ပြန်ပါသွားတယ်၊ နောက်နေ့တော့ နှင်းက ကျွန်တော့်ဆီလာပါတယ်၊ မော့်ကို မဖျက်ဆီးပါနဲ့လို့ ပြောပါတယ်၊ ကျွန်တော်က သူ့ကိုနမ်းတော့ အစပိုင်းတော့ ရုန်းပါတယ်၊ နောက်တော့ မရုန်းတော့ပါဘူး၊ ဒါပေမယ့် ကျွန်တော်လိုချင်တဲ့အထိတော့ သူကခွင့် မပေးပါဘူး၊ နောက်တစ်နေ့လည်း ကျွန်တော့်ဆီ ဆက်လာပါတယ်၊ ည အိပ်မပျော်လို့ အိပ်ဆေးဝယ်ပေးဖို့ပြောပါတယ်၊ မော်ကလည်း သူ့ ကို စိတ်ဆိုးနေတယ်၊ နေရတာ စိတ်မပျော်ဘူးလို့ ပြောပါတယ်။

ကျွန်တော် နှင်းဆီကို ချစ်ပါတယ်၊ မော့်ကိုလည်း ချစ်ပါတယ်၊ မိန်းကလေး အတော်များများကိုလည်း ကျွန်တော် ချစ်တာပါပဲ၊ သူတို့ အကူအညီတောင်းရင် တတ်နိုင်သမျှတော့ လုပ်ပေးတာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီက မှောင်ခိုဈေးက အိပ်ဆေးတွေက အတုမိမှာစိုးလို့ ပြည်သူ့ဆိုင်က ဝယ်ပေးဖို့ပြောလို့ ကျွန်တော်လည်း အေးမောင်ဆီက ထောက်ခံစာတောင်းပြီး ရအောင်ဝယ်ခဲ့ပါတယ်။

ကံဆိုးချင်တော့ မော်က အင်းလျားမှာ ဆုံကြဖို့ပြောတဲ့နေ့က ကျွန်တော် အိပ်ဆေးဝယ်ထားတဲ့ နေ့ပါ၊ သူက ကျွန်တော့်အိတ်ထဲက ဆေးပုလင်းကိုဆွဲထုတ်ပြီး ဘာလုပ်ဖို့လဲ မေးနေသေးလို့ သင့်သလိုဖြေခဲ့ရပါတယ်၊ မော်နဲ့တွေ့ပြီးအပြန်မှပဲ နှင်းဆီနဲ့ချိန်းထားတဲ့ နန်ဆင်း ဟိုတယ်ကို ကျွန်တော် ဆက်သွားပါတယ်၊ အဲဒီမှာပဲ ဆေးပုလင်းလေးကို သူ့ကိုပေးလိုက်ပါတယ်၊ သူက သူ့ပိုက်ဆံအိတ် လှမ်းပေးပြီး ထည့်လိုက်ပါဆိုလို့ သူ့အိတ်ထဲကို ကျွန်တော်ကိုယ်တိုင် ထည့်ပေးလိုက်တာပါဗျာ။

ဟိုတစ်နေ့ကလည်း သူကလာခဲ့ပါ၊ စကားပြောရအောင်လို့ ခေါ်ထားလို့ ကျွန်တော် သွားတာပါ၊ မော်က အခန်းထဲဝင်မလာပါဘူး၊ စိတ်လည်း ကောက်နေပုံရပါတယ်၊ နှင်းက လိမ္မော်ရည်နဲ့တူတူ ဘရန်ဒီပါ ယူခိုင်းပါတယ်၊ ဖိုးဇော်က သူ့ဆွယ်တာ ထွက်ရှာပြီး မတွေ့တော့ နှင်းက သူရှာဦးမယ်ဆိုပြီး ထွက်သွားပါတယ်၊ ဘရန်ဒီစပ်ပေးပါလို့ ပြောခဲ့လို့ ကျွန်တော်ကိုယ်တိုင် ဘရန်ဒီနဲ့ ကြက်ဥနဲ့ ခေါက်ပေးပါတယ်၊ ဘာအိပ်ဆေးကိုမှ မထည့်ရပါဘူးဗျာ၊ ကျားသားမိုးကြိုး။

နှင်းက ပြန်ဆင်းလာတော့ ဆွယ်တာနဲ့ ရှောစောင်ယူလာပြီး သူကိုယ်တိုင်ထိုးတာဆိုပြီး ပြပါတယ်၊ ရှောစောင်လေးက အကွက်ကလေးတွေလှလို့ ကျွန်တော် သေချာကြည့်နေတုန်းပဲ ဘရန်ဒီကို သူ့ဘာသာ ယူသောက်ပါတယ်၊ နောက်ပြီး ခါးတယ်လို့ အော်ပါတယ်၊ လိမ္မော်ရည် ထပ်တောင်းပါတယ်။

လေးနာရီထိုးတော့ ကျွန်တော့်ကို ပြန်တော့လို့ပြောပါတယ်၊ နောက်ပြီး သူ့မျက်နှာဟာ ညှိုးပြီး ရုတ်တရက် မျက်ရည်တွေဝဲလာပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ သူ့နေရာက ထလာပြီး ကျွန်တော့်ကိုဖက်ပါတယ်၊ နမ်းပါတယ်၊ နောက်ပြီး သွားတော့လို့ပြောပါတယ်၊ သူလည်း သွားတော့မယ်လို့ ပြောပါတယ်၊ သူ ဘာပြောလဲ ကျွန်တော် ကောင်းကောင်းနားမလည်ပါဘူး။

ပြန်ထွက်လာတော့ ကျွန်တော့်စိတ်ထဲမှာ လေးနေပါတယ်၊ သူ့မျက်နှာလေးက ညှိုးလွန်းနေလို့ စိတ်မကောင်းလည်း ဖြစ်မိပါတယ်၊ ဒါကြောင့် မော်ကလုမ်းခေါ်တော့ ခါတိုင်းလို ရွှင်ရွှင်လန်းလန်းမရှိဘဲ ဖြစ်နေရတာပါဗျာ။

ညဦးပိုင်းကျတော့ ကျွန်တော့်ကို ရဲတွေလာဖမ်းတော့တာပါပဲ၊ ကျွန်တော့်တိုက်ပုံအင်္ကျီအိတ်ထဲမှာလည်း ဆေးပုလင်းလွတ်ကလေးတွေ့လို့ သိမ်းသွားတယ်။

ကျွန်တော် နားမလည်ဘူး၊ ဘာဖြစ်တာလဲ၊ နှင်းဆီကို ပေးလိုက်တဲ့ ဆေးပုလင်းက ဘာလို့ကျွန်တော့်အိတ်ထဲ ပြန်ရောက်နေသလဲ၊ နောက်ပြီး နောက်ပြီး အဲဒီပုလင်းပေါ်မှာ သူ့ရဲ့လက်ဗွေကို ဘာလို့ လုံးဝမတွေ့ရသလဲတော့ ကျွန်တော် နားမလည်ဘူး၊ ကျွန်တော်မသိဘူး၊ ကျွန်တော် အမှန်အတိုင်း ပြောတာပါဗျာ၊ အမှန်အတိုင်းပြောတာပါ၊ သူ့ကို ကျွန်တော် မသတ်ရပါဘူး၊ အဲဒီပုလင်းကလည်း သူ့ကိုပေးလိုက်တဲ့ ပုလင်းပါ၊ သူ့ပိုက်ဆံအိတ်ထဲကို ကျွန်တော်ကိုယ်တိုင် ထည့်ပေးလိုက်တဲ့ ဆေးပုလင်းပါ၊ ခုတော့ ကိုယ်ကျိုးနည်းပါပြီဗျာ၊ ကျွန်တော် လူသတ်သမားဖြစ်ရပြီပေါ့၊ ကျွန်တော့်ကိုဖက်ပြီးနမ်းတုန်းက သူ ကျွန်တော့်အိတ်ထဲ ပြန်ထည့်ပေးလိုက်တာနေမှာပါ အရုပ်ကရိုရာ၊ နှင်းဆီကို ကျုပ်မသတ်ရပါဘူး၊ နှင်းဆီက ကျုပ်ကို သတ်သွားတာပါဗျာ၊ ကျုပ်တော့ နှင်းဆီဆူး စူးခံရပြီ၊ စူးတာမှ သေအောင်ကို စူးခံရတော့မယ် ထင်ပါရဲ့ဗျာ။

*

www.burmeseclassic.com

www.burmeseclassic.com



“ငါမယုံနိုင်ဘူး အေးမောင်၊ ငါ နည်းနည်းမှမယုံနိုင်ဘူး၊ ငါ့ညီ ကျော်ဟာ ဒီအထိပဲ ရက်စက်သလား၊ လင်ပါသမီးကို လိုချင်လို့ ကြားကရှုပ်နေတဲ့ မိထွေးကို ဒီလိုနည်းနဲ့ ရှင်းပစ်တတ်သလား”

အစ်ကိုမောင်သည် လေးငါးခြောက်လ တစ်နှစ်ပိုင်းအတွင်း၌ ပင် အများကြီး အိုစာသွားသည်။ ဒေါက်တာအေးမောင်သည် ငူငူကြီး ထိုင်နေရင်းမှ သက်ပြင်းကြီးကို ဟင်းခနဲချလိုက်သည်။

“မဟုတ်ပါဘူးဗျာ၊ ဒီကောင်သတ်လားမသတ်လားတော့ ကျွန်တော်မပြောတတ်ဘူးပေါ့လေ၊ တကယ်လို့သူသတ်တာဆိုရင် ဆေး ပုလင်းကို အိတ်ထဲမှာ ဒီတိုင်းပြန်ထည့်လာတာကတော့ ဦးနှောက် နည်းလွန်းအားကြီးတယ်၊ ဘောက်ချာစာရွက်ကိုလည်း ခေါင်းအုံးအောက်မှာ ထိုးထည့်ထားတယ်တဲ့ဗျာ၊ အားလုံးက လက်ပူးလက်ကြပ်နဲ့အသေအချာ ကို သွေးအေးအေးနဲ့ ကြံစည်ပြီးသတ်တဲ့ လူသတ်မှုဖြစ်နေတယ်၊ ဒီဆေး ပုလင်းက နှင်းကို သူပေးလိုက်တာပါတဲ့၊ ပြောသာပြောတယ်၊ လက်ဗွေ တွေ စစ်ကြည့်တော့ နှင်းရဲ့လက်ဗွေကို လုံးဝမတွေ့ရဘူး၊ ကဲ သူ့စကား ကို ဘယ်သူ ယုံတော့မှာလဲ”

www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုမောင်သည် ခေါင်းငိုက်စိုက်နှင့် အခန်းထောင့်တွင် ရှိသော အိပ်ရာလေးကိုငေးစိုက်ကြည့်နေသည်။ တင်မောင်ကျော်၏ ခုတင် လေးဖြစ်သည်။ သူ့ခမျာ သူ့သခင်နှင့်ဝေးခဲ့ရသည်မှာ တစ်နှစ်ခန့်ပင်ရှိ ပေပြီ။

"သူ့အတွက် လွတ်လမ်းမရှိသေးရဲ့လား အေးမောင်ရာ"

"နယ်က ကျဉ်းကျဉ်းလာပြီ အစ်ကိုမောင်၊ ဆရာဝန် ဆေးစစ်ချက်ကလည်း အိပ်ဆေး တစ်ပုလင်းလုံးနီးပါးလောက် ကုန်အောင် သောက်မိတဲ့အတွက်ကြောင့် သေရတယ်လို့ တိတိကျကျ ပြောထားတာကိုး"

"ဘရန်ဒီကလည်း သူက စပ်ပေးတယ်တဲ့"

"အမှန်က တော်ရုံဆိုရင် အိပ်ဆေးကိုသောက်တဲ့သူ မသိအောင် တိတ်တိတ်ဖျော်ပြီးတိုက်ဖို့ မလွယ်ပါဘူးဗျာ၊ ဒါပေမယ့် ဘရန်ဒီကလည်း နဂိုက ခါးခါးဆိုတော့ အိပ်ဆေးဖျော်ထည့်ထားတာ မသိနိုင်ဘူး ဖြစ်သွားရတာပေါ့၊ နှင်းကလည်း ခါးလိုက်တာဆိုပြီး လိမ္မော်ရည်တောင် ထပ်တောင်းပြီးသောက်ရသေးသတဲ့၊ ဖန်ခွက်ပေါ်မှာလည်း မမြမေရဲ့လက်ရာရယ်၊ နှင်းရယ်၊ တင်မောင်ကျော်ရယ် သုံးယောက်လက်ရာပဲတွေ့တယ်၊ မမြမေက ပြင်ဆင်ပြီး ပို့ပေးတဲ့သူ၊ အဲဒီတုန်းက ဖန်ခွက်ကအလွတ်၊ ဖန်ခွက်ထဲမှာ ဘရန်ဒီစပ်ပေးတာကတော့ တင်မောင်ကျော်၊ နောက်ပိုင်းလည်း အခန်းထဲမှာ ဘယ်သူမှ မဝင်တော့ဘူးဆိုတော့ သူ့အတွက်က အခြေအနေ အတော်ဆိုးသွားရတာပေါ့ အစ်ကိုမောင်ရာ၊ ဖန်ခွက်ထဲမှာလည်း အိပ်ဆေးမှုန့်တွေ ကပ်ကျန်နေရစ်တာ စစ်ကြည့်တော့ တွေ့ရသေးတယ်လေ၊ နောက်ပြီး နှင်းကလည်း မသေခင်မှာလည်း သူ့ကိုတိုက်ရိုက်စွပ်စွဲသွားတာကိုး"

"ဘယ်သူ စွပ်စွဲစွပ်စွဲ ငါမယုံဘူးကွ"

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာအေးမောင်က ညည်းညည်းညူညူ ပြောနေစဉ် အစ်ကိုမောင်သည် အသံကြောင်ကြီးနှင့် ရုတ်တရက် ထ အော်လိုက်သည်။

"ဘယ်သူယုံယုံမယုံယုံ၊ ငါညီစကားကို ငါယုံတယ်ကွ"

ထိုနောက် စားပွဲဝိုင်းပုပုလေးကို ခြေနှင့်ဆောင့်ကန်လိုက်သည်။ သောကဗျာပါဒများ ဖိစီးခြင်းခံနေရသော အစ်ကိုမောင်သည် နဖူးရေများ ရှုံ့တွနေပြီး မျက်လုံးများ မှုန်ဝေကျဉ်းမြောင်းနေသည်။

လေ့ကားထစ်တွင် ဝပ်နေသော ခွေးကြီးမိုးမှောင်သည် သူ့သခင်ကို မျက်လုံးအဝိုင်းသားနှင့် မော်ကြည့်သည်။ အမြီးတဖွားဖွားကို တစ်ချက်နှစ်ချက် လှုပ်ခတ်ကာ သူ့ရှေ့ခြေကို သူ့လျှာနှင့်လျက်နေလေသည်။

ဒေါက်တာအေးမောင်သည် ဘာမှဆက်မပြောဘဲ အစ်ကိုမောင် ဆောင့်ကန်လိုက်သော စားပွဲဝိုင်းလေးကို ငေးကြည့်နေသည်။ ပေါ်လစ်ရောင် မပြောင်တော့သော စားပွဲလေးသည် အရောင်မှေးမှိန်ကာ မည်းညစ်ညစ် ဖြစ်နေလေသည်။

"သူမသတ်ရင် ဘယ်သူသတ်မလဲ အစ်ကိုမောင်၊ မော်လား၊ ဇော်လား၊ ဒါမှမဟုတ် ကြီးငွေလား၊ မမြမေလား"

"မသိဘူးကွ၊ မသိဘူး"

ပြတင်းပေါက် ထောင့်တစ်နေရာတွင် ပင့်ကူမည်းမည်းလေးသည် အိမ်ဆောက်လျက် ရှိသည်။ အစ်ကိုမောင်သည် နီကြင်နေသော မျက်လုံးများနှင့် ပင့်ကူအိမ်လေးကိုငေးကြည့်နေသည်။ စိတ်တွေချောက်ချားကာ အစ်ကိုမောင်တစ်ယောက် အိမ်ကို မရှင်းဖြစ်သည်မှာပင် ကြာလှချေပြီ။ တစ်ဦးတည်းဖြစ်သလို နေ နေသဖြင့် တစ်အိမ်လုံး ပွရောင်းလျက် ရှိသည်။ ကြမ်းများသည်လည်း သဲရှပ်ရှပ်ဖြစ်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှေ့အပတ် စီရင်ချက်ချတော့မှာနော် အစ်ကိုမောင်"

"အေး"

ဒေါက်တာအေးမောင်သည် သက်ပြင်းရှိုက်လိုက်မိသည်။ စီရင်ချက်ဟူသော အသံကိုကြားရရုံနှင့် အစ်ကိုမောင်တော့ မပြောတတ်ချေ။ သူကိုယ်တိုင်က သူ့ရင်ထဲတွင် အလိုလိုကတုန်ကယင်ဖြစ်လာလေသည်။

"ငကျော် သတ်တယ်လို့ မင်းထင်သလား အေးမောင်"

"မသိဘူး အစ်ကိုမောင်ရာ"

"မင်းကတောင် သူ့ကို မယုံတော့ဘူးလားကွာ၊ မင်း သူငယ်ချင်းကို မင်းကစပြီးတော့ မယုံတော့ဘူးလား အေးမောင်ရာ"

အစ်ကိုမောင်က ကြေကြေကွဲကွဲကြီးနှင့် မကျေမနပ်ပြောလေသည်။ ဒေါက်တာအေးမောင်သည် ဘာမှပြန်မပြောဘဲ ပြတင်းပေါက်မှ ပင့်ကူအိမ်လေးကို ငိုင်ငိုင်ကြီးငေးကြည့်နေသည်။ တင်မောင်ကျော်သည် သူ့သူငယ်ချင်း ဖြစ်ပါသည်။ သူနှင့်လည်း ရန်ငြိုးမရှိပါ၊ ခင်လည်းခင်ပါသည်။ သို့သော် တင်မောင်ကျော်ပြောသမျှစကားကိုတော့ အစ်ကိုမောင့်လို မယုံကြည်နိုင်ချေ။ တင်မောင်ကျော် လူသတ်သမားဟု တထစ်ချ မစွပ်စွဲလိုသော်လည်း သူ့တွင် အပြစ်မရှိဟူ၍လည်း ယုံကြည်ရန် ခဲယဉ်းနေပြန်သည်။

"မင်းတို့အားလုံး ဟင်း မင်းတို့အားလုံး ငါ့ညီကို ကြိုးစင်ဝိုင်းပို့ကြတော့မှာပေါ့၊ ကြိုးစင်ကို တွန်းပို့နေကြပြီပေါ့လေ"

အစ်ကိုမောင်သည် အက်ကွဲသောအသံကြီးနှင့်ပြောရင်း နေရာမှ ဝုန်းခနဲ ထလိုက်သည်။ တောက်တစ်ချက်ခတ်ကာ စားပွဲဝိုင်းကလေးကို တအား ဆောင့်တွန်းပစ်လိုက်သည်။ စားပွဲလေးသည် တလိမ့်ခေါက်ကွေး လဲသွားပြီး အခန်းထောင့်သို့ လိမ့်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပင့်ကူအိမ်တွင် ယင်ကောင်လေး တစ်ကောင် မိသွားသည်။ လှုပ်ရှားရုန်းကန်နေသော ယင်ကောင်ငယ်ကြောင့် ပင့်ကူအိမ်လေးသည် တသိမ့်သိမ့်လှုပ်နေလေသည်။

*

www.burmeseclassic.com

www.burmeseclassic.com



"မော် ထမင်းမစားသေးဘူးလား"

"ဟင့်အင်း"

မော်သည် အိပ်နေရာမှမထဘဲ ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်သည်။ နှုတ်ခမ်းလေးများသည် ဖြူရော်ပြီး မျက်နှာကလေးချောင်နေသည်။

"ကြီးငွေကောဟင်"

"ဘုရားခန်းမှာ တရားထိုင်နေတယ် မော်ရေ၊ နှင်းဆီပန်းတွေ ဘုရားကပ်ထားတာလည်း ကြိုင်လှိုင်နေတာပဲ"

"ဒီနေ့ မမနှင်းဆုံးတာ ဆယ့်တစ်လပြည့်ပြီကိုး"

မော်သည် အသံတိမ်တိမ်လေးနှင့်ပြောရင်း မျက်လုံးမှိတ်ထားလိုက်သည်။ မော့်မျက်လုံးထောင့်မှ စီးကျသောမျက်ရည်များကို တွေ့သောအခါ မမြမေသည်လည်း မျက်ရည်များလည်လာသည်။

"ဒီနေ့ စီရင်ချက်ချမှာနော်"

"ဟုတ်တယ်မော်"

"ကိုဇော်တစ်ယောက်တည်း သွားလား"

www.burmeseclassic.com

www.burmeseclassic.com



"ဦးချစ်သောင်း ပါ ပါတယ်မော်၊ မော် ထမင်းမစားချင်ရင် ကော်ဖီနဲ့မုန့်လေးစားပါလား"

"ဘာမှမစားချင်ပါဘူး မမြမေရယ်"

မော်သည် မျက်လုံးကိုဖွင့်မကြည့်ဘဲရှိက်သံလေးနှင့်ဖြေသည်။ ဖြူဖျော့သော နှုတ်ခမ်းလေးများသည် တဆတ်ဆတ်တုန်ယင်နေလေသည်။

မမြမေသည် ဘာမှမပြောဘဲ ခွေခွေလေး အိပ်နေသော မော့်ကို ကရုဏာမကင်း စိုက်၍ ကြည့်နေမိလေသည်။ အခုတော့ မော်သည် ကလေးဆန်သော၊ ရွှင်သော၊ သွက်သော မိမော်လေး မဟုတ်တော့ပေ။ တွေးတတ်သော၊ ဆွေးတတ်သော၊ ငေးတတ်သော မော် ဖြစ်နေချေပြီ။

"ဘဝဆိုတာ ဒီလိုပဲ မော်ရေ အသက်တစ်ရာမနေရပေမယ့် အမှုတစ်ရာကတော့ တွေ့ရတာပဲ"

"မော်တော့ အသက်တစ်ရာလည်း မနေချင်ဘူး၊ အမှုတစ်ရာလည်း မတွေ့ချင်ဘူး၊ အို မမြမေရယ် မော်လေ လူတွေနဲ့လည်း မတွေ့ချင်တော့ပါဘူး"

မော်သည် တုန်တုန်ယင်ယင်လေးပြောသည်။

ထုံသင်း မွှေးကြိုင်နေသော ပန်းရနံ့သည် ဘုရားခန်းအတွင်းမှ လျှံ၍ထွက်လာသည်။ လေပြေအေးကပန်းရနံ့ကိုသယ်ဆောင်လာသည်။ မမြမေသည် ပြတင်းပေါက်များကို အကုန်တွန်းဖွင့်ကာ ခန်းဆီးများကို ပါ ဆွဲ၍သိမ်းလိုက်သည်။ ခပ်ကြမ်းကြမ်းလေး ပြေးဝင်လာသော လေများက မော့်ဆံပင်အိအိထွေးထွေးများကို ဖွကစားသွားကြသည်။

"မော့်မှန်တင်ခုံပေါ်က ပန်းလေးတွေ ခြောက်နေပြီ၊ ပစ်လိုက်တော့မယ်နော် မော်"

မော့်မှန်တင်ခုံပေါ်က ဖန်ပန်းအိုးပြာပြာလေးကို မမြမေကယူ

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ နှင်းဆီပန်းနီနီလေးနှစ်ပွင့်သည် ညှိုးပြီး ညိုမည်းနေသည်။

"နှင်းဆီပန်းပဲ ထပ်ထိုးပေးပါနော် မမမြမေ"

"အေးပါကွယ်"

"ဆူးတွေ မခြွေရဘူးနော်"

"အေးပါ မော်ရယ်"

မမြမေက သက်ပြင်းရှိုက်ကာ ပြောသည်။ မော်သည် ခွေခွေကလေးအိပ်နေရင်းမှ ညှိုးခြောက်နေသော နှင်းဆီပန်းလေးနှစ်ပွင့်ကို ငေးပြီး ကြည့်နေလေသည်။

"မော် ဘာမှမစားဘဲနေရင် ကြီးငွေဆူနေဦးမယ်"

"ဆူစမ်းပါစေ မမမြမေရယ်"

မော်က ထုံပေပေလေးပြောသည်။ သူ့ကို ကြီးငွေရော ကိုဇော်ကရော မျက်ခြည်မပြတ် ဂရုစိုက်နေကြသည်။ ထိုနောက် တဖျစ်တောက်တောက်နှင့်လည်း ဆူပူတတ်သည်။ အပြစ်ရှိသော ကလေးငယ်ကို ရိုက်လည်းရိုက်ချင် ရိုက်လည်းမရိုက်ရက်နှင့် ဒေါသတွေ တကျိတ်ကျိတ်ထွက်နေသော မိခင်ကဲ့သို့ ခံစားနေကြရဟန်တူသည်။ မော်ကတော့ ထုံနေပြီ၊ ပေနေပြီ။ တစ်ခါတစ်ရံ ပြန်လည် ရန်တွေ့တတ်သည်။ တစ်ခါတစ်ရံလည်း နားမကြားသူလို ငေးနေတတ်လေသည်။

"မော် မနက်က ထမင်းကြော်စားထားသားပဲ၊ ရင်လည်း ပြည့်နေလို့ ပါ၊ ကိုဇော်ကလည်း ကြာလိုက်တာနော်"

မော်သည် ခပ်ညည်းညည်းလေး ပြောလေသည်။ စိတ်လှုပ်ရှားမှုကို သည်းမခံနိုင်တော့သလို လက်သီးလေးကို တင်းတင်းကျပ်ကျပ်ဆုပ်ထားရင်း အောက်နှုတ်ခမ်းလေးကို ဖိကိုက်ထားလိုက်သည်။

"ဟော မိုးတွေရွာလာပြီ"

ကောင်းကင်ပြာပြာသည် ရုတ်တရက် မိုးသားများတက်ကာ

www.burmeseclassic.com

www.burmeseclassic.com



အုံ့မှိုင်းလာသည်။ မိုးစက်မိုးမှုန်များသည် အချင်းချင်းလက်တွဲကာ တဝုန်းဝုန်း တဒိုင်းဒိုင်းနှင့် ခုန်ဆင်းလာကြသည်။

မိုးစက်မိုးမှုန်လေးများကို ငေးကြည့်ရင်း မော်သည် အင်းလျား ကို သတိရလာသည်။ သူ့အရယ်၊ သူ့အပြုံး၊ သူ့အပြောလေးများကို ကြားယောင် မြင်ယောင်ပြီး လှိုင်းမူးသလို ဖြစ်လာပြန်သည်။ ခုတော့ မော်သည် သူ့ကိုမုန်းပါသည်။ မော်မုန်းပါသည်ဟု မော်သည် သူ့စိတ်ကို သူအော်ပြီး ပြောနေမိသည်။ မော့်ရင်ထဲတွင်လည်း လှိုက်မောပြီး မွန်း လာသည်။

"မိမော်"

ကိုဇော်သည် အခန်းတွင်းသို့ ခြေလှမ်းဖွဖွလေးနှင့် လှမ်းဝင် လာရင်း ခေါ်သည်။

ဇော့်အသံကိုကြားရသောအခါ မော်သည် မျက်လုံးကိုဆတ်ခနဲ ဖွင့်ကြည့်ကာ လူးလဲထလိုက်သည်။ မော့် မျက်လုံးလေးများက မေးခွန်း တစ်ခုတည်းကိုပင်အထောင်အသောင်းထပ်ခါတလဲလဲမေးနေလေသည်။

"သေစားသေစေတဲ့"

ဇော်သည် အရည်လည်နေသော မျက်လုံးများနှင့် မိုးမှုန် ကလေးများကို ငေးကြည့်ရင်း ခပ်တိုးတိုး ပြောသည်။

မွေ့ရာပေါ်တွင် ခင်းထားသော အိပ်ရာခင်းဖြူဖြူလေးနှင့် မော့် အသားသည်တစ်ရောင်တည်းဖြစ်လောက်အောင်ပင်ဖွေးဆုတ်သွားသည်။

"ကောင်းတယ်၊ မမနှင်းကိုသတ်တဲ့ လူသတ်သမား သေတာ ကောင်းတယ်"

မော်သည် ပြုံးရယ်ကာ ဝမ်းသာအားရ ပြောသည်၊ သို့သော် မျက်ရည်များက မျက်လုံးအိမ်မှ အလုအယက်ပြေးဆင်းလာကြသည်။ နှုတ်ခမ်းလေးများက ပြုံးကာ မျက်လုံးများက ဝမ်းပန်းတနည်း ငိုကြွေး

www.burmeseclassic.com

www.burmeseclassic.com



နေသော မော့်ကို ကရုဏာနှင့်ကြည့်ရင်း ဇော်သည် သက်ပြင်းရှိုက်လိုက်သည်။

"တော်ပါတော့ ညီမရယ်၊ ဒီအကြောင်းတွေကို တို့စိတ်ထဲက လုံးဝပျောက်တဲ့အထိ ဖျောက်ပစ်ကြရအောင်"

*

www.burmeseclassic.com

www.burmeseclassic.com



ခုတော့ မော် လူကြီးဖြစ်ပြီ။

ရင့်လည်း ရင့်ကျက်လာပြီ။

အချစ်ရူးမလေး မော် မဟုတ်တော့ချေ။

တစ်ဖွတ်ထိုးမလေး မော်လည်း မဟုတ်တော့ချေ။

နွဲ့ခြင်း၊ ဆိုးခြင်းလည်း မရှိတော့ဘဲ တည်ငြိမ်အေးဆေးလာရန် သူ့ဘဝက သူ့ကိုသင်ပြခဲ့ပြီးဖြစ်သည်။

"နှင် အဲဒီပန်းချီလေးဆွဲနေတာ ကြာလှပြီ မော်၊ ခုထိလည်း အဆုံး မသတ်သေးဘူး"

ဖော်သည် ဆူးများနှင့် ရံထားသော နှင်းဆီပန်းပုံလေးကိုကြည့်ကာ ပြောသည်။ မော်သည် ပန်းချီကားချပ်လေးကို ကောက်ယူကာ နေရောင်တွင် ထောင်ကြည့်လိုက်သည်။ ထိုကားချပ်လေးကိုကြည့်ရင်း အပြန်အလှန် စကားနိုင်လုနေသော မမနှင်းနှင့် အစ်ကိုကျော်တို့၏အသံကို ကြားယောင်လာသည်။

"ဆူးတွေက နှင်းဆီအလှကို ဖျက်တယ်ကွာ"

"ဆူးမပါရင် နှင်းဆီဟာ သဘာဝမကျဘူး မော်"

www.burmeseclassic.com

www.burmeseclassic.com



"ဆူးမပါမှ ကောင်းတာနော် ချာတိတ်"

"ဆူးတွေကြောင့်ကို ပန်းချီကားလေးက အသက်ဝင်နေတာ သိလား မော်လေး"

မော်သည် ခေါင်းကို ရုတ်တရက် ခါယမ်းကာ ပန်းချီကားကလေးကို အခန်းထောင့်သို့ လွှင့်ပစ်လိုက်သည်။

ဇော်သည် အံ့သြသွားဟန်ရှိသော်လည်း ဘာမှမပြောပေ၊ နက်ဖြန်နံနက်ကျလျှင် အစ်ကိုကျော်သည် လူသတ်မှုနှင့် အပြစ်ပေးခံရတော့မည် ဖြစ်သည်။ သူရောမော်ရော ထိုအကြောင်းကိုသိထားကြလေသည်။ သို့သော်လည်း အတင်းကြိုးစားပြီး မေ့ထားကြသည်။ တစ်ဦးနှင့် တစ်ဦး စကားစဖော်မပေးဘဲ ဖွတ်အတင်းမေ့ချင်ဟန်ဆောင်နေမိကြလေသည်။

မော်သည် အခန်းထောင့်သို့ ဒိုင်ဗင်ထိုးကာ ရောက်သွားသောပန်းချီကားချပ်လေးကို တွေတွေဝေဝေ ဆက်ကြည့်နေသည်။

"သြော် မော်ရေ၊ နင့်ကို ပြောရဦးမယ်"

"ဘာလဲ"

"မနေ့တုန်းက အေးသီတာဆေးတိုက်က ဆရာဝန်နဲ့ငါနဲ့ ရုပ်ရှင်ရုံအောက်မှာတွေ့တယ်၊ မမနှင်း ဒူးဆစ်ကနာလို့ ဆေးတိုက်သွားပြတုန်းက ငါလည်း လိုက်သွားဖူးတယ်လေ၊ ဆရာဝန်က ငါ့ကို မမှတ်မိဘူး၊ ငါက သွားနှုတ်ဆက်တော့မှ စဉ်းစားမိလာတယ်"

"အင်း"

"သူက မမနှင်းနဲ့ ငါနဲ့ကို မောင်နှမ မှတ်နေတာကိုး၊ မင်းအစ်မရော ခြေထောက် ဖြတ်လိုက်ရသလားတဲ့၊ ဘယ်လိုနေသေးလဲတဲ့"

"ဘာ"

မော်သည် အလန့်တကြားလေး လှည့်ကြည့်လိုက်သည်။ ဇော် ကလည်း မျက်မှောင်ကြီးကုတ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါလည်း အူကြောင်ကြောင် ဖြစ်နေတာပေါ့၊ ဒီတော့မှ မင်း အစ်မရဲ့ ခြေထောက်က အရိုးကင်ဆာ ဖြစ်နေတယ်၊ ငါဆေးရုံတက်ဖို့ ပြောလိုက်တယ်လို့ ပြောတယ်၊ ငါက မမနှင်းဆုံးပြီဆိုတော့မှ သူလည်း စိတ်မကောင်း ဖြစ်နေတယ်၊ သတင်းစာထဲမှာလည်း မမနှင်းပုံက ဝါး နေတော့ သူက မသိဘူးတဲ့၊ သူက မမနှင်းကို ကောလိပ်ကျောင်းသူ အပျိုလေးအောက်မေ့နေတာကိုး၊ လူနာ နာမည်လည်း သူက မှတ်မိတာ မှ မဟုတ်တာဘဲ"

"အရိုးကင်ဆာ"

"အေး အရိုးကင်ဆာ ဖြစ်နေတာတဲ့၊ ဒါကြောင့် အဲဒီတလော က မမနှင်း မရွှင်တာ ဖြစ်ချင်ဖြစ်နေမှာ"

"မော်တို့ကိုလည်း မပြောဘူး"

"စိတ်မကောင်းဖြစ်မှာစိုးလို့ ထင်ပါရဲ့ဟာ"

ဇော်က ကြိုးစား၍ပြုံးလိုက်ရင်း မော့်ခေါင်းကိုပုတ်လိုက်သည်။ ထိုနောက် ပြတင်းပေါက်ပေါင်ပေါ်တွင် ဝင်ထိုင်လိုက်သည်။ ပေါင်ပေါ် တွင် ခွ၍ထိုင်ရင်း သည်အိမ်ကြီးသို့ နှင်းရောက်လာမည်ဟု ဆိုစဉ်က လည်း သည်အခန်းလေးထဲတွင်ပင် မော့်ကိုသူလာပြီးအသိပေးခဲ့ကြောင်း ကို သတိရနေမိလေသည်။ ပြီးခဲ့သော အချိန်များသည် အိပ်မက်များ သဖွယ် မေးသည်ကမေး၊ မှိန်သည်ကမှိန်၊ ထင်ရှားပေါ်လွင်သည်များက လည်း ထင်ရှားနေလေသည်။ အတိတ်အိပ်မက်ဆိုးကို အတွေးထဲတွင် ချာချာလည် မြင်ယောင်နေမိသည်။

ဘုရားခန်းအတွင်းမှ ကြေးစည်သံလေးများကပျံ့လွင့်ပြီး ထွက် ပေါ်လာသည်။ ကြီးကြီးငွေပင် ဘုရားရှိခိုး၍ ပြီးလေပြီ။ မမနှင်း ဆုံးပြီး သည့်နောက်ပိုင်းတွင် ကြီးကြီးငွေသည် ဘုရားတရားကို ပိုမို၍အာရုံ စူးစိုက်လာလေသည်။ ဘုရား ဝေယျာဝစ္စများကို တစ်ဦးတည်း ဒိုင်ခံ

www.burmeseclassic.com

www.burmeseclassic.com



လုပ်၍ အချိန်ဖြုန်းတတ်လာသည်။

"ကြီးငွေတောင် ဘုရားရှိခိုးပြီးပြီမော်၊ နင် မအိပ်သေးဘူးလား"

"အိပ်ရာထဲကို ဝင်ရမှာကြောက်နေတယ် ကိုဇော်ရယ်"

"ဘာဖြစ်လို့လဲ"

"အိပ်ပျော်မှာမှ မဟုတ်တာ"

"သူ့အပြစ်နဲ့သူသွားတာပဲ မော်ရယ်၊ သူ့အပြစ်သူ ခံရမှာပဲ၊ စိတ်ထဲကဖျောက်ထားလိုက်ပါ ညီမရယ်"

မော့်ဆံစလေးများကို သပ်တင်ပေးရင်း ဇော်ကဖျောင်းဖျသလို ပြောသည်။ ယောကျ်ားလေးများနှင့်တစ်ခါမျှ ရင်းရင်းနှီးနှီး မဆက်ဆံဖူးသောကြောင့်သာ မော်သည် အစ်ကိုကျော်ကို ဤမျှထိ အရူးအမူးစွဲလမ်းမိခြင်းဖြစ်သည်ကို ဇော် နားလည်လာသည်။ ထိုသို့ နားလည်လာသောအခါ၌ သူ့ညီမကို တွန့်တိုပြီး ကြားမှကာဆီးကာဆီး လုပ်ခဲ့မိသည်များကို နောင်တ ရလာသည်။ အကယ်၍သာ မော်သည် ယောကျ်ားတို့အကြောင်းကို အနည်းအပါး သိလေလျှင် အစ်ကိုကျော်၏ စရိုက်ကို သရုပ်မှန်အတိုင်း မြင်အောင် စောစောကတည်းက အကဲခတ်နိုင်လိမ့်မည်ဖြစ်သည်ဟု တွေးလာမိသည်။

"ကြည့်စမ်း မော်၊ အပြင်မှာ လသာနေတယ်"

"ဟုတ်လား"

မော်သည် ပြတင်းပေါက်နားအထိလျှောက်လာကာ ဇော့်ဘေးတွင် လာရပ်သည်။ လပြည့်ဝန်းကို ငေးငေးလေးမော်ကြည့်ရင်း မျက်ရည်ဝဲလာသည်။

"သီချင်းဆိုပါလား မော်ရာ၊ ခုလို လသာသာဆိုရင် အရင်တုန်းက နင် စာမကျက်ဘဲ သီချင်း ဆိုဆိုနေတာလေ၊ ဖေဖေတောင် တစ်ခါလာဆူရသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဇော်သည် ပြတင်းပေါက်ပေါင်ပေါ်မှာ ကုန်းပြီး ညမွှေးပန်းလေး တစ်ခက်ကို လှမ်းပြီးချိုးယူလိုက်သည်။

“သီချင်းဆိုဖို့နေနေသာသာ ကိုဇော်ရာ၊ မော် သီချင်းတောင်နားမထောင်ချင်တာ ကြာလှပေါ့”

“နားထောင်ရအောင်ဟာ၊ ဟိုနေ့က ငါထပ်ဝယ်လာတဲ့ ကက်ဆက်ရော အသံကြည်ရဲ့လား၊ ကောင်းရဲ့လား”

ဇော်သည် ညမွှေးပန်းခက်ကလေးကို ရှုက်နမ်းလိုက်ရင်း စားပွဲပေါ်မှ ကက်ဆက်ကလေးကို လှမ်းပြီးကြည့်သည်။ မော့်ကက်ဆက်ကလေး ကွဲအက်သွားပြီးသည့်နောက်ပိုင်းတွင် ပြင်လည်းမပြင်ဖြစ်၊ အသစ်လည်းမဝယ်ဖြစ်နှင့် စတီရီယို တေးလောကနှင့် အတော်ကလေး အဆက်ပြတ်သွားလေသည်။ မော်ကလည်း မောင်နှမနှစ်ဦးပိုင်ကို တစ်ဦးတည်း မောင်ပိုင်စီးထားသော သူ့အသည်းစွဲ ကက်ဆက်ကို လှည့်၍ပင်မကြည့်တော့ချေ။ ချောင်ထိုးထားလိုက်လေသည်။ အရင် တစ်ပတ်ကမူ ဇော်သည် ကက်ဆက်အသစ်လေး တစ်လုံးကိုထပ်ပြီးဝယ်လာခဲ့သည်။ သူ့ညီမမော်ကို ယခင်ကအတိုင်းပင် မျက်နှာလေးရွှင်ရွှင်၊ သီချင်းလေး တညည်းညည်းနှင့် ပြုံးပျော်စေချင်သောကြောင့် ဖြစ်သည်။

“မော် တစ်ခါပဲ ဖွင့်ကြည့်ဖြစ်သေးတယ်”

“အသံကြည်ရဲ့လားဟင်”

“ကြည်ပါတယ်”

“နင်ဘာသီချင်းဖွင့်ကြည့်တာလဲ ပုလဲလား၊ စိုးပိုင်လား၊ စိုင်းထီးဆိုင်လား၊ သီချင်းသစ်အခွေတွေ ငါဝယ်လာခဲ့သေးတယ်လေ”

ဇော်သည် တတ်သမျှ မှတ်သမျှ အမည်များကို ရွတ်၍ မေးသည်။ ခေတ်လူငယ်ပင်ဖြစ်သော်လည်း ဇော်သည် သီချင်းဂီတကို မော့်လောက် ဝါသနာမထုံသောကြောင့် မည်သည့်သီချင်းကို မည်သူသီဆို

www.burmeseclassic.com

www.burmeseclassic.com



သနည်း ယောင်ဝါးဝါးလောက်သာ သိသည်။ မော့်စိတ်ကလေး ရွှင်လာစေရန်ရည်ရွယ်ပြီး ဟိုပြော သည်ပြော လျှောက်ပြောနေခြင်းဖြစ်သည်။

"ဘာသီချင်းမှ မဟုတ်ဘူး"

မော့်မျက်နှာကလေးသည် ရုတ်တရက်နီမြန်းသွားပြီး ဇော်ကို မကြည့်ဘဲ ခပ်ဆတ်ဆတ်ကလေး ဖြေသည်။ ထို့နောက် သက်ပြင်းလေး ရှိုက်လိုက်ရင်း ထပ်ပြောသည်။

"သူတို့အသံတွေကို နားထောင်ကြည့်တာ"

"ဘာ ဘယ်သူ့အသံ"

"မော် ရူးတာပါ ကိုဇော်ရာ၊ မော် ရူးတာပါ"

"ဘာ ရူးတာ"

ဇော်က အူကြောင်ကြောင် မေးသောအခါမှ မော်သည် ကိုဇော့် မျက်ဝန်းများကို လှမ်း၍ကြည့်သည်။ ကြိုင်နေအောင်မွှေးသော ညမွှေး ပန်းရနံ့ကို သယ်ဆောင်လာသော လေများသည် နီမြန်းနေသော မော့် ပါးပြင်ကို တို့ခတ်ကစားနေကြသည်။ မော်သည် ပြတင်းပေါက်ပေါင် လေးကို ဆုပ်ကိုင်ကာ ခပ်နွဲ့နွဲ့မှီလိုက်သည်။

"အဲဒီနေ့က စာအုပ်စင်ပေါ်မှာ ကက်ဆက်ကလေးကို မော် တမင် ဖွက်ပြီး သွားထားတာ၊ အသံသွင်း ခလုတ်ကိုလည်း တိတ်တိတ် ကလေး ဖွင့်ထားတယ်၊ ကိုဇော်နော် မော့်ကို မဆူနဲ့"

"အေး အေး မဆူပါဘူး"

ရှက်ရွံ့စွာပြောသော မော့်ကို ဇော်သည် စူးစိုက်ကြည့်ရင်း မျက် မှောင်ကုတ်နေသည်။

"သူတို့နှစ်ယောက်ကိုမှ မော်က မသင်္ကာတာ၊ မော့်အကြောင်း ဘာပြောမလဲ သိချင်လို့ပါ ကိုဇော်ရာ၊ ကံဆိုးချင်တော့ အဲဒီစာအုပ်စင် ကို ကြီးငွေကတိုက်ချပြီး ကက်ဆက်ကလေးကို သူ့ကိုယ်လုံးကြီးနဲ့

www.burmeseclassic.com

www.burmeseclassic.com



တက်နှင်းပစ်သွားတာကိုး၊ ကြိုးခွေလေးလည်း ပြုတ်သွားပါရော၊ မော်လည်း စိတ်ညစ်ညစ်နဲ့ ပစ်ထားလိုက်တာပေါ့"

"အင်း"

"ကိုဇော်က ကက်ဆက်အသစ်ဝယ်လာမှ စိတ်ပေါက်လာလို့ ဖွင့်ကြည့်မိတာ၊ ဒါပေမယ့် ကိုဇော်ရာ"

"အင်း"

မော်သည် လေလွင့်နေသောခန်းဆီးစလေးကို တင်းတင်းဆုပ်ကိုင်လိုက်ကာ မျက်တောင်တဖျပ်ဖျပ် ခတ်နေသည်။

ခြံထဲမှ ပုရစ်အော်သံလေးများသည် စူးရှစွာ ပေါ်ထွက်နေသည်။ လရောင်ဝင်းဖြာနေသော ညဥ့်သည် ငြိမ်ပြီး တိတ်နေလေသည်။

"မော် ဆက်နားမထောင်ချင်ဘူး၊ သူ့အသံကြားရတော့ ရင်ထဲမှာ နာလွန်းလို့၊ အဲဒါ အဲဒါ ဖျက်တောင်ပစ်ဦးမလို့လေ၊ နောက်မှ မမနှင်း အသံလေးတွေလည်း ပါနေတာလေ နှမြောပါတယ်ဆိုပြီး ပြန်သိမ်းထားလိုက်တာ၊ မော် ပြီးတဲ့အထိတောင် နားမထောင်ဖြစ်ပါဘူး ကိုဇော်ရာ"

"မိငမော်ရယ်"

ဇော်သည် သက်ပြင်းချရင်း ခပ်ညည်းညည်းလေး ပြောလိုက်မိလေသည်။ ငယ်ငယ်ရွယ်ရွယ်နှင့် အသည်းဒဏ်ရာကို နင့်နေအောင် ခံသွားရရှာသော ညီမငယ်အား ငေးပြီးကြည့်နေမိသည်။

"အစပိုင်းတော့ ကိုဇော်နဲ့ သူနဲ့ပြောနေတာတွေလေ၊ နောက်တော့ မမနှင်းပါ ရောက်လာတယ်လေ၊ ဆွယ်တာအကျီအကြောင်း ပြောနေတာ ပါရော၊ မော်လည်း ဆက်နားမထောင်တော့တာနဲ့ ဖြုတ်ထားလိုက်တာ"

မော်သည် ပြတင်းပေါက်မှ ကိုယ်တစ်ပိုင်းအပြင်ထွက်ကာ လဝါဝါ

www.burmeseclassic.com

www.burmeseclassic.com



ကို မော်ကြည့်နေသည်။ သူများစကားပြောသည်ကို ချောင်းပြီး အသံသွင်းထားမိသဖြင့် ရှက်ရွံ့စိတ်ကလေးနှင့် ဇော်မျက်နှာကို မကြည့်ဘဲ မျက်စိလွှဲထားသည်။ ထုံသင်းမွှေးအီနေသော ညမွှေးပန်းရနံ့ကို တအား ရှိုက်၍ ရှူနေမိသည်။

"နင်ကလည်း စောစောကတော့ မပြောဘူး"

"ဟင် ရှက်တာပေါ့၊ မော်က သူများ စကားပြောတာ ချောင်းပြီး အသံသွင်းထားတာ၊ ခုတောင် ကိုဇော် မသိဘဲဘာမှမလုပ်ချင်တော့လို့ ဖွင့်ပြောတာ၊ ဟင်း"

"စောစောက ပြောရောပေါ့ဟာ"

"ကိုဇော်ကလဲ ဘာလုပ်ဖို့လဲ၊ ဘာအကြောင်းထူးမှာမို့လဲ"

မော်က ခပ်တိုးတိုးလေး ပြောကာ ဇော် ကိုင်ထားသောကြိုးခွေ ဘူးလေးများကို လှမ်းကြည့်သည်။ ထို့နောက် ဘူးလေးတစ်ဘူးကို ရွေးပေးသည်။

"ကိုဇော် နားထောင်မလို့လား၊ ဒီလိုဆို မော်သွားတော့မယ်ကွာ၊ မော် နားမထောင်ချင်ဘူး"

"နင်ကလည်း အိပ်ပျော်မှာဖြင့် မဟုတ်သေးဘဲနဲ့၊ နင်နားမထောင်ချင်ရင် ငါ့အတွက် ကော်ဖီသွားဖျော်ဟာ၊ ငါခဏပဲ နားထောင်ကြည့်မှာပါ"

ဇော်က ခပ်ချော့ချော့လေး ပြောသောအခါ မော်က ခေါင်းညိတ်ရင်း လှည့်ထွက်သွားလေသည်။ သူတို့နှစ်ဦးလုံးစိတ်တွေ လှုပ်ရှားနေသည်။ နောက်တစ်နေ့ နံနက်ဆိုလျှင် အစ်ကိုကျော်တစ်ယောက် လူ့ပြည်မှ ထွက်ခွာသွားရတော့မည်ကို သိထားသောကြောင့် နှစ်ဦးလုံးစိတ်ကို ငြိမ်အောင်မထိန်းနိုင်ဘဲ ကယောက်ကယက်လေး ဖြစ်နေကြလေသည်။ အခုအချိန်ဆိုလျှင် အစ်ကိုမောင် တစ်ယောက်လည်း လုံးဝ အိပ်

www.burmeseclassic.com

www.burmeseclassic.com



၍ပျော်နိုင်လိမ့်မည် မဟုတ်သည်ကို ဇော်သိသည်။ ဇော်သည် လှုပ်ရှားနေသောစိတ်နှင့် ကက်ဆက်ခလုတ်ကို နှိပ်ချလိုက်သည်။

"အမယ် ဆွယ်တာတစ်ထည်များ နှစ်ရာအောက်ထစ်ရှိတယ် ဗျ၊ ကောင်းကောင်းဆိုရင် သုံးလေးရာပေးရတာ"

"ဒီလိုဆို ဇော်ရေ မမနှင်း ထိုးပေးထားတဲ့ ဆွယ်တာလေးက ဘယ်လောက်တန်မလဲ မသိဘူးနော်"

"ဘာဆွယ်တာလဲ"

"ယူပြလိုက်ပါလား ဇော်"

"အစ်ကိုကျော် လိုချင်တယ်ဆိုရင် မရောင်းဘူးနော်၊ ပြရုံပြမှာ၊ ဟား ဟား"

ဇော်သည် ကုလားထိုင်ပေါ်တွင်ပင် မထိုင်ဖြစ်ဘဲ ကက်ဆက်တင်ထားသော ခုံပုကလေးဘေးတွင် ဒူးထောက်၍ထိုင်ချလိုက်သည်။ မော် နားမထောင်ချင်သည်ကို အပြစ်တင်၍ မရပေ။ သူတို့အသံကြားရသောအခါ ဇော်ပင်လျှင် ရင်ထဲတွင် နာကျင်ပြီး တင်းကျပ်လာသည်။

ဖြည်းညင်းစွာလည်နေသော ကက်ဆက်ကလေးထဲမှ စကား သံထပ်ပြီးပေါ်မလာပေ။ ဖန်ခွက်သံ၊ ပန်းကန်သံများကို ကြားနေရ သည်။

"မောင် သောက်ချင်ရင် ထည့်သောက်ပါလားဟင်၊ ဘရန်ဒီလေ"

"နှင်းဆီကော နေ့တိုင်းသောက်နေလား"

"ဆိုပါတော့ ဆေးဖြစ်ဝါးဖြစ်ပါ"

စကားသံများသည် အတန်ငယ်တိုးသော်လည်း ကြားတော့ ကြားရသေးသည်။ ခဏနေသောအခါနှင်း၏အသံကိုကြားရပြန်သည်။

"ဟော ဇော် အကျီရှာမတွေ့ဘူးထင်တယ်၊ နှင်း သွားရှာပေး လိုက်ဦးမယ် မောင်ရေ နှင်း အခု ဘာတွေးနေလဲ သိလား"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သိပါ့မလဲ နှင်းဆီရာ"

"ဟိုလေ နှင်း ကိုယ်ဝန်ရှိတုန်းက မောင်မယူလို့ ကိုယ်ဝန်ဖျက်ချရပြီး အရှက်ကွဲရတာကို သတိရနေတယ်"

"နှင်းကလည်းကွာ ပြီးတာ ပြီးပြီပဲ"

"အင်း အင်း အသာစီးနဲ့ အနိုင်ယူခဲ့တဲ့သူကတော့ ပြီးတာက ပြီးပြီပေါ့လေ၊ ဟုတ်တာပေါ့၊ အဲဒီလိုပဲ ပြောမှာပေါ့၊ ကဲ နှင်းအတွက် ဘရန်ဒီ စပ်ပေးထားနော်၊ နှင်း အကျီသွားရာလိုက်ဦးမယ်၊ ကိုဇော်ရေ နေ နေ၊ မမနှင်းရှာပေးမယ်၊ ကိုတင်မောင်ကျော် ခဏနေဦးနော်"

ဇော်သည် ဖြည်းညင်းစွာ လည်ပတ်နေသော ကြိုးခွေလေးနှစ်ခွေကို မျက်လုံးအပြူးသားနှင့် စိုက်ပြီးကြည့်နေမိသည်။ ခေါင်းထဲတွင်လည်း ဆူဝေလာသည်။ ထိုအချိန်သည် ထိုအချိန်ထိုကာလသည် အစ်ကိုကျော်တစ်ယောက် မမနှင်း၏ဘရန်ဒီခွက်ထဲသို့ အိပ်ဆေးများ ဖျော်ထည့်သောအချိန်ပင် ဖြစ်ပေမည်။

လေချွန်သံတိုးတိုးလေး ထွက်ပေါ်လာသည်။ 'နတ်မိမယ်'ဟူသော သီချင်းလေးဖြစ်လေသည်။ လေချွန်သံလေးနှင့်အတူ ပုလင်းသံ ဖန်ခွက်သံများကိုပါ ဝိုးတိုးဝါးတား ကြားနေရသည်။ ဇော်သည် ရင်တဒိတ်ဒိတ်ခုန်လာပြီး ချွေးများပင်စို့လာသည်။ ငြိမ့်ဝဲနေသော လေချွန်သံလေးများကို နားထောင်ရင်း အစ်ကိုကျော်တစ်ယောက် စာကြည့်ခန်းထဲတွင် တစ်ဦးတည်း အလုပ်ရှုပ်နေပုံကို မြင်ယောင်ကာ ကျောချမ်းလာသည်။

"မောင်ရေ ပျင်းနေပြီလား၊ ဆွယ်တာရှာတာ ကြာသွားတယ်၊ ကြိုးခွေကို ထိုးပေးထားတဲ့ ရှောစောင်ကြီးပါ ယူခဲ့တယ်၊ ကြည့်ပါဦးမလှလား"

"အတော်ဟုတ်တာပဲ၊ မောင့်နှင်းဆီက ဘယ်ဆိုးလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ မဆိုးတဲ့နှင်းဆီကိုပဲ မောင် ကန်ထုတ်ခဲ့ဖူးတယ်လေ"

"ဟား ဟား နှင်းဆီကလည်းကွာ၊ ဒါကိုပဲ စကားနာထိုးနေတော့တာပဲ၊ မောင်က နှင်းဆီကို တကယ်ချစ်ပါတယ်"

"မော့်ကိုလည်း တကယ်ချစ်တာပဲ မဟုတ်လား"

"ဒါပေါ့ ဒါပေါ့"

"ဒီပြင်မိန်းကလေးတွေကိုလည်း တကယ်ချစ်တာပဲ"

"အင်း ချစ်တာပဲ၊ ဟား ဟား"

"ရှင် တော်တော်ယုတ်မာနိုင်တာပဲနော်"

"မကျေသေးဘူးလား နှင်းဆီ"

"တစ်သက်လုံး မကျေဘူး၊ ဘယ်တော့မှမကျေဘူး"

အံကိုကြိတ်၍ပြောလိုက်သလို နှင်း၏အသံကလေးက ရုတ်တရက် မာလာသည်။ အစ်ကိုကျော်၏ရယ်သံလေးက တိုးတိုးထွက်ပေါ်လာသည်။ ဇော်သည် မာနရောင်ဝင်းလက်နေသော မမနှင်း၏မျက်လုံးနက်နက်ကလေးများကို မြင်ယောင်လာသည်။

"ရှင့်မှာ ဘာလို့ ဒီလောက်ထိ နှမချင်း မစာတတ်တဲ့ ပေါ့ပျက်ပျက်စိတ်ထား ရှိနေရတာလဲဟင်"

"မသိ မသိ၊ ဘုရားသခင် ဖန်ဆင်းတော်မူတာပဲလေ၊ ဟား ဟား နှင်းဆီရေ၊ မောင်တော့ ဆွယ်တာအကျႌထက် ရှောစောင်ကို ပိုကြိုက်နေပြီ၊ အကွက်တွေက သိပ်လှတာပဲ၊ အရောင်စပ်ပုံရော၊ တကယ်ပဲ နှင်းဆီ ဒီလောက်တော်တာ အခုမှသိတယ်"

အစ်ကိုကျော်၏ချီးမွမ်းသံများကို နားထောင်ရင်း ဇော်သည် ကက်ဆက်ထဲဝင်လာသော ကြီးဒွေး၏အသံကြီးကိုပါ ကြားရသည်။ မမြမေ အော်ခေါ်သောအသံဖြစ်သည်။ ပုလင်းသံ၊ ဖန်ခွက်သံလေးများကို ကြားနေရသော်လည်း နှင်း၏အသံကို မကြားရတော့ပေ။ နှင်း တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက် အိပ်ဆေးခတ်ထားသော ဘရန်ဒီကို သောက်လျက်ရှိနေချေပြီ။

"ဘရန်ဒီကလည်း ခါးလိုက်တာ"

"အရက်ပါဆိုမှ ချိုပါ့မလား နှင်းဆီရဲ့"

"ဟုတ်ပါဘူး၊ မမြမေရေ လိမ္မော်ရည်တစ်ခွက်ပေးပါ၊ ဒီတစ်ခါ ဘရန်ဒီက ခါးလိုက်တာ အရမ်းပဲ"

"မော်ရော ပေါ်မလာပါလား နှင်းဆီရဲ့၊ ချာတိတ်မလေး မောင့် ကို စိတ်ကောက်နေပြီထင်တယ်"

"နောက်ဆိုရင် ကောက်တော့မှာ မဟုတ်ပါဘူးရှင်၊ စိတ်ချပါ"

နှင်း၏အသံသည် ရယ်သံလေးစွက်ဖက်ကာ တုန်ယင်နေလေသည်။ ဇော်သည် လက်မှနာရီကို ငုံ့ကြည့်လိုက်သည်။ ဆယ့်တစ်နာရီပင် ထိုးလုနီးပေပြီ။

"ဟဲ့ ဟိုမောင်နှမ မအိပ်ကြသေးဘူးလား၊ မတက်ကြသေးဘူးလား"

ကြီးငွေသည် လှေကားထိပ်မှ လှမ်းအော်သည်။ ဇော်သည် ကက်ဆက်ခလုတ်ကို ကမန်းကတန်း တိုးပစ်လိုက်ပြီး အသံမြှင့်၍ စ, ပြောလိုက်သည်။

"ဇော်တို့ စာကျက်နေတာပါကြီးငွေ၊ မိမော်က ဇော့်အတွက် ကော်ဖီဖျော်ပေးနေတာပါ"

"အေး အေး သိပ်ညဥ့်နက်မခံနဲ့၊ ခဏနေ အိပ်ကြတော့"

"ဟုတ်ကဲ့ ကြီးငွေ"

ဇော်သည် သူရည်မှန်းချက် ထားရှိခဲ့သည့်အတိုင်း စက်မှုကျောင်းသားကြီးပင် ဖြစ်နေပြီဖြစ်သောကြောင့် စာကျက်နေတာပါဟု ဆိုက ကြီးငွေငြိမ်သွားလေ့ရှိသည်။ မော်ကမူ စီးပွားရေးတက္ကသိုလ်သို့ တက်လေသည်။ ယခုအခါတွင် သူတို့နှစ်ဦးလုံး တက္ကသိုလ်ကျောင်း

www.burmeseclassic.com

www.burmeseclassic.com



သား ကျောင်းသူကြီးများ ဖြစ်နေပေပြီ။

ဇော်သည် ကြီးငွေ၏ခြေသံကို နားထောင်နေသည်။ ပြန်လှည့်ထွက်သွားသော ခြေသံကိုကြားမှ ကက်ဆက်ခလုတ်ကို အတန်ငယ် ပြန်ကျယ်လိုက်သည်။

"ပြန်တော့လေမောင်၊ နှင်းဆီ ညေ့်သည်တစ်ယောက်နဲ့ ချိန်းထားသေးတယ်"

"ဘယ်သူနဲ့လဲ"

"ဦးချစ်သောင်းပါ၊ အလုပ်ကိစ္စပြောချင်လို့"

"သူ့ဌေးမကြီးကိုးဗျ၊ အလုပ်ကလည်း ရှုပ်တာပေါ့၊ ဟား ဟား မောင်နဲ့ရော ဘယ်တော့ ထပ်တွေ့ဦးမလဲဟင်၊ ဒီတစ်ခါ လွတ်လွတ်လပ် လပ် တွေ့ရအောင်ကွာနော် နှင်းဆီ"

နှင်း၏ပြန်ဖြေသံကို မကြားရပေ။ ရယ်သံသဲ့သဲ့လေးကို ကြားရပေသည်။ ထိုနောက် လှုပ်ရှားသံများကို ကြားရသည်။ ဇော့်ရင်ထဲတွင် ပူလောင်လောင်ကြီး ဖြစ်သွားသည်။ အစ်ကိုကျော်က နှင်း သူ့ကိုနမ်းသည်ဟုပြောခဲ့သည်။ သူပြောသည့်အတိုင်းသာမှန်လျှင် ယခုအချိန်တွင် မမနှင်းသည် သူ့ရင်ခွင်ထဲရောက်နေသော အချိန်ဖြစ်မည် ထင်သည်။

"ပြန်တော့ မောင်ရယ် ပြန်တော့"

"ကဲ နှင်ရေနှတော့ ပြန်ရတော့မှာပေါ့၊ သွားလိုက်ပါဦးမယ် ဒေါ်နှင်းဆီခင်ဗျာ၊ ကျွန်တော့်ကိုခွင့်ပြုပါဦး"

"သွားတော့မောင်၊ နှင်းလည်း သွားတော့မယ်"

နှင်း၏အသံလေးသည် ရှိုက်သံလေးပါနေသယောင် ရှိလေသည်။ ထိုနောက် ခြေသံများနှင့်အတူ တံခါးပိတ်လိုက်သော အသံကိုပါ ကြားရသည်။ အစ်ကိုကျော် ပြန်သွားပေပြီဟု ဇော်က တွေးနေမိသည်။ အခန်းအပြင်သို့ နှင်းထွက်လိုက်သွားသလား၊ အခန်းတွင်း၌ပင် ထိုင်နေ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့သလား စဉ်းစားမိရင်း ဇော့်ရင်ထဲတွင် မောပြီး ပန်းဟိုက်လာသယောင် ရှိသည်။

"ကိုဇော်ရေ ကော်ဖီရပြီ"

"အေး အေး ယူခဲ့ဟာ"

မော်သည် ကော်ဖီပန်းကန်လေးကိုသယ်ကာ ဝင်လာသော အခါ ဇော်သည် ကက်ဆက်ကိုပိတ်ရန် ဟန်ပြင်လိုက်သည်။ နှင်း၏ စကားသံများကို ကြားရပါက မော် တစ်ယောက် တုန်လှုပ်ပြီး စိတ်မကောင်းဖြစ်ဦးမည်ကို မလိုလားမိသောကြောင့် ဖြစ်သည်။

"မော်ရယ်"

"ဟောဗျာ"

စက်ရပ်ခလုတ်ကို နှိပ်ချလိုက်မည်ပြုစဉ် နှင်း၏အသံက တိုးတိုးလေး ထွက်ပေါ်လာသည်။ ဇော်သည် ဆတ်ခနဲ တုန်လှုပ်ကာ လက်ကြီး မြှောက်လျက် တန်းလန်းနှင့် ရပ်သွားသည်။ တအံ့တသြ ဖြစ်သွားသည်။

"မော်ရယ် မမနှင်း သွားတော့မယ်ကွယ်၊ ကင်ဆာဆိုတဲ့ရောဂါဆိုးကြီးနဲ့လည်း လူ့လောကမှာလည်း ဆက်ပြီး အသက်ရှင်မနေချင်တော့ဘူး"

ရှိုက်ငင်သံလေးနှင့် တိုးတိုးလေးပြောနေသော စကားသံလေးကို ဇော်သည် မျက်လုံးအပြူးသားနှင့် နားထောင်နေမိလေသည်။ နှင်းသည် စာကြည့်ခန်းတံခါးကိုပိတ်အပြီး တံခါးရွက်ကိုကျောမှီကာ တစ်ဦးတည်း ပန်းလျစွာ ညည်းညူလိုက်ပုံရ၏။

မော်သည်လည်း ရုတ်တရက် မှင်တက်မိသွားသည်။ ခြေလှမ်းကိုပင် ဆက်၍ မလှမ်းဖြစ်တော့ချေ။ ကော်ဖီဗန်းလေးကို လက်နှစ်ဖက်နှင့်မြှောက်ကိုင်ရင်း ရပ်နေသည်။ ဖြည်းညင်းစွာ လည်ပတ်နေသော

www.burmeseclassic.com

www.burmeseclassic.com



ကက်ဆက်ခွေလေးကို ငေးကြည့်နေသည်။ တိုးတိုးသဲ့သဲ့လေးသာ ကြား ရသော အသံလေးကို စူးစိုက်နားထောင်ရင်း မျက်နှာလေး ဖြူရော်လာ သည်။

"မော်ရယ် မော်က သူ့အကြောင်းကို မသိသေးတော့ မမနှင်းကို မုန်းဦးပေါ့၊ သူဖျက်ဆီးခဲ့တဲ့ မိန်းကလေးတွေများလှပြီ၊ရှေ့လျှောက်လည်း ဖျက်ဆီးဦးမှာပဲ၊ မော်လည်း မမနှင်းလို အဖြစ်ဆိုးကို တစ်နေ့ကြုံရလိမ့် မယ်၊ အို ဒီလိုမဖြစ်စေရဘူးမော် မဖြစ်စေရဘူး"

ရှိုက်သံနှောနေသော ရယ်သံတိုးတိုးလေးကိုကြားရသည်။ ထို နောက် သက်ပြင်းချသံလေးကိုပါ ကြားရပြန်သည်။ ဇော်သည် ဦးခေါင်း ကြီးတစ်ခုလုံး ပွထလာသယောင် ထင်မိရင်း တစ်ကိုယ်လုံး အေးစက် လာသည်။

"မောင့်နှင်းဆီမှာ ဆူးရှိနေပြီဆိုတာ မကြာခင် သိရတော့မယ် မောင်ရေ့၊ အလှည့်ကျတော့ မနွဲ့စတမ်းပေါ့၊ ခံလိုက်ပေဦးတော့ ဦးတင် မောင်ကျော်၊ နှင်းဆီဆူးဟာ စူးတတ်တယ်လေ၊ သေအောင်ကို စူးတတ် တယ်ဆိုတာ မကြာခင် သိရတော့မှာပေါ့၊ နှင်းသွားတော့မယ်၊ ရှင်လည်း လိုက်ခဲ့ပေတော့၊ နှင်းဆိုတဲ့ မိန်းကလေးကို သတ်မှုနဲ့ တမလွန်ကို လိုက် ခဲ့ပေတော့"

မော်သည် တစ်ကိုယ်လုံး တုန်ယင်လာသည်။ လက်ထဲမှ ကော်ဖီဗန်းလေးသည် ကြမ်းပေါ်သို့ ဖြန်းခနဲ လွတ်ကျသွားသည်။

အစိတ်စိတ် အမွှာမွှာကွဲသွားသော ကြွေကရားနှင့် ကော်ဖီပန်း ကန်လေးများသည် ဇော့်မျက်စိထဲတွင် ခုန်ပေါက်နေကြဟန် ရှိသည်။ ကြမ်းပေါ်တွင် စိုရွှဲသွားသော ကော်ဖီများက ဒီလှိုင်းလုံးများသဖွယ် တလိပ်လိပ် တက်လာသည်ဟု ထင်မိသည်။ ထိုနောက် ဇော့်မျက်စိထဲ တွင် အကုန်လုံး ဝေဝါးသွားကာ အခန်းတစ်ခန်းလုံး ချာချာလည်သွား လေသည်။

www.burmeseclassic.com

www.burmeseclassic.com



“ဟဲ့ ဘာဖြစ်တာလဲ ဘာဖြစ်ကြတာလဲ”

ကွဲသံရှသံကို ကြားရသဖြင့် ကောင်းစွာအိပ်မပျော်သေးသော ကြီးကြီးငွေသည် အော်ဟစ်မေးရင်း ဆင်းလာသည်။ အခန်းတွင်းသို့ သွက်သွက်ကြီး လှမ်းဝင်လာသည်။ ကျောက်ရုပ်ကလေးများလို အေးစက်ပြီး မျက်လုံးလေးတွေ အကြောင်သားနှင့်မှင်တက်မိနေကြဟန် ရှိသော မော်နှင့် ဇော်တို့ဆီသို့ အိပ်ပဲ့အိပ်ပဲ့နှင့် အပြေးလျှောက်လာသည်။

“ဟဲ့ ဟဲ့ ကိုဇော် မိမော် ဘာဖြစ်ကြတာလဲ”

ဇော်သည် ကြီးကြီးငွေကို ငေးကြောင်ကြောင်ပြန်ကြည့်နေသည်။ ပြူးတူးပြဲတဲဖြစ်နေသော ကြီးကြီးငွေ၏မျက်နှာကြီးကို အနီးကပ်မြင်လိုက်ရသောအခါမှ ရုတ်တရက် သတိဝင်လာသည်။ ထိုနောက် ဝူးဝူးဝါးဝါး အော်ဟစ်ကာ နေရာမှ ခုန်ထလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



လသည် ထိန်ထိန်သာနေသည်။

ညမွှေးပန်းများ၏ ရနံ့က ကြိုင်လှိုင်ပြီး သင်းထုံနေလေသည်။ မိုးရိပ်ကင်းသောည၏ သန်းခေါင်ယံသည် သာယာတင့်မောဖွယ် ကောင်း လှသည်။ ငြိမ်သက်ပြီး တိတ်ဆိတ်နေသည်။

အစ်ကိုမောင်သည် ကားလီဗာကိုဖိ၍ နင်းလိုက်သည်။ ကား ကလေးသည် ကတ္တရာလမ်းတစ်လျှောက်တွင် မြားကလေးကို ပစ်လွှတ် လိုက်သကဲ့သို့ ရိပ်ခနဲ ပြေးသွားသည်။ သင်းပျံ့မွှေးထုံသော သန်းခေါင် ယံလေများက ကားအတွင်းသို့ အတင်းပြေးဝင်လာကြလေသည်။ ဇော် သည် ကက်ဆက်ခွေလေးကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားရင်း နှုတ်ခမ်းကိုဖိကာ ကိုက်ထားမိသည်။ ရင်ထဲတွင် ပူလောင်ပြီး တစ်ကိုယ် လုံး ချွေးစေးများနှင့် ရွှဲနစ်လာလေသည်။

"ကျွန်တော်တို့ မီပါ့မလား အစ်ကိုမောင်"

"ကြိုးစားရမှာပေါ့ကွာ"

"မနက် မနက်စောစော အမီတားနိုင်ပါ့မလား၊ တော်ကြာ တော်ကြာ ကျွန်တော်တို့ မတားနိုင်ရင် အစ်ကိုကျော်တော့"

www.burmeseclassic.com

www.burmeseclassic.com



"သက်ဆိုင်ရာတွေနဲ့ အကုန်လိုက်တွေ့မယ်ကွာ"

"အခု ညတစ်နာရီကျော်နေပြီ၊ အိပ်ရေးပျက်တယ်ဆိုပြီး အရေး မစိုက်ရင် ဒုက္ခ"

"အစွမ်းကုန်ကြိုးစားရမှာပေါ့ ဖိုးဖော်ရာ"

အစ်ကိုမောင်က သူ့နဖူးမှချွေးများကို အင်္ကျီလက်မောင်းနှင့် ပင့် သုတ်လိုက်ရင်း ပြောသည်။

ကတ္တရာလမ်းမသည် လရောင်ဝယ်လင်းပြီး ရှင်းနေသည်။ မိုးည၏ လေပြည်အေးသည် ပိုပြီး မွှေးလာသည်။ ဖော်သည် သက်ပြင်းကို တအားရှိုက်လိုက်ရင်း တုန်ယင်သောအသံနှင့်ပြောသည်။

"အင်း အစွမ်းကုန် ကြိုးစားရမှာပေါ့"

မစန္ဒာ

၁၈–၇–၇၆

www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီမှာရှိတဲ့ ဆူးတွေဟာ
သူ့ရဲ့မာန်ပဲ၊ သူ့ရဲ့သဘာဝပဲ၊
နှင်းဆီဟာ
ပန်းတကာ့ပန်းထဲမှာ
အရဲရင့်ဆုံး အပြတ်သားဆုံးပဲ။

# မစန္ဒာ

# နှင်းဆီ

www.burmeseclassic.com